# July to September 2025

"The Life of Christ"

(Part II)

*by Rev Dr Jeffrey Khoo*

-----------------------------------------------------

အင်္ဂါ၊ ဇူလိုင် (၁)
**ယော ၇း၁-၁၀**
မသဲ ၁၉း၁-၂ *“ငါ့အချိန် မပြည့်စုံသေး”*

## မှန်ကန်သောအမှု မှန်ကန်သောအချိန်

ယုဒလူများသည် ယေရုရှလင်မြို့၌ တဲတော် ပွဲတော်ကို ကျင်းပဖို့ရန် ပြင်ဆင်ခဲ့ကြ၏ (ဝတ် ၂၃း၃၃-၄၄၊ တော ၂၉း၁၂-၃၈)။ ဤအချိန်၌၊ ယေရှု၏ မယုံကြည်သေးသော မအေတူညီများက၊ စာတန် အတွက်အမှုပြုလျက်၊ ယေရှုအား အရာအားလုံးကို အောင်နိုင်သော မေရှိယ ဖြစ်ကြောင်း မိမိကိုယ်ကို ဖော်ပြဖို့ရန် တိုက်တွန်းသွေးဆောင်ခဲ့ကြပါသည်။ သူတို့သည် ယခုအချိန်၌ ယေရှုသည် မိမိကိုယ်ကို ဣသရေလ၏ ရှင်ဘုရင်အဖြစ် ကြေငြာလျက် သူတို့ကို အုပ်စိုးသော ရန်သူ ရောမလူတို့ကို တိုက်ခိုက်အောင်မြင်မည်ဟု ထင်မှတ်ခဲ့ကြပုံရပါသည်။ သို့သော်လည်း၊ ယေရှုသည် သွေးဆောင်ခြင်း မခံခဲ့ပါ။ သူက၊ “ငါ့အချိန် မပြည့်စုံသေး” ဟု မိန့်တော်မူခဲ့၏။

ဤအချိန်၌ ယေရှုအပေါ် စွပ်စွဲအပြစ်တင်ခြင်းအမှုကြီးသည် စတင်ခဲ့ပြီးဖြစ်ပါသည်။ ယုဒခေါင်းဆောင်များတို့သည် ယေရှုကို သတ်ဖို့ရန် ကြံစည်ခဲ့ကြ၏။ ထိုအခါ၊ ယေရှုသည် ယေရုရှလင်မြို့သို့ အလျင်စလို မသွားခဲ့ပါ။ အသေခံမည့် ချိန်းချက်သောအချိန် မရောက်ရှိသေးပါ။ ထိုအသေခံမည့် အချိန်သည် ခြောက်လ လိုသေး၏။ နောက် ပသခါပွဲ တွင် ကျရောက်မည်ဖြစ်ပါသည် (အေဒီ ၃၀၊ ဧပြီလ ဖြစ်ပါသည်)။ ထို့ကြောင့်၊ ယေရှုသည် အချိန်အခါ မရောက်သေးသောသဖြင့် ယေရုရှလင်သို့ “ငါ မသွားသေး” ဟု မိန့်တော်မူ၏။ ဘုရားသခင် ချိန်းချက်သောအချိန် မရောက်သေးသော အချိန်၌ ရန်သူလက်၌ အသေမခံမည်အကြောင်း မိမိပြုကျင့်ရမည့် တာဝန်ဝတ္တရားကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ ယေရှုသည် ကိုးကွယ်ဝတ်ပြုခြင်းဆိုင်ရာ ကျင့်ဝတ်များကို စုံလင်စွာ ကျင့်စောင့်ဖို့ရန် ထိုပွဲကို စောင့်ဖို့လိုကြောင်း သိတော်မူ၏။ နာခံခြင်းဖြင့် ယေရုရှလင်မြို့သို့ သွားဖို့ လိုအပ်ခဲ့ပါသည်။ ထို့ကြောင့်၊ “ကိုယ်တော်သည် ထိုပွဲသို့ မထင်မရှား ကြွတော်မူ၏။” ယေရှုသည် ကျွန်ုပ်တို့ကို ကယ်တင်ဖို့ရန် မောရှေ၏ ပညတ်တရားများကို အသေးစိတ် ကျင့်စောင့် တော်မူခဲ့၏။

ယေရှုသည် ယောဒန်မြစ် အရှေ့ဘက်ကမ်းသို့ သွားရောက်လျက်၊ အနာငြိမ်းစေခြင်းနှင့် သွန်သင်ခြင်းအမှုတော်ကို တောင်ရွက်တော်မူခဲ့ပါသည်။ သူသည် ပါလက်စတိုင်းပြည် တလျှောက်၌ အလွန် နာမည် ကျော်ကြားခဲ့ပြီးဖြစ်ပါသည်။ များစွာသောလူထုကြီးသည် သူ့ကို လာတွေ့ခဲ့ကြ၏။ မိမိ၏ အမှုတော်ဆောင် ကာလ ကုန်ဆုံးတော့မည်ကို သိသဖြင့်၊ သူသည် နာမကျန်းသောသူများကို အနာငြိမ်းစေလျက်၊ မိမိ၏နိုင်ငံတော် အကြောင်းကို ဟောပြောတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ကိုကျော်လျက် မပြေးပါနှင့်။ သူ့အချိန်ကို စောင့်ပါလော့။
**ဆုတောင်းချက်-** အဖဘုရား၊ မှန်သောအမှုကို မှန်သောအချိန်၌ ပြုမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂)
**လု ၉း၅၁-၆၂**
အသဲ ၁၆း၂၄-၂၅

*"ကိုယ်တော် ကြွတော်မူရာ အရပ်ရပ်သို့ အကျွန်ုပ်လိုက်ပါမည်"*

## ယေရှု - တပည့်တော်ဖြစ်ခြင်း၏ အကောင်းဆုံး သာဓက

ယေရှုသည် ယေရုရှလင်မြို့၏ ကားတိုင်တော်ကို မျှော်ကြည့်လျက် ယခု နေတော်မူ၏။ ယခု အချိန်သည် ကယ်တင်ခြင်းအမှု ဆောင်ရွက်ခြင်းတွင် အချိုးအကွေ့ တခုဖြစ်ခဲ့ပါသည်။ ယေရှုသည် စိတ်ထား ယိမ်းယိုင်ခြင်း ရှိတော် မမူ။ စိတ်ထား ခိုင်မြဲတည်ကြည်လျက် ရှိတော်မူ၏။ ယေရှုသည် စကား ပြောတော် မမူဘဲ၊ မိမိ၏ သန္နိဋ္ဌာန်ချမှတ်ချက်ကို မျက်နှာအမူအရာအားဖြင့် ပြသတော်မူ၏။ ဘုရားသခင်၏ သိုးသငယ်သည် မိမိ သိုးများအတွက် မကြာမီ အသက်ပေး ရတော့မည်ဖြစ်ပါသည် (ဟေရှာ ၅၃း၇)။

ယေရှုသည် ယေရုရှလင်မြို့သို့ သွားရာလမ်း၌ ရှမာရိပြည်တွင် ခဏတာ တည်းမည်ဟု အကြံရှိတော်မူခဲ့သော်လည်း၊ ရှမာရိလူတို့က လက်မခံခဲ့ကြပါ။ ရိုင်းစိုင်းစွာ နှင်ထုတ်ခဲ့ကြ၏။ လွန်ခဲ့သော သုံးနှစ်လောက်၌ ရှမာရိ ပြည်တွင် အမှုတော်ဆောင်လျက် ကောင်းမှုပြုတော်မူခဲ့သော်လည်း၊ ယခုတွင် ဤသို့ ပြုခဲ့ကြ၏ (ယောဟန် ၄)။ ထို့ကြောင့် တပည့်တော်တို့သည် အလွန် အမျက်ထွက်လျက် ထိုသူတို့ကို လောက်ကျွမ်းစေဖို့ရန် ကောင်းကင်မှ မီးကျစေဖို့ရန် အလိုရှိခဲ့ကြ၏။ သို့သော်လည်း ထိုအမှုကို ယေရှု လုံးဝ ပြုတော်မူမည် မဟုတ်ပါ။ ထိုအခါ၊ ယေရှုက တပည့်တော်များကို ဆုံးမတော်မူခဲ့၏။ သူတို့သည် သူတို့သခင်၏ စိတ်သဘောမျိုး မပိုင်ဆိုင်ခဲ့ကြပါ။ "လူသားသည် လူတို့၏ အသက်ကို သတ်အံ့သောငှါ ကြွလာသည် မဟုတ်။ ကယ်တင်အံ့သောငှါ ကြွလာသည်။"

ယေရှုသည် ဘဝ၌ များစွာ ဝေဒနာ ခံခဲ့၏ (မသဲ ၈း၂၀)။ ဖန်ဆင်းခံများထက် မိမိကိုယ်ကို နှိမ့်ချတော်မူ၏။ မွေးဖွားသောအချိန်မှစ၍ သူသည် မိမိကယ်တင်မည့်လူများ၏ ငြင်းပယ်ခြင်းကို ခံခဲ့ရပါသည်။ ရှမာရိလူများကလည်း သူ့ကို ငြင်းပယ်ခဲ့ကြ၏ (လု ၉း၅၂-၅၃)။ "သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကို လက်မခံဘဲ နေကြ၏" (ယော ၁း၁၁)။ မွေးဖွားသောအချိန်၌၊ "ဧည့်သည်တည်းစရာစရပ်၌ သူတို့နေစရာမရှိ" (လု ၂း၇) ခဲ့ပါ။ ယုဒပြည်တွင်၊ "ယုဒလူတို့သည် ယေရှုကို ညှဉ်းဆဲကြ၏" (ယော ၅း၁၆)။ များစွာသော ဂါလိလဲလူတို့သည် "ကိုယ်တော်နှင့် မပေါင်းဘော်ဘဲ ဆုတ်သွားကြ၏" (ယော ၆း၆၆)။ ဂါဒရမြို့သားတို့က "မိမိတို့ပြည်က ထွက်သွားတော်မူမည်အကြောင်း တောင်းပန်ကြ၏" (မသဲ ၈း၃၄)။ "ထိုမှတပါး၊ လူသားသည် များစွာခံရမည်။ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြုဆရာတို့၏ ငြင်းပယ်ခြင်းကိုငှင်း၊ အသေသတ်ခြင်းကိုငှင်း ခံရမည်" (လု ၉း၂၂)။

ယေရှုသည် တပည့်တော်ဖြစ်ခြင်း သာဓကကို အကောင်းဆုံး ပြသတော်မူခဲ့၏။ မိမိအား ငြင်းပယ်ခဲ့သောသူများကို ကယ်တင်ဖို့ရန် ဘုရားသခင်၏စကားကို လုံးဝနာခံလျက် မိမိအသက်ကို ပေးဆပ်ဖို့ရန် အသင့်ရှိတော်မူခဲ့ပါသည်။ ယေရှု၏ စစ်မှန်သော တပည့်တော်သည်လည်း၊ အဆုံးတိုင်အောင် သခင်ယေရှု နောက်တော်သို့ လိုက်မည်အကြောင်း၊ မိမိသခင် အတွက် အသက်ပေးဆပ်လိုခြင်း ရှိရမည်ဖြစ်ပါသည်။ မသဲ ၁၆း၂၄-၂၅ ကို ဖတ်ပါ။

**ဆင်ခြင်ရန်** - တပည့်တော်ဖြစ်ခြင်း၏ အဘိုးအခသည် အသက်ပေးခြင်းပင် ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ နောက်ဆုံးအချိန်အထိ ကိုယ်တော့်နောက်ကို အကျွန်ုပ် လိုက်ပါမည်။

## ယေရှု ဟောတော်မူသော ဒေသနာ

“ယေရှုသည် အဘယ်မှာရှိသနည်း” ဟု ဘာသာရေးခေါင်းဆောင်များသည် ရှာနေခဲ့ကြသောကြောင့်၊ ယေရှုသည် တဲတော် ပွဲတော်ကို ဆင်နွဲဖို့ရန် ယေရုရှလင်မြို့သို့ နောက်ကျမှ သွားတော်မူခဲ့၏ (ယောဟန် ၇း၁-၁၀)။ ထို့ကြောင့် ပွဲတော် တဝက် ပြီးချိန်အထိ ယေရှု၏ အရိပ်အယောင်ကို မတွေ့ခဲ့ကြပါ။ ယေရှု ရောက်လာသောအခါ၊ သူတို့၏ အကြံအစည်သည် ပျက်စီးခဲ့ပြီးဖြစ်၏။

ယခုတွင်၊ ဗိမာန်တော်သို့သွားလျက် သွန်သင်ခြင်း အမှုတော် ဆောင်ရွက်ဖို့ရန် လုံခြုံစိတ်ချရပြီ ဖြစ်၏။ ရန်သူများသည် ယေရှု၏သွန်သင်ချက်ကို ပြက်ရယ်ပြုလျက် သူ၏ပညာရေး နောက်ခံသမိုင်းကို တိုက်ခိုက်ခဲ့ကြ၏။ “ဤသူသည် စာမသင်ဘဲလျက် အဘယ်သို့ တတ်ဘိသနည်း။” ကျမ်းစာကျောင်း ကောင်းကောင်း မတတ်ဘဲ၊ သူသည် အဓိပ္ပါယ်မရှိသောအကြောင်းအရာ ကို သွန်သင်ပေးသည်ဟု ဆိုလိုကြခြင်း ဖြစ်ပါသည်။ ထိုမှားယွင်းသော အတွေးအခေါ်ကို ယေရှု ပြန်လည်ချေပ ဖို့လိုအပ်ပါသည်။ လောကီလူများ အသိအမှတ်ပြုသော ကျောင်းမှ ဘွဲ့မရ သောသူ၏ သွန်သင်ချက်သည် အဓိပ္ပါယ် မရှိဟု သတ်မှတ်ခြင်းသည် လုံး၀ မိုက်မဲသောအမှု ဖြစ်ပါသည်။ ယေရှုက မိမိ ရရှိသော ပညာသည် သူတို့ကျောင်းများမှ ရရှိသော ပညာထက် သာ၍ မြတ်ကြောင်း၊ ဘုရားသခင် ထံမှ မိမိရရှိခြင်း ဖြစ်ကြောင်း မိန့်တော်မူခဲ့၏။ ယေရှုက၊ “ငါဟောသော ဒေသနာသည် ငါ၏ ဒေသနာ မဟုတ်။ ငါ့ကို စေလွှတ်တော်မူသောသူ၏ ဒေသနာ ဖြစ်၏” ဟု မိန့်တော်မူခဲ့ပါသည်။

ယေရှုက၊ “ထိုသူ၏ အလိုတော်သို့ လိုက်ချင်သောသူမည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ ဒေသနာတော်ဖြစ်သလော၊ . . . ဟု ပိုင်းခြား၍ သိလိမ့်မည်” ဟု ဆက်လက် မိန့်တော်မူ၏။ ဘုရားသခင်၏ အလိုတော်ကား အဘယ်နည်း။ ဘုရားသခင်၏အလိုတော်မူကား၊ လူသည် ကယ်တင်ခြင်း ရလျက်၊ သမ္မာတရားကို သိကျွမ်းဖို့ရန် ဖြစ်ပါသည် (၁ တိ ၂း၄)။ ကယ်တင်ခြင်း ခံရသောသူ၊ ဘုရားသခင်၏ အလိုတော်ကို ကြားသိလျက် ပြုတော်မူသောသူ သာလျှင်၊ သမ္မာတရားကို သိနားလည်ခြင်း ရှိကြ၏။ ဒုတိယမွေးခြင်း မခံရသောသူ၊ သန့်ရှင်းသော ဝိညာဉ်တော် မပိုင်ဆိုင်သောသူသည် ဘုရားသခင်၏ သမ္မာတရားကို သိ နားလည်နိုင်ခြင်း မရှိပါ (၁ ကော ၂း၁-၁၆)။

**ဆင်ခြင်ရန်** - “မယုံကြည်ခြင်းသည် အစဉ် မာနထောင်းလွှားခြင်း ရှိ၏။ ခရစ်တော်၏ စကားကို မထီမဲ့မြင်ပြုသောကြောင့် ဘယ်တော့မှ နားလည်သဘောပေါက်မည် မဟုတ်ပါ” (Calvin)။

**ဆုတောင်းချက်-** “ကိုယ်တော်၏ သမ္မာတရားကို အနည်းငယ်ဖြစ်ဖြစ် သိမြင်ရမည်အကြောင်း ကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူပါ။”





## ဂေသရေမန်ဥယျာဉ်၌ ယေရှု ခံရသော ပြင်းစွာသော ဝေဒနာ

ဂေသရေမန် (“ဆီ ကြိတ်စက်”) သည် သံလွင်တောင်အနီး၊ ယေရုရှလင် အရှေ့ဘက်၊ ကေဒြုန်ချိုင့်ဝှမ်း တဘက်ရှိ သံလွင် ဥယျာဉ်ဖြစ်ပါသည်။ သံလွင်ပင်၏အကိုင်းအခက်များသည် ကွေ့ကောက် ရောယှက်လိမ်ခြင်းရှိကြပြီး ယေရှု ခံစားရသော ဝေဒနာကို ထင်ရှားစွာ ပုံဖော်ခဲ့ပါသည်။ အလွန် ပြင်းစွာသော ဝေဒနာကို ခံစားသောကြောင့် ချွေးသွေးစက် ကျခဲ့ပါသည်။ ယေရှုသည် ခံရမည့် ဝေဒနာနှင့် သေခြင်းကို ကောင်းကောင်း သိခဲ့ပြီး လူ့ဇာတိအနေဖြင့် စိတ်နှလုံး ပူပန်ခြင်း ရှိခဲ့သော်လည်း၊ ကားတိုင်ပေါ်၌ အသေခံဖို့ရန် ခမည်းတော်၏ အလိုတော်ကို နာခံခဲ့ပါသည် (ဟေဗြဲ ၅း၇-၉)။

လူသိရှင်ကြား အမှုတော် စတင်ဆောင်ရွက် ခါစတွင်၊ ယေရှုသည် တော၌ စာတန်၏ သွေးဆောင်ခြင်းကို ခံခဲ့ရပါသည်။ ယခု အဆုံးသတ်ပိုင်းတွင်၊ ဇာတိသဘော၏ စုံစမ်းခြင်းကို ခံရခဲ့ပါသည်။ ခရစ်တော်သည် အဆုံးစွန် စုံစမ်းနှောင့်ယှက်ခြင်းကို ခံခဲ့ရပါသည်။ သူသည် ကျွန်ုပ်တို့ကို ကိုယ်ချင်းစာ တော်မူသော ယဇ်ပုရောဟိတ်ဖြစ်တော်မူ၏၊ “ငါတို့ ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏” (ဟေဗြဲ ၄း၁၅)။

Calvin က၊ “ဘုရားသခင်၏သားတော် အဖြစ် ဟန်ဆောင်သောသူများသည် ယေရှု၏ လူသားဖြစ်ခြင်းကို မသိနားမလည် ခဲ့ကြသောကြောင့် သနားကြင်နာခြင်း ကင်းမဲ့ခဲ့ကြပါသည်။ ခရစ်တော်၏ ဘုရားဖြစ်ခြင်း တန်ခိုးတော်သည် ဖုံးကွယ်ခြင်းခံရသယောင် ရှိခဲ့သော်လည်း၊ ကယ်တင်ခြင်းနှင့်ဆိုင်သော ဝေဒနာခံခြင်းအမှု၌ အံ့ဘွယ် ထင်ရှားခဲ့ပါသည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့၏ ကယ်တင်ခြင်း စုံလင်ခြင်း ရှိခဲ့လိမ့်မည် မဟုတ်ပါ။”

“သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်း ဖြစ်ပါစေသော” ဟူသော ယေရှု၏ ဆုတောင်းချက် ပြည့်စုံခဲ့ပါသည်။ တရာမှာတရာ ဘုရား၊ တရာမှာ တရာ လူသား ဖြစ်တော်မူသော ယေရှု၌ စိတ်အလို နှစ်မျိုး၊ ဘုရားအလိုနှင့် လူ့အလို ဟူ၍ ရှိပါသည်။ လူ့အလိုက သောက်မည့်ခွက်ကို ဖယ်ရှားစေလို၏၊ သို့သော်လည်း ခမည်းတော်၏ အလိုတော်လည်း ဖြစ်သော၊ ဘုရား အလိုသည် ထာ၀ရ စီမံခွဲခန့်တော်မူသည်အတိုင်း၊ ထိုခွက်ကို သောက်လို၏။ ယေရှုသည် မိမိ၏ လူ့အလိုကို ဘုရားအလိုသို့ ဆက်ကပ်ခဲ့ပါသည်။ ခမည်းတော်၏အလိုအတိုင်း ဖြစ်ပါစေ ဟူသော ဆုတောင်းချက် ပြည့်စုံခဲ့ပါသည် (ဟေဗြဲ ၅း၇)။ ယေရှု၏ လူ့အလိုနှင့် ဘုရားအလို အကြား၌ (ကျွန်တော်တို့ သဘောပေါက် နားလည်ခြင်း မရှိသော) သန့်ရှင်းသော လွန်ဆွဲမှု ရှိခဲ့သော်လည်း၊ သူ၏ဘုရားအလိုသည် ခမည်းတော်၏အလိုနှင့် လုံး၀ ဘသောတူမှု ရှိခဲ့ပါသည် - “ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်း ဖြစ်သည်” (ယော ၁၀း၃၀)။

**ဆင်ခြင်ရန်** - (ယာကုပ် ၅း၁၆ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ယေရှုကဲ့သို့ ဆုတောင်းမည်အကြောင်း အကျွန်ုပ်အား သွန်သင်တော်မူပါ။

တနင်္လာ၊ စက်တင်ဘာ (၂၉)
**ယော ၁၇း၂၁-၂၆**
၂ ကော ၆း၁၄-၇း၁

*"သူတို့သည် တလုံးတဝတည်းဖြစ်၍၊ တလုံးတဝတည်း၌ စုံလင်စေခြင်းငှါ"*

## ယေရှုက တလုံးတဝဖြစ်ခြင်းကို အနက်ဖွင့်တော်မူ၏ (၄)

ယေရှု ဆုတောင်းပေးတော်မူသော ဤစည်းလုံးခြင်းသည် ပရိုတက်စတင့် အသင်းတော်များ အတွက်သာ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ယေရှုသည် အသင်းတော်နှင့် ဤလောက စည်းလုံးဖို့ရန်၊ စစ်မှန်သော အသင်းတော်နှင့် မှားယွင်းသော ကာသိုလစ် အသင်းတော် စည်းလုံးဖို့ရန် ဆုမတောင်းခဲ့ပါ။ ယေရှု ဆုတောင်းသော စည်းလုံးခြင်းသည် အသွေးတော်ဖြင့် ရွေးဝယ်သော၊ ဝိညာဉ်တော် ဗတ္တိဇံ ခံရသော သူများအကြား၌ ဝိညာဉ်နှင့်ဆိုင်သောအမှုတော်တည်းဟူသော သတင်းကောင်း ဟောပြောခြင်းအမှုတော်မြတ်၌ ရည်ရွယ်ချက် တလုံးတဝတည်း ရှိဖို့ရန် ဖြစ်ပါသည်။ ထိုစည်းလုံးခြင်းသည် စစ်မှန်သော ဧဝံဂေလိ ခံယူချက် (ကျေးဇူးတော် သက်သက်ကြောင့်၊ ယေရှု၌ ယုံကြည်ခြင်း သက်သက်အားဖြင့်) နှင့် စစ်မှန်သော ကျမ်းစာ ယုံကြည်ခြင်း (၆၆ ကျမ်းသော ဘုရားသခင်၏ နှုတ်ကပတ်တော်သာ) အပေါ်၌ အခြေခံရပါမည်။

ခရစ်တော်၏ ယဇ်ပုရောဟိတ် ဆုတောင်းချက်အရ၊ စစ်မှန်သော ခရစ်ယာန် စည်းလုံးခြင်းသည် မယုံကြည်ခြင်းနှင့် လွဲမှားခြင်းအပေါင်းမှ ခရစ်ယာန် အသင်းတော် ကင်းကင်းရှင်းရှင်း နေခြင်းဖြင့်သာ ရရှိနိုင်သော စည်းလုံးခြင်း ဖြစ်ပါသည်။ ရောမ ကာသိုလစ် အသင်းတော်သည် အခြားသော ယေရှု (ယေရှု သာလျှင် သံတမန် မဟုတ်၊ မာရိလည်း ပါဝင်၏)၊ အခြားသော သတင်းကောင်း (ကယ်တင်ခြင်းသည် ယုံကြည်ခြင်း သက်သက်ဖြင့် မဟုတ်၊ ကောင်းမှုကုသိုလ်လည်းပါ၏) ကို ဟောလျက်၊ အခြားသော ကျမ်းစာ (ကျမ်းစာ၌ ကျမ်းပယ်များ နှင့် အသင်းတော် ထုံးတမ်းစဉ်လာများ ပေါင်းထည့်ခြင်း) ကို ယုံကြည် ကြသောကြောင့်၊ သူတို့နှင့် ပေါင်းစည်းခြင်းသည် ဘုရားသခင်၏ အမျက်တော် နိုးဆွခြင်းပင်ဖြစ်ပါသည် (ဂလာ ၁း၈)။ ပရိုတက်စတင့် အသင်းတော် သားသမီးတို့ သည် ယေရှုအပေါ် ယုဒ (ပျက်ဆီးခြင်း၏သား - ယော ၁၇း၁၂) နည်းတူ ဘယ်တော့မှ မပြုကြပါစေ နှင့်။ "ကိုယ်တော်၏ နှုတ်ကပတ်တရားကို ဤသူတို့အား အကျွန်ုပ်ပေးပါပြီ။ အကျွန်ုပ်သည် ဤ လောကနှင့် မဆက်ဆံသကဲ့သို့ ဤသူတို့သည် မဆက်ဆံသောကြောင့် လောကီသားတို့သည် ဤသူတို့ ကို မုန်းကြပါ၏။ ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မူမည်အကြောင်း အကျွန်ုပ် တောင်းသည် မဟုတ်ပါ။ မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူ မည်အကြောင်းကိုသာ တောင်းပါ၏။ အကျွန်ုပ်သည် ဤလောကနှင့် မဆက်ဆံ သကဲ့သို့ ဤသူတို့သည် မသက်ဆံကြပါ။ ကိုယ်တော် ၏သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည် သမ္မာတရား ဖြစ်ပါ၏" (ယော ၁၇း၁၄-၁၇) ဟူသော ယေရှု၏ ဆုတောင်းချက် ပြည့်စုံပါစေ။

ခရစ်တော်၏ စုံလင်သော နာခံမှုကို ဆုတောင်းခြင်း အစတွင် တွေ့ရပါသည်၊ "အိုအဘ၊ အကျွန်ုပ်အချိန်ရောက်ပါပြီ။ ကိုယ်တော်သည် သားတော်လက်သို့ အပ်ပေးတော်မူသမျှ သော သူတို့အား ထာဝရအသက်ကို ပေးစေခြင်းငှါ၊ လူမျိုးအပေါင်းတို့ကို အစိုးရသောအခွင့်တန်ခိုးကို သားတော်အား ပေးတော်မူသည်နှင့်အညီ၊ သားတော်သည် ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါမည်အကြောင်း သားတော် ၏ဘုန်းကို ထင်ရှားစေတော်မူပါ။ ထာဝရ အသက်ဟူမူကား၊ မှန်သော ဘုရားသခင် တဆူတည်း ဖြစ်တော်မူသော ကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုငင်း သိကျွမ်းခြင်းနည်း။ အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါပြီ။ အကျွန်ုပ် ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌ အပ်ပေး တော်မူသော အမှုကို အကျွန်ုပ် ဆောင်ရွက်၍ ပြီးပါပြီ" (ယော ၁၇း၁-၄)။ ခမည်းတော်၏ နာခံသော သားတော် ဖြစ်သည်အတိုင်း၊ ခမည်းတော် စေခိုင်းသောအမှုအလုံးစုံကို ဆောင်ရွက် တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - "မှားယွင်းသော ချစ်ခြင်းမေတ္တာသည် ရောနှောခြင်းနှင့် ခရစ်တော်၏ ပညတ် တရား ဆန့်ကျင်ဖို့ရန် စာတန်၏ လက်နက်ဖြစ်ပါသည်။" (McIntire)

**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာတရားကို ချစ်လျက်၊ မကောင်းမှုနှင့် မှားယွင်းသောလမ်း ရှိသမျှကို မုန်းမည်အကြောင်း မစတော်မူပါ။



သောကြာ၊ ဇူလိုင် (၄)
**ယော ၇း၁၉-၃၁**
ထွက် ၂၀း၁-၁၇

*"မောရှေသည် ပညတ်တရားကို သင်တို့အား ပေးသည် မဟုတ်လော။ ထိုတရားကို သင်တို့တွင် တစုံတယောက်မျှ မကျင့်"*

## ယေရှု - ပညတ်တရားကို ပေးတော်မူသော အရှင်သခင်

မိမိအကျင့်ကို ကြည့်ခြင်းဖြင့် မိမိသည် စစ်မှန် ဖြောင့်မတ်တော်မူသောသူဖြစ်ကြောင်း ယေရှု မိန့်တော်မူ၏။ မိမိကိုယ်ကို မချီးမြောက်ဘဲ စေလွှတ်တော်မူသော ခမည်းတော်ကို ချီးမြောက် တော်မူ၏။ ယေရှုသည် ခမည်းတော်ကို အရာရာတိုင်း၌ နာခံတော်မူ၏။ လူ့ဇာတိကို ခံယူဖို့ရန် မိမိ၏ ဘုန်းအသရေတော်ကို စွန့်တော်မူသည့်တိုင်အောင် မိမိကိုယ်ကို နှိမ့်ချတော်မူခဲ့ပါသည်။ ထို့ကြောင့်၊ ဤလောက၌ ပညတ်တရားကို ပေးတော်မူသော အရှင်သည် ပညတ်တော်ကို ကျင့်စောင့် သောသူ ဖြစ်လာခဲ့ပါသည်။ အပြစ်သားများ လိုက်လျှောက်ဖို့ရန် သန့်ရှင်းတော်မူသော ဘုရားသခင်သည် ပညတ်တရားကို ပေးတော်မူ၏။ ဘုရားသခင်အတွက် ပညတ်တရား စောင့်ဖို့ မလိုပါ။ သို့သော်လည်း၊ ကျွန်ုပ်တို့အဖို့ စုံလင်စွာ ပညတ်တရားကို လိုက်လျှောက်တော်မူခဲ့၏။ သူ့ကို စွပ်စွဲခဲ့သောသူတို့သည် ပညတ်တရားကို ချိုးဖောက်ခဲ့သောသူများ ဖြစ်ပါသည်။ ယေရှုကို အသေ သတ်လိုခဲ့ကြခြင်းဖြင့်၊ "လူ့အသက်ကို မသတ်ရ" ဟူသော ပညတ်ကို ချိုးဖောက်ခဲ့ကြပါသည်။ ထို သူတို့၏ သတ်လိုခြင်း စိတ်သဘော ထင်ရှားလာသောအခါ၊ "သင်သည် နတ်ဆိုးစွဲသောသူဖြစ်၏။ သင့်ကို သတ်အံ့သောငှါ အဘယ်သူ ရှာကြံကြသနည်း" ဟု ပြောင်းပြန် ဆိုကြ၏။ ထိုသို့ဖြင့် ပညတ် တရားကို ထပ်၍ ချိုးဖောက်ခဲ့ကြပါသည်။ ယေရှုအား နတ်ဆိုးစွဲသောသူဟု စွပ်စွဲခြင်းဖြင့် ဘုရားသခင်အား မထီမဲ့မြင် ပြုခဲ့ကြပြီး၊ ပညတ်တရား၏ ပထမ သုံးချက်ကို ချိုးဖောက်ခဲ့ကြ၏။ သူတို့၌ ယေရှု သတ်လိုသောစိတ် မရှိဟု ငြင်းပယ်ကြခြင်းဖြင့် မုသား မြွက်ဆိုလျက် နဝမမြောက် ပညတ်ချက်ကို ချိုးဖောက်ခဲ့ကြပါသည်။ သူတို့သည် ရာဇဝတ်မှုကို အမှန် လွန်ကျူးခဲ့ကြပါသည်။

ယေရှုက မိမိသည် ပညတ်တရားကို အမှန် စောင့်ကျင့်တော်မူကြောင်းကို ပညတ်တရား အား မှန်ကန်စွာ အနက်ဖွင့်ခြင်းဖြင့် သက်သေပြတော်မူ၏။ မောရှေ၏ပညတ်က ဥပုသ်နေ့၌ အလုပ် မလုပ်ဖို့ရန် တားမြစ်သည် သာမက၊ သားယောကျ်ား မွေးဖွားလျှင် ရှစ်ရက်နေ့၌ အရေဖျားလှီးခြင်း ခံရမည်ဟု မိန့်တော်မူ၏။ မေးခွန်းမူကား၊ ဥပုသ်နေ့၌ ရှစ်ရက်နေ့ကျရောက်လျှင် အရေဖျားလှီးခြင်း ပြုရမည်လော ဟူ၍ဖြစ်ပါသည်။ အဖြေမူကား၊ ပြုရပါမည်။ ယုဒလူတို့သည် ဥပုသ်နေ့၌လည်း အရေဖျားလှီးခြင်းကို ပြုရမည်ဖြစ်၏။ ထိုအမှုပြုခြင်းသည် ဥပုသ်နေ့ ပညတ်ချက်ကို ချိုးဖောက်ရာ မရောက်ပါ။ ထိုနည်းတူ၊ ယေရှုသည် ဥပုသ်နေ့၌ အနာရောဂါကို ငြိမ်းစေတော်မူခဲ့၏။ ဘုရားသခင် ၏အမှုတော် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဥပုသ်နေ့သည် လူ၏အကျိုးအတွက် ဖြစ်ပါသည်။ "ဥပုသ်နေ့သည် လူအဘို့ ဖြစ်၏။ လူသည် ဥပုသ်နေ့အဘို့ မဟုတ်" (မာကု ၂း၂၇)။ ဥပုသ်နေ့၌ အနာငြိမ်းစေခြင်းသည် လူ၏အကျိုးကို ဆောင်ရွက်ခြင်း မဟုတ်သလော။ ယေရှုက၊ "မျက်နှာကို ကြည့်၍ မစီရင်ကြနှင့်။ တရားသဖြင့် စီရင်ကြလော့" (နှိုင်း - ၁ ရာ ၁၆း၇) ဟု မိန့်တော်မူ၏။ သူတို့သည် ဖမ်းဆီးဖို့ ကြိုးစားခဲ့ကြသော်လည်း၊ ဘုရားသခင်၏ အချိန်အခါ မရောက်သေး သဖြင့်၊ မဖမ်းနိုင်ခဲ့ကြပါ။ လူသည် ဘုရားသခင်ကို တိုက်လှန်သော်လည်း၊ လုံးဝ အောင်နိုင်မည် မဟုတ်ပါ။

**ဆင်ခြင်ရန်** - "ပညတ်တရားသည် ဘုရားသခင်ထံမှ လာ၏။ ထို့ကြောင့်၊ မောရှေသည် ပညတ်တရား၏ အရှင်သခင် မဟုတ်၊ ထိုပညတ်တရား၏ အမှုတော်ဆောင်သာဖြစ်ပါသည်" (Calvin)။

**ဆုတောင်းချက်-** "ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန် နှစ်သက်ပါ၏။ တနေ့လုံး ဆင်ခြင်အောက်မေ့လျက် နေပါ၏" (ဆာလံ ၁၁၉း၉၇)။

စနေ၊ ဇူလိုင် (၅)

**ယော ၇း၃၂-၅၂**

၁ ကော ၁၀း၁-၄

*"ငါ့ကို ယုံကြည်သောသူသည် . . . အသက်ရေ ထွက်ရာ စမ်းရေတွင်း ဖြစ်လိမ့်မည်"*

## ယေရှု - အသက် စမ်းရေ

ယေရှုသည် မိမိရန်သူများအပေါ် ချစ်ခြင်းမေတ္တာပြခြင်းဖြင့် အသက်စမ်းရေကို သူတို့အား ပေးတော်မူခဲ့၏။ "ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကို ယုံကြည်သော သူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေထွက်ရာ စမ်းရေတွင်းဖြစ် လိမ့်မည်ဟု မိန့်တော်မူ၏။" ဤအသက်စမ်းရေသည် ယေရှု ပေးတော်မူသော ဝိညာဉ်တော်၏ရေ ဖြစ်ပါသည်။ ဤရေကို သောက်သုံး ဖို့ရန် ကျွန်တော်တို့သည် ယေရှုကို ယုံကြည်ရမည် ဖြစ်ပါသည်။ "ငါတို့ကျင့်သော ဖြောင့်မတ်ခြင်း အကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့် ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ် ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏" (တိတု ၃း၅)။

ယေရှု ပေးသနားတော်မူသော အသက်ရေသည် အပြစ်ကြောင့် ခြောက်သွေ့ နေသော ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ကို လန်းဆန်းစေမည်ဖြစ်ပါသည်။ ဝိညာဉ်တော် ကိန်းဝပ်သောအခါ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ခြောက်သွေ့သောမြေပေါ်သို့ မိုးရေ သွန်းလောင်းသကဲ့သို့ လန်းဆန်းမည်ဖြစ်ပါသည်။ ဝိညာဉ်တော်အားဖြင့် ဒုတိယမွေးခြင်း ခံရသောအခါ၊ ကျွန်တော်တို့သည် အပြစ်အမှောင်ထဲ၌ စမ်းတဝါးဝါး မနေတော့ဘဲ၊ သမ္မာတရား အလင်း၌ လျှောက်လှမ်းခဲ့ရပါသည်။ ဘဝ အဓိပ္ပါယ်ကို သိနားလည်ခဲ့ရပါသည်။ ကျွန်တော်တို့၏ ဇစ်မြစ်ကို သိရပြီး၊ အဘယ်ကြောင့် ဤအရပ်၌ နေရသည်ကို၎င်း၊ ဘယ်အရပ်သို့ သွားမည်ကို၎င်း သိနားလည် ခဲ့ရပါသည်။ သို့မှသာ ဘဝသည် အဓိပ္ပါယ်ရှိလာမည်ဖြစ်၏။ ထိုဘဝ အသက်တာကို ခရစ်တော်တည်းဟူသော အသက် စမ်းရေကို သောက်သုံးခြင်းဖြင့်သာ ရရှိနိုင်ပါသည်။

ထိုကယ်တင်ခြင်း ကျေးဇူးတော် စကားကို ကြားပြီးနောက်၊ များစွာသောလူတို့က၊ "ဤသူသည် ခရစ်တော် ဖြစ်ကြောင်းကို မင်းများတို့သည် အမှန် သိကြသလော" ဟု ဆိုခဲ့ကြ၏။ ယေရှုသည် မောရှေကဲ့သို့သော မေရှိယ ပရောဖက် ဖြစ်တော်မူပြီး (တရား ၁၈း၁၅)၊ မောရှေ ကဲ့သို့ ပညတ်တရားကို သွန်သင်ဖို့ရန် သာမက၊ ထိုပညတ်တရားများကို စုံလင်စွာ နာခံလိုက်လျှောက်ဖို့ရန် ကြွလာတော်မူခြင်း ဖြစ်ပါသည်။ ယုဒ ယဇ်ပုရောဟိတ်များနှင့် ကျမ်းပြုဆရာများတို့သည် ယေရှု ဟောပြောသော တရားကြောင့် နှုတ်ဆိတ် နေခဲ့ကြ၏။ အဘယ်သူမျှ ယေရှု၏စကားကို မတုန့်ပြန် နိုင်ခဲ့ကြပါ။

**ဆင်ခြင်ရန်** - ယေရှုသည် အသက်စမ်းရေတွင်း၊ အသက်၏အရင်းအမြစ် ဖြစ်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ထို သက်စမ်းရေကို များစွာ အကျွန်ုပ်အား ပေးတော်မူပါ။



တနင်္ဂနွေ၊ စက်တင်ဘာ (၂၈)

**ယော ၁၇း၉-၁၆**

ရောမ ၁၂း၁-၂

*"ဤသူတို့သည် ဤလောကနှင့် မဆက်ဆံကြပါ"*

## ယေရှုက တလုံးတဝဖြစ်ခြင်းကို အနက်ဖွင့်တော်မူ၏ (၃)

တတိယအချက်၊ သူတို့သည် ဤလောကနှင့် ကင်းကင်းရှင်းရှင်းနေသောသူများ ဖြစ်ကြပါသည်။ ဤသူတို့သည် "ဤလောက၌ ရှိရစ်ကြရပါမည်" (ယော ၁၇း၁၁)၊ သို့သော်လည်း ဤလောကနှင့် "ဤသူတို့သည် မဆက်ဆံ" (ယော ၁၇း၁၄) ကြပါ။ "လောက" ဟူသော စကားလုံးသည် ဤလောက၌ တွေ့ရသော ဘုရားသခင်ထံမှ လွဲသွားခြင်း နှင့် ဆန့်ကျင်ခြင်းကို ဆိုလိုပါသည်။ လက်ရှိ လောက၏ အတွေးအခေါ်နှင့် နေထိုင်မှုပုံစံအားနှင့် ကင်းရှင်းခြင်းသည် ယေရှု မိန့်တော်မူသော ခရစ်ယာန် တလုံးတဝတည်းဖြစ်ခြင်းအတွက် အဓိကကျသော အချက်ဖြစ်ပါသည်။ ယေရှု ဆုတောင်းချက်၏ အဓိကအချက်သည် ပေါင်းစည်းခြင်း မဟုတ်၊ လောကနှင့် အသီးအခြားနေခြင်း ပင်ဖြစ်ပါသည် (ယော ၁၇း၁၄-၁၆)။

ဧဝံဂေလသမားများနှင့်ကာသိုလစ်များ ပေါင်းစည်းခြင်းကို အားပေးသောသူများသည် ဖော်ပြပါ အထက်က အချက်များကို ပိုင်ဆိုင်ကြပါသလား။ အဖြေသိရဖို့ရန် အောက်ပါမေးခွန်းများကို ကြည့်ကြပါစို့၊ (၁) မာရိကို ဘုရားနေရာ၌ထားသော၊ ရောမန်ကာသိုလစ် အသင်းတော်သည် စစ်မှန်သော တဆူတည်းသော ဘုရားသခင်၊ ယေရှုကို သိသည်ဟု ဆိုနိုင်မည်လော။ ရောမ အသင်းတော်သည် မာရိကို ဘုရားသခင်၏ မယ်တော်၊ ရွေးနှုတ်သူ၊ တမန်တော် ဟူသော အမည်များ ပေးခြင်းဖြင့် ဘုရားမ အဖြစ်တင်စားခဲ့ပါသည်။ (၂) ၆၆ ကျမ်းသာ ပါဝင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ကျမ်းပယ်များ၊ အသင်းတော်၏ ထုံးတမ်းစဉ်လာများ ထပ်ပေါင်းသော ရောမန် ကာသိုလစ် အသင်းတော်အား ဘုရားသခင်၏ စကား နာခံသော အသင်းတော်ဟု ဆိုနိုင်မည်လော။ ထိုသို့ နှုတ်ကပတ်တော်၌ ပေါင်းထည့်ခြင်း၊ နှုတ်ယူခြင်း မပြုရန် ယေရှု တားမြစ်ထားတော်မူ၏ (ဗျာ ၂၂း၁၈-၁၉)။ (၃) ကျမ်းစာသွန်သင်တော်မူသော အသီးအခြားနေခြင်းတရားကို ငြင်းပယ်လျက်၊ သမ္မာတရားကို မထိမ့်မြင်ပြုပြီး၊ လွဲများသော အသင်းတော်နှင့် ပေါင်းစည်းခြင်းကို ပြုသော ဧဝံဂေလိ အသင်းတော်ကို သတင်းကောင်း အမှန် ယုံကြည်သော၊ ကျမ်းစာကို ကွယ်ကာသော အသင်းတော်ဟု ခေါ်နိုင်ပါမည်လော။

"ကိုယ်တော်နှင့် အကျွန်ုပ်သည် တလုံးတဝတည်းဖြစ်သကဲ့သို့ . . . ဤသူတို့သည် ဖြစ်ရပါမည်အကြောင်း" ဟူသော ယေရှု၏ ဆုတောင်းချက် အနက်ကား အဘယ်နည်း။ ခမည်းတော်က မိမိအား စေလွှတ်သကဲ့သို့၊ တပည့်တော်များအား ဤလောက၌ သတင်းကောင်း ဟောပြောဖို့ရန် စေလွှတ်တော်မူသည်ဖြစ်သောကြောင့် ယေရှုသည် သူတို့ စည်းလုံးခြင်း ရှိမည်အကြောင်း ဆုတောင်းပေးခြင်း ဖြစ်ပါသည်။ ယေရှုသည် မိမိ၏အမှုတော် ပြီးစီးသောအခါ၊ တမန်တော်များကို စေလွှတ်တော်မူ၏ (မာကု ၁၆း၁၅-၂၀၊ တမန် ၁း၈)။ ကယ်တင်ခြင်း အမှုတော်မြတ်၌ ခရစ်တော်နှင့် ခမည်းတော်တို့သည် တလုံးတဝတည်းဖြစ်ကြသည်နည်းတူ၊ တပည့်တော်များသည်လည်း အမှုတော်၌ တလုံးတဝတည်းဖြစ်ကြမည်အကြောင်း ဆုတောင်းပေးတော်မူ၏။ သတင်းကောင်း ဟောပြောခြင်း အမှုတော်၌ သူတို့သည် ဖာရိရှဲများ၊ ဖဒ္ဒုကဲများနှင့် ပေါင်းဘော်ခြင်း မပြုခဲ့ကြ၊ ဟေရုဒ်နှင့် ကဲသာဘုရင်၏ အကူအညီ မတောင်းခဲ့ကြပါ။ ယေရှု၏ စည်းလုံးခြင်း ဆုတောင်းချက်တွင် ထိုသူများနှင့် တပည့်တော်များ ကင်းရှင်းစွာ နေရမည်အကြောင်း လုံးဝ ပါဝင်ပါသည်။

**ဆင်ခြင်ရန်** - "မာရ်နတ်သည် နေရာတကာ လျင်မြန်စွာ သွားလာနေလျက်ရှိပါသည်။ ထို့ကြောင့်၊ ယုံကြည်သူတို့သည် တိတ်ဆိတ်နေ၍ မရ၊ ကြားနေ မရ၊ ရောနှောနေ၍ မရပါ။" (McIntire)

**ဆုတောင်းချက်-** အို အဖဘုရား၊ မယုံကြည်သူနှင့် မတူညီသော ထမ်းဘိုးကို မထမ်းမည် အကြောင်း မစတော်မူပါ။

**ယော၁၇း၁၂-၁၇**
တမန် ၂၀း၂၄-၃၁

*"ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ"*

## ယေရှုက တလုံးတဝဖြစ်ခြင်းကို အနက်ဖွင့်တော်မူ၏ (၂)

ခရစ်ယာန် အမှုတော်သည် ECT လက်ခံသောသူများက၊ "သမ္မာတရားအတွက် ကြိုးစားအားထုတ်လျက်၊ ကောင်းသော အကျင့်အားဖြင့် နိုင်ငံရေး၊ တရားဥပဒေ နှင့် ယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းရန်ဖြစ်သည်" ဟူသော ခဏတာ အမှုတော် မဟုတ်ပါ။ ခရစ်ယာန် အသင်းတော်၏ အဓိက တာဝန်သည် ဝိညာဉ်အရေးဖြစ်ပါသည် - "သန့်ရှင်းသူတို့၌ အထက်က အပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည် ကြိုးစား၍ တိုက်လှန်" (ယုဒ ၃) ဖို့ရန် ဖြစ်ပါသည်။ သမ္မာကျမ်းစာက ကြိုဟောထားသည့်တတိုင်း ဤကမ္ဘာလောကကြီးသည် တဖြည်းဖြည်း ဆိုးယုတ်လာပါသည်။ ထို့ကြောင့် ယနေ့ ခရစ်ယာန်တို့၏ တာဝန်သည် ဧဝံဂေလိသမားများနှင့်ကာသိုလစ် ပေါင်းစည်းခြင်း တန်ခိုးအားဖြင့် ဤကမ္ဘာကြီးကို ပို၍တိုးတက်ကောင်းမွန်လာစေခြင်း မဟုတ်ဘဲ၊ ယေရှုသာလျှင် ကယ်တင်နိုင်သော အရှင်သခင်ဖြစ်သည်ဟူသော သတင်းကောင်းကို ပျောက်သောသူများထံ ဟောပြောခြင်း ပင်ဖြစ်ပါသည်။ အသင်းတော်၏ တန်ခိုးသည် အသင်းဝင် အရေအတွက်ပေါ်၌ မတည်ပါ၊ ခရစ်တော်၏ သတင်းကောင်း၌ တည်ပါသည် (ရောမ ၁း၁၆)။ သခင်ယေရှုသည် ဤလောကကြီးကို မှောက်လှန်ဖို့ရန် သစ္စာရှိသော တမန်တော် ဆယ့်နှစ်ပါးကိုသာ အသုံးပြုတော်မူ၏ (တမန် ၁၇း၆)။ သခင်ဘုရားသည် မိမိ၏ရည်ရွယ်ချက် ပြည့်စုံစေဖို့ရန် အရေအတွက်ကို ဘယ်တော့မှ အားမကိုးခဲ့ပါ။

"ထိုသူအပေါင်းတို့သည် တလုံးတဝတည်းဖြစ်အမည်အကြောင်း" ဟူသော ယေရှု၏ ဆုတောင်းချက်ကို နားလည်မည်အကြောင်း ဘယ်သူများအတွက် သူ ဆုတောင်းပေးသနည်း ဟူသော အချက်ကို နားလည်ဖို့လိုပါသည်။ ယေရှု ဆုတောင်းပေးသော သူများသည် အောက်ပါ ယုံကြည်ခြင်းများ ပိုင်ဆိုင်ထားသော ခရစ်ယာန်များဖြစ်ပါသည်၊

ပထမအချက်၊ စစ်မှန်၍ အသက်ရှင်တော်မူသော ဘုရားသခင်ကို သိမှတ် ယုံကြည်ကြ၏။ စစ်မှန်သော ဘုရားသခင်၊ ခရစ်တော် သိခြင်း၏အကျိုးသည် ထာဝရအသက်ဖြစ်ပါသည် (ယော ၁၇း၃)။ ဘုရားသခင်ကို သိခြင်းသည် ခရစ်တော်၌ မိသာဟာရဖွဲ့ခြင်း ဖြစ်ပါသည်။ ဘုရားများ သိခြင်း မဟုတ်၊ ထာဝရအသက် လမ်းကို ပြဖို့ရန် သားတော်ကို စေလွှတ်တော်မူသော စစ်မှန်သည့် မှန်သော ဘုရားသခင် တဆူတည်း သိခြင်း (ယော ၁၇း၃) ကို ဆိုလိုပါသည်။

ဒုတိယအချက်၊ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခဲ့ကြ၏။ ယေရှုသည် တပည့်တော်များကို ခမည်းတော်၏နှုတ်ကပတ်တော် သွန်သင်ပေးလျက်၊ "ကိုယ်တော်၏ နှုတ်ကပတ်တရားကို သူတို့သည် စောင့်ကြပါ၏" (ယော ၁၇း၆)။ ယော ၁၇း၈ ထဲတွင်၊ တပည့်တော်များသည် ယေရှု သွန်သင်တော်မူသော အချက်တိုင်းကို အာရုံစိုက်နားထောင်ပြီး၊ နာခံခဲ့ကြသည်ဟု ဖော်ပြခဲ့၏။ သူတို့ နှစ်သက်သော အချက်ကိုဘဲ ရွေးလျက်၊ ယုံကြည် လိုက်လျှောက်ကြသည် မဟုတ်ပါ။

**ဆင်ခြင်ရန်** - "ယုံကြည်ခြင်း ဩဝါဒ သန့်ရှင်းခြင်းက အသင်းတော် တလုံးတဝဖြစ်ခြင်းကို ထိန်းသိမ်း ကွယ်ကာတော်မူ၏။" (Calvin)
**ဆုတောင်းချက်-** အို အဖဘုရား၊ ယုံကြည်ခြင်း ဩဝါဒ၌ သန့်ရှင်းခြင်း ရှိမည်အကြောင်း အကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။





**ယော ၇း၅၃-၈း၁၁**
ဆာလံ ၅၁

*"သင်တို့တွင် အပြစ် ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲနှင့် ပစ်စေ"*

## ယေရှု - တရားသူကြီးများ၏ တရားသူကြီး

ကျမ်းပြုဆရာများနှင့် ဖာရိရှဲများသည် မိန်းမတဦးကို ပြစ်မှားနေစဉ် ဖမ်းဆီးလာခဲ့ကြ၏။ ထိုသူကို ယေရှုထံ ခေါ်လာခဲ့ကြပြီး၊ ထိုအမှုကို မည်သို့ ဆုံးဖြတ်မည်အကြောင်း မေးခွန်းထုတ်ခဲ့ကြပါသည်။ "ထိုသို့သော မိန်းမကို ကျောက်ခဲနှင့် ပစ်ရမည်ဟု မောရှေသည် အကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့ မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။" ယေရှုအား ကျော့မိကြခြင်းငှာ ထောင်ချောက်ဆင် ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုမိန်းမကို မစီရင်ဘဲ သွားစေခဲ့လျှင်၊ သတ္တမမြောက် ပညတ်တော်ကို ဆန့်ကျင်သည်ဟု စွပ်စွဲခဲ့ကြလိမ့်မည်။ ကျောက်ခဲဖြင့် ပစ်သတ်စေခဲ့လျှင်၊ ကရုဏာမဲ့စွာ စီရင်ခြင်းကို ပြုသည်ဟု အပြစ်တင်ကြပါလိမ့်မည်။

ထွက်ပေါက် မရှိဟု ထင်မှတ်ရပါသည်။ ယေရှုသည် ထိုသူတို့အား နောက်ဆုတ်ဖို့ရန် အခွင့်ပေးခြင်းဖြင့် အောက်သို့ ငုံ့လျက် နေတော်မူခဲ့၏။ ထို့နောက် ပြန်ထလာခဲ့ပြီး၊ "သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲနှင့် ပစ်စေဟု မိန့်တော်မူ၏။" ထို့နောက် အရင်အတိုင်း ပြန်၍ အောက်သို့ ငုံ့လျက် နေတော်မူခဲ့၏။ ဒုတိယအကြိမ် အခွင့်အရေး ပေးခြင်း ဖြစ်ပါသည်။ ထိုသို့ နောက်မဆုတ်ဘဲ နေခဲ့ကြလျှင်၊ ယေရှုသည် သူတို့၏ အပြစ်များကို လူထုရှေ့၌ ဖော်ပြတော့မည် ဖြစ်ပါသည်။ သူတို့သည်လည်း သန့်ရှင်းသောသူ မဟုတ်ခဲ့ကြပါ။ ထိုမိန်းမသည် အပြစ်ရှိသောသူ ဖြစ်သကဲ့သို့၊ သူတို့သည်လည်း အပြစ်ရှိကြ၏။ ထိုမိန်းမကို ကျောက်ခဲဖြင့် ပစ်သတ်မည်ဆိုလျှင်၊ သူတို့သည်လည်း ထိုသို့ ပစ်သတ် ထိုက်သောသူများ ဖြစ်ကြ၏။ ထိုတရားကို သူတို့၏ အသိစိတ်က ဖော်ပြခဲ့ပါသည်။ ထို့ကြောင့်၊ တဦးပြီး တဦး ထွက်သွားခဲ့ကြပါသည်။ ဤအမှု၌ သခင်ယေရှု၏ "အံ့ဘွယ် ဉာဏ်ပညာ၊ တရားသူကြီးတို့၏ တရားသူကြီးဖြစ်ခြင်းကို တွေ့ရပါသည်။ သူ၏ စကားတို့သည် သူ့ကို ထောင်ချောက်ဆင်သောသူများအား ပြန်လည် ကျော့မိခဲ့ပါသည်။ စွပ်စွဲသောသူများသည် စွပ်စွဲခံဖြစ်လာခဲ့ကြ၏။ သူတို့၏အသိစိတ်က သူတို့၏အပြစ်ကို ဖော်ပြလျက်၊ အရှက်ရခဲ့ကြ၏။ သတ်လိုသောသူများသည် အသတ်ခံရမည့်သူဖြစ်လာခဲ့ပါသည်" (Timothy Tow)။

ယေရှုသည် အပြစ်တင်ဖို့ရန် မဟုတ်ဘဲ၊ ကယ်တင်ဖို့ရန် ကြွလာတော်မူသတည်း (ယော ၃း၁၇)။ သူသည် ထိုမိန်းမကို ကရုဏာတော်ဖြင့် စီရင်ခဲ့ပါသည်။ စွပ်စွဲသောသူများ၏ စိတ်နှလုံးကို မြင်တော်မူသော ယေရှုသည် ထိုမိန်းမ၏ စိတ်နှလုံးကိုလည်း မြင်တော်မူ၏။ သူမသည် မိမိ၏အပြစ်ကြောင့် အလွန်ဝမ်းနည်းခြင်း ရှိခဲ့ပါလိမ့်မည်။ ထို့ကြောင့် ခံထိုက်သောအပြစ်ဒဏ်ကို မခံရခြင်း ဖြစ်ပါလိမ့်မည်။ သူမသည် ယေရှုအား မိမိ၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခဲ့သည်ဟု ထင်မှတ်ရပါသည်။ ထို့ကြောင့်၊ ယေရှုက သူမကို သွားခွင့်ပြုခဲ့ပြီး၊ "နောက်တဖြန် ဒုစရိုက်ကို မပြုနှင့်" ဟု မိန့်တော်မူခဲ့ပါသည်။ သင်သည် ဤမိန်းမနှင့်ဘဝတူဖြစ်ခဲ့ပါလျှင် ယေရှုထံ ချဉ်းကပ်ပါလော့။ သင့်အပြစ်များကို ဝန်ခံလျက် နောင်တ ရခဲ့လျှင်၊ သူသည် သင့်ကို ခွင့်လွှတ်ပြီး ကယ်တင်တော်မူမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မှန်ကန်စွာ စီရင်နိုင်ဖို့ရန်၊ မိမိကိုယ်ကို အရင် စီရင်ရပါမည်။
**ဆုတောင်းချက်-** (သင့်အပြစ်များကို ကယ်တင်ရှင်ထံ ဝန်ခံပါလော့။)

**ယော ၈း၁၂-၃၂**
၁ ယော ၁း၅-၇

*"ငါသည် ဤလောက၏ အလင်း ဖြစ်၏"*

## ယေရှု - ဤလောက၏ အလင်း

ယေရှုသည် ဤလောက၏အလင်း ဖြစ်တော်မူ၏။ အလင်းသည် သမ္မာတရားကို ကိုယ်စားပြုပါသည်။ သူသည် အလင်းဖြစ်သောကြောင့်၊ သမ္မာတရားလည်း ဖြစ်တော်မူ၏။ သူသည် ဘဝအခက်အခဲများနှင့် ပြဿနာများ၏အဖြေ ဖြစ်တော်မူ၏။ ဤအပြစ်ကြောင့် မှောင်မိုက်နေသော၊ သေခြင်းနှင့် ရှုတ်ထွေးခြင်းဖြင့် ပြည့်နှက်နေသော လောကကြီး၌ ယေရှုသည် အသက်နှင့် ဘဝ၏အဓိပ္ပါယ်ကို ပေးတော်မူသော အလင်းဖြစ်ပါသည်။ တမန်တော် ယောဟန်က၊ "ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏ အလင်းဖြစ်၏" (ယော ၁း၄) ဟု ဆိုခဲ့၏။ ကျွန်ုပ်တို့၏ ဇစ်မြစ်၊ တည်ရှိခြင်းနှင့် အဆုံးသတ်ခြင်းတို့ကို ယေရှု၏သမ္မာတရားတည်းဟူသော ကျမ်းစာ၌ တွေ့ရပါသည်။ ထို့ကြောင့်၊ ယေရှုက မိမိကို ယုံကြည်သောသူတို့အား၊ "သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန် ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရား သည် သင်တို့ကို လွှတ်လိမ့်မည်" ဟု မိန့်တော်မူ၏။ "ဟုတ်မှန်သော အလင်းမူကား၊ ဤလောကသို့ ကြွလာ လျက် ခပ်သိမ်းသော လူအပေါင်းတို့အား အလင်းကို ပေးသောသူ ဖြစ်သတည်း" (ယော ၁း၉)။

ယေရှုက၊ "ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့ လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ၊ အသက်၏အလင်းကို ရလိမ့်မည်" ဟု မိန့်တော်မူ၏။ ထိုတရားကို ဤလောက လူများက လက်ခံပါသလား။ ယောဟန်က၊ "ထိုအလင်းသည် မှောင်မိုက်၌ လင်း၍ မှောင်မိုက်သည် မခံမယူ . . . ထိုသူသည် ဤလောက၌ ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကို မသိ" (ယော ၁း၅၊ ၁၀) ဟု ဆို၏။ လူတို့သည် အလင်းထက် အမှောင်ကို ပိုနှစ်သက်ကြ၏။ ထိုအမှုကို ယေရှုအား မုသား ပြောသောသူ ဟုစွပ်စွဲခဲ့သော ဖာရိရှဲများအသက်တာ၌ တွေ့ရပါသည်။ သူတို့၏ စွပ်စွဲချက် မှန်ကန်ကြောင်း သက်သေ မပြနိုင်ခဲ့ကြပါ။ "ငါ၌ အပြစ်ရှိကြောင်းကို သင်တို့တွင် အဘယ်သူ ဘော်ပြသနည်း။ သစ္စာစကားကို ငါပြောသည်မှန် လျှင် အဘယ်ကြောင့် သင်တို့ မယုံကြည်သတည်း။ ဘုရားသခင်နှင့် စပ်ဆိုင်သောသူသည် ဘုရား သခင်၏ စကားတော်ကို နားထောင်တတ်၏။ သင်တို့သည် ဘုရားသခင်နှင့် မစပ်ဆိုင်သောကြောင့် နားမထောင်ကြ" ဟု ယေရှု မိန့်တော်မူ၏။ သမ္မာတရားသည် အလွန် ရိုးစင်းလျက် ထင်ရှားလှသော်လည်း၊ သူတို့၏အဖသည် မုသား၏အဘ၊ လူသတ်သမား ဖြစ်သော စာတန်ဖြစ်သောကြောင့် ထိုတရားကို မမြင်နိုင်ခဲ့ကြပါ။ သူတို့၏အဖ ကဲ့သို့ ကျင့်နေကြ၏။ သူတို့သည် စာတန်၏ နာခံမှုရှိသော သားများဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - "အလင်း မထီမဲ့မြင်ပြုခြင်းကို မှောင်မိုင်က နောက်မှလိုက်လျက်ရှိ၏။" (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ သမ္မာတရား အလင်း၌ အကျွန်ုပ်ကို လျှောက်လှမ်း စေတော်မူပါ။





**ယော ၁၇း၁-၁၁**
ဗျာ ၁၇း၁-၆

*"ဤသူတို့သည် တလုံးတဝတည်း ဖြစ်ရပါမည် အကြောင်း"*

## ယေရှုက တလုံးတဝဖြစ်ခြင်းကို အနက်ဖွင့်တော်မူ၏ (၁)

ယေရှု၏ ယဇ်ပုရောဟိတ်အကြီး ဆုတောင်းချက်ဖြစ်သော၊ "ထိုသူအပေါင်းတို့သည် တလုံး တဝတည်း ဖြစ်လျက်" (ယော ၁၇း၂၁) ဟူသောအချက်ကို၊ "Evangelicals and Catholics Together" (ECT) က၊ မတ်လ ၂၉၊ ၁၉၉၄ ၏မှတ်တမ်း၌ ပရိုတက်စတင့် နှင့် ကာသိုလစ် ပေါင်းစည်းခြင်း အတွက် အခြေခံ ကျမ်းပိုဒ်အဖြစ် ကိုးကားခဲ့ပါသည်။ ECT အရ၊ "ဧဝံဂေလိသမားများနှင့် ကာသိုလစ် များသည် ခရစ်တော်၌ ညီအစ်ကို မောင်နှမများဖြစ်ကြပါသည်။" ခရစ်ယာန် ဟူသော အခေါ်အဝေါ် တွင် ခရစ်တော်ကို အမှန်တကယ် သိသောသူ ဖြစ်စေ၊ မသိသောသူဖြစ်စေ၊ နားလည်သည်ဖြစ်စေ နားမလည်သည် ဖြစ်စေ၊ "ခရစ်တော်ကို ကယ်တင်ရှင်သခင်အဖြစ် လက်ခံသောသူအပေါင်း" ကို ရည်ညွှန်း စေခဲ့မည်ဆိုလျှင်၊ လမ်းလွဲသောသူများလည်း၊ သူတို့လမ်းလွဲသည့်နည်းအတိုင်း ခရစ်တော် ကို လက်ခံကြသည်ဖြစ်သောကြောင့်၊ ခရစ်ယာန် အဖြစ်လက်ခံဖို့လိုပါလိမ့်မည်။

ရောမန် ကာသိုလစ် အသင်းတော်သည် ရုပ်တုကိုးကွယ်ခြင်းနှင့် မှားယွင်းသော ယုံကြည်ချက်များကို စွဲကိုင်လျက်ရှိပါသည်။ ထိုသို့သော မှားယွင်းသည့် သွန်သင်ချက်များကို စွဲကိုင်လျက် ရှိသော ကာသိုလစ်နှင့် ပရိုတက်စတင့် အသင်းတော်များသည် ခရစ်တော်၏ကိုယ်၌ အတူပါဝင်ကြ သည် ဟု ECT လက်ခံခြင်းသည် Martin Luther, John Calvin, John Knox, Ulrich Zwingli နှင့် အခြားသော ယုံကြည်သူများ ကြိုးပမ်း ဆောင်ရွက်ခဲ့သော ၁၆ ရာစု အသင်းတော် ပြုပြင်ပြောင်းလဲ မှုကြီးကို အထီမဲ့မြင်ပြုရာ ရောက်ပါသည်။

သို့ဆိုလျှင်၊ "ထိုသူအပေါင်းတို့သည် တလုံး တဝတည်း ဖြစ်လျက်" ဟူသော ယေရှု ဆုတောင်းချက်၏ ဆိုလိုရင်းကား အဘယ်နည်း။ ဧဝံဂေလိသမားများနှင့် ကာသိုလစ်များ ပေါင်းစည်း ဖို့ရန် ယောဟန် ၁၇ ထဲတွင် ယေရှု ဆုတောင်းပါသလား။ အဘယ်သို့သော စည်းလုံးခြင်းအတွက် ယေရှု ဆုတောင်းခဲ့ပါသနည်း။ မှတ်သားရမည်မှာ ထိုစည်းလုံးမှုသည် ပေါင်းစည်းမှုတိုင်းကို မဆိုလိုပါ။ "ကိုယ်တော်နှင့် အကျွန်ုပ်သည် တလုံးတဝတည်း ဖြစ်သကဲ့သို့" (ယော ၁၇း၁၁) ဟူသော အချက်က ထိုစည်းလုံးခြင်းသည် မည်သို့သော စည်းလုံးခြင်း ဖြစ်ရမည်ကို ရှင်းလင်းစွာ ဖော်ပြပါသည်။ ခမည်းတော်နှင့်သားတော်၏ တလုံးတဝဖြစ်ခြင်းကား အဘယ်နည်း။

ဤ "တလုံးတဝတည်း" ဟူသော စကားလုံးက ဘုရားသခင်၏အမှုတော်ကို ရည်ညွှန်းပါသည်။ ကယ်တင်ခြင်း အမှုတော်၌ ခမည်းတော်နှင့်သားတော်သည် တလုံးတဝတည်းဖြစ်ကြပါသည်။ ထို့ကြောင့်၊ ခရစ်တော် ပထမ အကြိမ် ကြွလာတော်မူခြင်းသည် ဝိညာဉ်အရေးဖြစ်၏။ ဘုရားသခင်၏ သိုးသငယ်ကဲ့သို့ အပြစ်သားအတွက် အသွေးသွန်းလျက် အသေခံဖို့ရန်ဖြစ်ပါသည်။ ထိုသို့ ခမည်းတော်၏ စကားကို နာခံလျက် အသေခံပြီး၊ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်ခြင်း ဖြင့် အမှုတော်ကို စုံလင်စေတော်မူခဲ့၏။ ထိုနည်းတူ၊ ယေရှုသည် တပည့်တော်များအား မိမိ၏ သေခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်း သတင်းကောင်းကို ဟောပြောကြဖို့ရန် စေခိုင်းတော်မူ၏။ ထိုသို့ဖြင့် ယုံကြည်သောသူတို့သည် အပြစ်ခွင့်လွှတ်ခြင်းကို ခံလျက်၊ ထာဝရ အသက်ရှင်ခြင်းကို ရရှိကြလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ပရိုတက်စတင့်သည် ရောမန်ကာသိုလစ်တို့က ခရစ်ယာန်များဟု ကင်ပွန်း တပ်ခြင်းအားဖြင့် မိမိ၏လုံခြုံ ခိုင်မာမှုကို ပေးဆပ်ခဲ့ရ၏။" (McIntire)

**ဆုတောင်းချက်-** အဖဘုရား၊ ယုံကြည်ခြင်းဘက်၌ ရပ်တည်လျက် တိုက်လှန်မည်အကြောင်း အကျွန်ုပ်အား သတ္တိ ပေးတော်မူပါ။

## သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုတော် (၂)

မိမိထွက်မသွားလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် ကြွလာတော်မူမည် မဟုတ်ဟု ယေရှု မိန့်တော်မူခြင်းသည် ဘာကို ဆိုလိုပါသနည်း (ယော ၁၆း၇)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘယ်သောအခါမှ မကြွလာခဲ့ဖူး (သို့) ဘာအမှုကိုမှ မဆောင်ရွက်ခဲ့ဖူး ဟု ဆိုလိုပါသလား။ အချို့သော ကျမ်းတတ်ပုဂ္ဂိုလ်များက သန့်ရှင်းသော ဝိညာဉ်တော်သည် ကြွလာတော်မူလျက် ယုံကြည်သူများ ၌ ကျိန်းဝပ်တော်မူမည်၊ ထိုအမှုသည် ဓမ္မဟောင်း၌ မရှိခဲ့ပါ ဟု ဆိုခဲ့ကြပါသည်။ ဝိညာဉ်တော်သည် ဓမ္မသစ် သန့်ရှင်းသူများ၌သာ ကျိန်းဝပ်တော်မူလျှင်၊ ဓမ္မဟောင်း သန့်ရှင်းသူများသည် ဘုရားသခင်၏ သားသမီး၊ ကယ်တင်ခြင်းခံရသောသူ ဖြစ်နိုင်ကြမည်လော (နှိုင်း - ယော ၃း၅၊ ရောမ ၈း၉၊ ၁ ကော ၂း၉-၁၆)။

သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသို့ အမှုတော်ကို ဆောင်ရွက်လျက် ရှိနေခဲ့ပါလျှင်၊ မိမိထွက်မသွားလျှင် ဝိညာဉ်တော် ကြွလာတော်မူမည် မဟုတ်ဟု အဘယ့်ကြောင့် ဆိုသနည်း။ ကမ္ဘာဦးကျမ်းမှစ ဗျာဒိတ်ကျမ်းအထိ သုံးပါးတဆူဘုရားသည် အမှုပြုတော်မူကြကြောင်း တွေ့ရပါသည်။ (၁) <u>ဓမ္မဟောင်း ခေတ်</u>၊ လူသား ဖန်ဆင်းခြင်းအမှု၌ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့သည် မြင်တွေ့ရပါသည် (ကမ္ဘာ ၁း၂၆-၂၇)၊ သားတော်သည် လူ့ဇာတိမခံမီ ပုံသဏ္ဌာန်ဖြင့် (ကမ္ဘာ ၁၂း၇၊ ၁၈း၁၊ ၃၂း၃၀)၊ ဝိညာဉ်တော်သည် အဆင်းသဏ္ဌာန် မရှိသော မြေကြီး၏ ရေမျက်နှာပြင်ပေါ်၌ လှုပ်ရှားတော်မူ၏ (ကမ္ဘာ ၁း၂)၊ ပရောဖက်များ၊ ယဇ်ပုရောဟိတ်များနှင့် ရှင်ဘုရင်များကို ဘိသိက်ပေးတော်မူ၏ (၃ ရာ ၁၉း၁၆၊ ထွက် ၄၀း၁၃၊ ၁ ရာ ၁၀း၁)။ ထိုသို့ တဆူတည်းသောဘုရားမှ သုံးပါးတို့သည် အမှုတော်ကို ဆောင်ရွက်ခဲ့ကြသော်လည်း၊ ဓမ္မဟောင်းတွင် အထူး ထင်ရှားသော ပုဂ္ဂိုလ်သည် ခမည်းတော်ဖြစ်ပါသည်။ (၂) <u>ခရစ်ဝင်ကျမ်းများ ခေတ်</u>၊ ခမည်းတော်သည် သားတော်ကို စေလွှတ် တော်မူလျက် (ယော ၁၇း၃၊ ၈၊ ဂလာ ၄း၄)၊ ဝိညာဉ်တော်သည် သားတော်ကို ခွန်အားပေးပြီး (ယော ၃း၃၄)၊ သားတော် ဗတ္တိဇံ မင်္ဂလာခံစဉ်တွင် ခမည်းတော်သည် ဝိညာဉ်တော်သည် အမှုပြု ခဲ့ကြပါသည် (မသဲ ၃း၁၃-၁၇)။ ထိုသို့ တဆူတည်းသောဘုရားမှ သုံးပါးတို့သည် အမှုတော်ကို ဆောင်ရွက်ခဲ့ကြသော်လည်း၊ ခရစ်ဝင်ကျမ်းတွင် သားတော်သည် အထူး ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည်။ (၃) <u>ဓမ္မသစ် အသင်းတော် ခေတ်</u>၊ ခမည်းတော်သည် သန့်ရှင်းသောသူများ၏ ဆုတောင်းသံကို နားညောင်းတော်မူလျက် (မသဲ ၆း၆၊ ၉၊ ၇း၁၁)၊ သားတော်သည် သန့်ရှင်းသူများ၏ ယဇ်ပုရောဟိတ် အမှုကို ဆောင်ရွက်ပြီး (ဟေဗြဲ ၄း၁၄-၁၆)၊ ဝိညာဉ်တော်သည် အပြစ်ဖော်ပြခြင်း၊ ဖိတ်ခေါ်ခြင်း၊ ပြောင်းလဲစေခြင်း၊ ကျိန်းဝပ်ခြင်း၊ အာမခံခြင်း၊ ဖော်ပြခြင်း၊ သွန်သင်ခြင်း၊ လမ်းပြခြင်း၊ သန့်ရှင်းစေခြင်း၊ ဆုတောင်းခြင်း၊ ဆုကျေးဇူးပေးခြင်း၊ တားဆီးခြင်း သည့်အမှုများကို ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ တဆူတည်းသောဘုရားမှ သုံးပါးတို့သည် ဓမ္မသစ် အသင်းတော် ခေတ်တွင် အမှုတော်ကို ဆောင်ရွက်ခဲ့ကြသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် အထူး ထင်ရှားသော ပုဂ္ဂိုလ် ဖြစ်ပါသည်။ ထို့ကြောင့်၊ မိမိကောင်းကင်ဘုံသို့ တက်သွားပြီးနောက်မှ သန့်ရှင်းသော ဝိညာဉ်တော် ကြွလာတော်မူမည်ဟု ယေရှု မိန့်တော်မူချက်သည် ဤနောက်ဆုံးသော ကာလတွင် လူတို့၏ ကယ်တင်ခြင်းအတွက် သုံးပါးတဆူဘုရား အမှုပြုတော်မူသောအခါ၊ ဝိညာဉ်တော်သည် အထူး ထင်ရှားတော်မူမည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ယေရှု မိတ်ဆက်ခြင်း ဖြစ်ပါသည်။ ယခုသည် ဝိညာဉ်တော်၏ အချိန်ကာလဖြစ်ပါသည်။

**ဆင်ခြင်ရန်** - တမန်တော်ဝတ္ထုကို သန့်ရှင်းသော ဝိညာဉ်တော်၏အမှုတော် ဟုခေါ်နိုင်ပါသည်။
**ဆုတောင်းချက်** - "ဘုရားသခင်၊ ရှေးက တန်ခိုးတော်၊ ပင်တေကုတ္တေ တန်ခိုးတော်ကို စေလွှတ်တော်မူပါ။"





## ယေရှု - မြတ်သော ငါ

ကားတိုင်ပေါ်၌ တင်သတ်ခြင်းခံရသောအခါ၊ သူတို့က မိမိအား ကြီးမြတ်တော်မူသော "ငါ" ဖြစ်ကြောင်းကို အမှန် သိကြရမည်ဖြစ်ကြောင်း ယုဒလူများထံ မိန့်တော်မူခဲ့၏ (ယော ၈း၂၈)။ သူသည် ယေဟောဝါ၊ သူတို့၏ အဘ အာဗြဟံထက် ကြီးမြတ်တော်မူသောသူ ဖြစ်ကြောင်း သိကြလိမ့်မည်။ အကြောင်းမှာ သူသည် အာဗြဟံ မရှိမှီ ရှိတော်မူခဲ့၏။ "အာဗြဟံ မဖြစ်မှီ ငါဖြစ်၏" (ယော ၈း၅၈)။ ယေရှုသည် ကားတိုင်ပေါ်၌ "ငါ" ဟူသော သူ၏ကြီးမြတ်တော်မူခြင်းကို သက်သေပြတော်မူလိမ့်မည် ဖြစ်ပါသည်။ (၁) ငါသည် အသက်မုန့်ဖြစ်၏ (ယော ၆း၃၅)၊ (၂) ငါသည် ဤလောက၏အလင်းဖြစ်၏ (ယော ၉း၅)၊ (၃) ငါသည် သိုးဝင်သော တံခါးဝဖြစ်၏ (ယော ၁၀း၇၊ ၉)၊ (၄) ငါသည် ကောင်းသောသိုးထိန်းဖြစ်၏ (ယော ၁၀း၁၁၊ ၁၄)၊ (၅) ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏ (ယော ၁၁း၂၅)၊ (၆) ငါသည် လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်း ဖြစ်၏၊ အသက်လည်း ဖြစ်၏ (ယော ၁၄း၆)၊ (၇) ငါသည် မှန်သော စပျစ်နွယ်ပင်ဖြစ်၏ (ယော ၁၅း၁)။ "ငါသည်" ဟူသော ဂတိတော်စကားအပေါင်းတို့သည် ကားတိုင်၌ အမှန် ပြည့်စုံလိမ့်မည် ဖြစ်ပါသည်။ "မြောက်" ဟူသော စကားသည် ယေရှု၏ သေခြင်းကိုသာ မဟုတ်ဘဲ၊ ထမြောက်ခြင်းနှင့် ကောင်းကင်သို့ ထက်သွားခြင်းကိုလည်း ရည်ညွှန်းပါသည်။ သူသည် ကားတိုင်ပေါ်၌ မြောက်ထားခြင်းကိုခံလျက်၊ သေခြင်းမှ ထမြောက်စေခြင်းကိုလည်း ခံပြီးမှ ဘုန်းတော်ခံဖို့ရန် အထက်သို့ ဆောင်ယူခြင်းလည်း ခံခဲ့ရပါသည်။

ယေရှုသည် ကောင်းကင်ဘုံရှိ အဖ ခမည်းတော်၏စကားကို အစဉ် နာခံသော သားတော် ဖြစ်ပါသည်။ ခမည်းတော် "နှစ်သက်တော်မူသော အမှုကို အစဉ်မပြတ် ငါပြုသည်။" ဤလောကသို့ ကြွလာတော်မူ ကတည်းက ခမည်းတော်၏စကားကို လုံးဝ နာခံတော်မူခဲ၏။ အသေခံမည့် အချိန် နီးကပ်လာသည်ဖြစ်သော်လည်း၊ ထိုဝေဒနာများကို မရှောင်လွှဲဘဲ ခံမည်အကြောင်း ဆိုခဲ့ပါသည်။ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ သူသည် ခမည်းတော်နှစ်သက်သောအရာကို အမှန် ပြုလိမ့်မည်။ "ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်" ဟု မိန့်တော်မူ၏။ ထို့ကြောင့်၊ သူ့ကို စေလွှတ်တော်မူသော ခမည်းတော်သည် သူနှင့်အတူ အစဉ်ရှိတော်မူလျက်၊ ဘယ်တော့မှ ပစ်ထားတော် မမူ။ သူတို့ပြုတော်မူသော ကယ်တင်ခြင်းအမှု၌ ခမည်းတော်ဘုရားနှင့် သားတော်ဘုရားတို့၏ အတူတကွ အမှုပြုတော်မူခြင်းကို ထင်ရှားစွာ တွေ့ရပါသည်။

**ဆင်ခြင်ရန်** - ယေရှုသည် အစဉ်အမြဲ တည်တော်မူသော၊ ယေဟောဝါ ဘုရား ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏ သခင် ဘုရား ဖြစ်တော်မူသော၊ ယေရှုကို စေလွှတ်တော်မူသောကြောင့်၊ ကျေးဇူးတင်ပါ၏။

*"ငါ့နောက်သို့ လိုက်သော သူသည် . . .
အသက်၏ အလင်းကို ရလိမ့်မည်"*

## ယေရှု - အသက်၏ အလင်း

ယေရှု ပြုတော်မူသော အံ့ဘွယ်အမှုတိုင်းတွင် သင်ခန်းစာ တရား အမြဲ ပါဝင်ပါသည်။ သမ္မာတရား၏ အံ့ဘွယ် ဝိညာဉ်တရားများကို မြင်မည်အကြောင်း ယေရှုသည် ကျွန်ုပ်တို့၏ မျက်စိကို ဖွင့်ပေးတော်မူတတ်၏။ ထိုတန်ခိုး သူ၌ ရှိတော်မူကြောင်း မည်သို့ သိနိုင်သနည်း။ ယေရှုက ပြုသော အံ့ဘွယ်အမှုအားဖြင့် သက်သေပြတော်မူ၏။ မွေးရာပါ မျက်ကန်းတဦးကို မျက်စိ ဖွင့်ပေးတော်မူခဲ့ပါသည်။ ထိုအခါ သူသည် အလင်းကို စတင် မြင်တွေ့ခွင့် ရခဲ့ပါသည်။ ထိုသို့ မျက်စိ အမြင်အာရုံကို ယေရှု ပေးတော်မူနိုင်သကဲ့သို့၊ ဝိညာဉ် အမြင်အာရုံကိုလည်း ပေးတော်မူနိုင်၏။ ထိုမျက်ကန်းအား ယေရှုက အမြင်အာရုံပေးသည် သာမက၊ အသက်၏အလင်း ကိုလည်း ပေးတော်မူ၏။ ယေရှုက ဘုရားသခင်၏သားတော်ကို ယုံကြည်ပါသလားဟု မေးတော်မူသောအခါ၊ သူက ချက်ချင်း၊ "ကျွန်တော် ယုံကြည်ပါ၏" ဟု ပြန်ဖြေခဲ့ပြီး၊ ကိုးကွယ်ခဲ့ပါသည်။

တဖက်တွင်၊ ဖာရိရှဲတို့သည် ဝိညာဉ်ရေးရာ၌ မျက်ကန်းများဖြစ်ကြပါသည်။ ထိုမျက်ကန်းသည် မောရှေ၏ပညတ်တရားနှင့် ဖာရိရှဲတို့ကို မသိခဲ့သော်လည်း၊ ယေရှုအား ပရောဖက် ဖြစ်သည်ဟု သိမြင်ခဲ့ပါသည်။ နူနာ နေမန်အား ဧလိရှဲ သန့်ရှင်းစေတော်မူသည် ဖြစ်သောကြောင့် (၄ ရာ ၅း၁-၁၄)၊ မိမိအား ယေရှုက အမြင်အာရုံ ပေးတော်မူသောအခါ တန်ခိုးပေးခြင်း ခံရသော ဧလိရှဲ ကဲ့သို့သော ပရောဖက် ဖြစ်မည်ဟု သူထင်မှတ်ခဲ့ပါသည်။

ထိုပြင် သူသည် ယေရှုအား တရား ၁၈း၁၅ ထဲ၌ ဖော်ပြသော မောရှေကဲ့သို့သော ပရောဖက် အဖြစ် သိမြင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ အကြောင်းမှာ၊ ယေရှု ပြုတော်မူသော အံ့ဘွယ်အမှုသည် မကြားဘူးသော၊ အလွန် အံ့သြစရာကောင်းလှသောအမှု ဖြစ်၏။ ယောဟန် ၉း၃၂-၃၃ ကို ဖတ်ပါ။ ထွက်မြောက်ရာကျမ်း၌ တွေ့ရသော မောရှေ ပြုခဲ့သော အံ့ဘွယ်အမှုတို့ကို ဣသရေလ သမိုင်း၌ ထပ်၍ မတွေ့ရပါ။ မောရှေသည် မိမိနောက် ပေါ်လာသော ပရောဖက်များ ထက် သာလွန်ခြင်း ရှိခဲ့ပါသည် (တရား ၃၄း၁၀-၁၂)။ ယခုတွင်၊ ထိုမျက်စိကန်းသောသူသည် မောရှေကဲ့သို့ တန်ခိုးကြီးသော သူကို ဆုံတွေ့ခဲ့ရပါသည်။ ထိုသူသည် မောရှေကိုယ်တိုင် မိမိကဲ့သို့သော ပရောဖက် ပေါ်ထွက်လာမည်ဟု ဟောပြောထားသော ပရောဖက် ဖြစ်နိုင်ပါသလား။ ယေရှု ကိုယ်တိုင်က မိမိသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု မိန့်တော်မူသောအခါ၊ သူသည် ချက်ချင်း ယုံကြည်လက်ခံခဲ့ပါသည်။ မောရှေသည် အစေခံ ပရောဖက် ဖြစ်ပြီး၊ ယေရှု မူကား သားတော် ပရောဖက်၊ မောရှေ ထက် ကြီးမြတ်တော်မူသော မေရှိယ ပရောဖက် ဖြစ်တော်မူ၏။ ထိုသို့ ယုံကြည်ခြင်းဖြင့်၊ မျက်ကန်းသည် မောရှေ၏ တပည့်အမှန် ဖြစ်ကြောင်း သက်သေပြခဲ့သော်လည်း၊ ဖာရိရှဲတို့မူကား မိမိကိုယ်ကို မောရှေ၏ နောက်လိုက်များဟု ဆိုကြသော်လည်း၊ မောရှေ ဟောပြောခဲ့သော ပရောဖက်သည် ယေရှု ဖြစ်ကြောင်းကို မသိမြင်နိုင်ခဲ့ကြပါ (ယော ၉း၂၈)။ မျက်ကန်း အမှန် ဖြစ်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - သက်၏အလင်း ဖြစ်တော်မူသော ယေရှုကို ကျွန်တော် ရရှိပြီးပြီလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ သမ္မာတရားဘက်၌ အကျွန်ုပ်အား မျက်ကန်း မဖြစ်ပါစေနှင့်။





*"သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်"*

## သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုတော် (၁)

ယေရှုက တပည့်တော်များအား ကြုံလာမည့် အခက်အခဲများအတွက် ကြိုတင် ပြင်ဆင်တော်မူ၏။ သူတို့သည် ယေရှုကို ပိုင်ဆိုင်ကြသောကြောင့်၊ နှင်ထုတ်ခြင်း ("သင်တို့ကို တရားစရပ်မှ နှင်ထုတ်လိမ့်မည်")၊ အသေသတ်ခြင်း ("သင်တို့ကို သတ်သောသူမည်သည်ကား၊ ဘုရားဝတ်ကို ငါပြုပြီဟု မိမိထင်မှတ်သော အချိန်ကာလ ရောက်လိမ့်မည်၊" ဥပမာ၊ တမန် ၈း၁-၃၊ ၂၂း၃-၄ ၌ တွေ့ရသော ရှောလု) ကို ခံရကြလိမ့်မည်။ ထို့ကြောင့် ထိုသို့သော အခက်အခဲကို ကြုံတွေ့သောအခါ သူတို့သည် အံ့သြခြင်း မရှိမည်အကြောင်း ယေရှု၏ စကားကို အောက်မေ့ကြရပါမည်။ သတိပေးခြင်းသည် ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပါသည်။

ယေရှုက မိမိထွက်သွားပြီးနောက်တွင်၊ နှိမ့်သိမ့်သောသူ (သန့်ရှင်းသော ဝိညာဉ်တော်) သူတို့ထံ စေလွှတ်လျက် သူတို့၏ ခရစ်ယာန် နေ့စဉ်အသက်တာ၌ မစတော်မူမည်အကြောင်း ဂတိပေးတော်မူခဲ့ပါသည် (နှိုင်း - ယော ၁၄း၁၆-၁၇၊ ၂၆၊ ၁၅း၂၆)။ အသင်းတော်သည် သတင်းကောင်း ဟောပြောခြင်း အမှုတော်၌ သန့်ရှင်းသော ဝိညာဉ်တော်ကို လိုအပ်ပါသည်။ အကြောင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် ဤလောကီလူသားတို့အား၊ (၁) အပြစ်ကို ဖော်ပြတော်မူမည်။ ခရစ်တော်ကို မယုံကြည်လျှင် အပြစ်ဒဏ်ခံမည့်သူ အဖြစ် ရပ်တည်လျက် ရှိသေး၏ (ယော ၃း၁၈)၊ (၂) ဖြောင့်မတ်ခြင်းတရားကို ဖော်ပြမည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းအားဖြင့်သာ လူသည် ဖြောင့်မတ်ရာသို့ ရောက်နိုင်၏ (ဖိလိ ၃း၉)၊ (၃) တရားစီရင်ခြင်းအကြောင်းကို ဖော်ပြမည်။ ဤစီရင်ခြင်းသည် ပလ္လင်ဖြူ တရားစီရင်ခြင်းကို ရည်ညွှန်းပါသည်။ နောင်တမရသောသူများသည် စာတန်၊ နတ်ဆိုးများနှင့်တကွ မီးလျှံကြောင့် ခံရသော ဝေဒနာကို ထာဝရ ခံရမည်အကြောင်း ငရဲမီးပင်လယ်ထဲသို့ ပစ်ချခြင်း ခံရကြမည်ဖြစ်ပါသည် (ဟေဗြဲ ၂း၁၄၊ ဗျာ ၂၀း၁၁-၁၅)။

သန့်ရှင်းသောဝိညာဉ်တော်သည် တမန်တော်များအား ဓမ္မသစ်ကျမ်း ရေးသားခြင်း၌ ဦးဆောင် လမ်းပြလိမ့်မည်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည်၊ "သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်" (ယော ၁၄း၂၆)။ ထို့ပြင်၊ "သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ . . . နောင်လာလတံ့သော အရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်" (ယော ၁၆း၁၃၊ နှိုင်း - ၂ ပေ ၁း၂၁)။ တမန်တော်တို့သည် ခရစ်တော်၏စကားများနှင့် ပြုသောအမှုတော်များကို ဟောပြော အနက်ဖွင့်သောသူများအဖြစ် ဘုရားသခင် ခန့်ထားတော်မူခဲ့ပါသည်။ ထိုသို့ သန့်ရှင်းသောဝိညာဉ်တော်၏ အထူး ဘိသိက်ပေးတော်မူခြင်း ခံရကြသောကြောင့်၊ ခရစ်တော်၏ တမန်တော်တို့သည် တရားဟောခြင်းအမှုတော်၌ဖြင်း (၁ သက် ၂း၁၃)၊ သမ္မကျမ်းစာ ရေးသားခြင်း အမှုတော်၌ဖြင်း (ဧဖက် ၂း၂၀၊ ၂ ပေ ၁း၂၁) အမှား မပြုနိုင်ကြပါ။ ခရစ်ဝင်ကျမ်း ရေးသားသော သူတို့သည် ခရစ်တော်၏သက်တော်စဉ် ရေးသားခြင်း၌ အချင်းချင်း မှီခိုအားကိုးဖို့ မလိုပါ။ ခရစ်တော် အကြောင်း အမှားအယွင်း မရှိ ဖော်ပြတော်မူနိုင်သော သန့်ရှင်းသောဝိညာဉ်တော်သာ လိုအပ်ပါသည်။ ထိုဝိညာဉ်တော်သည် ခရစ်တော်ကို ချီးမြှောက်ဖို့ရန် ဆင်းသက်ခဲ့ပါသည် (ယော ၁၆း၁၄)။

**ဆင်ခြင်ရန်** - "ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ စီရင်ခြင်းအမှုကို ပြုတော်မူ၏။" (Calvin)

**ဆုတောင်းချက်-** "အသက်ရှင်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်၊ အကျွန်ုပ်အပေါ်သို့ အသစ်တဖန် ကြွလာတော်မူပါ။"

ယော ၁၅း၁၉
ရောမ ၈း၁၄-၁၆

*“သင်တို့သည် . . . သားဖြစ်ခြင်း၏ သဘောကို ရကြပြီ”*

# “ဤလောကမှ သင်တို့ကို ငါ ရွေးနုတ်ခဲ့ပြီ”

(by Charles Spurgeon)

ထူးကဲသော ကျေးဇူးတော် နှင့် ခွဲခြားမှုမရှိသော ဂရုစိုက်မှုကို တွေ့ရပါသည်။ အချို့သည်သူသည် ဘုရားသခင်၏ ကြင်နာသနားတော်မူခြင်းကို အထူး ခံစားခဲ့ကြရပါသည်။ ဤအလွန်မြတ်လှသော ရွေးနုတ်တော်မူခြင်း တရားကို မကြောက်ပါနှင့်။ သင့်စိတ် လေးလံ ထိုင်းမှိုင်း နေသောအချိန်၌ပင် ထိုတရားသည် အလွန်ကြွယ်ဝချမ်းသာခြင်းနှင့် ပြည့်စုံသောတရား ဖြစ်ကြောင်း သင်တွေ့ရလိမ့်မည်။ ကျေးဇူးတော် တရားကို သံသယဝင်လျက်၊ ဘေးဖယ်သောသူတို့သည် ဇရှကောလချိုင့်မှ အသီးတပွင့်ကို ရှုံးဆုံးလိမ့်မည်၊ အလွန်သန့်ရှင်းသော စပျစ်ရည်ကိုလည်း မသောက်ရ၊ ရိုးတွင်းခြင်ဆီ ဖြင့်ပြည့်သော အစာကို မစားရကြ။ ထိုကျေးဇူးတော်နှင့် နှိုင်းယှဉ်၍ရသော ဆေး ဂိလိဒ်ပြည်၌ မရှိပါ။ ပျားရည်သည် တော၌ ယောနသန်ကို လန်းဆန်းစေခဲ့သည်ဆိုလျှင်၊ ဤပျားရည်သည် သင့်စိတ်နှလုံးကို အသိဉာဏ်အလင်း ပေးလျက်၊ ဘုရားသခင် နိုင်ငံတော်၏ နက်နဲသောအရာများကို ချစ်လျက် လေ့လာလိုခြင်းကို ပေးပါလိမ့်မည်။ ထို့ကြောင့် ဤတရားကို အကြောက်ဘဲ စားသုံးပါလော့၊ အလွန် စားကောင်းသော၊ နူးညံ့သော အစားအစာဖြစ်သည်ကို သင်တွေ့ရလိမ့်မည်။ ရှင်ဘုရင် စားပွဲ၌ တည်ခင်းသော အစားအစာသည် စားသုံးသောသူများကို ဘယ်တော့မှ ဒုက္ခမပေး တတ်ပါ။ သင့်စိတ်နှလုံးကို ဖွင့်ထားလျက်၊ ထိုဘုရားသခင်၏ ခွဲခြားမှုမရှိသော၊ ထာဝရ ချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်ဖို့ ကြိုးစားလေ့လာပါလော့။ ထိုရွေးနုတ်ခြင်းတရား တောင်ပေါ်သို့ အမြင့်ဆုံး တက်လှမ်းပြီး၊ ကျေးဇူးတော် ပဋိညာဉ် တောင်ပေါ်သို့လည်း တက်ပါလော့။ ကျေးဇူးတော် ပဋိညာဉ်သည် ကျွန်ုပ်တို့၏ ခိုလှုံရာ ရဲတိုက်၊ ဘယ်အရာကမှ မထိုးဖောက်နိုင်သော လုံခြုံသည့် အကွယ်အကာဖြစ်ပါသည်။ ခရစ်တော် ယေရှု၌ အခြေခံသော ဤကျေးဇူးတော် ဂတိတော်များသည် စိတ်နှလုံး စိုးရိမ်ပူပန်ခြင်းရှိသော သူများအတွက် နားခိုရာ ရဲတိုက်ဖြစ်ပါသည်။

“ကိုယ်တော်၏ ပဋိညာဉ်၊ အသွေးတော်သည်
လှိုင်းတံပိုးကြား၌ ငါ့ကို မစတော်မူ၏၊
လောကီအထောက်အမ မရှိသော်လည်း၊
အကျွန်ုပ်၏ခွန်အား ခိုလှုံရာသည် ထိုပဋိညာဉ်တော် ပေတည်း။

ယေရှုက ဘုန်းတော်ခံစား စေမည်ဟု ဂတိပေးတော်မူ၍၊ ခမည်းတော်က သားတော်နှင့်အတူ အမွေခံစေမည်ဟု ဂတိပေးတော်မူပြီ ဆိုလျှင်၊ အို ငါ့ဝိညာဉ်၊ သင်သည် လုံခြုံမှု ရှိပါပြီ။ ပဋိညာဉ် သေတ္တာရှေ့၌ ဒါဝိဒ် က သောအချိန်၌၊ မိခါလအား ရွေးနုတ်ခြင်းက မိမိအား ထိုသို့ ပြုစေသည်ဟု ဆိုခဲ့ပါသည်။ အို ငါ့ဝိညာဉ်၊ ကျေးဇူးတော် ဘုရားသခင်ကို ဝမ်းမြောက်သော စိတ်နှင့် ချီးမွမ်း ပါလော့။”

**ဆင်ခြင်ရန်** - ဘုရားသခင်က ကျွန်ုပ်ကို ရွေးနုတ်ခဲ့ပြီဖြစ်ကြောင်း ကျွန်တော် သေချာပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော်သည် ကိုယ်တော်၏သားဖြစ်ကြောင်း လုံးဝ သေချာမည်အကြောင်း ဝိညာဉ်တော်အားဖြင့် အသိပေးတော်မူပါ။





ယော ၁၀း၁-၂၁
ဆာလံ ၂၃

*“ငါသည် သိုးဝင်သော တံခါးဝ ဖြစ်၏”*

# ယေရှု - ကောင်းသော သိုးထိန်း

ယေရှုသည် သိုးသငယ် ဖြစ်သည် သာမက (ယော ၁း၂၉)၊ သိုးထိန်းလည်း ဖြစ်ပါသည်။ ဤပုံဆောင်ချက်နှစ်ခုသည် အချင်းချင်း ဆက်နွယ်လျက်ရှိပါသည်။ ဘုရားသခင်၏ သိုးသငယ်ဖြစ်သော ယေရှုသည် ကျွန်ုပ်တို့၏အပြစ်အတွက် ပူဇော်ခြင်း ခံရ၏။ ကောင်းသော သိုးထိန်း ဖြစ်သော ယေရှုသည် ကျွန်ုပ်တို့အတွက် မိမိအသက်ကို စတေးတော်မူခဲ့၏။ ဤအချက်နှစ်ခုက စုံလင်သောသူ၏ နာခံခြင်းအကြောင်းကို ပြသလျက်ရှိပါသည်။ ယေရှုသည် ခမည်းတော်၏ ပညတ်အားလုံးကို အသေးစိတ် လိုက်နာ စောင့်ရှောက်ခဲ့ပါသည်။ ခမည်းတော်ဘုရားက သားတော်ဘုရားအား သိုးများအတွက် အသက်ပေးဖို့ရန် မိန့်တော်မူခဲ့၏။ သားတော်၌ မိမိအသက်ကို စတေးပိုင်သော အခွင့် အာဏာ တန်ခိုး ရှိတော်မူသောကြောင့်၊ ထိုသို့ မိမိအလိုအလျောက် အသက် ပေးတော်မူ၏။ အတင်း စေခိုင်းလျက် အသေ ခံစေခြင်း မဟုတ်ပါ။ မိမိကိုယ်တိုင်က စတေးဖို့ရန် အလိုရှိခဲ့ပြီး၊ ခမည်းတော်၏ အလိုတော်နှင့် လုံးဝ သဘောတူညီမှု ရှိခဲ့ပါသည်။ ကားတိုင်သည် သိုးများအတွက် ချစ်ခြင်း မေတ္တာ ပြသရာ နေရာ ဖြစ်သကဲ့သို့၊ ခမည်းတော်ဘုရား အပေါ် ချစ်ခြင်း ပြသရာ နေရာဖြစ်ပါသည်။

ကောင်းသော သိုးထိန်း ယေရှုသည် မိမိလက်အောက် သိုးထိန်းအပေါင်းအတွက် အကောင်းဆုံး သာဓက ဖြစ်တော်မူ၏။ ဘယ်အရာက သင်းအုပ်ဆရာ ကောင်း ဖြစ်စေပါသနည်း။ ဘုရားသခင်၏ သိုးစုအတွက် အသက်ပေးလိုခြင်း ပင်ဖြစ်ပါသည်။ ထိုအမှုသည် စစ်မှန်သော သင်းအုပ်ဆရာ ဟုတ်မဟုတ် စမ်းသပ်ဖို့ရန် အဓိကအချက် ဖြစ်ပါ၏။ ကောင်းသော သိုးထိန်းသည် အန္တရာယ် ကျရောက်သောအခါ သိုးတို့ကို ပစ်မထားတတ်ပါ။ သူသည် သိုးတို့အား ဝံပုလွေ၊ လူဆိုး သူခိုးများ (မှားယွင်းသော ခရစ်၊ မှားယွင်းသော ပရောဖက်များ၊ မှားယွင်းသော ဆရာများ) လက်မှ ကွယ်ကာတတ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တရား အလုံးစုံအားဖြင့် မှန်သောတရား တိုက်ကျွေး တတ်ပါသည်။ တမန်တော် ပေါလုသည် ကောင်းသော သင်းအုပ်ဆရာ တပါးဖြစ်ပါသည်။ ဧဖက်အသင်းတော်၏ သင်းအုပ်ဆရာ ဖြစ်သည်အတိုင်း၊ သူတို့အား ဘုရားသခင်၏ တရားအလုံးစုံကို ဟောပြော သင်ကြား ပေးခဲ့ပါသည်။ သင်းအုပ်လူကြီးများကိုလည်း၊ “ထို့ကြောင့် သင်တို့သည် ကိုယ်ကိုသတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ် ခန့်ထားတော်မူသော သိုးစုတစုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။ အကြောင်း မူကား၊ ငါမရှိသည်နောက်၊ ကြမ်းတမ်းသော တောခွေးတို့သည် သိုးများကို မသနားဘဲ သင်တို့ အထဲသို့ ဝင်မည်ကိုငှါး . . . ငါသိ၏” (တမန် ၂၀း၂၈-၂၉) ဟု သတိပေးခဲ့ပါသည်။ ယနေ့ အသင်းတော်သည် စစ်မှန်သော၊ သစ္စာရှိသော သင်းအုပ်ဆရာ လိုအပ်လျက် ရှိပါသည်။ သို့သော်လည်း၊ သူငှါး သိုးထိန်း များလွန်းလှပါသည်။ မှားယွင်းသော သင်းအုပ်ဆရာတို့သည် သိုးစုကို ဝံပုလွေ တွင်းသို့ ခေါ်ဆောင်တတ်ကြ၏။ များစွာသော ပရိုတက်စတင့် သင်းအုပ်ဆရာများသည် သိုးစုများကို ရောမန်ကာသိုလစ် သို့ ပြန်လည် ခေါ်ဆောင်ခဲ့ကြ၏။ ထို့ကြောင့်၊ ထိုသို့သော သိုးရေခြုံ ဝံပုလွေကို သတိထားကြပါလော့။

**ဆင်ခြင်ရန်** - ယေရှုသည် သိုးထိန်းဖြစ်သကဲ့သို့ သိုးသငယ်လည်း ဖြစ်တော်မူ၏။

**ဆုတောင်းချက်-** “ကယ်တင်ရှင် ယေရှု၊ ဘဝ လှိုင်းလုံးများအလယ်၌ ကျွန်ုပ်ကို လမ်းပြ ထိန်းကျောင်း တော်မူပါ။

သောကြာ၊ ဇူလိုင် (၁၁)

**လု ၁၀း၁-၂၀**
ရောမ ၈း၂၈-၃၉

*"သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နိုင်ရသောအခွင့် . . . တန်ခိုးကို ငါပေး၏"*

## ခရစ်တော်၌ အထူးသဖြင့် အောင်နိုင်သူများ

ယေရှုက ဆယ့်နှစ်ပါးတို့အား စေလွှတ်တော်မူခဲ့ပြီးဖြစ်ပါသည် (မသဲ ၁၀း၁-၄၂၊ လု ၉း၁-၆)။ "စပါးရိတ်စရာ များစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။" ထို့ကြောင့်၊ ငြိမ်သက်ခြင်း သတင်းကောင်းကို ဟောပြောလျက်၊ အနာကို ငြိမ်းစေဖို့ရန် အယောက် ခုနစ်ဆယ်တို့ကို နှစ်ယောက် တတွဲဖြင့် စေလွှတ်တော်မူခဲ့ပါသည်။ "လုပ်ဆောင်သောသူသည် အခကို ခံထိုက်ပေ၏။" ထို့ကြောင့်၊ ဆယ့်နှစ်ပါးအတိုင်း၊ သူတို့ကို ဝန်ပေါ့ပါးစွာ ခရီးသွားလျက် အမှုတော်ကို လျင်မြန်စွာ ပြီးစီးမည့် အကြောင်း၊ ပိုက်ဆံအိတ်၊ ကြောပိုးအိတ်၊ ခြေအိတ်အပို စသည်တို့ ယူမသွားဖို့ရန် မှာထားခဲ့ပြီး၊ သူတို့ကို ဧည့်ခံမည့်သူများ၏ သနားကြင်နာခြင်းအပေါ် မှီခိုကြရန် စေလွှတ်တော်မူခဲ့ပါသည်။ လက်မခံသော မြို့တိုင်းကို စွန့်ခွာကြရမည်ဖြစ်ပါသည်။ မိမိတို့၏ ခြေမှ မြေမှုန့်ကို ခါချခြင်းဖြင့် ထိုမြို့ တဖက်၌ ဆန့်ကျင်ခြင်း သက်သေကို ပြုကြရမည်ဖြစ်၏။ ဘုရားသခင်ကို မထီမဲ့မြင် ပြုသော ထိုမြို့အပေါ်သို့ စီရင်ခြင်း အမှန် ကျရောက်မည်ဖြစ်ပါသည်။

အယောက် ခုနစ်ဆယ်သောသူများသည် စာတန်နှင့် သူ၏နတ်ဆိုးများအပေါ် ဘုရားသခင် ပေးသနားတော်မူသော တန်ခိုးတော်အားဖြင့် အောင်မြင်ခြင်းရလျက် ဝမ်းမြောက်စွာ ပြန်လာခဲ့ကြပါသည်။ "အကြောင်းမူကား၊ သင်တို့ဘက်၌ရှိသောသူ (သန့်ရှင်းသော ဝိညာဉ်တော်) သည် လောကဘက်၌ရှိ သောသူ (စာတန်) ထက် သာ၍ ကြီးတော်မူ၏" (၁ ယော ၄း၄)။ ထို့ကြောင့်၊ မှောင်မိုက်၏ တန်ခိုးသည် ခရစ်ယာန်များအပေါ်၌ လုံးဝ တန်ခိုး မရှိခဲ့ပါ။ အမှောင်သည် အလင်းကို ဘယ်တော့မှ အနိုင်ရမည် မဟုတ်ပါ။

စာတန်သည် ကျဆုံးခဲ့သော ဖန်ဆင်းခံဖြစ်ပြီး၊ ကျွန်တော်တို့သည် နတ်ဆိုးများအပေါ်၌ အောင်နိုင်ခြင်း ရှိကြသော်လည်း၊ ထိုအမှု၌ ဝမ်းမြောက်ခြင်း မရှိဘဲ၊ ကောင်းကင်၏ အသက်စာစောင်၌ ကျွန်ုပ်တို့၏နာမည် ရေးမှတ်ထားခြင်းအမှု၌ ဝမ်းမြောက်ခြင်း ရှိဖို့ရန် မိန့်တော်မူ၏ (ဟေရှာ ၄း၃၊ ဒံ ၁၂း၁၊ ဗျာ ၃း၅၊ ၂၀း၁၂၊ ၁၅)။ မှားယွင်းသောအမှုအရာ၌ ဝမ်းမြောက်ခြင်း ရှိခြင်းသည် အန္တရယ်များလှပါသည်။ ယေရှုက ခုနစ်ဆယ်သောသူများအား နတ်ဆိုးများကို နှင်ထုတ်နိုင်ကြသောကြောင့် မဟုတ်ဘဲ၊ ကယ်တင်ခြင်း ရခဲ့ကြသောကြောင့် ဝမ်းမြောက်ဖို့ရန် မိန့်တော်မူ၏။ အကြောင်းမှာ၊ နတ်ဆိုးကို နှင်ထုတ်နိုင်သောသူသည် ကယ်တင်ခြင်း မရသောသူ ဖြစ်နိုင်ပါသည်။ ဥပမာ၊ နတ်ဆိုးကို နှင်ထုတ်နိုင်သောသူများထဲတွင် ယုဒရှင်ကာရုတ် ပါဝင်ခဲ့သော်လည်း၊ သူသည် အစကတည်းမှ လွဲမှားသောသူ ဖြစ်ခဲ့ပါသည်။ ယေရှုက မိမိ၏နာမတော်အားဖြင့် နတ်ဆိုးကို နှင်ထုတ်သောသူများအား ဒုစရိုက်အပြစ်ကို ပြုသောသူ၊ သင်တို့ကို ငါ မသိဟု မိန့်တော်မူမည်အကြောင်း သတိပေးထားပါသည် (မသဲ ၇း၂၂-၂၃)။ ထို့ပြင်၊ နတ်ဆိုး နှင်ထုတ်ခြင်း ဆုကျေးဇူးသည် ကျမ်းစာ မပြည့်စုံမှီ အချိန်ထိသာ ဖြစ်ပြီး (နိုင်း - ၁ ကော ၁၃း၁၀)၊ ထာဝရအသက် ဆုကျေးဇူးသည် ထာဝရတည်၏။ မတည်မြဲသောအရာ မဟုတ်ဘဲ၊ တည်မြဲသောအရာကို ကျွန်တော်တို့ အာရုံပြုကြရပါမည်။ စာတန်၏ နှောင်ကြိုးများနှင့် အပြစ်များကို ခရစ်တော်၏ သတင်းကောင်း တန်ခိုးအားဖြင့်သာ ချိုးဖျက်နိုင်၏။

**ဆင်ခြင်ရန်** - "ယေရှုသည် ချည်နှောင်သော သံကြိုးမှန်သမျှကို ဖျက်တော်မူ၏။"
**ဆုတောင်းချက်-** အဖဘုရား၊ စာတန်၏လက်နှင့် အပြစ်၏ကျေးကျွန်မှ ကျွန်ုပ်ကို လွတ်မြောက်စေတော်မူပါ။



တနင်္လာ၊ စက်တင်ဘာ (၂၂)

**ယော ၁၅း၁-၂၇**
၁ ယော ၃း၂၃-၂၄

*"ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏"*

## ယေရှု - အသက်ကိုပေးသော စပျစ်နွယ်ပင်

ယေရှုသည် အသက်ကိုပေးသော စပျစ်နွယ်ပင် ဖြစ်တော်မူ၏။ ခမည်းတော်သည် စပျစ်နွယ်ပင်ကို စောင့်ရှောက်သောသူ ဖြစ်ပါသည်။ စပျစ်နွယ်ပင်၌ အကိုင်းနှစ်မျိုးရှိ၏၊ (၁) စစ်မှန်သော ယုံကြည်သူများကို ပုံဆောင်သည့် အသီးသီးသော အကိုင်း၊ နှင့် (၂) မှားယွင်းသော ယုံကြည်သူများကို ပုံဆောင်သည့် အသီးမသီးသော အကိုင်း ဟူ၍ဖြစ်ပါသည်။ စစ်မှန်သော ယုံကြည်သူများသည် ခရစ်တော်ကို အမှန် ပိုင်ဆိုင်ကြလျက်၊ ဒုတိယမွေးခြင်း ခံရသောသူများ ဖြစ်ကြပါသည်။ မှားယွင်းသော ယုံကြည်သူများသည် ခရစ်တော်ကို အမည်ခံ ဝန်ခံကြလျက်၊ ဝိညာဉ်အရာ၌ သေသောသူများ ဖြစ်ကြပါသည် (ဥပမာ၊ ယုဒရှင်ကာရုတ်)။ ထို့ကြောင့်၊ ယာကုပ်သည် ယေရှုထံမှ သင်ယူခဲ့သည် အတိုင်း၊ "ထိုနည်းတူ၊ အကျင့်နှင့် ကင်းသော ယုံကြည်ခြင်းသည် တပါးတည်းရှိသောကြောင့် အသေ ဖြစ်၏" (ယာကုပ် ၂း၁၇) ဟု ဆိုခဲ့ပါသည်။ သေသော ယုံကြည်ခြင်းသည် ကောင်းသောအလုပ်ကို မလုပ်နိုင်၊ ကယ်တင်တော်မူသော အသက်ရှင်သည့် ယုံကြည်ခြင်းမူကား ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေသော ကောင်းသောအလုပ်များကို မွေးဖွားစေခဲ့ပါသည်။ မှားယွင်းသော ယုံကြည်သူများသည် တရားစီရင်ရာနေ့တွင် မယုံကြည်သူများနှင့်အတူ ငရဲမီးထဲသို့ ပစ်ချခြင်း ခံရကြလိမ့်မည်။ ကယ်တင်ခြင်း ညီမျှခြင်းမှာ၊ ယုံကြည်ခြင်း + အလုပ် = ကယ်တင်ခြင်း မဟုတ်ပါ၊ ယုံကြည်ခြင်း = ကယ်တင်ခြင်း + အလုပ် ဟူ၍ ဖြစ်ပါသည်။ "ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ . . . ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည် မဟုတ်" (ဧဖက် ၂း၈-၉)။

အကိုင်းသည် မိမိဘာသာ အသီးမသီး နိုင်ပါ။ အသီး သီးဖို့ရန် စပျစ်နွယ်ပင်နှင့် ဆက်နေရမည်ဖြစ်ပါသည်။ အသက်ကို ရရှိခြင်းငှါ သာမက၊ အသက်ရှင်ကြောင်း ပေါ်လွင် ကြီးထွားဖို့ရန် လူတဦးသည် ခရစ်တော်၌ တည်နေရပါမည်။ ယေရှု၏ စကားကို ယောဟန်က ပြန်လည် မြွက်ဆိုခဲ့ပါသည်၊ "ဘုရားသခင်၏ ပညတ်တော်ဟူမူကား၊ သားတော် ယေရှုခရစ်ကို ယုံကြည်ရမည်။ သားတော် ပညတ် တော်မူသည် အတိုင်း၊ အချင်းချင်း ချစ်ရမည်ဟူသော ပညတ်တော်ပေတည်း။ ပညတ်တော်တို့ကို စောင့်သောသူသည် ဘုရားသခင်၌ တည်၏။ ထိုသူ၌လည်း ဘုရားသခင် တည်တော်မူ၏။ ငါတို့အား ပေးတော်မူသော ဝိညာဉ်တော်ကို ငါတို့သည် အမှီပြု၍၊ ဘုရားသခင်သည် ငါတို့၌ တည်တော်မူ သည်ကို သိရကြ၏" (၁ ယော ၃း၂၃-၂၄)။ "ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော် မူသည်ကို ဝန်ခံသောသူ မည်သည်ကား၊ ဘုရားသခင်၌ တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌ တည်တော်မူ၏" (၁ ယော ၄း၁၅)။ "ထို့ကြောင့်၊ သင်တို့သည် ရှေ့ဦးစွာကပင် ကြားရသော ဒေသနာ ကို သင်တို့၌ တည်စေကြလော့။ ထိုဒေသနာသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် သားတော်၌ ၎င်း၊ ခမည်းတော်၌၎င်း၊ တည်ရကြလိမ့်မည်" (၁ ယော ၂း၂၄)။

**ဆင်ခြင်ရန်** - ခရစ်တော် မပါလျှင်၊ အကျွန်ုပ်၌ အသက် မရှိပါ။
**ဆုတောင်းချက်-** "ကျေးဇူးကြီးမြတ်လှသော သခင်ဘုရား၊ အချိန်တိုင်း ကိုယ်တော့်ကို အကျွန်ုပ် လိုအပ်ပါ၏။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၁)
ယော ၁၄း၁၂-၃၁
ရောမ ၈း၁-၁၆

*"ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဇ္ဈာယ်ဆရာကို . . . သင်တို့အား ပေးတော်မူမည်"*

## သန့်ရှင်းသောဝိညာဉ်တော် - တပါးသော နှိမ့်သိမ့်သောသူ

ယေရှုသည် ကောင်းကင်ဘုံသို့ တက်သွားသောအခါ၊ မိမိ၏ တပည့်တော်များအား မစခြင်း မဲ့၊ အကွယ်အကာမဲ့ ထားခဲ့မည် မဟုတ်ပါ။ ယေရှု၏နာမတော်အားဖြင့်၊ ခမည်းတော်ဘုရားသည် သူတို့ထံသို့ သံတမန်၊ သန့်ရှင်းသော ဝိညာဉ်တော် စေလွှတ်တော်မူလိမ့်မည်။ သူသည် သမ္မာတရား၏ ဝိညာဉ်တော် ဖြစ်လျက်၊ သူတို့ သဘောမပေါက်ခဲ့သော ဝိညာဉ်နှင့်ဆိုင်သော သမ္မာတရားများကို မှန်ကန်စွာ ဖော်ပြ နားလည်စေတော်မူလိမ့်မည်။ ထို့ပြင် ယေရှု သွန်သင်ခဲ့သော အရာအားလုံးကို သူတို့အား ပြန်လည် အမှတ်ရစေပါလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် တပည့်တော်များ အား တရားဟောခြင်း၊ သွန်သင်ခြင်းများကို ပြုတော်မူစေလျက်၊ သမ္မာကျမ်းစာကို လုံးဝအမှားအယွင်း မရှိ၊ အမှားကင်းလျက် ရေးသားစေတော်မူမည်ဖြစ်ပါသည် (၁ သက် ၂း၁၃၊ ၂ တိ ၃း၁၆၊ ၂ ပေ ၁း၂၁)။

ယေရှုသည် မိမိပြုသောအမှုထက် ကြီးသောအမှုကို ပြုခြင်းငှါ တပည့်တော်များအား အထက်မှ တန်ခိုးတော်ကို ပေးတော်မူလိမ့်မည်။ ပိုကြီးသောအမှု ဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိတရား ဟောပြောခြင်းကို ဆိုလိုပါသည်။ တမန် ၁း၈ ထဲတွင်၊ ယေရှုက သူတို့သည် ဝိညာဉ်တော်၏ ခွန်အား ပေးခြင်းကို ခံလျက်၊ ကယ်တင်ခြင်း သတင်းကောင်းကို ယေရုရှလင်နှင့် ယုဒ သာမက၊ ရှမာရိနှင့် ကမ္ဘာစွန်းတိုင်အောင် ဟောပြောကြမည်ဟု မိန့်တော်မူ၏။ ယေရှု ဤလောက၌ အမှုတော်ဆောင်စဉ် နောက်လိုက် အားလုံးပေါင်း ၅၀၀ သာ ရှိခဲ့ပါသည် (၁ ကော ၁၅း၆)။ သို့သော် လည်း ပေတရုသည် တနေ့တည်း၌ နိုင်ငံတော်ထဲသို့ လူပေါင်း ၃၀၀၀ ခေါ်ဆောင်ခဲ့ပါသည် (တမန် ၂း၄)။ ဤသည်ကား ယေရှု မိန့်တော်မူသော သာ၍ကြီးသောအမှုပင်ဖြစ်ပါသည်။

ယေရှုက တပည့်တော်များအား ဧဝံဂေလိအမှုအတွက် တန်ခိုးသာမက၊ ဆုတောင်းခြင်း တန်ခိုးကိုလည်း ဂတိပေးတော်မူခဲ့၏။ "သင်တို့သည် ငါ၏နာမကို အမှီပြုလျက် ဆုတောင်းသမျှ အတိုင်း ငါပြုမည်" ဟု နှစ်ကြိမ် မိန့်တော်မူ၏။ William Hendriksen က၊ "ခရစ်တော် နာမတော်အား ဖြင့် ဆုတောင်းခြင်း ဆိုသည်မှာ ခရစ်တော် ဖော်ပြတော်မူသောအရာအတိုင်း တောင်းလျှောက်ခြင်း ဖြစ်ပါသည်" ဟု ရေးခဲ့ပါသည်။

ခရစ်တော်က မိမိ၏ ပြုခြင်းနှင့်ဆိုင်သော နာခံမှုကို ဤသို့ ဖော်ပြခဲ့ပါသည်၊ "ငါသည် ခမည်းတော်ကို ချစ်သည်ကိုငှါ၎င်း၊ ခမည်းတော် မှာတော်မူသည်အတိုင်း ငါပြုသည်ကိုငှါ၎င်း လောကီသား တို့ သိမည်အကြောင်းတည်း" (ယော ၁၄း၃၁)။ ယေရှုသည် ခမည်းတော်၏ စကားကို အဆုံးထိ နာခံ ခဲ့ပါသည်။ ခမည်းတော် ခိုင်းစေသောအမှုကို ပြုဖို့ရန် အသင့် ရှိတော်မူခဲ့ပါသည်။ သေခြင်း အကြောင်း၌ပင် မတုန်လှုပ်ဘဲ၊ "ဤအရပ်မှ ထ၍ သွားကြကုန်အံ့" (ယော ၁၄း၃၁) ဟု ရဲဝံ့စွာ မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - "ဘုရားတရား၌ကိုင်းရှိုင်းခြင်းအမှုသည် ဝိညာဉ်တော် ပြုတော်မူသောအမှုဖြစ် ပါသည်။" (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် အကျွန်ုပ်ကို ပြည့်ဝ စေတော်မူပါ။



စနေ၊ ဇူလိုင် (၁၂)
လု ၁၀း၁၇-၂၄
၁ ကော ၁း၁၈-၃၁

*"ယခု မြင်သမျှသော အရာတို့ကို သင်တို့မြင်သောကြောင့် သင်တို့မျက်စိသည် မင်္ဂလာရှိ၏"*

## ယေရှုသည် ဝိညာဉ်နှင့်ဆိုင်သော အမြင်အာရုံကို ပေးတော်မူ၏

ယေရှုသည် ခမည်းတော်ဘုရားက မိမိနိုင်ငံတော်၏ နက်နဲသောအရာများကို ဝါကြွားသော သူများထံ မဖော်ပြဘဲ၊ စိတ်နှိမ့်ချသောသူများထံ ဖော်ပြတော်မူသောကြောင့် ဝမ်းမြောက်ခြင်း ရှိ၏။ အဘယ့်ကြောင့် သခင်ဘုရားသည် မာနထောင်လွှားသောသူများ၏ မျက်စိကို မဖွင့်ဘဲ၊ နှိမ့်ချသော သူများ၏ စိတ်ကို ဖွင့်တော်မူသနည်း။ တမန်တော် ပေါလုက ဤသို့ အဖြေပေးခဲ့ပါသည်၊ "အကြောင်း မူကား၊ ဆုံးရှုံးခြင်းသို့ ရောက်သော သူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သော တရားဖြစ်၏။ ကယ်တင်ခြင်းသို့ ရောက်သော ငါတို့၌ ထိုတရားသည် ဘုရားသခင်၏ တန်ခိုးတော် ဖြစ်၏။ ကျမ်းစာလာသည်ကား၊ ပညာရှိတို့၏ ပညာကို ငါဖျက်ဆီးမည်။ ဉာဏ်ကောင်းသော သူတို့၏ ဉာဏ်ကိုလည်း ငါပယ်မည်ဟု လာသတည်း။ ပညာရှိကား အဘယ်မှာ ရှိသနည်း။ ကျမ်းပြုဆရာကား အဘယ်မှာ ရှိသနည်း။ ပြဿနာ၌ လေ့ကျက်သော ဆရာကား အဘယ်မှာရှိသနည်း။ လောကီပညာကို ဘုရားသခင်သည် မိုက်စေတော်မူသည် မဟုတ်လော။ အဘယ်သို့နည်း ဟူမူကား၊ ဘုရားသခင်၏ ပညာတော် စီရင်သည် နှင့်အညီ၊ လောကီသားတို့သည် မိမိတို့ပညာအားဖြင့် ဘုရားသခင်ကို မသိဘဲ နေကြသောအခါ၊ ဘုရားသခင်သည် ယုံကြည်သောသူတို့ကို ဒေသနာတော် မိုက်မဲခြင်းအားဖြင့် ကယ်တင်ခြင်းငှါ စေတနာ ရှိတော်မူ၏။ ယုဒလူတို့သည် နိမိတ်လက္ခဏာကို တောင်းတတ်ကြ၏။ ဟေလသလူတို့သည် ပညာကို ရှာတတ်ကြ၏။ ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော် မူသော ခရစ်တော်၏ အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာသည်ကား၊ ယုဒလူမျိုး ထိမိ၍ လဲစရာအကြောင်း ဖြစ်၏။ တပါးအမျိုးသား၌ကား၊ မိုက်မဲခြင်းဖြစ်၏။ သို့သော်လည်း၊ ယုဒလူ ဖြစ်စေ၊ ဟေလသလူ ဖြစ်စေ၊ ခေါ်တော်မူသော သူတို့၌ ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင် ၏ပညာတော်တည်း ဟူသော ခရစ်တော်၏ တရားဖြစ်၏။ ဘုရားသခင်၏ မိုက်မဲသောအရာသည် လူတို့၏ ပညာ ထက်သာ၍ ပညာရှိ၏။ ဘုရားသခင်၏အားနည်းခြင်း အရာသည် လူတို့၏ အစွမ်း ထက် သာ၍ အစွမ်းရှိ၏။ ညီအစ်ကိုတို့၊ သင်တို့ကို ခေါ်တော်မူခြင်း အကြောင်းအရာကို ဆင်ခြင် ကြလော့။ ခေါ်တော်မူသောသူတို့တွင် လောကီပညာရှိအများ မပါ။ ထင်ရှားသော လူကြီးအများ မပါ။ မင်းအမျိုးအနွယ်ဖြစ်သော သူအများ မပါ။ ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက် စေခြင်းငှါ၊ လောကီအရာ၌ အားနည်းသော သူတို့ကို ရွေးကောက်တော်မူ၏ ထို့ကြောင့်၊ ဘုရားသခင် ရှေ့၌ အဘယ်သူမျှ ဝါကြွားစရာအကြောင်း မရှိ။ ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ် ၌ တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင် စီရင်တော်မူသည် အတိုင်း၊ ငါတို့၌ ပညာ မှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်းဖြစ်တော်မူ၏။ သို့ဖြစ်၍၊ ကျမ်းစာလာသည် နှင့်အညီ၊ ဝါကြွားသောသူ မည်သည်ကား၊ ထာဝရဘုရား၌သာ ဝါကြွားစေ" (၁ ကော ၁း၁၈-၃၁)။ ကယ်တင် ခြင်း၏အရှင်သခင်၊ ဘုရားသခင်သာလျှင် ဘုန်းအသရေနှင့် ချီးမွမ်းခြင်းကို ခံထိုက်ပေ၏။

တပည့်တော်တို့သည် မေရှိယကို မြင်တွေ့ရသော အခွင့်ထူး ရရှိခဲ့ကြ၏။ ဓမ္မဟောင်း ဖခင်ကြီးများ၊ ရှင်ဘုရင်များ၊ ပရောဖက်များနှင့် ယဇ်ပုရောဟိတ်တို့သည် ခရစ်တော်ကို မြင်တွေ့ ဖို့ရန် တောင့်တခဲ့ကြပါသည်။ သို့သော်လည်း၊ အရိပ်အယောင်ကိုသာ မြင်ခဲ့ကြရ၏။ လူကိုယ်တိုင် မြင်ရလျက်၊ မျက်နှာချင်းဆိုင် စကားပြောလျက် ကိုယ်တော် သွန်သင်ချက်ကို နားထောင် ခဲ့ကြရသော ထို တပည့်တော်တို့သည် မင်္ဂလာရှိသောသူများ ဖြစ်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - "ဘုရားသခင် ဝိညာဉ်တော်၏ အသိဉာဏ် ပေးခြင်း မခံရ မချင်း၊ လူအားလုံး တို့သည် မျက်ကန်းများ ဖြစ်ကြပါသည်။" (Calvin)

**ဆုတောင်းချက်-** "ဝိညာဉ်တော် ဘုရား၊ အကျွန်ုပ်၏ မျက်စိကို ဖွင့်ပေးတော်မူပါ။"

တနင်္ဂနွေ၊ ဇူလိုင် (၁၃)
လု ၁၀း၂၅-၂၈
ရောမ ၇း၇-၁၃ *"ထိုသို့ပြုလျှင် အသက်ကိုရမည်"*

## ယေရှု - အကြီးမြတ်ဆုံးသော ရှေ့နေ

"ထာဝရအသက်ကို အမွေခံရအံ့သောငှါ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရပါမည်နည်း" ဟု မောရှေ၏ ပညတ်တရားကို သိကျွမ်းသောသူက၊ ယေရှုအား ထောင်ချောက်ဆင်လျက် မေးခဲ့ပါသည်။ ပညတ်တရား၏အရှင်သခင် ဖြစ်တော်မူသော ယေရှုက၊ "ပညတ္တိကျမ်း၌ အဘယ်သို့ လာသနည်း။ သင်သည် အဘယ်သို့ ဖတ်သနည်း" ဟု မေးခွန်းဖြင့် အဖြေ ပေးခဲ့ပါသည်။ "သင်သည် ပညတ်ကို ကျွမ်းကျင်သည် မဟုတ်လော၊ သင် ငါ့ကို အဖြေ ပေးပါ" ဟု ဆိုလိုသတည်း။ ထိုအခါ၊ ထိုသူက၊ တရား ၆း၅ နှင့် ဝတ် ၁၉း၁၈ ကို ကိုးကားလျက်၊ "သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှ ချစ်လော့" ဟု ပြန်လျှောက်ခဲ့ပါသည်။ ယေရှုက ထိုအဖြေ မှန်ကန်ကြောင်း ဆိုလျက်၊ "သင်၏စကားသည် မှန်ပေ၏။ ထိုသို့ပြုလျှင် အသက်ကို ရမည်ဟု မိန့်တော်မူ၏။"

"ထိုသို့ပြုလျှင် အသက်ကို ရမည်" ဟု ယေရှု မိန့်တော်မူခြင်းက ကယ်တင်ခြင်းသည် အလုပ်အားဖြင့် ဖြစ်သည်ဟု ဆိုလိုပါသလား။ ဘုရားသခင်နှင့် ထာဝရအတူ နေရဖို့ရန် တစုံတခုပြုကို ပြုရပါမည်။ ထိုတရားကို ဧဒင်ဥယျာဉ်ထဲ၌ ဘုရားသခင်က လူအား မိန့်တော်မူခဲ့၏။ ဘုရားသခင်က လူကို စမ်းသပ်ခဲ့ပါသည်။ ဘုရားသခင်က လူအား၊ "ကောင်းမကောင်း သိကျွမ်းရာ အပင်မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏ အသီးကို သင်သည် စားရသောအခွင့် ရှိ၏။ ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန် သေရမည်" (ကမ္ဘာ ၂း၁၆-၁၇) ဟု မိန့်တော်မူ၏။ ပညတ်တရားသည် အသက်ရှင်ခြင်းအတွက် ဖြစ်၏ (ရောမ ၇း၁၀)။ လူသည် ထာဝရအသက်ကို ရဖို့ရန် ဘုရားသခင်၏ ပညတ်တရားကို နာခံရပါမည်။ နာခံခြင်းသည် အသက်ကို ဖြစ်စေပြီး၊ နာမခံခြင်းက သေခြင်းကို ဖြစ်စေ၏။ ဤသည်ကား အလုပ်နှင့်ဆိုင်သော ပဋိညာဉ် ဖြစ်ပါသည်။ သို့သော်လည်း၊ လူသည် ထိုစမ်းစစ်မှုကို မအောင်မြင်ခဲ့ပါ၊ တားမြစ်ထားသော အသီးကို စားခြင်းဖြင့် ဘုရားသခင်အပေါ် အပြစ်လွန်ကျူးခဲ့ပါသည် (ကမ္ဘာ ၃း၁-၇)။ လူသား မျိုးနွယ်သည် လုံးဝ ယိုယွင်းပျက်စီးခြင်းသို့ ရောက်ခဲ့ပါသည် (ရောမ ၃း၂၃)။ လူ၌ ဝိညာဉ်နှင့်ဆိုင်လျက် ကောင်းသောအရာ တခုမျှ မရှိပါ (ရောမ ၂း၁၀-၁၇)။ လူသည် အပြစ်၌ ဖွားမြင်လျှင်၊ အချိန်တိုင်း အပြစ်ကိုသာ စဉ်းစား တွေးတော ခဲ့ပါသည် (ဆာလံ ၅၁း၅၊ ကမ္ဘာ ၆း၅၊ ယေရ ၁၇း၉)။ ထို့ကြောင့် အပြစ်၏ အခကား၊ သေခြင်း၊ ငရဲ၌ ထာဝရ သေခြင်းကို ခံရမည်ဖြစ်ပါသည် (ရောမ ၆း၂၃)။ ယခုတွင်၊ လူသည် အလုပ်အားဖြင့် မဟုတ်ဘဲ၊ ကျေးဇူးတော်ကြောင့် ယေရှု ခရစ်တော်ကို ယုံကြည်ခြင်းဖြင့်သာ ဖြစ်ပါသည် (ဧဖက် ၂း၈-၉)။

**ဆင်ခြင်ရန်** - "ပညတ်တရား ပေးသော အသက်သည် လူ့အဖို့ သေခြင်း ဖြစ်၏။" (Calvin)

**ဆုတောင်းချက်-** "ဉာဏ်ကို ပေးတော်မူပါ၊ တရားတော်ကို စောင့်ပါမည်။ စိတ်နှလုံး အကြွင်းမဲ့ စောင့်ပါမည်။" (ဆာလံ ၁၁၉း၃၄)



စနေ၊ စက်တင်ဘာ (၂၀)
ယော ၁၄း၁-၁၁ *"ငါ့အဘ၏ အိမ်တော်၌*
ဗျာ ၂၁ *နေစရာအခန်း အများရှိ၏"*

## ယေရှု - နှိမ့်သိမ့်တော်မူသောသူ

ယေရှုက မိမိထွက်ခွါတော့မည့်အကြောင်း ပြောပြခဲ့သောကြောင့် တပည့်တော်များသည် စိတ်အားလျော့ခြင်း ရှိခဲ့ကြပါသည်။ "သင်တို့ စိတ်နှလုံးပူပန်ခြင်း မရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့" ဟု သူတို့အား နှိမ့်သိမ့်တော်မူခဲ့ပါသည်။ မိမိသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကို သိမှတ်ကြဖို့ရန် ယေရှု မိန့်တော်မူခြင်းဖြစ်ပါသည်။ သူတို့သည် စိတ်ဓာတ် မကျသင့်ပါ။ ယေရှု၏ သေခြင်းသည် ရှုံးနိမ့်ခြင်း မဟုတ်ဘဲ၊ အောင်နိုင်ခြင်း ဖြစ်ပါသည်။ သူသည် ပြန်လည်ထမြောက်လျက်၊ ကောင်းကင်ဘုံသို့ ကြွသွားတော်မူလိမ့်မည်ဖြစ်၏။ ထို့နောက် အချိန်တန်သောအခါ ပြန်လည်ကြွလာတော်မူလိမ့်မည်။ သူတို့၏ ခွဲခွါခြင်းသည် ခဏသာလျှင် ဖြစ်ပါသည်။ ပြန်လည် ကြွလာတော်မူသောအခါ၊ ခမည်းတော်ဘုရား၏အိမ်တော်၊ ကောင်းကင်ဘုံ သို့ ကျွန်တော်တို့ကို ခေါ်သွားမည်ဖြစ်ပါသည်။

လူသည် ကောင်းကင်ဘုံသို့ ရောက်ဖို့ရန် ဘယ်လမ်းကို လိုက်ရမည်နည်း။ ယေရှုက လမ်း တလမ်းတည်းသာလျှင် ရှိကြောင်း မိန့်တော်မူခဲ့ပါသည်။ "ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" အခြားသော ဘာသာများတို့သည် အသက်ရှင်သော၊ စစ်မှန်သော ဘုရားသခင်ထံ၊ ကောင်းကင်ဘုံ သို့ မခေါ်ဆောင်နိုင်ပါ။ စစ်မှန်သော ဘာသာတခုသာလျှင် ရှိ၏၊ ခရစ်ယာန်ဘာသာ ဖြစ်ပါသည်။ မှားယွင်းသော ခရစ်ယာန် ဘာသာဖြစ်သည့် ရောမန်ကာသိုလစ် အပါအဝင်၊ အခြားဘာသာအပေါင်း တို့က ကောင်းကင်ဘုံသွားရာလမ်းသည် ကောင်းမှုကုသိုလ်အားဖြင့် ဖြစ်သည်ဟု ဆိုကြ၏။ သမ္မာ ကျမ်းစာ နှင့် ကိုက်ညီသော ခရစ်ယာန်ဘာသာကသာလျှင် ကယ်တင်ခြင်းသည် အလုပ်အားဖြင့် မဟုတ်၊ ကျေးဇူးတော်ကြောင့် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဖြစ်သည်ဟု ဆို၏ (ဧဖက် ၂း၈-၉၊ တိတု ၃း၅)။ ကယ်တင်ခြင်း အတွက် လိုအပ်သော ကောင်းမှုအပေါင်းကို ခရစ်တော် ပြုတော်မူခဲ့ ပြီဖြစ်ပါသည်။ ထို့ကြောင့် အသက်တာ အားဖြင့်၎င်း၊ အသေခံခြင်းအားဖြင့်၎င်း ယေရှု ပြုတော်မူ သော ကောင်းမှုကို ကျွန်တော်တို့သည် ယုံကြည် ကိုးစားဖို့သာ ဖြစ်ပါသည်။ အလုပ်ဖြင့် မဟုတ်၊ ယုံကြည်ခြင်းဖြင့် ဖြစ်ပါသည်။ "သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်" (တမန် ၁၆း၃၁)။

ဖိလိပ္ပုက၊ "သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့ အလို ပြည့်စုံပါမည်" ဟုလျှောက်ခဲ့ပါသည်။ ယုံဖို့ရန် ဖိလိပ္ပု မြင်လိုခဲ့၏။ ယေရှုက၊ "ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏" ဟု မိန့်တော်မူ၏။ ယောဟန်က ထိုအမှုကို ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်၊ "နှုတ်ကပတ်တော်သည်လည်း လူဇာတိ အဖြစ်ကို ခံယူ၍ ကျေးဇူးတော် နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ" (ယော ၁း၁၄)။ ဘုရားသခင်၏ ထာဝရသားတော်ဖြစ်တော်မူသည်အတိုင်း၊ ယေရှုသည် "မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော် ဖြစ်၏" (ကောလော ၁း၁၅)၊ "ဘုရားသခင်၏ ဘုန်းတော် ရောင်ခြည် နှင့်ဇာတိ အဖြစ်တော်၏ ပုံသဏ္ဍာန် ဖြစ်၏" (ဟေဗြဲ ၁း၃)။ သားတော်ဘုရားသည် ခမည်းတော်ဘုရားနှင့် တလုံးတဝတည်းဖြစ်၏။ သားတော်ကို မြင်သောသူသည် ခမည်းတော်ကို မြင်သကဲ့သို့ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကောင်းကင်နှင့်ဆိုင်သောအရာကို ဆင်ခြင်လျက် အသက်ရှင်လျှင်၊ ဤလောက အရာများ တောင့်တခြင်းသည် ကွယ်ပျောက်သွားပါလိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ ဤလောကီသားကဲ့သို့ မဟုတ်ဘဲ၊ ကောင်းကင်နိုင်ငံသား ကဲ့သို့ အသက်ရှင်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၁၉)

**လု ၂၂:၂၄-၃၈**
ယေ ၂၃:၃-၈

*"အုပ်စိုးသောသူကိုလည်း အစေခံကဲ့သို့ ဖြစ်စေ"*

## စစ်မှန်သော ကြီးမြတ်ခြင်းသည် နှိမ့်ချခြင်းပင်ဖြစ်ပါသည်

တပည့်တော်များသည် အချင်းချင်း ဘယ်သူသည် အကြီးမြတ်ဆုံးဖြစ်မည်နည်းဟု ငြင်းခုံခဲ့ကြပါသည်။ ထိုအခါ ယေရှုက စစ်မှန်သော ကြီးမြတ်ခြင်းအကြောင်းကို သူတို့အား သွန်သင်ခဲ့၏။ ဤလောကီအမြင်ရှိခဲ့ကြသောကြောင့် အပြစ်တင်ခြင်းခံခဲ့ကြပါသည်။ အကြီးမြတ်ဆုံးသောသူသည် နှိမ့်ချသောစိတ်ဖြင့် နေထိုင်ရပါမည်။ ခေါင်းဆောင်သည် သူတပါးအမှုကို ဆောင်ရွက်ရပါမည်။ ယေရှုသည် သခင်ဖြစ်သော်လည်း စားပွဲ၌ တပည့်တော်များအား ပြုစုတော်မူခဲ့ပါသည်။ သူတို့၏ခြေကို ဆေးပေးတော်မူခဲ့၏။ လောကီလူတို့သည် ကြီးမြတ်ခြင်းကို မည်မျှသော အစေခံကျွန်ရှိသနည်း ဟူသောအချက်ဖြင့် တိုင်းတာခဲ့ကြပါသည်။ သို့သော်လည်း၊ ဘုရားသခင်ကမူ သူတပါးအား မည်မျှ အစေခံသနည်း ဟူသောအချက်ဖြင့် တိုင်းတာတော်မူ၏။

နေရာ အာဏာအတွက် တပည့်တော်တို့သည် လုံးပန်းဖို့ မလိုပါ။ အမှုတော်ဆောင်စဉ် ကာလ၌ မိမိအပေါ် သစ္စာရှိခဲ့ကြသောကြောင့်၊ ယေရှုက သူတို့အား၊ "တရားပလ္လင်ပေါ်မှာ ထိုင်၍ ဣသရေလလူ တဆယ်နှစ်မျိုးကို အုပ်စိုးရသော အခွင့်ကို" ပေးတော်မူမည်ဟု ဂတိပြုခဲ့ပါသည်။ ထိုရာထူးကို သခင်ယေရှု ဤလောကသို့ ကြွလာ၍ နှစ်တထောင် နိုင်ငံတော် တည်ထောင်သောအခါ ရရှိကြလိမ့်မည်။ ယေရှုရှင်ပြန်ခြင်း ဒါဝိဒ်၏ ရာဇပလ္လင်ပေါ်တွင် ခရစ်တော် ထိုင်သောအခါ၊ သူ၏ တမန်တော် ဆယ့်နှစ်ပါးတို့သည် သူနှင့်အတူ ဣသရေလအမျိုး ဆယ့်နှစ်မျိုးကို အုပ်စိုးကြလိမ့်မည် ဖြစ်ပါသည် (ယေရ ၂၃:၃-၈)။

ပေတရုသည် ခရစ်တော်အပေါ် မိမိသစ္စာရှိကြောင်းကို သူနှင့်အတူ အသေခံဖို့ရန် အသင့်ရှိသည်ဟု ဆိုလျက် ပြသခဲ့ပါသည်။ သို့သော်လည်း၊ ယေရှုက လူ၏အားနည်းချက်ကို သိတော်မူ၏။ မိမိအား သူတို့ ပစ်ထားကြမည်အကြောင်း ဆိုခဲ့ပါသည် (နှိုင်း - ယော ၁၆:၃၂)။ ဇာခရိ ၁၃:၇ ပြည့်စုံခြင်းအတွက်၊ ယေရှု ဖမ်းဆီးခြင်း ခံရသောအခါ တပည့်တော်အားလုံးသည် ထွက်ပြေးကြပါလိမ့်မည်။ ပေတရုသည် ထွက်မပြေးဟု ကျိန်ဆိုခဲ့သော်လည်း၊ သခင်ယေရှုက ကျက်မတွန်မှီ သုံးကြိမ် မိမိအား ငြင်းပယ်မည်ဟု မိန့်တော်မူခဲ့ပါသည်။ သို့သော်လည်း၊ သခင်ယေရှုက ပေတရုအား နှိမ့်သိမ့်လျက် ယုံကြည်ခြင်း အားမလျော့မည်အကြောင်း ဆုတောင်းပေးတော်မူပြီဟု ဆိုခဲ့ပါသည်။ စာတန်သည် သူ့ကို ပြင်းထန်စွာ စုံစမ်းမည်ဖြစ်ပါသည်။ ပေတရုသည် လဲကျမည်ဖြစ်သော်လည်း၊ ကျဆုံးသွားမည် မဟုတ်ပါ။ သူသည် တဖန် ရင့်ကျက်စွာ ပြန်ထလျက် အခြား တပည့်များကို ခွန်အားပေးမည်ဖြစ်ပါသည်။

ယေရှုသည် မကြာမီ ဒုစရိုက်ပြုသောသူများနှင့်အတူ ရေတွက်ဝင်ခြင်း ခံရမည်ဖြစ်၍ တပည့်တော်များ၏ ဘဝသည်လည်း စိုးရိမ်စရာအဖြစ်သို့ ရောက်ပါလိမ့်မည်။ သတိထား ပြင်ဆင်ကြဖို့ရန်၊ ဓါးမရှိသောသူသည် ဝယ်ထားရန် ယေရှု သတိပေးခဲ့ပါသည်။ လက်နက်ကိုင် တော်လှန်ဖို့ရန် ယေရှု အမိန့်ပေးခြင်း မဟုတ်ပါ (နှိုင်း - မသဲ ၂၆:၅၁-၅၃)။ ဓါးသည် မိမိကိုယ်ကို ကာကွယ်ဖို့ရန် ဖြစ်သောကြောင့်၊ နှစ်လက်သည် လုံလောက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ချီးမြှောက်ခြင်းသည် လူ့ထံမှ မဟုတ်ဘဲ၊ ဘုရားသခင်ထံမှ လာ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏နိုင်ငံတော် မဟုတ်ဘဲ၊ ကိုယ်တော်၏နိုင်ငံတော်ကို တည်ထောင်မည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဇူလိုင် (၁၄)

**လု ၁၀:၂၉-၃၇**
မသဲ ၅:၄၃-၄၈

*"အဘယ်သူသည် အကျွန်ုပ်နှင့် စပ်ဆိုင်သောသူ ဖြစ်ပါသနည်း"*

## ယေရှု - ကောင်းသော ရှမာရိလူ

ကယ်တင်ခြင်းသည် အလုပ်အားဖြင့် မဟုတ်၊ ကျေးဇူးတော် သက်သက်အားဖြင့် ဖြစ်၏။ ကောင်းကင်နိုင်ငံ ဝင်ရောက်ရခြင်းငှါ ပညတ်တရား လိုက်လျှောက်ဖို့ ဘုရားသခင် မတောင်းလျှောက်တော့ဟု ဆိုလိုပါသလား။ လုံးဝ မဟုတ်ပါ။ ထိုတောင်းလျှောက်မှုသည် အစဉ်သဖြင့် တည်၏။ ဒေင်ဥယျာဉ်၌ တွေ့ရသော အလုပ် ပဋိညာဉ်သည် အစွမ်းရှိသေး၏။ လူသည် ထာဝရအသက် ရမည် အကြောင်း ပညတ်တရားကို စုံလင်စွာ လိုက်လျှောက်ရပါမည်။ စိတ်နှလုံး သန့်ရှင်းသောသူ သာလျှင် ဘုရားသခင်ကို မြင်တွေ့ခွင့် ရလိမ့်မည် (မသဲ ၅:၈)။ ထို့ကြောင့်၊ ယေရှုက၊ "ထိုသို့ပြုလျှင် အသက်ကို ရမည်" ဟုမိန့်တော်မူ၏။ သို့သော်လည်း၊ လူ၏ပြသနာမှာ အပြစ်ဖြစ်ပါသည်။ လူသည် ပညတ်တရားအောက်၌ အပြစ်လွန်ကျူးသောသူ ဖြစ်ခဲ့ပါပြီ။ ထို့ကြောင့်၊ သူသည် ပညတ်တရားကို လိုက်လျှောက်ခြင်းဖြင့် ဖြောင့်မတ်ခြင်း လုံးဝ မရနိုင်တော့ပါ (ရောမ ၇:၁၀-၁၃)။ ထို့ကြောင့်၊ ကျွန်ုပ်တို့အတွက် ယေရှုက ပညတ်တရားကို စုံလင်စွာ လိုက်လျှောက် ပေးခဲ့ခြင်း ဖြစ်ပါသည်။ သူသည် "ပညတ်တရားလက်၌ ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊ . . . ပညတ်တရား အောက်၌ ဘွားမြင် ရသော သားတော်" (ဂလာ ၄:၄-၅) ဖြစ်တော်မူ၏။

ယေရှုက ကျမ်းပြုဆရာအား ထာဝရအသက်ကို အမွေခံမည်အကြောင်း၊ ဘုရားသခင်ကို ချစ်ခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်း တည်းဟူသော ချစ်ခြင်း ပညတ်တရားကို စုံလင်စွာ လိုက်လျှောက်ရမည်အကြောင်း မိန့်တော်မူ၏။ ထိုအခါ၊ ထိုသူက၊ "အဘယ်သူသည် အကျွန်ုပ်နှင့် စပ်ဆိုင်သောသူ ဖြစ်ပါသနည်း" ဟု မေးခဲ့ပါသည်။ သူ၏စိတ်ထဲ၌ ယုဒလူများသာလျှင် မိမိနှင့် စပ်ဆိုင်သောသူ၊ အခြားသူအပေါင်းသည် မိမိ၏ရန်သူဟု ထင်မှတ်ခဲ့ပါသည် (နှိုင်း - မသဲ ၅:၄၃)။ သူ၏ မှားယွင်းသော အမြင်ကို ယေရှုက ယုဒလူများ မုန်းတီးသော ရှမာရိလူ ပါဝင်သည့် သာဓကအားဖြင့် ဆုံးမတော်မူခဲ့၏။ ဓါးပြများကြောင့် လမ်းဘေး၌ လဲနေသော ယုဒလူကို ယဇ်ပုရောဟိတ်ကဇင်း၊ လေဝိအမျိုးကဇင်း (မိမိ၏ သွေးချင်း ဘာသာရေးခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ) မကူညီခဲ့ပါ။ သို့သော်လည်း၊ ရန်သူဟု သတ်မှတ်သော ရှမာရိလူက သူ့ကို ကူညီလျက် ပြုစုခဲ့ပါသည်။ ထိုအခါ၊ ယေရှုက၊ ကျမ်းပြုဆရာအား၊ အဘယ်သူသည် ကိုယ်နှင့်စပ်ဆိုင်သောသူ ဖြစ်သနည်း၊ ဟု မေးခဲ့ပါသည်။ "လူနာကို သနားသောသူသည် စပ်ဆိုင်သောသူ ဖြစ်ပါ၏" ဟူသော အဖြေထွက် လာခဲ့ပါသည်။ "ရှမာရိလူ" ဟု ဖြေခဲ့လျှင် ပြည့်စုံသော အဖြေဖြစ်ခဲ့လိမ့်မည်။ သို့သော်လည်း၊ ဤ ထောင်လွှားသော ကျမ်းပြုဆရာသည် ထိုအမည်ကို မရွတ်လိုခဲ့ပါ။ ထိုအခါ၊ "သင်သည် သွား၍ ထိုနည်းတူ ပြုလော့" ဟု ယေရှု မိန့်တော်မူ၏။ "ရှမာရိလူကဲ့သို့၊ သင်၏ရန်သူကို ချစ်လော့" ဟု ဆိုလိုပါသည်။

ဤကျမ်းပြုဆရာသည် မိမိ၏မုန်းတီးခြင်း အပြစ်ကို ဖော်ပြခြင်း ခံရ၏။ ယေရှုက ထိုသူ၏ အပြစ်ကို ဖော်ပြခြင်း ဖြစ်ပါသည်။ အပြစ်သားသည် ပညတ်တရားကို မလိုက်လျှောက်နိုင်ပါ။ အပြစ်မရှိသော၊ လူသား ယေရှု သာလျှင် လိုက်လျှောက်နိုင်၏။ မိမိ၏ရန်သူများကို ကယ်တင်ဖို့ရန် ကြွလာတော်မူခဲ့၏ (ရောမ ၅:၈ ကို ဖတ်ပါ)။ ယေရှုသည် အပြစ်သားများအတွက် အသေခံခြင်းဖြင့် ချစ်ခြင်း ပညတ်တရားကို စုံလင်စွာ လိုက်လျှောက် တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပညတ်တရားကို စုံလင်စွာ စောင့်တော်မူသော ယေရှုသာလျှင် ကယ်တင်ရှင်ဖြစ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်အား လွှမ်းခြုံစေလျက် အကျွန်ုပ်အပြစ်များကို ဖုံးအုပ်ပေးတော်မူပါ။

အဂီ၊ ဇူလိုင် (၁၅)

**လု ၁၀း၃၈-၄၂**

ဆာလံ ၂၇

*“လိုသောအရာ တခုတည်းရှိ၏။ မာရိမူကား၊ ကောင်းသောအဘို့ကို ရွေးယူပြီ”*

## ယေရှု၏ခြေတော်ရင်း၌ ထိုင်ခြင်း

ဤကျမ်းပိုဒ်ကို Calvin က ရှင်းပြပါစေ၊ “ဤအကြောင်းအရာက ခရစ်တော်သည် ရောက်တဲ့နေရာတိုင်း၌ မိမိကိုယ်ကျိုးကို မရှာဘဲ၊ ခမည်းတော် ခိုင်းစေတော်မူသော အမှုဖြစ်သည့် သူတပါးအားကူညီခြင်းအမှုကို ကြိုးစား ဆောင်ရွက်ကြောင်း ဖော်ပြလျက်ရှိ၏။ လုကာက ယေရှုသည် မာသ၏ကြိုဆိုမှုကို ခံလျက်၊ အိမ်ထဲရောက်သည်နှင့် သွန်သင် ခွန်အား ပေးဖို့ရန် စတင်ခဲ့သည် ဟု ဖော်ပြခဲ့ပါသည် . . .

“မာသ၏ ကြိုဆိုမှုသည် ချီးကျူးစရာကောင်းသည်ဖြစ်၍ ချီးကျူးခဲ့သော်လည်း၊ ခရစ်တော်သည် ထိုအမှု၌ အမှား နှစ်ခုကိုဖော်ထုတ်ခဲ့ပါသည်။ ပထမ တစ်ခုမှာ မာသသည် အလွန်အကျွံအမှုပြု၏။ ခရစ်တော်သည် အသင့်အတင့်ကိုသာ မျှော်လင့်ပြီး၊ သို့မှသာ ဘုရားကိုကြောက်ရွံ့သောအိမ်ရှင်မသည် အလုပ်၌ နှစ်မြုပ်သောသူ ဖြစ်မည် မဟုတ်ပါ။ ဒုတိယ မူကား၊ မာသသည် ခရစ်တော်ကို ပစ်ထားပြီး၊ အခြားအမှု၊ မလိုအပ်သော အမှု၌ အလွန်အကျွံ အချိန်ပေး ခဲ့ပြီး၊ ခရစ်တော်ကြွလာတော်မူခြင်းကို အလဟဿ ဖြစ်စေခဲ့ပါသည်။ လုကာက သူမသည် အလွန်အကျွံ အမှုကိုပြုသည်ဟု ဖော်ပြလျက်၊ ခရစ်တော်သည် ပုံမှန် အသင့်အတင့်ကို လိုလားခဲ့ပါသည်။ တစုံတယောက်သည် ပရောဖက်ကို ကြိုဆိုလျက်၊ သွန်သင်သောအရာကိုမူ နားမထောင်ဘဲ၊ အလကား ဖြစ်စေသကဲ့သို့ ဖြစ်ပါသည်။ ပရောဖက်အား မည်သို့ မှန်ကန်စွာ ကြိုဆိုရမည် ဆိုလျှင်၊ ဘုရားသခင် စေလွှတ်ရခြင်း တရားကို အကျိုးရှိစွာ နားထောင်ခြင်းပင် ဖြစ်ပါသည်။ မာသပြုသောအမှုသည် ချီးကျူးစရာကောင်းသော်လည်း၊ လိုအပ်မှု ရှိသေး၏။ နောက်ထပ် အပြစ်ဆိုရမည်မှာ မာသသည် မိမိပြုသောအမှုမှန်ကန်သည်ဟု ထင်လျက် ညီမဖြစ်သူ၏ နားထောင်လိုမှုကို အပြစ်ပြောခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်၊ ကျွန်တော်တို့သည် သတိပြုရပါမည်၊ ကောင်းသောအမှုကို ပြုလျက်ပင် သူတပါးထက်မိမိ ပိုကောင်းကြောင်း မထင်မှတ်သင့်ပေ . . .

“မာရိမူကား၊ ကောင်းသောအဘို့ကို ရွေးယူပြီ။ . . . ခရစ်တော်က မာရိသည် သန့်ရှင်းလျက် အကျိုးရှိသောအရာကို ရွေးခဲ့ပြီး၊ ထိုအမှုမှ သူ့ကို အခြားအရာသို့ မခေါ်ဆောင်သင့်ပါ ဟုဆိုခြင်း ဖြစ်ပါသည်။ ‘သင့် ညီမသည် ပျင်းရိလျှင်သော်ငြင်း (သို့) အခြား အရေးမကြီးသောအမှုကိုပြုလျက် မိမိပြုသင့်သည့် အမှုကို မပြုလျှင် သင်အပြစ်တင်၍ ရပါသည်။ သို့သော်လည်း၊ မှန်ကန်သောအမှု၊ အကျိုးရှိသည့်အမှုဖြစ်သည့် ငါ့သွန်သင်ချက်ကို နားထောင်ခြင်း အမှုကို သင် ဆီးတားခြင်းမှာ မှားယွင်းပါသည်။ ဤသို့သော အခွင့်အရေးကို နေ့တိုင်း သူ မရနိုင်ပါ’” ဟု ဆိုလိုပါသည်။

**ဆင်ခြင်ရန်** - နေ့တိုင်း ယေရှုနှင့် တကိုယ်တည်းအချိန်ယူခြင်းကို တန်ဖိုးထားပါလော့။

**ဆုတောင်းချက်-** “ကိုယ်တော်၏ သမ္မာတရားကို ကျွန်တော် ချစ်မည်အကြောင်း သွန်သင်တော်မူပါ၊ ကိုယ်တော်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။”



ကြာသပတေး၊ စက်တင်ဘာ (၁၈)

**မသဲ ၂၆း၂၆-၂၉**

၁ ကော ၁၁း၁၇-၃၄

*“ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ . . . ”*

## ပွဲတော်မင်္ဂလာ

ပသခါပွဲ ညစာစားပွဲတွင်၊ ယေရှုသည် ပွဲတော်မင်္ဂလာကို ပြဋ္ဌါန်းတော်မူခဲ့ပါသည်။ ပသခါပွဲသည် ခရစ်တော် ကားတိုင်ပေါ်၌ ပြုသောအမှုတော်ကို ရည်ညွှန်းပါသည်။ ထိုနည်းတူ၊ ပွဲတော်မင်္ဂလာသည်လည်း ခရစ်တော် ကားတိုင်ပေါ်၌ ပြုတော်မူခဲ့သောအမှုကို ရည်ညွှန်းပါသည်။

ဤပွဲတော်မင်္ဂလာတွင် အရာဝတ္ထု နှစ်မျိုး ပါဝင်ပါသည်၊ မုန့်နှင့်ခွက် (စပျစ်ရည်) ဖြစ်ပါသည်။ ထိုအရာနှစ်ခုက ခရစ်တော်၏ကိုယ်နှင့် အသွေးကို အသီးသီး ပုံဆောင်ကြပါသည် (နှိုင်း - ယော ၆း၂၆-၆၃)။ မုန့်နှင့်စပျစ်ရည်တို့သည် ပြောင်းလဲခြင်း မရှိကြပါ။ ခရစ်တော်၏ အသားနှင့်အသွေးသို့ ထူးဆန်းစွာ ပြောင်းလဲခြင်း မရှိကြပါ။ ထိုမုန့်နှင့် စပျစ်ရည် “အထဲ၌၊ နှင့်အတူ၊ အောက်၌” ခရစ်တော်၏ အသား၊ အသွေး ပါရှိခြင်း မရှိပါ။ ထိုမုန့်နှင့် စပျစ်ရည်သည် သခင်ယေရှု၏ ကိုယ်နှင့်အသွေးကို ရည်ညွှန်းရုံသာ ဖြစ်လျက်၊ ထိုပွဲတော်ကို အောက်မေ့ခြင်းသက်သက်ဖြင့် သုံးဆောင်ခြင်းဖြစ်ပါသည် (နှိုင်း - ၁ ကော ၁၁း၂၃-၂၅)။ “ငါ့ကို အောက်မေ့ဘို့ရာ ဤသို့ ပြုကြလော့” ဟု ယေရှုမိန့်တော်မူ၏။ မိမိကိုယ်ခန္ဓာဖြင့် ယေရှု ပြုတော်မူသောအမှု၊ စုံလင်သော နာခံခြင်း၊ အသေခံခြင်းကိုအောက်မေ့ဖို့ရန် ဖြစ်ပါသည်။ ပညတ်တရားကို စုံလင်စွာ လိုက်လျှောက်တော်မူခဲ့ပါသည်။ မိမိသေခြင်းသည် အကျိုးရှိမည်အကြောင်း အသွေးသွန်းခဲ့ပါသည်၊ “အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်း မရှိ” (ဟေဗြဲ ၉း၂၂)။ အသွေးသည် အရေးကြီးလှပါသည်။ ယေရှု၏ အသွေးတော်သည်အပြစ်မှ လူကို ကယ်တင်ဖို့ရန် တန်ခိုးကြီးလှပါသည် (တမန် ၂၀း၂၈)။

ပွဲတော်မင်္ဂလာ သုံးဆောင်ခြင်းသည် အောက်မေ့ခြင်းသက်သက်ဖြစ်သော်လည်း၊ ဝိညာဉ်အရေးနှင့်ဆိုင်သော အမှုဖြစ်ပါသည်။ ခရစ်တော်သည် ခန္ဓာကိုယ်အားဖြင့် မပါဝင်သော်လည်း၊ ဝိညာဉ်အဘောအားဖြင့် အတူပါရှိတော်မူ၏။ ယုံကြည်ခြင်းဖြင့် ပွဲတော်မင်္ဂလာကို သန့်ရှင်းစွာကျွန်တော်တို့ သုံးဆောင်သောအခါ ကျွန်တော်တို့သည် ဝိညာဉ်ပိုင်း၌ ကောင်းကြီးခံစားကြရပါသည်။

ပွဲတော်မင်္ဂလာသည် အနာဂတ်၌ ခရစ်တော် ပြုတော်မူမည့် အမှုကို ရည်ညွှန်းပါသည်။ “ဤစပျစ်ရည်မျိုး အသစ်ကို ငါ့ခမည်းတော်၏ နိုင်ငံ၌ သင်တို့နှင့်အတူ ငါမသောက် မီနေ့တိုင်အောင်ယခုမှစ၍ တဖန် ငါမသောက်ရဟု မိန့်တော်မူ၏။” ဤအချက်က ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို ဖော်ပြပါသည်။ သခင်ယေရှုသည် မိမိ၏သတို့သမီး၊ အသင်းတော်ကို ခေါ်ဖို့ရန်တနေ့ ကြွလာတော်မူမည်ဖြစ်ပါသည်။ အသင်းတော်သည် ယခုတွင် ပွဲတော်မင်္ဂလာကို တကိုယ်တည်း သုံးဆောင် နေရသော်လည်း၊ မင်္ဂလာဆောင်ပွဲတွင် (ဗျာ ၁၉း၉) သူတို့နှင့်အတူ သုံးဆောင်ဖို့ရန်ခရစ်တော် ရှိတော်မူလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “ပွဲတော်မင်္ဂလာကို သုံးဆောင်စဉ်၊ သခင်ဘုရား အတူပါရှိသည်ဟု မှတ်လျက်ဝတ်ပြုကိုးကွယ်ရပါမည်၊ ထို့အတူ စိတ်နှလုံးသည် အထက်ဘက်သို့ မျှော်ကြည့်ရပါမည်။” (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အတွက် ချိုးဖဲ့တော်မူသော ကိုယ်နှင့် သွန်းလောင်းတော်မူသော အသွေးတော်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၇)
**ယောဘ ၁၃း၂၇-၃၅**
မာကု ၁၄း၁၈-၂၁ *"သင်ပြုရသောအမှုကို အလျင်အမြန်ပြုလော့"*

## ယုဒသည် ယေရှုအပေါ် သစ္စာဖောက်၏

ယေရှုသည် ယုဒနှင့်ပတ်သက်ပြီး အလွန်ခက်ခဲသော စကားကို ဆိုခဲ့ပါသည်၊ "ကျမ်းစာလာသည်အတိုင်း (ခွဲခန့်မှတ်သားတော်မူသည်အတိုင်း) လူသားသည် သွားရမည်။ သို့သော်လည်း လူသားကို အပ်နှံသောသူသည် အမင်္ဂလာရှိ၏။ ထိုသူသည် ဘွားမြင်ခြင်းကို မခံရလျှင် အနေသာ၍ ကောင်းသည်။" ယေရှုအပေါ် ယုဒသည် သစ္စာဖောက်မည်အကြောင်း ဘုရားသခင် ခွဲခန့်မှတ်သားတော်မူခဲ့သည်ဖြစ်သော်လည်း၊ ဘုရားသခင်ကို အပြစ်တင် ဖို့မဟုတ်ပါ၊ ယုဒကိုသာ အပြစ်တင်ရပါမည်။ ဤအကြောင်းကို မည်သို့ ရှင်းပြရပါမည်နည်း။ ဤနက်နဲလှသော ခွဲခန့်မှတ်သားတော်မူခြင်း တရားကို ရှင်းပြဖို့ရန် ငှက်ပျောခွံ ပုံပြင်ကို Rev Dr Timothy Tow က ပြောပြခဲ့ပါသည်၊ "သင့်ကို ညစာစားဖို့ ကျွန်တော် ဖိတ်ကြားခဲ့ပြီး၊ လမ်း၌ သင်သည် ငှက်ပျောခွံကို နင်းမိ၍ လှဲကျလျက် သင့်ဒူးစစ် လွဲခဲ့ပါသည်။ အဘယ်သူသည် တရားခံဖြစ်ပါသနည်း။" ဖိတ်သောသူ (ဘုရားသခင်) မဟုတ်ဘဲ လက်တွေ့ နင်းသောသူသည် (ယုဒ) တရားခံဖြစ်ပါသည်။

ယေရှုက ယုဒအား သူ၏အကြံအစည်ကို လျင်မြန်စွာ ဆောင်ရွက်ဖို့ရန် မိန့်တော်မူ၏။ ဤအချက်က ယေရှုသည် ဝေဒနာခံရန် အသင့်ရှိခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ယုဒ ထွက်သွားပြီးနောက်၊ ယေရှုက လူသား ချီးမြှောက်ခြင်းခံရမည့်အချိန်၊ သားတော်၌ ဘုရားသခင် ချီးမြှောက်ခံရမည့် အချိန် ရောက်လာပြီးဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည်။ သားတော်သည် ခမည်းတော်အား မိမိ၏ ကယ်တင်ခြင်း အစီအစဉ် ပြည့်စုံမည်အကြောင်း ခွဲခန့်ထားတော်မူသော အလိုတော်ကို နာခံခြင်းဖြင့် ချီးမြှောက်တော်မူ၏။ ခမည်းတော်ကလည်း သားတော်အား သေခြင်းမှ ရှင်ပြန်ထမြောက်စေလျက်၊ ဖန်ဆင်းခံအပေါင်းတို့ အပေါ်၌ ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တော်မူ၏။ ထိုသို့ သားတော်အား ချီးမြှောက်ခြင်းဖြင့် မိမိ၏ဘုန်းတော်ကိုလည်း ထင်ရှားစေတော်မူ၏။ "ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ် သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီး သတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမ တော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့် ဝန်ခံသဖြင့်၊ ခမည်းတော် ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်" (ဖိလိ ၂း၉-၁၁)။

ယေရှုက တပည့်တော်များအား၊ သူတို့ကို မိမိ ချစ်သည်နည်းတူ၊ အချင်းချင်း ချစ်ကြမည် အကြောင်း ပညတ်သစ်ကို ပေးတော်မူခဲ့ပါသည်။ အချင်းချင်း ချစ်ကြလော့ ဟူသော ပညတ်သည် အသစ် မဟုတ်ပါ။ ဓမ္မဟောင်းထဲ၌ ရှိခဲ့ပြီဖြစ်ပါသည် (ဝတ် ၁၉း၁၈)။ အသစ်ဖြစ်ရခြင်း အကြောင်းမှာ၊ "ငါ သင်တို့ကို ချစ်သကဲ့သို့" ဟူသော အချက်ဖြစ်ပါသည်။ တပည့်တော်များသည် သမိုင်း၌ တွေ့ရသော ချစ်ခြင်းတို့တွင်၊ အကြီးမြတ်ဆုံးသော ချစ်ခြင်းမေတ္တာအကြောင်းကို သက်သေခံကြမည် ဖြစ်ပါသည်။ ကားတိုင်သည် ဘုရားသခင် ချစ်ခြင်းမေတ္တာ၏ လက္ခဏာဖြစ်ပါသည်။ စစ်မှန်သော ချစ်ခြင်း မေတ္တာကို ဖော်ကျူးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ အပြစ် စတင်သောသူ မဟုတ်ပါ။
**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်သည် အဆုံးစွန် အာဏာရှိတော်မူ၏။



ဗုဒ္ဓဟူး၊ ဇူလိုင် (၁၆)
**လု ၁၁း၁-၁၃**
ဗျာ ၂၀း၁-၆ *"နိုင်ငံတော် တည်ထောင်ပါစေသော"*

## ဤလောက၌ တည်ထောင်တော်မူမည့် ယေရှု၏ အနာဂတ် နိုင်ငံတော်

သခင်ယေရှု၏ ဤဆုတောင်းခြင်း သွန်သင်ချက်သည် မသဲ ၆း၉-၁၃ တွင် တွေ့ရသော အချက်နှင့် အတူတူပင်ဖြစ်ပါသည်။ ထိုဆုတောင်းချက်သည် တောင်ပေါ်ဒေသနာ၏ အစိတ်အပိုင်း တခုဖြစ်၏။ ယခုကျမ်းပိုဒ်တွင်မူ၊ တပည့်တော်တပါးက မည်သို့ဆုတောင်းရမည်အကြောင်း မေးလျှောက် သောကြောင့် ပြန်လည်ဖြေကြားပေးခြင်းဖြစ်၏။ ဆုတောင်းခြင်းကို သန့်ရှင်းတော်မူသော ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏အဘ ဘုရားသခင်ထံ ပြုရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ခံလျက် နှိမ့်ချသောစိတ်ဖြင့် ဘုရားသခင်ကို ကျွန်တော်တို့ ချဉ်းကပ်ကြရပါမည်။

နိုင်ငံတော် တည်ထောင်ဖို့ရန် ဆုတောင်းကြရပါမည်။ "နိုင်ငံတော် တည်ထောင်ပါစေသော" ဟူသောအချက်၏ ဆိုလိုရင်းကား အဘယ်နည်း။ နိုင်ငံတော် ထည်ထောင်ပြီ မဟုတ်လော။ ဟုတ်ပါ၏၊ ယေရှုက၊ သူ၏နိုင်ငံတော်သည် သင်တို့အထဲ၌ တည်၏ဟု မိန့်တော်မူခဲ့ပါသည် (လု ၁၇း၂၁၊ နှိုင်း - မသဲ ၁၂း၂၈၊ မာကု ၁း၁၅၊ လု ၁၁း၂၀)။ ထိုနိုင်ငံတော်သည် ယခု ကျွန်ုပ်တို့အသက်တာ၌ သခင်အုပ်စိုးတော်မူသော ဝိညာဉ်နိုင်ငံတော်ပင်ဖြစ်ပါသည်။

သို့သော်လည်း၊ နိုင်ငံတော်သည် အနာဂတ်၌ ပြည့်စုံမည့်အရာလည်း ဖြစ်ပါသည်။ ထိုနိုင်ငံတော်သည် ဤလောက၌ တည်လျက် အုပ်စိုးတော်မူမည့် နိုင်ငံတော်ဖြစ်ပါသည်။ ယေရှုသည် အဘ ဒါဝိဒ်၏ ပလ္လင်တော်ပေါ်၌ ထိုင်လျက် ဤလောကတခုလုံးကို နှစ်တထောင် အုပ်စိုးလိမ့်မည် ဖြစ်ပါသည် (ဟေရှာ ၁၁း၁-၅၊ ဗျာ ၅း၁၀-၁၃၊ ၂၀း၆)။ မိမိရွေးကောက်တော်မူသော ဣသရေလနိုင်ငံသည် ဤလောက၏ နံပါတ်တစ် နိုင်ငံဖြစ်လာမည်။ ယေရုရှလင်မြို့သည် ကမ္ဘာ့ မြို့တော် ဖြစ်လာမည် (ဟေရှာ ၂း၂-၃)။ ထိုအကြောင်းကို တမန်တော်တို့သည် သိကြသဖြင့်၊ ယေရှု ကောင်းကင်သို့ တက် မသွားမီ၊ "ယခုအခါ ကိုယ်တော်သည် ဣသရေလအမျိုးသားတို့အား နိုင်ငံကို ပြန်ပေးတော်မူမည်လော" (တမန် ၁း၆) ဟု မေးခဲ့ကြခြင်း ဖြစ်ပါသည်။ ယေရှုက ထိုအချိန်အခါသည် ခမည်းတော်ဘုရား ဆုံးဖြတ်တော်မူသည်ဖြစ်သောကြောင့် သင်တို့ သိဖို့မလိုဟု ရိုးရှင်းစွာ ဖြေပေးခဲ့ပါသည် (တမန် ၁း၇)။ ထို့ကြောင့်၊ "နိုင်ငံတော် တည်ထောင်ပါစေသော" ဟု ယခု ကျွန်တော်တို့ ဆုတောင်းရခြင်း ဖြစ်၏။ ထိုသို့ မြွက်ဆိုခြင်းသည်၊ "သခင် ယေရှု၊ ကြွလာတော်မူပါ" ဟူသော အချက်နှင့် အတူတူပင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပရောဖက်ပြုချက်ကို နားလည်သဘောပေါက်ဖို့ရန် ဣသရေလသည် အဓိကသော့ချက်ဖြစ်ပါသည်။
**ဆုတောင်းချက်-** "ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆုတောင်းကြလော့။" (ဆာလံ ၁၂၂း၆)

ကြာသပတေး၊ ဇူလိုင် (၁၇)

**လု ၁၁း၁-၁၃**

ယာကုပ် ၄း၂-၃

*"အလိုတော်သည် . . . ပြည့်စုံပါစေသော"*

## ဘုရားသခင်၏အလိုတော်သည် အကောင်းဆုံးဖြစ်၏

ဘုရားသခင်၏အလိုတော် ပြည့်စုံဖို့ရန် ဆုတောင်းကြရပါမည်။ ကျွန်ုပ်တို့၏အလိုကို သူ၏အလိုတော်ထဲသို့ ဆက်ကပ်ကြရပါမည်။ ယေရှုသည်လည်း၊ "သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်း ဖြစ်ပါစေသော" (လု ၂၂း၄၂) ဟု ခမည်းတော်ထံ ဆုတောင်းခဲ့ပါသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘသည် အကောင်းဆုံးကို သိတော်မူ၏။ ဘုရားသခင်၏အလိုတော်ကို ကျမ်းစာအားဖြင့် ကျွန်တော်တို့ သိရကြပါသည်။ ထို့ကြောင့်၊ ကျမ်းစာ ဖေါ်ပြချက်အတိုင်း ကျွန်တော်တို့ ဆုတောင်းကြရပါမည်။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ဘုရားသခင် အဖြေပေးတော်မူမည် (ယော ၁၄း၁၃)။

နေ့စဉ် လိုအပ်သောအရာအတွက် ကျွန်တော်တို့ ဆုတောင်းကြရပါမည်။ ကျွန်တော်တို့သည် နေ့စဉ် ယုံကြည်ခြင်းဖြင့် အသက်ရှင်လျက်၊ ဘုရားသခင်ကို ကိုးစားမည်အကြောင်း ဘုရားသခင် အလိုရှိတော်မူ၏။ သူသည် ကျွန်ုပ်တို့ကို ကျွေးမွေးတော်မူသော သူဖြစ်၏။ သူ့အတွက် ကျွန်ုပ်တို့ကို အသက်ရှင် စေလိုပြီး၊ ကျွန်ုပ်တို့၏ အသက်ရှင်ရေးကို သူကိုယ်တိုင် တာဝန်ယူမည်ဖြစ်ပါသည်။ မသဲ ၆း၃၁-၃၃ ကို ဖတ်ပါ။

ကျွန်တော်တို့သည် အပြစ်ခွင့်လွှတ်ခြင်းကို ဘုရားသခင်ထံ တောင်းလျှောက် ကြရပါမည်။ ကျွန်ုပ်တို့အပေါ် အပြစ်ကျူးလွန်သောသူများကိုလည်း ကျွန်တော်တို့ ခွင့်လွှတ်ရပါမည်။ ဘယ်နှစ်ကြိမ် ကျွန်တော်တို့ ခွင့်လွှတ်ရပါမည်နည်း။ တကြိမ်၊ နှစ်ကြိမ် မဟုတ်၊ အစဉ် ခွင့်လွှတ်ရပါမည် (မသဲ ၁၈း၂၂၊ ၃၅)။

"အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ" ဟုလည်း ဆုတောင်းရပါမည်။ အပြစ်သွေးဆောင်ခြင်းသည် ဘုရားသခင်ထံမှ လာသည် မဟုတ်၊ စာတန်၊ ဤလောကီအရာနှင့် ကျွန်ုပ်တို့၏ အပြစ်နှင့်ဆိုင်သော ဇာတိအလိုတို့မှ လာခြင်းဖြစ်ပါသည် (ယာကုပ် ၁း၁၃)။ ဤဆုတောင်းချက်သည် ကျွန်ုပ်တို့အား အပြစ်သွေးဆောင်ရာသို့ မကျရောက်စေဖို့ရန် ဘုရားသခင်၏ ကူညီထောက်မမှုကို တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ၁ ကော ၁၀း၁၃ ကို ဖတ်ပါ။

ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏အဘသည် ကျွန်ုပ်တို့၏ ဆုတောင်းသံကို နားညောင်းတော်မူလျက်၊ အထက်အရပ်မှ ကောင်းသော ဆုကျေးဇူးကို ချပေးတော်မူတတ်၏။ အစဉ် တောင်းလျှောက်ဖို့၊ ရှာဖွေဖို့၊ ခေါက်နေဖို့ တိုက်တွန်းတော်မူ၏။ သူ၏ကောင်းကြီးမင်္ဂလာသည် ကုန်ခမ်းခြင်း မရှိပါ။ ဆုတောင်းခြင်း၌ ကျွန်တော်တို့ အစဉ်တည်နေဖို့လိုပါသည်။ ကျွန်တော်တို့ပင်လျှင် သားသမီးများ လိုအပ်သောအရာကို သိလျက် ပေးတတ်ကြသည် ဆိုလျှင်၊ ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏အဘသည် မည်မျှလောက် ကျွန်ုပ်တို့လိုအပ်သောအရာများ၊ ဝိညာဉ်ဆုကျေးဇူးများနှင့် ကျေးဇူးတော်ကို သန့်ရှင်းသောဝိညာဉ်တော်နှင့်တကွ ပေးတော်မူလိမ့်မည်နည်း။ "ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက် သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့ တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်း အရိပ်နှင့် ကင်းလွတ်တော်မူ၏" (ယာကုပ် ၁း၁၇)။

**ဆင်ခြင်ရန်** - အကြီးမြတ်ဆုံးသော ယုံကြည်ခြင်းသည်၊ "အကျွန်ုပ်၏ အလို မဟုတ်ဘဲ၊ ကိုယ်တော်၏ အလိုတော် ပြည့်စုံပါစေ" ဟု ဝန်ခံသော ယုံကြည်ခြင်းပင် ဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော် အလိုရှိတော်မူသောအရာသာလျှင် အကျွန်ုပ်၌ ပြည့်စုံပါစေသော။



အင်္ဂါ၊ စက်တင်ဘာ (၁၆)

**ယော ၁၃း၁၈-၂၆**

ဆာလံ ၄၁

*"သင်တို့တွင် တစုံတယောက်သောသူသည် ငါ့ကို အပ်နှံလိမ့်မည်"*

## ယေရှုက သစ္စာဖောက်ကို ဖော်ထုတ်ခဲ့၏

အပြစ်များကို ခွင့်လွှတ်ခြင်းခံလျက်၊ မိမိ သခင်ယေရှု လျှောက်သောလမ်းသို့ နှိမ့်ချသော စိတ်ဖြင့် လျှောက်လှမ်းသော ယုံကြည်သူသည် မင်္ဂလာရှိသောသူ ဖြစ်ပါသည်။ သို့သော်လည်း၊ ဆယ့်နှစ်ပါးထဲတွင် မင်္ဂလာရှိသောသူ မဟုတ်ဘဲ၊ ကျိန်ခြင်း ခံရသောသူ တဦး ရှိခဲ့ပါသည်။ ထိုသူ၏ ခြေကို ဆေးပေးခြင်း၊ သူနှင့်အတူ စားသောက်ခြင်းကို ပြုလျက် ယေရှုက ချစ်ခြင်းမေတ္တာ ပြတော်မူခဲ့ပါသည်။ သို့သော်လည်း ထိုတပည့်၏ စိတ်သည် မုန်းတီးခြင်းဖြင့် ပြည့်လျက်၊ လူကို သတ်လိုသော အတွေး ရှိခဲ့ပါသည်။ ဤသို့ဖြစ်ခြင်းသည် သမ္မာကျမ်းစာ ပြည့်စုံမည်အကြောင်းတည်း။ "ငါ့မုန့်ကို စားသောအဆွေခင်ပွန်းသည် ငါ့ကို ခြေနှင့်ကျောက်သတည်း" (ဆာလံ ၄၁း၉၊ နှိုင်း - ၂ ရာ ၁၅း၁၂၊ ၁၆း၂၃)။ Rev Timothy Tow ဆိုသည်အတိုင်း၊ "ကျေးဇူးကန်းခြင်းသည် သစ္စာဖောက်ခြင်း၏ ညီမဝမ်းကွဲဖြစ်ပါသည်။" ကျေးဇူးကန်းခြင်းနှင့် သစ္စာဖောက်ခြင်း နှစ်ခုစလုံးကို ယုဒ၌ ရှိခဲ့ပါသည်။ သူသည် အမင်္ဂလာ နှစ်ထပ်ကွမ်း ခံရသောသူဖြစ်ပါသည်၊ ပျက်စီးခြင်း၏သား အမှန်ဖြစ်ပါသည် (နှိုင်း - ဟေဗြဲ ၆း၄-၆)။

ပသခါပွဲတော် စားပွဲ၌ ယေရှုက ဆယ်နှစ်ပါးတို့အား သူတို့ထဲမှ တဦးသည် မိမိကို သစ္စာဖောက်မည်အကြောင်း ပြောပြခဲ့ပါသည်။ ထိုသူသည် ယုဒဖြစ်မည်ဟု ဘယ်သူမှ မထင်မှတ်ခဲ့ပါ။ ယုဒသည် အလွန် လိမ္မာပါးနပ်သောသူ၊ မျက်နှာနှစ်ခု ပိုင်ဆိုင်သောသူ ဖြစ်ပါသည်။ အပြင်ပိုင်းကို ကြည့်လျှင် သူသည် သစ္စာရှိသောသူဟု ထင်ရပြီး၊ အတွင်းပိုင်းမူကား သစ္စာဖောက်ခြင်းဖြင့် ပြည့်နှက်ခဲ့ပါသည်။

ထိုအခါ၊ ထိုသစ္စာဖောက်ကို ဖော်ပြခြင်းငှါ ယေရှုအား မေးဖို့ရန် ပေတရုက ယောဟန်အား အရိပ်ပြလျက် ဆိုခဲ့ပါသည်။ ယောဟန်ကလည်း၊ "သခင်၊ အဘယ်သူနည်း" ဟု လျှောက်သောအခါ၊ ယေရှုက၊ "ဤမုန့် တလုပ်စာကို ငါနှစ်၍ ပေးသော သူဖြစ်၏" ဟု မိန့်တော်မူ၏။ ထို့နောက် ယေရှုက ထိုနှစ်သော မုန့်ကို ယုဒရှင်ကာရုတ်အား ပေးခဲ့ပါသည်။ ထိုခေတ်တွင်၊ အိမ်ရှင်သည် မုန့်ကို ဖဲ့လျက် ဟင်းရည်တခုခုထဲသို့ နှစ်ပြီးမှ စားပွဲဝိုင်းရှိ ဂုဏ်အသရေအရှိဆုံးသောသူကို ပေးခြင်းသည် သူတို့၏ ထုံးစံတခုဖြစ်ပါသည်။ ယေရှုသည် ယုဒ စိတ်ပြောင်း မည်အကြောင်း နောက်ဆုံးအကြိမ် ချစ်ခြင်းမေတ္တာ ပြခြင်းဖြစ်ပါသည်။ ထိုအခါ ယုဒသည် ပို၍ စိတ်နှလုံး ခိုင်မာခြင်း ရှိခဲ့ပါသည်။ Calvin က၊ "နှစ်ထားသော မုန့်လက်ခံပြီးမှ ယုဒသည် မိမိကိုယ်ကို စာတန်ထံ လုံးဝ အပ်နှံခဲ့ပါသည်။ . . . ခရစ်တော်၏ သနားကြင်နာခြင်းကြောင့် သူ၏စိတ်နှလုံးသည် နူးညံ့ခဲ့သင့်သည် ဖြစ်သော်လည်း၊ သံ ကဲ့သို့ ပို၍ မာကြောခဲ့ပါသည်။ ထို့ကြောင့် သူနှင့် ထိုက်တန်သောအရာမှာ စာတန်က သူ့စိတ်နှလုံးကို ပို၍ ခိုင်မာစေခြင်းသာ ဖြစ်ပါသည်။ ရန်သူများအပေါ် သနားကြင်နာခြင်း ထားခြင်းဖြင့် သူတို့ခေါင်းပေါ်၌ မီးသွေး ပုံထားရာရောက်လျက်၊ ဘယ်လိုမှ နောင်တမရသောအခါ သူတို့ ပျက်စီးခြင်းအတွက် ထိုမီးသွေးသည် လောင်လိမ့်မည်ဖြစ်ပါသည်။"

**ဆင်ခြင်ရန်** - ယေရှုက ယုဒကို ချစ်ခဲ့ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အပေါ် မကောင်းမှုပြုသောသူများအပေါ်၌ပင် သနားကြင်နာခြင်း ရှိမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ စက်တင်ဘာ (၁၅)

**ယော ၁၃း၁-၂၀**
ဖေဖက် ၅း၂၅-၂၇

*"သင့်ကို ငါ မဆေးရလျှင် သင်သည် ငါနှင့် မဆက်ဆံရ"*

## ယေရှုက တပည့်တော်များ၏ခြေကို ဆေးပေးတော်မူ၏

ဤလောကအတွက် ယေရှု အသေခံမည့် ချိန်းချက်ထားသောအချိန် ကျရောက်လာခဲ့ပါသည်။ သူသည် အနိမ့်ဆုံးသော ကဲ့ရဲ့ခြင်းကို ခံရတော့မည်ဖြစ်ပါသည်၊ ဤလောကမှ ထွက်သွားရတော့မည်ဖြစ်ပါသည် (ကားတိုင်ပေါ်၌ တင်သတ်ခြင်း)၊ ကောင်းကင်ဘုံရှိ ခမည်းတော်ထံ ပြန်သွားရတော့မည်ဖြစ်ပါသည် (ဘုန်းအသရေတော်နှင့် ချီးမြှောက်ခံရခြင်း)။

ဤပသခါပွဲ၌ ယေရှုသည် တပည့်တော်တို့အား နှိမ့်ချခြင်းအသက်တာအကြောင်းကို ပုံသက်သေဖြင့် သွန်သင်ပြသတော်မူခဲ့ပါသည်။ မိမိ၏ ဝတ်လုံတော်ကို ချွတ်ပြီး၊ ပဝါဖြင့် ခါးကို စည်းတော်မူ၏။ ဇလုံထဲသို့ ရေကို လောင်း၍ တပည့်တော်များ၏ခြေကို (ယုဒအပါအဝင်) ဆေးဖို့ရန် စတင်တော်မူခဲ့ပါသည်။ ဧည့်သည်များ၏ခြေကို ဆေးကြောခြင်းသည် အစေခံကျွန်၏ အလုပ်ဖြစ်ပါသည်။ သို့သော်လည်း၊ သခင်ဖြစ်တော်မူသော ယေရှုသည် အစေခံကျွန်၏အလုပ်ကို လုပ်ဆောင်လျက် တပည့်များ၏ခြေကို ဆေးတော်မူခဲ့ပါသည်။ ထိုသို့ပြုခြင်းမှာ၊ နှိမ့်ချသောအသက်တာ ရှိကြဖို့ရန် သွန်သင်သည် သာမက၊ သူတို့အား အလွန် ချစ်တော်မူကြောင်း ပြသခြင်းလည်း ဖြစ်ပါသည် ("သူတို့အား အဆုံးတိုင်အောင် ချစ်တော်မူ၏")။

ပေတရုက မိမိ၏ခြေ ယေရှု ဆေးကြောမည်ကို ငြင်းဆန်ခဲ့ပါသည်။ ယေရှုက မိမိ၏ မိသားစုဝင် ဖြစ်လိုလျှင် ဤဆေးကြောသန့်စင်ခြင်းကို လက်ခံရမည်ဟု ပေတရုအား မိန့်တော်မူ၏။ ထိုအခါ ပေတရုက ယေရှုအား တကိုယ်လုံး ဆေးပေးဖို့ရန် တောင်းဆိုခဲ့ပါသည်။ ယေရှုက ရေချိုးပြီးသော သူသည် စင်ကြယ်ပြီးဖြစ်သောကြောင့် ခြေကိုသာ ဆေးဖို့လိုကြောင်း မိန့်တော်မူ၏။ ယေရှုသည် သူတို့အား ဝိညာဉ်တော်၏ ဗတ္တိဇံအားဖြင့် ကယ်တင်ခြင်းအတွက် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ် အပြစ်များ ဆေးကြောသန့်စင်ခြင်း ခံရကြပြီးဖြစ်ကြောင်း မိန့်တော်မူခြင်းဖြစ်ပါသည် (တိတု ၃း၅)။ သို့သော်လည်း၊ ဤအပြစ်လောက၌ အသက်ရှင်စဉ် မိမိတို့၏ အပြစ်နှင့်ဆိုင်သော အတွေး၊ အပြောအဆိုနှင့် ပြုသောအမှုများကို ဘုရားသခင် နှုတ်ကပတ်တော်၏ သန့်ရှင်းစင်ကြယ်စေခြင်း တန်ခိုးတော်အားဖြင့် အစဉ် ဆေးကြော သန့်စင်ဖို့လိုအပ်ကြောင်း မိန့်တော်မူ၏ (ယော ၁၇း၁၇)။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သန့်စင်ထောက်ပြောင်စေသော ဆပ်ပြာကဲ့သို့ အမှုပြုတော်မူ၏။ နှုတ်ကပတ်တော်ကို ဖတ်လျက်၊ အစဉ် လေ့လာ ဆင်ခြင်ခြင်း ပြုလျှင် ကျွန်တော်တို့သည် ပို၍ပို၍ သန့်ရှင်းလျက် ခရစ်တော်၏သဏ္ဍာန်တော်နှင့်အညီ ကြီးထွားခြင်း ရှိမည်ဖြစ်ပါသည်။ "ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ . . . ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေး တင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်လပ်သဖြင့်၊ အသရေ တင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှါ၊ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော် အဘို့အလို့ငှါ ကိုယ်ကိုကိုယ် စွန့်တော်မူ၏" (ဧဖက် ၅း၂၅-၂၇)။ သို့သော်လည်း၊ အစမှ ကယ်တင်ခြင်း မခံရသော၊ သစ္စာဖောက် ယုဒမှအပ သူတို့အားလုံးသည် သန့်ရှင်းခြင်း ရှိကြ၏။

**ဆင်ခြင်ရန်** - ခရစ်တော်ကဲ့သို့သော ခေါင်းဆောင်သည် အာဏာရှင် မဟုတ်၊ အစေခံခြင်းကို ပြုသောသူ ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ မိမိအမှုကို သူတပါး ဆောင်ရွက်ပေးရန် မဟုတ်ဘဲ၊ သူတပါး၏အမှုကို ကျွန်တော် ဆောင်ရွက်လိုပါ၏။



သောကြာ၊ ဇူလိုင် (၁၈)

**လု ၁၁း၁၄-၂၈**
မသဲ ၁၂း၄၃-၄၅

*"ငါ့ဘက်၌ မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏"*

## ခရစ်တော်၏ဘုရားဖြစ်ခြင်းတရားကို ငြင်းဆန်သောအပြစ်

ယုဒလူတို့သည် ယေရှုအား စာတန်၏တန်ခိုးဖြင့် နတ်ဆိုးများကို နှင်ထုတ်သည်ဟု စွပ်စွဲခြင်းဖြင့် ဝိညာဉ်တော်အပေါ် မထီမဲ့မြင်ပြုခြင်းအပြစ်ကို လွန်ကျူးခဲ့ကြ၏ (နှိုင်း - မာကု ၃း၂၂)။ ဘုရားဖြစ်တော်မူသော ယေရှုသည် ထိုသို့သော မထီမဲ့မြင်ပြုခြင်းကို ခံခဲ့ရပါသည်။ ယေရှုသည် သူတို့အပေါ်၌ ကောင်းသောအမှုကို ပြုတော်မူခဲ့သော်လည်း၊ ထို့သို့ ပြန်လည်တုန့်ပြန်မှု ကို ခံရခဲ့ပါသည်။ ထိုသို့သော မထီမဲ့မြင်ပြုခြင်းခံရသောကြောင့် သူသည် အလွန် ဝမ်းနည်းခြင်း ရှိခဲ့ပါလိမ့်မည်။ ထိုအမှုအားလုံးကို ကျွန်ုပ်တို့အတွက် သူသည် သည်းခံခဲ့ပါသည်။ အလွန်မြတ်သော သည်းခံခြင်း ပေတည်း။

ပြုတော်မူသော အံ့ဘွယ်အမှုတို့ကို စာတန်၏တန်ခိုးဖြင့် ပြုသည်ဟု ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ယုဒလူတို့သည် ငြင်းပယ်သကဲ့သို့၊ ကာသိုလစ်များသည် ခရစ်တော်ထက် မာရိကို ပို၍ ကြီးမြတ်သည်ဟု ဆိုခြင်းအားဖြင့် ယေရှု၏ ဘုရားဖြစ်ခြင်းကို ငြင်းပယ်ခဲ့ကြပါသည်။ မာရိသည် ယေရှုထက် ကြီးမြတ်သည်ဟု ဆိုရာတွင် ကာသိုလစ်အသင်းတော်သည် လုကာ ၁၁း၂၇ ကို ကိုးကားခဲ့ကြ၏၊ "ကိုယ်တော်ကို လွယ်သောဝမ်းနှင့် စို့တော်မူသော သားမြတ်သည် မင်္ဂလာရှိပါ၏။" သူတို့သည် ယေရှု ဆက်လက် မိန့်တော်မူချက် ဖြစ်သော၊ "ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နာ၍ ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်" ဟူသောအချက်ကို ပစ်ပယ်ခဲ့ကြပါသည်။ မာရိသည် အမှန်တကယ် မင်္ဂလာရှိပါ၏။ ဘုရားသခင်၏သားတော်ကို လွယ်မွေးသောကြောင့် မဟုတ်ဘဲ၊ ဒုတိယမွေးဖွားခြင်း ခံရလျက်၊ ဘုရားသခင်၏ သားသမီးဖြစ်ရသောအခွင့် ရသောကြောင့် ဖြစ်ပါသည်။ ထိုအမှုသည် ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာခြင်းနှင့် နာခံခြင်းအားဖြင့်သာ ရပါ၏။ "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏" (ရော ၁၀း၁၇)။ မာရိ၏ ဘုရားသခင်၏နှုတ်ကပတ်တော် နာခံခြင်းနှင့် ဆက်ကပ်ခြင်းအမှုသည် အားကျစရာကောင်းလှပါသည်။ ဤအမှု၌ သာဓကပြုထိုက်သောသူ ဖြစ်ပါသည်။ မေရှိယကို လွယ်မွေးရမည်ဟူသော ကောင်းကင်တမန်၏စကားကို ကြားသောအခါ၊ မာရိသည် ဘုရားသခင်၏အလိုတော်သို့ မိမိကိုယ်ကို ဆက်ကပ်လျက်၊ "အကျွန်ုပ်သည် ထာဝရဘုရား၏ကျွန်မ ဖြစ်ပါ၏။ ကိုယ်တော်၏စကား အတိုင်း အကျွန်ုပ်၌ ဖြစ်ပါစေသော" (လု ၁း၃၈) ဟု ဆိုခဲ့ပါသည်။ ထိုအပြုအမူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်ခြင်းအမှုကို လူတို့သည် ပြုကြမည်အကြောင်း ယေရှုအလိုရှိတော်မူ၏။ မာရိသည် ဘယ်လိုမှ ယေရှုထက် ကြီးမြတ်ခြင်း မရှိပါ။ မာရိသည် ယနေ့ ကာသိုလစ်များထံ စကားပြော နိုင်ခဲ့လျှင်၊ "သင်တို့၏ မာရိ ချီးမြှောက်ခြင်းကို ရပ်လျက်၊ ခရစ်တော်ကိုသာ ချီးမြှောက်ကြပါ" ဟု ဆိုပါလိမ့်မည်။

**ဆင်ခြင်ရန်** - Luther နှင့် Calvin ကဲ့သို့၊ ရောမန် ကာသိုလစ် အသင်းတော်မှ ထွက်လာခဲ့ကြပါ (၂ ကော ၆း၁၇)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အတွက် သီးခြားရပ်တည် ရဲသော သတ္တိကို အကျွန်ုပ်အား ပေးတော်မူပါ။

စနေ၊ ဇူလိုင် (၁၉)
**လု ၁၁း၂၉-၃၆**
၃ ရာ ၄း၂၉-၃၄

*"ဤအရပ်၌ကား၊ ရှောလမုန် ထက်သာ၍ ကြီးမြတ်သောသူ ရှိ၏"*

## ယေရှု - သာ၍ကြီးမြတ်တော်မူသော ရှောလမုန်

ယေရှုက နိမိတ်လက္ခဏာ ရှာသောသူများကို ဆုံးမခဲ့ပါသည်။ ထိုသူတို့သည် မျက်လှည့်ပြခြင်းအမှုကို လိုချင်ခဲ့ကြ၏။ ထို့ကြောင့်၊ ယေရှုက၊ ထိုသူတို့အား "ဆိုးညစ်သော အမျိုး" ဟု ဆိုခဲ့ပါသည်။ ယေရှုသည် များစွာသော အံ့ဘွယ် နိမိတ်လက္ခဏာများကို ပြုတော်မူခဲ့ပြီ ဖြစ်ပါသည်။ သို့သော်လည်း၊ ထိုသူတို့သည် မယုံကြည်ခဲ့ကြပါ။ ထို့ကြောင့်၊ နောက်ထပ် နိမိတ်အက္ခဏာ မပြလိုတော့ပါ။ ယောန၏ နိမိတ်အက္ခဏာမှလွဲ၍ အခြားသော နိမိတ်လက္ခဏာ သူတို့ တွေ့ရမည် မဟုတ်ပါ။ ထိုနိမိတ်လက္ခဏာသည် ရှင်ပြန်ထမြောက်ခြင်း နိမိတ်လက္ခဏာပင်ဖြစ်ပါသည် (မသဲ ၁၂း၃၈-၄၂)။ ယေရှုသည် အသေခံလျက်၊ သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်တော်မူလိမ့်မည်။ ရှေးလူများဖြစ်သော၊ ရှေဘပြည်၏ မိဖုရား (၃ ရာ ၁၀၊ ၆ ရာ ၉) နှင့် နိနေဝေမြို့သူမြို့သားတို့သည် (ယောန ၁-၄) သတင်းတော်ကို အနည်းငယ်သာ ကြားသိခဲ့ရသော်လည်း၊ နောင်တရလျက် ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြ၏။ ရှောလမုန်ထက် သာ၍ ပညာရှိသောသူ၊ ယောနထက် သာ၍ ကြီးမြတ်သောသူသည် ယခု သူတို့ရှေ့၌ ရှိတော်မူခဲ့၏။ ဘုရားသခင်၏ စုံလင်သော သဏ္ဍာန်တော်ကို ခရစ်တော်၌ ဣသရေလလူတို့သည် မြင်တွေ့ခဲ့ကြသော်လည်း၊ မယုံကြည်ခဲ့ကြပါ။ အလွန်ကြီးလေးသော အပြစ်ပါတကား။

ယေရှုသည် ဤလောက၏အလင်းဖြစ်တော်မူပြီး၊ မိမိ၏ သမ္မာတရား အလင်းကို ဣသရေလ လူတို့ထံ လင်းလက်ထွန်းထောက်စေတော်မူခဲ့ပါသည် (ယောဟန် ၁း၉)။ သို့သော်လည်း၊ သူတို့သည် ထိုသမ္မာတရားအလင်းကို ငြင်းပယ်ခဲ့ကြ၏။ ပြုတော်မူသောအမှုနှင့် ဟောတော်မူသော စကားများကို ငြင်းပယ်ခဲ့ကြပါသည်။ အလင်း၏ အပြစ် မဟုတ်၊ မမြင်နိုင်သော မျက်စိ၏ အပြစ်ဖြစ်ပါသည်။ အကြောင်းမှာ သူတို့၏မျက်စိသည် မှားယွင်း၏။ သူတို့၏ စိတ်နှလုံးသည် အမှောင်ဖုံးလျက် ရှိသောကြောင့်၊ သမ္မာတရားကို မမြင်နိုင်ခဲ့ကြပါ။ "ထိုအလင်းသည် မှောင်မိုက်၌ လင်း၍ မှောင်မိုက်သည် မခံမယူ" (ယော ၁း၅)။

**ဆင်ခြင်ရန်** - စစ်မှန်သော ဉာဏ်ပညာသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် နှုတ်ကပတ်တော် သိကျွမ်းခြင်း၌ တည်လျက်ရှိပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ဤလောက၌ အောင်မြင်သော ခရစ်ယာန် အသက်တာဖြင့် အသက်ရှင်မည်အကြောင်း အကျွန်ုပ်အား ဉာဏ်ပညာ ပေးသနားတော်မူပါ။



တနင်္ဂနွေ၊ စက်တင်ဘာ (၁၄)
**လု ၂၂း၃-၁၈**
မသဲ ၂၆း၁၄-၁၆

*"ထိုသူတို့က ငွေအကျပ် သုံးဆယ် ပေးမည်ဟု ဝန်ခံကြ၏"*

## အစေခံကျွန် အဖိုးအခမျှဖြင့် ရောင်းချခြင်း ခံခဲ့၏

ယေရှုအား သတ်ဖြတ်ဖို့ရန် နောက်ကွယ်မှ အဓိက ကြံစည်ကြိုးကိုင်သောသူသည် စာတန်ပင်ဖြစ်ပါသည် (နှိုင်း - ကမ္ဘာ ၃း၁၅)။ ဆယ့်နှစ်ပါးထဲမှ တဦးဖြစ်သော ယုဒရှင်ကာရုတ်သည် သူ၏ အဓိက အသုံးတော်ခံ ဖြစ်ခဲ့ပါသည်။ ယုဒထဲသို့ ဝင်လျက် (နှိုင်း - ယော ၁၃း၂)၊ သူ့ကို ထိန်းချုပ်ခဲ့ပါသည်။ ထို့နောက် ယုဒသည် ယုဒခေါင်းဆောင်များထံ သွားခဲ့ပြီး၊ ငွေဒင်္ဂါး သုံးဆယ်ဖြင့် ယေရှုကို ရောင်းဖို့ရန် သဘောတူခဲ့ကြ၏။ ထိုအဖိုးအခသည် အစေခံကျွန် တယောက်၏ အဖိုးအခမျှသ ဖြစ်ပါသည် (ထွက် ၂၁း၃၂)။

ကြာသပတေး၊ နိသန်လ ၁၄၊ နံနက် စောစောအချိန်တွင်၊ ယေရှုက ပေတရုနှင့် ယောဟန်အား သူတို့အားလုံးအတွက် ပသခါပွဲ ပြင်ဆင်ဖို့ရန် မိန့်တော်မူ၏။ ကျယ်ဝန်း သန့်ရှင်းသော အထက်အခန်းကို သူတို့သည် ကြိုတင်ပြင်ဆင်ခဲ့ကြပါသည်။ ညနေခင်းတွင် ဗိမာန်တော် ဝန်းထဲ၌ သိုးသငယ်ကို သတ်လျက် (ထွက် ၁၂း၆)၊ နေ့ မကုန်ဆုံးမှီ တဆေးမဲ့ မုန့်၊ ခါးသောအရွက်၊ စပျစ်ရည် စသည်တို့ကို ဝယ်ကြရမည်ဖြစ်ပါသည်။

ညအချိန်တွင်၊ ယေရှုသည် ပသခါပွဲ ဆင်နွဲဖို့ရန် တပည့်တော်များနှင့်အတူ ထိုင်တော်မူခဲ့၏။ ယေရှုက မိမိ ဝေဒနာနှင့် သေခြင်း မခံမှီ သူတို့နှင့်အတူ ပသခါပွဲ စားသုံးဖို့ရန် အလွန်ဆန္ဒရှိခဲ့ကြောင်း မိန့်တော်မူခဲ့ပါသည်။ ဤအချက်က တပည့်တော်များနှင့် ပေါင်းဘော်ခြင်း၊ မိသာဟာရဖွဲ့ခြင်းကို သူ အလွန် တန်ဖိုးထားကြောင်း ပေါ်လွင်စေခဲ့ပါသည်။ ဤညစာစားပွဲသည် သူတို့နှင့်အတူ စားသုံးသော နောက်ဆုံး ညစာစားပွဲဖြစ်ခဲ့ပါသည်။ ထို့ပြင် မိမိကြွလာတောမူသည့်အချိန်၊ သိုးသငယ်၏ မင်္ဂလာပွဲ မတိုင်မှီအထိ ဤစပျစ်ရည်ကို မိမိ နောက်ထပ် သောက်ရတော့မည် မဟုတ်ကြောင်းလည်း မိန့်တော်မူခဲ့ပါသည် (ဗျာ ၁၉း၉)။

**ဆင်ခြင်ရန်** - စာတန်ကို နေရာ မပေးရပါ။

**ဆုတောင်းချက်-** အဖဘုရား၊ စာတန်၏ သွေးဆောင်မှုကို ဆီးတားနိုင်မည်အကြောင်း ခွန်အားပေးတော်မူပါ။

စနေ၊ စက်တင်ဘာ (၁၃)

**မသဲ** ၂၆း၁-၁၃

ယော၁၂း၂-၈

*"ငါ့အလောင်းကို သင်္ဂြိုလ်မည်ဟု ပြင်ဆင်ခြင်းငှါ ပြုသတည်း"*

## သင်္ဂြိုလ်ခြင်းအတွက် ဆီလိမ်းခြင်း

ယေရှုက မိမိသေမည့်အကြောင်းကို ငါးကြိမ်မြောက် နှင့် နောက်ဆုံးအကြိမ်အဖြစ် ယခု ကြိုတင်ဟောခဲ့ပါ၏။ ယေရှုသည် သစ္စာဖောက်ခြင်းခံလျက်၊ ပသခါပွဲခံ ပြီးသည်နှင့် တဆေးမပါသော မုန့်ပွဲတော်၏ ပထမနေ့တွင် ကားတိုင်ပေါ်၌ တင်သတ်ခြင်း ခံမည်ဖြစ်ပါသည်။ ယုဒခေါင်းဆောင်များသည် ယေရှုကို သတ်ဖို့ရန် ကြိုတင်ပြင်ဆင်ခဲ့ကြပြီဖြစ်၏။ လူထု ပုန်ကန်မှု ပေါ်ပေါက်မည်ကို စိုးရိမ်ကြသောကြောင့်၊ ပသခါပွဲ ကာလတွင် ထိုအစီအစဉ် မဆောင်ရွက်ဖို့ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ ယေရှုသည် မိမိသေမည့် နေ့ကို အစကတည်းမှ သတ်မှတ်ခြင်းဖြင့်၊ ထိုလူများက ဟုတ်ဘဲ၊ ဘုရားသခင်က မိမိအချိန်ကို ချိန်းချက်တော်မူကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ပြင်၊ သမ္မာကျမ်းစာသည် ပြည့်စုံခြင်း ရှိရပါမည်၊ ယေရှုသည် စစ်မှန်သော ပသခါ သိုးသငယ်ဖြစ်ရပါမည် (ထွက် ၁၂၊ ဟေရှာ ၅၃)။

နူနာစွဲ ရှိမုန်သည် သန့်ရှင်းစေခြင်း ခံရလျက် အလွန်ဝမ်းမြောက်ခြင်းရှိပြီး၊ ယေရှုအား မိမိအိမ်သို့ ဖိတ်ခေါ် ခဲ့ပါသည်။ ဤအမှုသည် ယေရှု ယေရုရှလင်မြို့သို့ လာတိုင်း တည်းလေ့ရှိသည့်၊ လာဇရု၊ မာသနှင့် မာရိတို့၏ မြို့ ဗေသနိတွင် ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ရှိမုန်သည် သူတို့ကိုလည်း ညစာစားပွဲသို့ ဖိတ်ခေါ် ခဲ့ပါလိမ့်မည်။ မာသသည် ထုံးစံအတိုင်း ဧည့်ခံခြင်းအမှု၌ အလုပ်ရှုပ်နေခဲ့ပြီး၊ လာဇရုသည် ယေရှုနှင့်အတူ စားပွဲ၌ ထိုင်နေ၏။ မာရိသည် အလွန် ထူးခြားသောအမှုကို ပြုခဲ့ပါသည်။ အလွန်တန်ဖိုးကြီးသော ဆီမွှေးကျောက်ဖြူခွက်တလုံးဖြင့် သူသည် ယေရှုအား လိမ်းခဲ့ပါသည်။ ယေရှု၏ ခေါင်းပေါ်သို့ လောင်းလျက်၊ ခြေထောက်ကို သူမ၏ ဆံပင်ဖြင့် သုတ်ပေးခဲ့ပါသည်။ သခင်ယေရှု တကိုယ်လုံး၊ ခေါင်းမှ ခြေအထိ သုတ်လိမ်းဖို့ရန် ဆီမွှေးသည် လုံလောက်ခဲ့ပါသည်။ တအိမ်လုံး ဆီမွှေးအနံ့ဖြင့် မွှေးကြိုင်ခဲ့ပါသည်။

သို့သော်လည်း၊ တပည့်တော်များက ဖြုန်းတီးခြင်းဟု မြင်ခဲ့ကြ၏။ ယုဒရှင်ကာရုတ်က မာရိ ပြုသောအမှုသည် ဖြုန်းတီးခြင်းသက်သက်ဖြစ်သည်ဟု ဆိုခဲ့ပါသည်။ ထိုဆီမွှေးကို ဈေးကြီးဖြင့် (လူတစ်ဦး၏ တစ်နှစ်လုပ်အားခလောက်သော တန်ဖိုး) ရောင်းလျက် ဆင်းရဲသားများကို ပေးခဲ့သင့်သည်ဟု ဆို၏။ ယောဟန်က ထိုသို့ ယုဒဆိုခြင်းမှာ သူသည် သူတပါးအပေါ် သနားကြင်နာခြင်း ရှိသောကြောင့် မဟုတ်ဘဲ၊ သူခိုး ဖြစ်သောကြောင့်ဟု ချက်ချင်း ဖော်ပြခဲ့ပါသည်။ သူသည် ငွေအိတ်ကိုင်ဆောင်သောသူဖြစ်၍ ငွေကို ခိုးယူတတ်သောသူဖြစ်ပါသည်။ ယေရှုကိုလည်း ငွေဒင်္ဂါး သုံးဆယ် (တလ လုပ်အားခ) ဖြင့် ရောင်းစားခဲ့သည်မှာ အံ့သြစရာ မရှိပါ။

ယေရှုက မာရိကို ကာကွယ်ခဲ့ပါသည်။ သူမ၏ စိတ်သဘောကို သိမြင်တော်မူ၏။ သခင်ယေရှုကို ချစ်၍ ထိုအမှုကို ပြုသည်သာမက၊ သင်္ဂြိုလ်ခြင်းအတွက် ပြင်ဆင်ခြင်းလည်းဖြစ်ပါသည်။ မာရိသည် ယေရှု၏သွန်သင်ချက်များကို စေ့စေ့နားထောင်သော တပည့်ဖြစ်ခဲ့ပါသည်။ ယေရှုသွန်သင်တော်မူသော စကားတိုင်းကို နှလုံးသွင်း ဆင်ခြင်သောသူ ဖြစ်ပါသည်။ ယေရှု၏ အသေခံမည့်အကြောင်း ကြိုတင်ဟောပြောချက်ကို ဝိညာဉ်တော် ပေးတော်မူသော ဉာဏ်အလင်းအားဖြင့် သူသည် ယုံကြည်ခဲ့ပါသည် (မသဲ ၂၆း၂ နှိုင်း - ၁၆း၂၁)။

**ဆင်ခြင်ရန်** - ယေရှုအတွက် ကျွန်တော် အကောင်းဆုံး လုပ်ဆောင်ပြီးပြီလား။

**ဆုတောင်းချက်-** အဖဘုရား၊ မာရိကဲ့သို့ ကိုယ်တော်အတွက် အကောင်းဆုံး လုပ်ဆောင်မည် အကြောင်း မစတော်မူပါ။



တနင်္ဂနွေ၊ ဇူလိုင် (၂၀)

**လု ၁၁း၃၇-၄၄**

သု ၂၁း၂-၃

*"ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာ ရှိကြ၏"*

## ယေရှု နှင့် ဟန်ဆောင်သောသူများ (၁)

ယေရှုသည် ဖာရိရှဲတဦး၏ မိမိအိမ်၌ တပည့်တော်တို့နှင့်တကွ စားသောက်ဖို့ရန် ဖိတ်ခေါ်မှုကို လက်ခံခဲ့ပါသည်။ ယေရှုသည် ထိုင်သောအခါ၊ ဖာရိရှဲများက စတင် စွပ်စွဲခဲ့ကြပါသည်။ အစာမစားမီ လက်မဆေးဘဲနေသည်ဟု ယေရှုအား စွပ်စွဲ အပြစ်တင်ကြ၏။ ဤအမှုသည် တကိုယ်ရည် သန့်ရှင်းမှုနှင့် မဆိုင်ပါ။ ထုံးတမ်းစဉ်လာ သန့်ရှင်းစေခြင်းနှင့် ဆိုင်သောအမှုဖြစ်ပါသည်။ ဖာရိရှဲတို့သည် အစာမစားမီ မိမိတို့၏လက်ကို ထုံးတမ်းစဉ်လာအရ ဆေးကြောတတ်ကြ၏။ သူတို့သည် သာသာတရား ကိုင်းရှိုင်းကြောင်း ပြသခြင်း တမျိုးပင်ဖြစ်ပါသည်။ ထို့ကြောင့်၊ သူတို့သည် ယေရှုအား ထုံးတမ်းစဉ်လာ သန့်ရှင်းခြင်းကို မလိုက်လျှောက်သောသူဟု ငြင်းပယ်ခဲ့ကြခြင်းဖြစ်ပါသည်။

ယေရှုက သူတို့၏ ဟန်ဆောင်ခြင်းအမှုကို ဆုံးမတော်မူခဲ့ပါသည်။ ဘုရားသခင်ဖြစ်တော်မူသည်ဖြစ်သောကြောင့် သူတို့၏စိတ်ကို သိမြင်တော်မူ၏။ ဤဖာရိရှဲတို့သည် အပြင်ပန်းသဘောတွင် သန့်ရှင်းစင်ကြယ်ခြင်း ရှိကြသော်လည်း၊ အတွင်းပိုင်းတွင်မူ အညစ်အကြေးနှင့် ပြည့်လျက်ရှိကြ၏။ သူတို့သည် မောရှေ၏ ပညတ်တရားက မတောင်းလျှောက်သော သေးငယ်သည့်အရာ၊ ပင်စိမ်းရွက်မှအစ ဆယ်ဘို့တဘို့ကို ပေးကြပြီး (တောင်းလျှောက်သောအရာများကား၊ စပါး၊ စပျစ်ရည်နှင့် ဆီဖြစ၏)၊ ပညတ်တရား၏ အဓိကကျသောအရာ၊ တရားမျှတခြင်းနှင့် ဘုရားသခင် ချစ်ခြင်း စသည်တို့ကို ပစ်ပယ်ထားကြပါသည်။ သခင်ဘုရားက သူတို့အပေါ် အမင်္ဂလာများစွာ မြွက်ဆို တော်မူခဲ့ပါသည်။ သူတို့၏ အချည်းနှီးသော ချီးမြောက်ခြင်း၊ ပညတ်တရား ဟန်ဆောင်လိုက်လျှောက်ခြင်း၊ ပရောဖက်များအပေါ် မုန်းတီးခြင်း၊ မှားယွင်းသော သွန်သင်ခြင်း၊ မျက်နှာနှစ်ခု ပိုင်ဆိုင်ခြင်း တို့ကြောင့် ကျိန်ခြင်းခံခဲ့ကြရပါသည်။ ဟန်ဆောင်ခြင်း တဆေးကို သတိပြုကြပါလော့။ ထိုသို့သောအပြစ်ကို လူရှေ့၌ ဖုံးကွယ်၍ ရသော်လည်း၊ စိတ်နှလုံးကို စစ်ကြောတော်မူသော ဘုရားသခင် ရှေ့၌ ဖုံးကွယ်၍ မရပါ။ ယေရှုက၊ "ဖုံးထားလျက် ရှိသမျှတို့သည် ပွင့်လိမ့်မည်။ ဆိတ်ကွယ်ရာ၌ ရှိသမျှတို့သည်လည်း ထင်ရှားလိမ့်မည်" ဟု မိန့်တော်မူခဲ့၏။

**ဆင်ခြင်ရန်** - "ဟန်ဆောင်သောသူများသည် ကြိုးစားအားထုတ်မှု ဝတ်လုံ အောက်၌ ပုန်းခိုတတ်ကြ၏။" (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော် ဟန်ဆောင်သောသူ မဖြစ်လိုပါ။

တနင်္လာ၊ ဇူလိုင် (၂၁)
**လု ၁၁း၄၅-၁၂း၁၂**
တမန် ၄း၈-၂၁

*"ဟန်ဆောင်ခြင်းတည်းဟူသော ဖာရိရှဲတို့၏ တဆေးကို သတိပြုကြလော့"*

# ယေရှု နှင့် ဟန်ဆောင်သောသူများ (၂)

ယေရှုသည် ကျမ်းပြုဆရာများကိုလည်း သူတို့၏ဟန်ဆောင်မှုကြောင့် အပြစ်တင်ခဲ့ပါသည်။ သူတို့သည် စံနှုန်းနှစ်ခုကို အသုံးခဲ့ကြပါသည်။ ကျမ်းစာပြင်ပ ဥပဒေသများစွာကို လူတို့ လိုက်လျှောက်ဖို့ရန် ပြုလုပ်ခဲ့ကြပြီး၊ သူတို့ကိုယ်တိုင်က မလိုက်လျှောက်ခဲ့ကြပါ။ သူတို့၏အဘများက ဘုရားသခင်၏ ပရောဖက်များကို သတ်ခဲ့ကြ၏။ ယခုတွင် ထိုပရောဖက်များ၏ အုတ်ဂူများကို အလှဆင်လျက် အရိုအသေ ပေးခဲ့ကြပါသည်။ သူတို့ ပြုသောအမှုသည် စစ်မှန်သော နောင်တရခြင်း မဟုတ်ဘဲ၊ ဟန်ဆောင်မှုသာ ဖြစ်ပါသည်။ အဘများ ပြုသောအမှု၌ ဝမ်းနည်းခြင်း ရှိသောကြောင့် မဟုတ်ဘဲ၊ လူတို့ရှေ့၌ ဘာသာတရားကိုင်းရှိုင်း သယောင် ပေါ်လွင် လိုသောကြောင့် ထိုသို့ ပြုကြခြင်း ဖြစ်ပါသည်။ သူတို့သည် အဘများပြုခဲ့သောအမှုကို နိဂုံးချုပ်ခဲ့ကြသည်ဟု ယေရှု မိန့်တော်မူ၏။ ပရောဖက်များကို သတ်ခဲ့သော အဘများနှင့် အတူတူပင် ဖြစ်ကြပါသည်။ အချိန်တန်သောအခါ၊ သူတို့သည် သခင်ယေရှုကို သတ်လိမ့်မည်ဖြစ်ပါသည်။ တမန်တော်၊ ယာကုပ် (တမန် ၁၂း၂)၊ ပေတရု (ယော ၂၁း၁၈-၁၉) တို့သည်လည်း သူတို့၏လက်ဖြင့် သေကြလိမ့်မည်ဖြစ်ပါသည်။ ယေရှုက ပရောဖက် အပေါင်းတို့၏အသွေးကို သူတို့၏လက်၌ ပြန်တောင်း လိမ့်မည်ဖြစ်ကြောင်း မိန့်တော်မူ၏။

ယေရှု၌ မိမိကို သတ်လိုသော ရန်သူများစွာ ရှိ၏။ တပည့်တော်တို့အား စိုးရိမ်ခြင်း မရှိဖို့ရန် မိန့်တော်မူ၏။ ထိုသူတို့သည် ကိုယ်ခန္ဓာကို သတ်နိုင်သော်လည်း၊ ဝိညာဉ်ကိုမူ မသတ်နိုင် ကြပါ။ မိမိလူတို့ကို ညှင်းပန်းနှိပ်စက်သော၊ သတ်သောသူတို့အား သခင်ဘုရားက သတိပေးတော်မူ၏။ ဘုရားသခင်သည် ခန္ဓာကိုယ်နှင့်ဝိညာဉ်ကို ငရဲသို့ ပစ်ချနိုင်သော တန်ခိုးရှိကြောင်း သိမှတ်ကြဖို့ သတိပေးတော်မူခဲ့ပါသည်။ "အသက်ရှင်တော်မူသော ဘုရားသခင်၏ လက်တော်သို့ ကျရောက်ခြင်း အမှုသည် ကြောက်မက်ဘွယ် သောအမှု ဖြစ်သတည်း" (ဟေဗြဲ ၁၀း၃၁)။

ယေရှုက တပည့်တော်တို့အား ရဲရင့်ခြင်းရှိဖို့ရန် အားပေးတော်မူ၏။ ယေရှု၏နာမတော်ကို ဝန်ခံခြင်းအမှု၌ သူတို့သည် ရှက်ကြောက်စရာ မလိုပါ။ အစိုးရသောသူတို့သည် ယုံကြည်သူများကို ပေးခွန်းထုတ်သောအခါ၊ အဖြေပေးဖို့ရန် ကြောက်ရွံ့တုန်လှုပ်စရာ မလိုပါ။ "ထိုခဏချင်းတွင် အဘယ်သို့ ပြောရမည်ကို သန့်ရှင်းသော ဝိညာဉ်တော်သည် အကြံပေးမည်ဟု မိန့်တော်မူ၏။" ထိုသို့သော ခက်ခဲသောအချိန်၌ ဝိညာဉ်တော်သည် စဉ်းစားနိုင်သောတန်ခိုးနှင့် ပြောဆိုနိုင်သောတန်ခိုးကို ယုံကြည်သူများအား ပေးတော်မူလိမ့်မည် (ဥပမာ၊ တမန် ၄း၈-၁၄၊ ၁၉-၂၀ ၌ တွေ့ရသော ပေတရု၊ တမန် ၂၁း၃၉-၂၂း၂၁၊ ၂၃း၁၊ ၆၊ ၂၄း၁၀-၂၁၊ ၂၆း၁-၂၃ ၌ တွေ့ရသော ပေါလု)။

**ဆင်ခြင်ရန်** - "ဟန်ဆောင်ခြင်းသည် အစဉ် မာနထောင်လွှားခြင်းရှိ၍ ကြမ်းကြုတ်တတ်၏" (Calvin)။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် နှိမ့်ချသောစိတ်သဘောရှိလျက်၊ သနားကြင်နာခြင်း ရှိမည်အကြောင်း မစတော်မူပါ။



သောကြာ၊ စက်တင်ဘာ (၁၂)
**မသဲ ၂၄း၁၅-၃၉**
၂ သက် ၂

*"လူသားသည် ကြီးစွာသော ဘုန်းတန်ခိုး အာနုဘော်ကို ဆောင်လျက်၊ မိုးတိမ်ကို စီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်"*

# ယေရှု ဒုတိယအကြိမ် ကြွလာတော်မူခြင်း (၂)

ယေရှုကလည်း ဒံယေလ၏ "ဖျက်ဆီးတတ်သော ရွံရှာဘွယ်အရာ" (ဒံ ၉း၂၇၊ ၁၂း၁၁) ကို မသဲ ၂၄း၁၅ တွင် ဖော်ပြတော်မူခဲ့ပါသည်။ ဤအရာသည် ခုနှစ်နှစ် ဘေးဒဏ်ကြီးကာလ အချိန် တဝက်တွင် ယုဒလူများ၏ ဗိမာန်တော်အား အန္တိခရစ်မှ ညစ်ညူးစေမည့်အမှုဖြစ်ပါသည် (ဒံ ၉း၂၇)။ ခုနှစ်နှစ် ဘေးဒဏ်ကြီးကာလတွင်း၊ "လလေးဆယ်နှစ်လ" (ဗျာ ၁၁း၂၊ ၁၃း၅)၊ သို့မဟုတ် "အရက် တထောင်နှစ်ရာခြောက်ဆယ်" (ဗျာ ၁၂း၆)၊ သို့မဟုတ် "တကာလ၊ နှစ်ကာလ၊ ကာလတဝက်" (ဒံ ၇း၂၅၊ ၁၂း၇၊ ဗျာ ၁၂း၁၄) ကုန်ဆုံးသောအခါ၊ အန္တိခရစ်သည် တကမ္ဘာလုံး လူအပေါင်းတို့ကို မိမိအား ဝတ်ပြုကိုးကွယ်ကြဖို့ရန် အမိန့်ပေးလိမ့်မည် (ဗျာ ၁၃း၅-၈၊ ၂ သက် ၂း၁-၄)။ ထိုအမှုကို ဘုရားသခင်သည် အလွန်မုန်းတီး ရွံရှာစရာကောင်းသောအမှုဟု ဆိုပါ၏။

အန္တိခရစ် ညစ်ညူးစေဖို့ရန် ယေရုရှလင်မြို့တွင် ဗိမာန်တော် ပြန်လည် တည်ဆောက်မည်လော။ Rev Dr Timothy Tow က ဤသို့ ရှင်းပြပါသည် - "ကျမ်းတတ်ပုဂ္ဂိုလ်များက ဓမ္မဟောင်း ယဇ်ပူဇော်ခြင်း ပြန်လည် နိုးထမည်ဖြစ်သောကြောင့်၊ ထိုအချိန်တွင် ဗိမာန်တော် ပြန်လည် တည်ဆောက်မည်ဟု ဆိုကြပါသည် . . . ကျွန်ုပ်အမြင်အရ၊ ဗိမာန်တော် ထိုအချိန်၌ ပြန်လည် တည်ဆောက်မည် မဟုတ်ပါ။ အကြောင်းမှာ၊ မောရှေ၏ တဲတော်နှင့် ရှောလမုန်၏ ဗိမာန်တော်၊ ထို့ပြင် ကုရု၏ အမိန့်တော်ဖြင့် ဗိမာန်တော် ပြည်လည်တည်ဆောက်ခြင်းတို့တွင် (ဧဇ ၁း၁-၂) ထိုသို့ တည်ဆောက်ဖို့ရန် ခိုင်းစေဖော်ပြချက်ကို တွေ့ရပါသည်။ သို့သော်လည်း ဘေးဒဏ်ကြီးကာလ အတွက် ဗိမာန်တော် တည်ဆောက်ဖို့ရန် ခိုင်းစေချက် မတွေ့ရပါ။ ဒါဝိဒ် ကပင် မိမိလက် သွေးစွန်းသောကြောင့် ဗိမာန်တော် တည်ဆောက်ခွင့် မရခဲ့ပါ (၁ ရာ ၂၈း၃)။ မိမိလက် စင်ကြယ်၍ စိတ်နှလုံး သန့်ရှင်းသောသူမှအပ၊ ဘုရားသခင်၏ သန့်ရှင်းသော တောင်တော်သို့ မတက် နိုင်ကြပါ (ဆာလံ ၂၄း၄)။ ယေဇ ၄၀-၄၈ တွင် တွေ့ရသည်အတိုင်း၊ နှစ်တထောင် အုပ်စိုးခြင်းကာလ၌ ဗိမာန်တော် ပြန်လည် တည်ဆောက်ခြင်း ရှိပါလိမ့်မည်။"

သို့ဆိုလျှင်၊ ဤအချက်သည် ၂ သက် ၂း၃-၄ တွင် တွေ့ရသော ပေါလု၏ ကြိုတင်ဟောထားချက်နှင့် မည်သို့ ကိုက်ညီနိုင်ပါမည်နည်း။ Dr Tow က ထိုအမှုသည် "ယေရုရှလင်မြို့ အနောက်ဘက်ရှိ ကြီးမြတ်တော်မူသော တရားစရပ် ထဲသို့ အတင်းဝင်ရောက် နှောင့်ယှက်ခြင်း ဖြစ်ပါလိမ့်မည်။ ထိုနေရာသည် ယုဒလူများ၏ အသန့်ရှင်းဆုံးနေရာဖြစ်ပါသည်" ဟု ဆိုပါသည်။

ဘေးဒဏ်ကြီးကာလကို သင် မကျော်ဖြတ်ဘဲ နေရပါမည်လော။ ယုံကြည်သူများသာလျှင် ကျရောက်လာမည့် ဘုရားသခင်၏အမျက်တော်မှ လွတ်မြောက်လိမ့်မည် (၁ သက် ၅း၉)။ ယနေ့ ယေရှုကို ယုံကြည်ခြင်း ရှိပါလော့။ "သင်သည် ခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူ ပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်" (ရော ၁၀း၉)။ ထို့ကြောင့်၊ ယခု အသင့်ရှိပါလော့။ သစ္စာရှိသော အစေခံကျွန် ကဲ့သို့၎င်း (မသဲ ၂၄း၄၄-၅၁၊ ၂၅း၁၄-၃၀)၊ သမာသတိရှိသော မိန်းမပျိုများကဲ့သို့ (မသဲ ၂၅း၁-၁၃) ဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - Rev Dr Timothy Tow ရေးသားသော၊ ဒံယေလ အနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်း အနက်ဖွင့် ရှင်းလင်းချက်ကို လေ့လာပါ။

**ဆုတောင်းချက်-** အဖဘုရား၊ ယခု နောက်ဆုံးသောကာလတွင်၊ ကိုယ်တော်၏အမှုတော်ကို စိတ်နှလုံး အကြွင်းမဲ့ ဆောင်ရွက်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၁၁)

**မသဲ ၂၄း၁-၁၄**

၁ တိ ၄

*"သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှါ သတိပြုကြလော့"*

## ယေရှု ဒုတိယအကြိမ် ကြွလာတော်မူခြင်း (၁)

ဤတရားဟောချက်သည် နောက်ဆုံးကာလအကြောင်းပင်ဖြစ်ပါသည်။ "ထိုအမှုအရာတို့သည် အဘယ်ကာလမှ ဖြစ်မည်ကိုင၎်း၊ ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာ ကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကိုင၎်း အမိန့်ရှိတော်မူပါ" ဟူသော တပည့်တော်တို့၏ မေးခွန်း ဖြေကြားချက် ဖြစ်ပါသည်။

သခင်ယေရှုက မိမိပြန်လည် ကြွလာတော်မည့်အချိန်၌ ကမ္ဘာတွင် မည်သို့ဖြစ်မည်ကို ဖော်ပြတော်မူခဲ့ပါသည်။ ကြွလာတော်မူမည့်အချိန်၏ နိမိတ်လက္ခာတို့သည် အောက်ပါအတိုင်းဖြစ်ပါသည်။ (၁) ဘာသာရေး နိမိတ်လက္ခဏာများ၊ မှားယွင်းသော ခရစ်များနှင့် မှားယွင်းသော ပရောဖက်များ၊ (၂) စစ်နှင့်ဆိုင်သော နိမိတ်လက္ခဏာများ၊ "စစ်တိုက်ခြင်း အကြောင်းကိုင၎်း၊ စစ်တိုက်အံ့သော သိတင်းစကားကိုင၎်း ကြားရကြလိမ့်မည်၊" "လူတမျိုးနှင့်တမျိုး တနိုင်ငံနှင့်တနိုင်ငံ ရန်ဘက် ပြုကြလိမ့်မည်၊" (၃) ကမ္ဘာ စကြာဝဠာ နှင့်ဆိုင်သော နိမိတ်လက္ခဏာများ၊ "အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာ များပြားခြင်း၊ မြေကြီးလှုပ်ခြင်း . . . မိုးကောင်းကင်၌လည်း ကြောက်မက်ဘွယ်သောအရာနှင့် ကြီးစွာသော ပုပ္ပနိမိတ်တို့သည် ပေါ်ထွန်းကြလိမ့်မည်။" ပထမ တံဆိပ် လေးချက် ရှုပါရုံသည် မသဲ ၂၄း၆-၈ ၌တွေ့ရသော အချက်များနှင့် အတူတူပင်ဖြစ်ပါသည်ဟု Rev Dr Timothy Tow ကဆိုပါသည် - "ငြိမ်ချမ်းခြင်း၊ စစ်ပွဲ၊ အနာရောဂါနှင့် သေခြင်းတည်းဟူသော ထိုမြင်းစီး လေးပါးတို့သည် တခုပြီးတခု ဖြစ်ပျက်နေမည့်အရာများ ဖြစ်ပါသည်။ ခရစ်တော် ဒုတိယအကြိမ် ကြွလာတော်မူသည်အထိ ဤကမ္ဘာ၌ ထိုသို့ ဖြစ်ပျက်ပါလိမ့်မည်။ နောက်ဆုံး ဘေးဒဏ်ကြီးကာလ၌သာ ဖြစ်ပျက်မည့်အရာဟု မသတ်မှတ်သင့်ပါ။ အမှန်ဆိုလျှင်၊ ဤလေးပါး၊ ငြိမ်းချမ်းခြင်း၊ စစ်ပွဲ၊ အနာရောဂါနှင့် သေခြင်းတို့သည် ခရစ်တော် ကောင်းကင်ဘုံသို့ တက်သွားခြင်းနှင့် ဒုတိယအကြိမ် ကြွလာတောမူခြင်း အကြား ဖြစ်ပျက်သောအရာများ ဖြစ်ပါသည်" (*Coming World Events Unveiled*, 32)။

အခြားသော နိမိတ်လက္ခဏာများမှကား၊ (၄) လူမှုရေး နိမိတ်လက္ခဏာများ၊ ဘုရားသခင်၏ လူတို့အား ညှဥ်းပန်းနှိပ်စက်ခြင်း၊ မိမိသားစု ပြိုကွဲခြင်းနှင့် အကျင့်ပျက်ခြင်း၊ (၅) နိုင်ငံရေး၊ ဣသရေလသည် ဂတိတော်ပြည်၌ ပြန်လည် အခြေချမည် (မသဲ ၂၄း၃၂ နှိုင်း - ယေ ၂၄၊ ယောလ ၁း၆-၇၊ ဟောရှေ ၉း၁၀၊ ဟေရှာ ၁၁း၁၁-၁၂ ၌တွေ့ရသော သဖန်းပင် နိမိတ်လက္ခဏာ၊ ဣသရေလသည် မေလ ၁၄ ၁၉၄၈ တွင် တိုင်းပြည်တပြည် ဖြစ်လာခဲ့ပါပြီ)၊ ဖြစ်၍ အခြားတိုင်းပြည်များက တိုက်ခိုက်ခြင်း၊ (၆) ဧဝံဂေလိနှင့်ဆိုင်သော နိမိတ်လက္ခဏာ၊ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည် အကြောင်း နိုင်ငံတော်နှင့်ယှဥ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံ အရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။" ယေရှုက၊ "ထိုအမှုအရာတို့သည် ဖြစ်စရှိသောအခါ၊ သင်တို့ကို ရွေးနှုတ်သော အချိန်ကာလ ရောက်လု နီးသည်ကို ထောက်သဖြင့်၊ မြော်ကြည့်၍ ခေါင်းကို ကြွကြလော့" ဟု မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ပရောဖက်ပြုချက်များကို လေ့လာလျက်၊ ထိုအချက်များကို ဆင်ခြင်အောက်မေ့သော သူတို့ကို ဘုရားသခင် ကောင်းကြီးပေးတော်မူ၏ (ဗျာ ၁း၃)။

**ဆုတောင်းချက်-** အဖဘုရား၊ နောက်ဆုံးကာလနှင့်ဆိုင်သော ပရောဖက်ပြုချက်များကို နားလည်မည်အကြောင်း ကိုယ်တော်၏သန့်ရှင်းသော ဝိညာဉ်တော်သည် အကျွန်ုပ်အား မစတော်မူပါစေသော။



အင်္ဂါ၊ ဇူလိုင် (၂၂)

**လု ၁၂း၁၃-၃၄**

သု ၂၃း၄-၅

*"လောဘလွန်ကျူးခြင်းကို သတိနှင့် ကြဉ်ရှောင် ကြလော့"*

## ယေရှုလော၊ ငွေကြေးလော

ယေရှုက လိုအပ်သည်ထက် ပိုလိုချင်သော လောဘ မရှိဖို့ရန် သတိပေးတော်မူ၏။ လောကီ စိတ်သည် စည်းစိမ်ဥစ္စာ တပ်မက်ခြင်းရှိ၏။ ငွေကြေးနှင့် စည်းစိမ်ဥစ္စာကို လိုချင်တပ်မက်လျက်ရှိပါသည်။ ကျေနပ်ရောင့်ရဲခြင်းကို သိနားလည်ခြင်း မရှိပါ။ လူများတို့သည် ပိုများသော ဝင်ငွေ၊ ပိုကြီးသော အိမ်၊ ကား စသည်တို့ကို တောင့်တကြပြီး၊ ချမ်းသာသောသူ၊ အာဏာရှိသောသူများနှင့် တန်းတူ နေထိုင်လိုကြ၏။ ယေရှုက ထိုအမှုကို ဆန့်ကျင်လျက်၊ "လောဘလွန်ကျူးခြင်းကို သတိနှင့် ကြဉ်ရှောင် ကြလော့။ အကြောင်းမူကား၊ စည်းစိမ် ရှိသော်လည်း စည်းစိမ်၌ အသက် မတည်ဟု မိန့်တော်မူ၏။"

အဘယ်သူသည် မိုက်မဲသောသူ ဖြစ်သနည်း။ "ကိုယ်အဘို့ ဘဏ္ဍာများကို ဆည်းဖူး၍၊ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသောသူ" ပင်ဖြစ်ပါသည်။ လောဘကြီးခြင်းသည် အလွန် ကြောက်စရာ ကောင်းလှပါသည်။ သို့သော်လည်း၊ "ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွါးမှန်၏။ အကြောင်းမူကား၊ ငါတို့သည် ၍လောကထဲသို့ အဘယ်အရာမျှ မပါဘဲ လာသည်ဖြစ်၍ ထွက်သွား လျှင်လည်း၊ အဘယ်အရာကိုမျှလူ၍ မသွားနိုင်ဟု ထင်ရှားလျက်ရှိ၏။ သို့ဖြစ်၍ စားရန်၊ ဝတ်ရန်၊ ရှိသမျှနှင့် ရောင့်ရဲလျက်နေကြကုန်အံ့။ ငွေရတတ်ခြင်းငှါ အလိုရှိသော သူတို့သည် အပြစ် သွေးဆောင်ခြင်း၊ ဘမ်းမိခြင်း၊ မိုက်မဲ ဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ် ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌ နစ်မွန်းတတ်ကြ၏။ အကြောင်းမူကား၊ ငွေကို တပ်မက်ခြင်းသည် မကောင်းသောအမှု အပေါင်းတို့တွင် မူလအမြစ်ဖြစ် သတည်း။ လူအချို့တို့သည် ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်းတရား လမ်းမှ လွဲသွား၍၊ ပူပန်ခြင်း ဝေဒနာများနှင့် ကိုယ်ကိုကိုယ် ထုတ်ချင်းခပ်အောင် ထိုးကြပြီ။ သို့ဖြစ်၍၊ အိုဘုရားသခင်၏ လူ၊ သင်သည် ထိုအပြစ်များကို ကြဉ်ရှောင်လော့ . . . " (၁ တိ ၆း၆-၁၁)။

ရွှေ ငွေ ထက် ယေရှုကို ကျွန်တော် ပိုင်ဆိုင်လိုပါ၏၊<br>
မရေတွက်နိုင်သော စည်းစိမ် ပိုင်ဆိုင်ခြင်း ထက်၊ ကိုယ်တော်၏ ကျွန်ဖြစ်လိုပါ၏၊<br>
အိုးအိမ် ထက် ယေရှုကို ကျွန်တော် ပိုင်ဆိုင်လိုပါ၏၊<br>
ကိုယ်တော့်လက်တော်၏ လမ်းပြမှုကို ကျွန်တော် လိုချင်ပါ၏<br>
ကျယ်ပြန့်သောပြည်ကို အုပ်စိုးသော ဘုရင် ဖြစ်ခြင်း ထက်<br>
အပြစ်၏နှောင့်ယှက်ခြင်းမှ ကွယ်ကာခြင်းကို ခံလိုပါ၏၊<br>
ဤလောကီ အရာအားလုံး ထက်<br>
ယေရှုကိုသာ ကျွန်တော် ပိုင်ဆိုင် လိုပါ၏။

**ဆင်ခြင်ရန်** - "လောကီအရာနှင့် မိမိဇာတိအလိုဘက်၌ မသေသောသူသည် ကောင်းကင်နိုင်ငံနှင့်ဆိုင်သော အသက်တာအကြောင်းကို မဆင်ခြင်နိုင်ပါ။" (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ ငွေအတွက် မဟုတ်ဘဲ၊ ကိုယ်တော့်အတွက် အလုပ် လုပ်လိုပါ၏။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၃)
လု ၁၂း၃၅-၄၈
၁ သက် ၅း၁-၁၁

*“ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက် နေကြလော့”*

## ယေရှု မကြာမီ ပြန်လည်ကြွလာတော်မူမည်

ယေရှု ခရစ်တော်က မိမိသည် အချိန်မရွေး ကြွလာတော်မူနိုင်ကြောင်း မိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့် မိမိလူတို့အား အစဉ် အသင့် ရှိနေကြဖို့ရန် တိုက်တွန်းခဲ့ပါသည်။

သာဓကအားဖြင့်၊ ယေရှုက တပည့်တော်များအား မိမိကြွလာတော်မူသောအခါ စစ်မှန်သော ယုံကြည်သူနှင့် မှားယွင်းသော ယုံကြည်သူ ဟူ၍ နှစ်မျိုး နှစ်စား ရှိမည်ဟု မိန့်တော်မူခဲ့၏ (နှိုင်း - မသဲ ၂၄း၄၂-၂၅း၁၃)။ စစ်မှန်သော ယုံကြည်သူများသည် ဘုရားသခင်၏အလိုတော်ကို ပြုလျက် နေခဲ့ကြလိမ့်မည်။ မှားယွင်းသောသူများသည် ဆန့်ကျင်ဘက်အမှုကို ပြုကြလိမ့်မည်။ ထိုသူတို့သည် နှင်ထုတ်ခြင်းကို ခံရလျက်၊ မယုံကြည်သူများနှင့်အတူ ရေတွက်ခြင်း ခံကြလိမ့်မည်။ သိုးစုမှ ဆိတ်များကို ခွဲသကဲ့သို့၊ စပါးမှ တောမျိုးစေ့ကို ခွဲသကဲ့သို့ ခွဲခြားခြင်း ခံရကြလိမ့်မည်။ သူတို့သည် ယုံကြည်သူဟု မိမိကိုယ်ကို ဆိုကြသော်လည်း၊ အတုများသာဖြစ်ကြ၏။ သူတို့ပြုသော အမှုအားဖြင့် မယုံကြည်သောသူများဖြစ်ကြောင်း ပေါ်လွင်လှပါသည်။ ခရစ်ယာန်ဟု မိမိကိုယ်ကို ခေါ်ကြသော်လည်း၊ ဤလောကီလူများနှင့် ခြားနားခြင်း မရှိခဲ့ကြပါ။ ခရစ်ယာန်များသည် ဤလောက၌ နေကြသော်လည်း၊ ဤလောကနှင့် မဆိုင်ကြပါ။ ဤ မှားယွင်းသော ခရစ်ယာန်များသည် ဤလောက၌ နေကြသည် သာမက၊ ဤလောက၏ လူများဖြစ်ကြပါသည်။ သခင်ယေရှု ကြွလာတော်မူသောအခါ၊ ထိုသူတို့ကို ဤကမ္ဘာလောကနှင့်အတူ မီးဖြင့် စီရင်တော်မူလိမ့်မည်။

သို့သော်လည်း၊ ယေရှုသည် ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏ အရှင် (ယုဒအမျိုး၏ ခြင်္သေ့) အဖြစ် ကြွလာတော် မမူမီ၊ ဘုရားသခင်၏ သိုးသငယ်အဖြစ်၊ အစေခံများ၏ အစေခံ၊ ဝမ်းနည်းခြင်း ဝေဒနာနှင့် ကျွမ်းဝင်သောသူ အဖြစ် မိမိ ပြုရမည့်အမှုကို စုံလင်စေဖို့ လိုပါသည်။ ယေရှုသည် သေခြင်း ဗတ္တိဇံကို ခံလျက်၊ ဝေဒနာအပေါင်းကို ခံရမည် ဖြစ်ပါသည်။ ကားတိုင်သည် အလွန် ရက်စက်ကြမ်းကြုတ်လှပြီး၊ နာကြည်းခြင်း ဝေဒနာနှင့် ပြည့်လျက် ရှိပါသည်။ ယေရှုသည် မိမိ၏လူသားဖြစ်ခြင်းကြောင့် ထိုဝေဒနာကို ရှောင်လွှဲလိုခဲ့ပါသည်။ သို့သော်လည်း၊ ထိုစိတ်ခံစားမှု ဝေဒနာအပေါင်းတို့က ကားတိုင်ပေါ်၌ ယေရှု အသေခံခြင်းကို မဆီးတားနိုင်ခဲ့ပါ။ ကြီးမြတ်တော်မူသော ကယ်တင်ရှင် ပါတကား။

**ဆင်ခြင်ရန်** - ယခု ကျွန်ုပ်တို့ခေတ်၌ ယေရှု ကြွလာတော်မူနိုင်သလော။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကြွလာတော်မူသောအခါ၊ ကျွန်တော် အသင့် ရှိလိုပါ၏။



ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၀)
ယော ၁၂း၃၇-၅၀
ထွက် ၁၀း၁-၃

*“သူတို့ မျက်စိကို ကွယ်စေတော်မူ၏။ သူတို့ စိတ်နှလုံးကို မိုက်စေတော်မူ၏”*

## မျက်စိကွယ်စေခြင်း နှင့် စိတ်နှလုံးခိုင်မာစေခြင်း

ယေရှုသည် လူထုရှေ့ မိမိ၏အမှုတော်ဆောင်ခြင်း၌ မိမိ၏ မေရှိယဖြစ်ခြင်းနှင့် ဟောသော တရားတော် မှန်ကန်ကြောင်း သက်သေပြဖို့ရန် မရေတွက်နိုင်သော အံ့ဘွယ်နိမိတ်လက္ခဏာများ ပြုတော်မူခဲ့ပါသည်။ သို့သော်လည်း၊ ယုဒလများသည် သူ့ကို မယုံကြည်ခဲ့ကြပါ။ ထိုသို့ သူတို့၏ ခိုင်မာသောစိတ်ဖြင့် အစဉ်အမြဲ ခရစ်တော်ကို ငြင်းပယ်ခဲ့ကြခြင်းက ခွင့်လွှတ်၍ မရသောအပြစ်ကို လွန်ကျူးခဲ့ကြပြီး၊ ဘုရားသခင်က တရားသဖြင့် သူတို့၏မျက်စိကို ကွယ်စေလျက်၊ ဒဏ်ခတ်ခြင်းဖြင့် သူတို့၏ စိတ်နှလုံးကို ပို၍ခိုင်မာစေတော်မူ၏။

သို့သော်လည်း၊ ယုဒခေါင်းဆောင်များအထဲ၌ ယုံကြည်သောသူများ ရှိကြပါသည်။ ဖာရိရှဲများကို ကြောက်သောကြောင့် တိတ်တဆိတ် ယုံကြည်ခဲ့ကြ၏။ သူတို့၏ယုံကြည်ခြင်းသည် စစ်မှန်သော်လည်း၊ အားနည်းသော ယုံကြည်ခြင်း ဖြစ်ပါသည်။ “အကြောင်းမူကား၊ ဘုရားသခင် ပေးတော်မူသော ဘုန်းအသရေထက် လူတို့ ပေးသော ဘုန်းအသရေ ကို သာ၍ နှစ်သက်ကြ၏။”

သခင် ယေရှု ခရစ်တော်ကို ငြင်းပယ်သောသူတို့သည် ပြစ်ဒဏ်စီရင်ခြင်း ခံရကြလိမ့်မည်။ ဘုရားသခင်သည် ထိုနောက်ဆုံးသောနေ့၊ မိမိ၏ ကြီးမြတ်သော ပလ္လင်ဖြူပေါ်၌ ထိုင်သောအခါ၊ သူတို့ကို ပြစ်ဒဏ်စီရင်လိမ့်မည်ဖြစ်ပါသည် (ဗျာ ၂၀း၁၀-၁၅)။

ယေရှုက၊ “ခမည်းတော်၏ ပညတ်တော်သည် ထာဝရ အသက်ဖြစ်သည်” ဟု ဖော်ပြတော်မူခဲ့ပါသည်။ ထိုအချက်ကို ပေါလုက ရောမ ၇း၁၀ ထဲတွင်၊ “အသက်ရှင်ခြင်းနှင့် ဆိုင်သော ပညတ်တရား” ဟု ပြန်လည် ဖော်ပြခဲ့ပါသည်။ စုံလင်စွာ လိုက်လျှောက်သောသူ အတွက် ပညတ်တရား၌ အသက်ရှင်ခြင်း ရှိ၏။ သို့သော်လည်း၊ အပြစ်သားများအတွက် ပညတ်တရားသည် သေခြင်း ဖြစ်ပါသည်။ “အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရလျှင် . . . ငါ့ကို သတ်လေ၏ . . . အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန် အပြစ်နှင့် ပြည့်စုံခြင်း ရှိသတည်း” (ရောမ ၇း၁၁-၁၃)။ အပြစ်သားသည် ပညတ်တရား လိုက်လျှောက်ခြင်းဖြင့် အသက်ရှင်ခြင်းကို ရခဲ့ပါလျှင်၊ ထိုအမှုသည် အခြား မဟုတ်၊ ပညတ်တရားကို စုံလင်စွာ ကိုယ်စား လိုက်လျှောက်ပေးတော်မူသော၊ ဘုရားနှင့်လူ ဖြစ်တော်မူသော ယေရှု ခရစ်တော် ကြောင့်သာ ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - “မယုံကြည်ခြင်းက ကျွန်ုပ်တို့ကို ဆန့်ကျင်သောသူ ဖြစ်စေ၏။” (Calvin)
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်ကို သံသယဝင်၊ မေးခွန်းထုတ်ခဲ့သော အချိန်များအတွက် အကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၉)

**ယော ၁၂း၂၇-၃၆**

ယော ၁၃း၃၁

*"အို အဘ၊ ကိုယ်တော်၏နာမတော်ကို ချီးမြှောက်တော်မူပါ"*

## ယေရှုသည် ခမည်းတော်ကို ချီးမြှောက်တော်မူ၏

ယေရှုသည် မိမိခံရမည့် သေခြင်းကို ဆင်ခြင်တွေးတောသောအခါ၊ စိတ်နှလုံးပူပန်ခြင်း ရှိလျက်၊ "ထိုအချိန်မှ (သေမည့် အချိန်) အကျွန်ုပ်ကို ကယ်တင်တော်မူပါ၊ အဘ" ဟု ဆုတောင်းခဲ့၏။ တချိန်တည်းမှာဘဲ၊ သူသည် အဘ၏အလိုတော်ကို ပြုလိုသည်ဖြစ်သောကြောင့်၊ "အို အဘ၊ ကိုယ်တော်၏နာမတော်ကို ချီးမြှောက်တော်မူပါ" ဟုလည်း ဆုတောင်းခဲ့ပါသည်။ ထိုသို့ သန့်ရှင်းသော လွန်ဆွဲခြင်း ရှိခြင်းသည် မိမိ၏ ဇာတိနှစ်မျိုး၊ တရားမှာတရား ဘုရားဖြစ်ခြင်းနှင့် တရားမှာတရား လူသား ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ လူ့ဇာတိအနေဖြင့် လွတ်မြောက်လို၍ ဘုရားနေဖြင့် အမှုတော်ကို စုံလင်စေတော်လို၏။ ကျွန်တော်တို့သည် ခရစ်တော်၌ဖြစ်ပျက်သော သုံးပါးတဆူဘုရား၏ အမှုတော်ကို လုံး၀ သိနားလည်နိုင်ခြင်းမရှိပါ။ သူ၏လူ့ဇာတိအလိုကို ဘုရားအလိုတော်သို့ ဆက်ကပ်ခြင်း၌ ကျွန်တော်တို့သည် ကျေးဇူးတော် ချီးမွမ်းကြရပါမည်။

ခမည်းတော်ဘုရားသည် သားတော်အကြောင်းကို အဖြစ်အပျက် နှစ်ခု၊ ဗတ္တိဇံခံခြင်းနှင့် မျက်နှာတော် ပြောင်းလဲခြင်း၌ မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ ယခု နောက်ဆုံးအနေဖြင့်၊ သားတော်၏၊ "အို အဘ၊ ကိုယ်တော်၏နာမတော်ကို ချီးမြှောက်တော်မူပါ" ဟူသော ဆုတောင်းချက်ကို အဖြေပေးလျက်၊ "ငါချီးမြှောက်ခဲ့ပြီ၊ တဖန်ချီးမြှောက်ဦးမည်" ဟု မိန့်တော်မူ၏။ "ငါ စတင်ခဲ့သော အမှုကို ငါ စုံလင်စေတော်မူမည်" ဟု ဆိုလိုပါသည် (Calvin)။

ယေရှုသည် ထိုစကားများကို မိမိအကျိုးအတွက် ပြောကြားခဲ့ခြင်း မဟုတ်၊ တပည့်တော်များ အကျိုးအတွက် ဖြစ်ပါသည်။ သခင်ယေရှုသည် ခမည်းတော်၏အလိုတော်ကို ပြုဖို့ရန် အစကတည်းက မိမိကိုယ်ကို ဆက်ကပ်ပြီးသား ဖြစ်ပါသည်။ တဖက်တွင်၊ တပည့်တော်များသည် အားနည်းသော သူဖြစ်ကြသောကြောင့်၊ တုန်လှုပ်ခြင်း ရှိခဲ့ကြလိမ့်မည်။ ထို့ကြောင့် ကျရောက်လာမည့် စုံစမ်းခြင်း နေ့ရက်အတွက် သတိပေးခြင်း ဖြစ်ပါသည်။ သတိပေးခြင်းသည် ကြိုတင်ပြင်ဆင်ဖို့ရန်ဖြစ်၏။ သားတော်သည် ကားတိုင်ပေါ်၌ အသေခံခြင်းဖြင့် ခမည်းတော်ကို ချီးမြှောက်တော်မူမည်။ တော၌ မောရှေသည် ကြေးမြွေရုပ်ကို ဣသရေလ အနာငြိမ်းဖို့ရန်အတွက် တိုင်ပေါ်၌ တင်ထားသည်နည်းတူ၊ ယေရှုသည်လည်း မိမိလူများ၏ ကယ်တင်ခြင်းအတွက် မြေကြီးမှ အထက်သို့ မြှောက်တင်ထားခြင်း ခံရမည်ဖြစ်ပါသည် (တော ၂၁း၉၊ ယော ၃း၁၄)။ ခမည်းတော်ဘုရားကို ချီးမြှောက်ဖို့ရန် ကားတိုင်ပေါ်၌ အသေခံခြင်းဖြင့် ယေရှု၏ နာခံခြင်းနှစ်မျိုးကို စုံလင်စွာ တွေ့ရပါသည်။

မေရှိယအကြောင်း ယေရှု မိန့်တော်မူချက်ကို လူတို့သည် နားမလည်ကြပါ။ ဓမ္မဟောင်းအရ၊ မေရှိယသည် ထာ၀ရ သက်ရှင်သောသူဖြစ်ပါသည်။ သို့ဆိုလျှင် မည်သို့ ကားတိုင်ပေါ်၌ တင်သတ်ခြင်းကို ခံမည်နည်း။ ထို့ကြောင့် မိမိ၏စကားကို ယုံကြည်ရန် သူတို့အား ယေရှု မိန့်တော်မူ၏။ သူသည် သမ္မာတရားကို ဟောပြောသော အလင်းဖြစ်တော်မူ၏။ သိနားလည်ဖို့ရန် ယုံကြည်ဖို့ လိုပါသည်။ အလင်းကို သူတို့ လက်ခံပါလျှင် သန့်ရှင်းသော ၀ိညာဉ်တော်သည် သူတို့၏စိတ်နှလုံးကို ဉာဏ်အလင်း ပေးတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - "လူ၏ အဓိကဝတ္တရားသည် ဘုရားသခင်ကို ချီးမြှောက်ရန်နှင့် ထိုဘုရားသခင်နှင့်အတူ ထာ၀ရ ပျော်မွေ့ဖို့ရန် ဖြစ်ပါသည်။"

**ဆုတောင်းချက်-** "ဘုရားသခင်၏နာမတော် ဘုန်းကြီးပါစေ။ အကျွန်ုပ်အထဲ၌ ရှိသမျှသောအရာ အားလုံး၊ ကိုယ်တော့်ကို ချီးမွမ်းကြလော့။"



ကြာသပတေး၊ ဇူလိုင် (၂၄)

**လု ၁၂း၄၉-၅၉**

ဗျာ ၆း၉-၁၁

*"မြေပေါ်၌ ငြိမ်သက်ခြင်းကို ပေးအံ့သောငှါ ငါလာသည်ဟု ထင်ကြသလော။ ထိုသို့သောအလိုငှါ ငါလာသည် မဟုတ်။ အချင်းချင်း ကွဲပြားစေခြင်းငှါ ငါလာသည်"*

## ကားတိုင်သည် ခွဲခြမ်းသော ဓါးဖြစ်ပါသည်

ယေရှုက မိမိသည် ဤလောက၌ ငြိမ်သက်ခြင်း ပေးဖို့ရန် မဟုတ်ဘဲ၊ ဓါးကို စေလွှတ်ဖို့ရန် ကြွလာတော်မူကြောင်း မိန့်တော်မူခဲ့ပါသည် (မသဲ ၁၀း၃၄၊ လု ၁၂း၅၁)။ ယေရှုသည် ငြိမ်သက်ခြင်း အရှင် မဟုတ်သလော။ မွေးဖွားသောအချိန်၌ ကောင်းကင်တမန်တို့က၊ "ကောင်းကင်ဘ၀ဂ်၀ယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်း" ဟု သီချင်း ဆိုခဲ့ကြသည် မဟုတ်လော။ သို့ဆိုလျှင်၊ ထိုနားလည်ရန် ခက်ခဲသော ယေရှု၏စကားသည် ဘာကို ဆိုလိုပါသနည်း။ ထိုအချိန်၌ ယုဒလူများသည် ဂတိတော်နှင့်ဆိုင်သော သူတို့၏ မေရှိယသည် ကြွလာတော်မူလျက်၊ ကဲသာဘုရင်ကို ဖယ်ရှားပြီး၊ အုပ်စိုးလျက် သူတို့သည် ဤလောက၏ နံပါတ်တစ်ဖြစ်မည်ဟု ထင်မှတ်ခဲ့ကြပါသည်။ ဟုတ်ပါ၏၊ ယေရှုသည် ထိုအမှုကို ဒုတိယအကြိမ် ကြွလာတော်မူသောအခါ ပြုတော်မူလိမ့်မည်။ သို့သော်လည်း၊ ပထမအကြိမ် ကြွလာတော်မူခြင်းသည် ၀ိညာဉ်ဆိုင်ရာ ငြိမ်သက်ခြင်း ပေးဖို့ရန်ဖြစ်ပါသည်။ ထိုဘုရားသခင်ထံမှ ငြိမ်သက်ခြင်းသည် အဖိုးအခ ပေးစရာ မလိုပါ။ ယေရှုသည် အပြစ်အတွက် ကားတိုင်၌ အပြစ်ဖြေရာ အသေခံလျက်၊ မိမိလူတို့အား အသွေးတော်ဖြင့် ရွေး၀ယ်မည်ဖြစ်ပါသည်။

သို့သော်လည်း၊ အပြစ်သားသည် ဘုရားသခင်နှင့် သင့်မြတ်ခြင်း ရှိသောအခါ၊ ဤလောက၌ သူသည် ငြိမ်သက်ခြင်းရှိမည်မဟုတ်ကြောင်း ယေရှု မိန့်တော်မူ၏။ ဤလောကသည် ခရစ်တော်နှင့် အသင်းတော်ကို ရန်ပြုလျက် ရှိပါသည်။ ထိုအမှုကို ယေရှုက "ဓါး" (မသဲ ၁၀း၃၄) နှင့် "ကွဲပြားခြင်း" (လု ၁၂း၅၁) ဟူသော စကားလုံးဖြင့် ဖော်ပြတော်မူခဲ့၏။ ထို့ကြောင့် အသင်းတော်သည် မယုံကြည်သောသူများနှင့် ဆန့်ကျင်လျက် ရှိမည်အကြောင်း သတိထားရပါမည်။ အသင်းတော်သည် ဤလောက၏အလင်းနှင့်ဆား အဖြစ်၊ အပြစ် ပြုသောသူများ၏ အပြစ်ကို ဖော်ပြသောကြောင့် မုန်းတီးခြင်းကို ခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဤလောကသည် အသင်းတော်ကို နှစ်သက်မည် မဟုတ်၊ တိုက်ခိုက်လိမ့်မည်ဖြစ်ပါသည်။ အသင်းတော်သည် ခရစ်တော်ထံ သစ္စာရှိရပါမည်။ အသင်းတော်သည် ဤလောကနှင့် ရောနှောခြင်း မရှိဘဲ၊ အသီးအခြား နေရမည်ဖြစ်ပါသည်။

ယေရှု မိန့်တော်မူသော ဓါးသည် တိုက်ခိုက်ခြင်းကို မဆိုလိုဘဲ၊ အသီးအခြား နေခြင်းကို ဆိုလိုကြောင်း သိမှတ်ဖို့လိုပါသည်။ ယေရှုသည် ယုံကြည်သူများ ဤလောကနှင့် မသက်ဆိုင်ဘဲ အသီးအခြား နေခြင်းကို ဆိုလိုပြီး၊ လက်နက်ကိုင် တော်လှန်ခြင်းကို မဆိုလိုပါ။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် ကျွန်တော် ဆင်းရဲဒုက္ခနှင့် အသေခံလိုပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ညှင်းဆဲခြင်းကာလတွင် ယုံကြည်ခြင်း၌ တည်ကြည်ခြင်း ရှိမည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

သောကြာ၊ ဇူလိုင် (၂၅)
**လု ၁၃း၁-၉**
တမန် ၂း၃၈-၄၀

*"သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်"*

## ယခုသည် နောင်တရ ရမည့်အချိန်ဖြစ်၏

ကျွန်တော်တို့သည် အချို့သောသူအပေါ် မကောင်းမှု ကျရောက်သောအခါ၊ သူတို့သည် အပြစ်ကြီးသောကြောင့်ဟု ထင်တတ်ကြပါသည်။ ထိုသို့သော အမြင်သည် မာနထောင်လွှားခြင်း တမျိုးဖြစ်ပါသည်။ အသေဆိုးဖြင့် သေသောသူတို့သည် ကျွန်ုပ်တို့ထက် ပို၍အပြစ်ကြီးသောကြောင့်ဟု ထင်မှတ်တတ်ကြပါသည်။ ထိုအခါ ကျွန်တော်တို့သည် သိပ်မဆိုးသေး ဟုထင်မှတ်ကြ၏။ ထိုသို့သောအမြင်ရှိသောသူတို့အား ယေရှုက ဤသို့ သတိပေးတော်မူခဲ့ပါသည်၊ "သင်တို့ ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။" လူတိုင်း ဘုရားသခင်၏ စီရင်ခြင်း ခံထိုက်သောသူ ဖြစ်ကြပါသည်။ တမန်တော်ပေါလုက ကျွန်တော်တို့အားလုံးသည် ဆိုးသွမ်းလျက် အလွန် အပြစ်ကြီးကြကြောင်း ဖော်ပြခဲ့ပါသည်၊ "ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် မြတ်သလောဟု မေးပြန်သော်၊ အလျှင်းမမြတ်။ အကြောင်းမူကား၊ ယုဒလူ၊ ဟေလသလူ အပေါင်းတို့သည် အပြစ်ရှိကြောင်းကို အထက်ကပြခဲ့ပြီ။ ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူ မရှိ၊ တယောက်မျှ မရှိ။ နားလည်သောသူ မရှိ။ ဘုရား သခင်ကို ရှာသောသူ မရှိ၊ လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူ ဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူ မရှိ၊ တယောက်မျှ မရှိ။ သူတို့၏လည်ချောင်းသည် ဖွင့်ထားသော သင်္ချိုင်းတွင်းဖြစ်၏။ သူတို့သည် လျှာနှင့် လှည့်စားတတ်ကြ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်အတောက် ရှိ၏။ သူတို့နှုတ်သည် ကျိန်ဆဲသောစကား၊ ကြမ်းတမ်းသောစကားနှင့် ပြည့်ဝ၏။ သူတို့ ခြေသည် လူအသက်ကို သတ်ခြင်းငှါ လျင်မြန်၏။ သူတို့ သွားရာလမ်း၌ ပျက်စီးခြင်း၊ ဒုက္ခဆင်းရဲခြင်း ရှိ၏။ ချမ်းသာလမ်းကို သူတို့ မသိကြ။ ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်း သည် သူတို့မျက်စိ၌ မထင်" (ရော ၃း၉-၁၈)။ အဘယ်သူမျှ မလွတ်ပါ၊ လူအပေါင်း သေခြင်းနှင့် ထိုက်တန်ကြပါသည်။ "အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ရှေ့တော်၌ အသရေ ပျက်ကြပြီ" (ရော ၃း၂၃)။

သင်္ဘောသဖန်းပင် သာဓကတွင်၊ ယေရှုက၊ နောင်တရခြင်းသည် အသီးသီးခြင်းအားဖြင့် ထင်ရှားကြောင်း ဖော်ပြခဲ့ပါသည်။ စိတ်ပြောင်းခြင်း သက်သက် မဟုတ်ဘဲ၊ လုံးဝ အတွေးအခေါ် ပြောင်းလဲခြင်း၊ အပြောအဆိုနှင့် အသက်တာ ပြောင်းလဲခြင်းဖြစ်ပါသည်။ နောင်တရသည်ဟု ဆိုသော်လည်း အသက်တာ၌ ပြောင်းလဲခြင်း မရှိသောသူများ ရှိတတ်ပါသည်။ ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့သည် ထိုသို့သောသူများဖြစ်ကြပါသည်။ မသဲ ၃း၈၊ ၁၀ ကို ဖတ်ပါ။

သင်္ဘောသဖန်းပင်သည် ဣသရေလကို ရည်ညွှန်းပါသည်။ သုံးနှစ်လုံးလုံး ယေရှုသည် ဣသရေလ၌ အသီးကို ရှာခဲ့သော်လည်း မတွေ့ခဲ့ပါ။ နောင်နှစ်၌ အသီးမသီးလျှင်၊ ဣသရေလကို ခုတ်လှဲတော့မည်ဖြစ်ပါသည် (မာကု ၁၁း၁၂-၁၄၊ မသဲ ၂၁း၁၈-၁၉)။ ဣသရေလသည် မယုံကြည်ခြင်းကြောင့် အမှန် ခုတ်လှဲခြင်း ခံခဲ့ပါသည် (ရောမ ၁၁း၂၀)။ သို့သော်လည်း ဤခုတ်လှဲခြင်းသည် တခဏသာ ဖြစ်ပါလိမ့်မည်။ တနေ့ တချိန်တွင် ဆုံးမပြီးမှ ဘုရားသခင်သည် ဣသရေလကို ပြန်လည် ထူထောင်လိမ့်မည်ဖြစ်ပါသည်။ ရောမ ၁၁း၂၅-၂၆ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - "နောင်တရခြင်း၏အစသည် အပြစ်ကို ဝန်ခံခြင်းပင်ဖြစ်ပါသည်။" (Calvin)
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အပြစ်များကို ဝန်ခံလျက်၊ နောင်တရပါ၏။



တနင်္လာ၊ စက်တင်ဘာ (၈)
**မာကု ၁၂း၄၁-၄၄**
ယော ၁၂း၂၀-၂၆

*"ထိုမိန်းမမူကား အလွန်ဆင်းရဲလျက်ပင်၊ မိမိအသက် မွေးစရာ ဥစ္စာရှိသမျှကို သွင်းချလေပြီ"*

## ယေရှုထံ အလုံးစုံ ပေးလှူခြင်း

ဗိမာန်တော်ထဲတွင်၊ ဘုရားသခင်ထံ ငွေကြေး ပေးလှူရသော အလှူခံပုံးများ ရှိပါသည်။ ယေရှုက ချမ်းသာသောသူများသည် ငွေကြေးများစွာကို သွင်းချ ပေးလှူကြကြောင်း တွေ့ခဲ့ပါသည်။ ထိုအခါ၊ ဆင်းရဲသော မုဆိုးမတယောက်သည် လာ၍ ဒင်္ဂါး နှစ်ပြားကို ထည့်လှူခဲ့ပါသည်။ ယေရှုက တပည့်တော်တို့အား ဤမုဆိုးမသည် အခြားသူအပေါင်းထက် ပို၍ ထည့်လှူခဲ့သည်ဟု မိန့်တော်မူ၏။ အခြားသူတို့သည် မိမိတို့၏ များစွာသော ဥစ္စာထဲမှ ထည့်လှူခဲ့ကြ၏။ သူမူကား၊ ဆင်းရဲလျက်ပင် ပေးလှူခဲ့ပါသည်။ ယေရှုက ထိုမုဆိုးမသည် ပိုင်ဆိုင်သောအရာအားလုံးကို ပေးလှူခဲ့ကြောင်း မိန့်တော်မူ၏။ ထိုမုဆိုးမသည် ဘာမှ မရှိရင်လည်း ကျေနပ်ခဲ့ပါသည်။ သူသည် ဘုရားသခင်ကို ချစ်လျက်၊ ကိုးစားခဲ့ပါသည်။ ဘုရားသခင်သည် မိမိလိုအပ်သောအရာကို မစတော်မူမည်ဟု ယုံကြည်ခဲ့ပါသည်။ ထိုသို့ မစတော် မမူလျှင်လည်း အလုံးစုံကို ပေးလိုလျက်၊ မိမိအသက်ကိုပင် ပေးလို၏။ ထိုသို့သော ယုံကြည်ခြင်း ကျွန်တော်တို့၌ ရှိပါသလား။

ယေရုရှလင်မြို့၌ ကျင်းပသော ပသခါပွဲကို ယုဒလူများသာမက၊ ဂရိလူများလည်း ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ သူတို့သည် မိမိတို့၏ကိုးကွယ်မှုကို စွန့်လွှတ်လျက် ယုဒဘာသာသို့ ကူးပြောင်းသော တပါးအမျိုးသားများ ဖြစ်ကြပါသည်။ ယေဟောဝါကို ကိုးကွယ်သော၊ ယုဒလူမျိုး မဟုတ်သော သူတို့သည် အရေဖျားလှီးခြင်းခံ တပါးအမျိုးသား (သို့) အရေဖျား လှီးခြင်း မခံ ဘုရားကို ကြောက်ရွံ့သောသူများ ဖြစ်ကြ၏။ ယုဒလူတို့သည် ယေရှုကို ငြင်းပယ်ခဲ့ကြပြီး၊ ဂရိလူတို့သည် ဝမ်းမြောက်စွာ လက်ခံခဲ့ကြပါသည်။ သူတို့သည် ယေရှုထံမှ သင်ယူလိုခဲ့ကြပါသည်။ သူတို့သည် သိုးစုထဲသို့ ခေါ်ခြင်း ခံရမည့် အခြားသော သိုးများ ဖြစ်ကြပါသည် (ယော ၁၀း၁၆)။

ယေဟောဝါကို ကိုးကွယ်ခဲ့ကြသော်လည်း၊ ဤဂရိလူများသည် နိုင်ငံတော်ထဲသို့ ဝင်ရမည်အကြောင်း ခရစ်တော်၏ သတင်းကောင်းကို ယုံကြည်ဖို့လိုပါသည်။ ယေရှုက စပါးစေ့ သာဓကတွင်၊ မိမိ ခံရမည့် အသေသတ်ခြင်းနှင့် ချီးမြှောက်ခြင်းကို ဖော်ပြတော်မူခဲ့ပါသည်။ စပါးစေ့သည် မြေ၌ ကျလျက် သေမှသာလျှင် အပင်ပေါက်လျက် များစွာသော အသီးကို သီးတတ်၏။ ယေရှု၏ အသေခံခြင်းသည် အသက်ရှင်ခြင်းကို ဖြစ်စေတော်မူလိမ့်မည်။ သေပြီးမှ ယေရှု ပြန်လည် အသက်ရှင်သည် သာမက၊ ယေရှု၌ အသေခံသော သူတို့သည်လည်း တဖန် အသက်ရှင်ရလိမ့်မည် ဖြစ်ပါသည်။ ယေရှုက၊ "မိမိအသက်ကို နှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိအသက်ကို မုန်းသော သူမူကား၊ ထာဝရ အသက်ကို စောင့်ရှောက်လျက် နေ၏" ဟု မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် အသက်ရှင်လိုလျှင်၊ ကိုယ်ကျိုးစွန့်ဖို့ လိုပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ရှိသမျှ စွန့်ပါ၏။

တနင်္ဂနွေ၊ စက်တင်ဘာ (၇)
**မသဲ ၁၉း၁၆**
၁ ကော ၁၅း၅၈

*"အကျွန်ုပ်၏ အရှင်၊*
*အကျွန်ုပ်၏ ဘုရားသခင်"*

## "ကောင်းမြတ်သော ဆရာ"

(by Charles Spurgeon)

ခရစ်ဝင်ကျမ်းထဲ၌ ထိုလုလင်သည် ကျွန်ုပ်တို့၏သခင်ဘုရားအား ကောင်းမြတ်သော ဆရာ ဟု ခေါ်ခဲ့သည်ဖြစ်သောကြောင့်၊ ကျွန်တော်သည်လည်း ထိုသို့မှန်ကန်စွာ ခေါ်ရပါမည်။ ယေရှုသည် ကျွန်ုပ်၏ သခင်၊ အုပ်စိုးတော်မူသော သခင်နှင့် သွန်သင်ပေးတော်မူသော သခင်ဖြစ်တော်မူ၏။ သူ၏ သွန်သင်ချက်ကို နှစ်သက်လျက် ခြေတော်ရင်း၌ ထိုင်လျက် နားထောင်လိုပါသည်။ အကျွန်ုပ်သည် ကိုယ်တော်၏ အစေခံကျွန်နှင့် တပည့်တော်ဖြစ်ပါသည်။ အဘယ့်ကြောင့် သူ့ကို "ကောင်းမြတ်သောသူ" ဟု ခေါ်သနည်းဟု မေးလျှင် ကျွန်တော် အဖြေပေးဖို့ အသင့်ရှိပါသည်။ "ဘုရားသခင်မှအပ ဘယ်သူမှ ကောင်းမြတ်သောသူ မရှိပါ။" ထို့ကြောင့် သူသည် ကောင်းမြတ်သောသူ ဖြစ်သောကြောင့်၊ ဘုရားသခင် ဖြစ်တော်မူ၏။ သူ၌ ဘုရားသခင်ဖြစ်ခြင်း အလုံးစုံ တောက်ပစွာ ရှိတော်မူ၏။ ကျွန်ုပ် အသက်တာ၏ အတွေ့အကြုံအရ၊ သူသည် ကောင်းမြတ်တော်မူ၏၊ အလွန် ကောင်းမြတ်တော်မူ၏၊ ကျွန်ုပ် ပိုင်ဆိုင်သော ကောင်းသောအရာ အပေါင်းသည် ကိုယ်တော်ထံမှ ရရှိခြင်း ဖြစ်ပါသည်။ အပြစ်၌ ကျွန်တော် သေနေသောအချိန်ပင် သူသည် ကောင်းမြတ်တော်မူလျက်၊ ဝိညာဉ်တော်တန်ခိုးအားဖြင့် ကျွန်ုပ်ကို ထမြောက်စေတော်မူ၏။ ခက်ခဲသောအချိန်၊ ဝမ်းနည်းသောအချိန်များ၌လည်း သူသည် ကျွန်ုပ်အပေါ် လိုအပ်သောအရာအားလုံးကို ပေးသနားတော်မူလျက် ကောင်းမြတ်တော်မူ၏။ ကိုယ်တော်ထက် ပို၍ ကောင်းမြတ်သော သခင် မရှိတော့ပါ။ သူ၏မစတော်မူခြင်းသည် အခမဲ့ဖြစ်လျက်၊ အုပ်စိုးခြင်းသည်လည်း ချစ်ခြင်းမေတ္တာဖြင့် အုပ်စိုးတော်မူ၏။ စေခံကျွန်ဖြစ်သော ကျွန်တော်သည်လည်း ကိုယ်တော်၏ ကောင်းမြတ်တော်မူခြင်း အပုံ တထောင်မှ တပုံလောက်လေး ဘဲဖြစ်ဖြစ် ပိုင်ဆိုင်လိုပါသည်။ ကိုယ်တော်၏ သွန်သင်ချက်တရားသည် ကောင်းမြတ်တော်မူ၏၊ သူသည် နှိမ့်ချခြင်း စိတ်သဘောရှိ၏၊ နူးညံ့သိမ်မွေ့ခြင်းလည်း ရှိ၏။ ကိုယ်တော်၏ ဆုံးမခြင်း၌ အပြစ်လုံးဝ မပါ၊ နှုတ်ထွက်စကားသည် သမ္မာတရားဖြစ်လျက် စင်ကြယ်သန့်ရှင်းတော်မူ၏။ သွန်သင်ချက် အပေါင်းသည် တပည့်တော်အတွက် တည်ဆောက်စရာ၊ သန့်ရှင်း စင်ကြယ်စေခြင်း ဖြစ်ကြပါသည်။ ကောင်းကင်တမန်တို့ကလည်း ကောင်းမြတ်သောဆရာ ဖြစ်ကြောင်း သိမှန်ကြလျက်၊ ခြေတော်ရင်း၌ ပြက်ဝပ်ကိုးကွယ်ခဲ့ကြပါသည်။ ရှေးသန့်ရှင်းသူတို့ကလည်း သူသည် ကောင်းမြတ်တော်မူသော ဆရာဖြစ်ကြောင်း ဝန်ခံခဲ့ကြပြီး၊ "အို သခင်ဘုရား၊ ကျွန်တော်သည် ကိုယ်တော်၏ အစေခံကျွန် ဖြစ်ပါသည်" ဟု ဝမ်းမြောက်စွာ ကြွေးကြော်ခဲ့ကြပါသည်။ အကျွန်ုပ်သည်လည်း ထိုသို့ ကြွေးကြော်လိုပါသည်။ ဤအကြောင်းကို မိတ်ဆွေများ၊ ကိုယ်နှင့်စပ်ဆိုင်သောသူများထံ ကျွန်တော် ဝေငှ လိုပါသည်။ ထိုအခါ သူတို့သည်လည်း ကိုယ်တော်ကို မိမိတို့၏ သခင်အဖြစ် လက်ခံကြလိမ့်မည်။ ထိုအမှု၌ သူတို့သည် ဘယ်တော့မှ နောင်တရကြမည် မဟုတ်ပါ။ ကိုယ်တော်၏ ပေါ့သောဝန်ကို ထမ်းကြရသောအခါ၊ ထိုအမှုတော်ကို ကျေနပ်စွာ တသက်လုံး ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကောင်းမြတ်တော်မူသော အကျွန်ုပ် သခင်၏ အမှုတော်ကို ကျွန်တော် မည်သို့ ဆောင်ရွက် နေပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို နှိမ့်ချသောစိတ်နှင့် ဆောင်ရွက်မည် အကြောင်း မစတော်မူပါ။



စနေ၊ ဇူလိုင် (၂၆)
**လု ၁၃း၁၀-၁၇**
ဝတ် ၂၆း၁၃

*"သူသည် ချက်ချင်းတည့်မတ်ခြင်းသို့ရောက်၍*
*ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းလေ၏"*

## ယေရှုက တည့်မတ်စေတော်မူ၏

ဆယ်ရှစ်နှစ်လုံးလုံး ကျောကုန်းရောဂါကို ခံစားနေရသော မိန်းမတယောက်ကို ယေရှုသည် သနားတော်မူ၏။ ထိုရောဂါသည် နတ်ဆိုးကြောင့် ခံစားရခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူမသည် မိမိကျောကုန်းကို မတည့်မတ် နိုင်ခဲ့ပါ။ သခင်ယေရှုက မိမိထံ ခေါ်ခဲ့ပြီး၊ သူမအပေါ် လက်တော်ကို တင်လျက်၊ တန်ခိုးရှိသော နှုတ်တော်စကားအားဖြင့် သူမ၏ရောဂါကို ပျောက်ကင်းစေပြီး၊ သူမသည် ချက်ချင်း တည့်မတ်စွာ နေနိုင်ခဲ့ပါသည်။

ယေရှု ပြုတော်မူသော ဤအမှု၌ တုန့်ပြန်မှု နှစ်မျိုး ရှိခဲ့ပါသည်။ အနာငြိမ်းစေခြင်း ခံရသော မိန်းမသည် အလွန် ဝမ်းမြောက်လျက် ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည်။ သို့သော်လည်း၊ တရားဇရပ်မှူးသည် ဒေါသထွက်လျက်၊ ယေရှုအား ဥပုသ်နေ့ကို ညစ်ညူးစေသည်ဟု စွပ်စွဲခဲ့ပါသည်။ ဤအမှုကို ဥပုသ်နေ့၌ မဟုတ်ဘဲ၊ အခြား ခြောက်ရက်နေ့တွင် ပြုနိုင်ပါသည်ဟု ဆိုခဲ့၏။ ဤသူသည် ဥပုသ်နေ့၏ အရှင်သခင် ဖြစ်တော်မူသော ယေရှုအား၊ ဥပုသ်နေ့၌ ပြုရမည့်အမှု၊ မပြုရမည့်အမှုကို ပြောပြရသောအခွင့် မရှိပါ။ သိကျွမ်းသောသူကို မသိဟု ထင်လျက် အကြံပေးခြင်း လောက် မိုက်မဲသော အမှု မရှိပါ။

ယခုတွင်၊ ဥပုသ်နေ့၏ အရှင်သခင်သည် ဥပုသ်နေ့ကို စောင့်သောသူအား သင်ပြလျက် နှုတ်ဆိတ် စေမည်ဖြစ်ပါသည်။ ယေရှုသည် သူတို့၏ ကျမ်းစာ ပြင်ပ ဥပဒေသများကို ကောင်းကောင်း သိတော်မူလျက်၊ ထိုအချက်ကို အသုံးပြု၍ သူတို့၏အပြစ်ကို ဖော်ပြမည်ဖြစ်ပါသည်။ သူတို့၏ ဥပဒေ (Shabbat 5:1) က သူတို့၏ နွား၊ မြည်း အား ဥပုသ်နေ့၌ အစာရေစာ တိုက်ကျွေးဖို့ရန် လွှတ်ထားခွင့် ပေးထားပါသည်။ ထိုသို့ တိရိစ္ဆာန်များကို လွှတ်ရသောအခွင့် ရှိလျှင်၊ အာဗြဟံ၏ မျိုးဆက်ဖြစ်သော ဤမိန်းမအား ဥပုသ်နေ့၌ စာတန်၏ ချုပ်နှောင်ခြင်းမှ လွှတ်ခြင်းကို ခွင့်ပြုသင့်သည် မဟုတ်လော။ သူမသည် တိရိစ္ဆာန်ထက် အရေး မပါသလော။ ယေရှုက သူတို့၏ မိမိကိုယ်ကို ဆန့်ကျင်မှုကို ဖော်ထုတ်ခဲ့ပါသည်။ သူတို့သည် အယောင်ဆောင်သူများဖြစ်ကြပါသည်။ ဆန့်ကျင်သောသူအပေါင်းသည် အရှက်ရလျက်၊ လူများတို့သည် ယေရှု ပြုတော်မူသော အမှုအားလုံးကြောင့် ဝမ်းမြောက်ခြင်း ရှိခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဆရာ လိုအပ်တော်မမူ။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ကောက်သောအသက်တာကို တည့်မတ်စေတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၂၇)
လု ၁၃း၁၈-၂၁
ဆာလံ ၉၂း၁၂-၁၅

*“ဘုရားသခင်၏နိုင်ငံတော်သည်
အဘယ်အရာနှင့် တူသနည်း”*

## သေးငယ်သော်လည်း တန်ခိုးကြီးလှ၏

ဘုရားသခင်၏နိုင်ငံတော်သည် မုန်ညင်းစေ့နှင့်တူ၏။ သေးငယ်သော်လည်း တဖြည်းဖြည်း ကြီးထွားလျက်၊ အလွန်ကြီးသော အပင်ဖြစ်လာခဲ့ပါသည်။ ထိုအခါ ထိုအပင်သည် ငှက်အပေါင်းတို့အတွက် ခိုနားရာဖြစ်လာခဲ့ပါသည်။ ဤအမှုက သတင်းကောင်းနှင့် အသင်းတော်ကို ရည်ညွှန်းဖော်ပြလျက် ရှိပါသည်။ အသင်းတော်သည် သေးငယ်စွာ စတင်ခဲ့၏။ တမန် ၁း၁၅ တွင်၊ ယေရုရှလင် အသင်းတော်သည် အသင်းဝင် ၁၂၀ လောက်သာ ရှိခဲ့ပါသည်။ သို့သော်လည်း၊ နှစ်ပေါင်း ၄၀ အတွင်း၊ ထိုအသင်းတော်အားဖြင့် သတင်းကောင်းသည် ရောမပြည် တလျှောက်နှင့် ရောမပြည် အပြင်ဘက် တိုင်အောင် ရောက်ရှိလျက် ကျယ်ပြန့်ခဲ့ပါသည်။ ထိုအသင်းတော် တပါးမှ များစွာသော အသင်းတော်၊ ကောရိန္တု အသင်းတော်၊ ဂလာတိ အသင်းတော်၊ ဧဖက် အသင်းတော်၊ ကောလောသဲ အသင်းတော်၊ သက်သလောနိတ် အသင်းတော် စသဖြင့် ပေါ်ပေါက် မွေးဖွားခဲ့ပါသည်။ ယနေ့တွင်၊ ဤကမ္ဘာလောကတခုလုံး၌ လူမျိုးပေါင်းစုံ ပါဝင်သော ခရစ်ယာန် အသင်းတော်များ တွေ့ရပါသည်။

တဆေးကို ကျမ်းစာထဲတွင် မှားယွင်းသော သွန်သင်ခြင်းကို (ဥပမာ၊ ဖာရိရှဲနှင့် ဇဒ္ဒုကဲများ၏ တဆေးကို သတိထားကြပါဟု ယေရှုက တပည့်တော်များအား မှာထားခဲ့၏ - မသဲ ၁၆း၆၊ ၁၂) ရည်ညွှန်းလျက် အသုံးပြုခဲ့ပါသည်။ သို့သော်လည်း၊ အကောင်းဘက်တွင် ယုံကြည်သူများသည် သခင်ယေရှုအား မိမိ၏အရှင်သခင်အဖြစ် လက်ခံပြီးနောက် ခရစ်ယာန် ယုံကြည်ချက်က မည်သို့ အသက်တာ၌ လွှမ်းမိုးမှုရှိသည်ကို ဖော်ပြခြင်း၌လည်း တဆေးကို ရည်ညွှန်းခြင်းဖြင့် အသုံးပြုခဲ့ပါသည်။ ခရစ်ယာန်သည် ခရစ်တော်၏အသက်တာအတိုင်း ဤလောက၌ အသက်ရှင်သောအခါ၊ သူတို့၏ အကျင့်သည် ပတ်ဝန်းကျင်လူများကို လွှမ်းမိုးနိုင်ခဲ့ပါသည်။

သတင်းကောင်း တဆေးသည် ဤလောကတခုလုံးအား ယေရှုသာလျှင် ကယ်တင်တော်မူနိုင်၏ ဟူသော ကယ်တင်ခြင်းတရားဖြင့် လွှမ်းမိုးလာနိုင်ခဲ့ပါသည်။ ထိုသတင်းကောင်းသည် ယုံကြည်သောသူအဖို့ အသက်ရှင်ခြင်းဖြစ်ပြီး၊ ငြင်းပယ်သောသူအဖို့ သေခြင်း ဖြစ်ပါသည်။ “လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံ အရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည် ဖြစ်လတံ့” (မသဲ ၂၄း၁၄)။

**ဆင်ခြင်ရန်** - “ဤလောက၌ ကျွန်တော်တို့သည် ခရစ်တော်၏နိုင်ငံတော်ကို မြည်းစမ်း နိုင်ပါသည်။” (Calvin)

**ဆုတောင်းချက်-** အို အဖဘုရား၊ နိုင်ငံတော် တည်ထောင်ပါစေသော။



စနေ၊ စက်တင်ဘာ (၆)
မသဲ ၂၂း၄၁-၂၃း၁၂
ဆာလံ ၁၁၀

*“ထာဝရဘုရားက . . . ငါ့လက်ျာဘက်၌
ထိုင်နေလော့ဟု ငါ၏ သခင်အား
မိန့်တော်မူသည်”*

## ယေရှု - ဒါဝိဒ်၏သား

ယခုတွင် ယေရှုက ဖာရိရှဲတို့အား မေးခွန်း မေးတော်မူ၏။ အလွန် ရိုးရှင်းသော်လည်း၊ နက်နဲလှပါသည်။ “သင်တို့သည် ခရစ်တော်ကို အဘယ်သို့ ထင်မှတ်ကြသနည်း။ အဘယ်သူ၏ သားဖြစ်သနည်း။” ဤမေးခွန်းသည် မသဲ ၁၆း၁၅ ၌တွေ့ရသော တပည့်တော်တို့အား မေးသော ယေရှု၏ မေးခွန်းနှင့်အတူတူပင်ဖြစ်ပါသည်။ ဖာရိရှဲတို့က၊ “ဒါဝိဒ်၏သား” ဟု မှန်ကန်စွာ ဖြေခဲ့၏။ မေရှိယသည် ဒါဝိဒ်၏အမျိုးမှ ဆင်းသက်လာပါသည် (၂ ရာ ၇း၁၂-၁၄)။ ကျမ်းပြုဆရာများကိုယ်တိုင်က ထိုသို့ သွန်သင်ထားပါသည် (မာကု ၁၂း၃၅)။ သို့သော်လည်း၊ မေရှိယသည် ဒါဝိဒ်၏သားဖြစ်သည် သာမက၊ ဘုရားသခင်၏သားတော်လည်း ဖြစ်တော်မူ၏။ ထိုအချက်ကို ဖာရိရှဲများ မသိခဲ့ကြပါ။ ထို့ကြောင့် ယေရှုက အခြားမေးခွန်း ပြန်ထုတ်ခဲ့ပါသည်။ “သို့ဖြစ်လျှင် ဒါဝိဒ်သည် ခရစ်တော်ကို သခင်ဟူ၍ ဝိညာဉ်တော်အားဖြင့် (သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၊ ဆာလံကျမ်းထဲ၌) အဘယ်ကြောင့် ခေါ်သနည်း။ ဒါဝိဒ်၏စကားမှာ၊ ထာဝရဘုရားက၊ သင်၏ ရန်သူတို့ကို သင်၏ ခြေတင်ရာ ငါမချမထားမှီတိုင်အောင် ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အား မိန့်တော်မူသည်ဟု ဒါဝိဒ် ဆိုနိုင်” ခဲ့သနည်း။ ယေရှုက မေရှိယအကြောင်းကို ရေးထားသော ဆာလံ ၁၁၀ ကို သူတို့ အောက်မေ့ဖို့ရန် ရည်ရွယ်ခဲ့ပါသည်။ ဘုရားသခင်၏ လမ်းညွှန်မှုအောက်၌ ဒါဝိဒ်က ထာဝရဘုရား (ယေဟောဝါ) သည် ဒါဝိဒ်၏ သခင်ဘုရား (မေရှိယ) အား မိမိ၏ ရှင်ဘုရင် အခွင့်အာဏာဖြစ်သော လက်ျာဘက်၌ ထိုင်စေတော်မူ၏။ မေရှိယသည် ဒါဝိဒ်၏သား ဖြစ်လျှင်၊ ဒါဝိဒ်က အဘယ့်ကြောင့် သခင်ဘုရားဟု ခေါ်ပါသနည်း။ ဒါဝိဒ်သည် အဘယ့်ကြောင့် မိမိသားထက် သေးငယ်ပါသနည်း။ ဖာရိရှဲတို့သည် ပြောစရာစကားမရှိ၊ နှုတ်ဆိတ်နေခဲ့ကြ၏။ သူတို့သည် ဝိညာဉ်အရေး၌ ဘာမှ မသိခဲ့ကြပါ။ ဝိညာဉ်အရေးကို ဝိညာဉ်အားဖြင့်သာ သိရှိရပါသည် (၁ ကော ၂း၁၃-၁၄)။ မိမိကိုယ်ကို အရှက် မရစေဖို့ရန် သူတို့သည် ယေရှုအား နောက်ထပ် မေးခွန်း မမေးရဲကြတော့ပါ။

ယေရှုသည် သမ္မာကျမ်းစာ နားလည်သဘောပေါက်ခြင်း၌ စုံလင်သော သာဓက ဖြစ်တော်မူ၏။ သူသည် သမ္မာတရားကို သွန်သင်ပေးတော်မူသည် သာမက၊ မှားယွင်းသောအရာကို သတိပေးတော်မူ၏။ ယခု၊ ဣသရေလ ဘာသာရေး ဆရာများ၏ ဟန်ဆောင်မှုကို လူထုရှေ့၌ ဖော်ထုတ်လျက်၊ အမင်္ဂလာ ခုနှစ်ခုကို မိန့်တော်မူ၏။ ဆရာများတို့သည် ပို၍ လေးလံသော စီရင်ခြင်းကို ခံကြရမည်ဖြစ်ပါသည် (ယာကုပ် ၃း၁)။

**ဆင်ခြင်ရန်** - စစ်မှန်သော ယုံကြည်သူသည် သမ္မာကျမ်းစာကို ယုံကြည်လျက်၊ ကွယ်ကာတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာတရားအတွက် သတ္တိရှိသောသူ ဖြစ်လိုပါ၏။

သောကြာ၊ စက်တင်ဘာ (၅)
**မာကု ၁၂း၂၈-၃၄**
မသဲ ၂၂း၃၄-၄၀

*"ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင် ဖြစ်သတည်း"*

## ပညတ်တော် နှင့် ချစ်ခြင်းမေတ္တာ

ကျမ်းပြုဆရာတဦး (ယနေ့ ကျမ်းတတ်ပုဂ္ဂိုလ် ဒေါက်တာဘွဲ့ရကဲ့သို့သော) က ယေရှုအား အဘယ်ပညတ်သည် အမြတ်ဆုံးဖြစ်သနည်းဟု မေးခဲ့ပါသည်။ ဤကျမ်းပြုဆရာသည် ကျမ်းစာပြင်ပ ၆၁၃ သော ပညတ်ချက်များတွင် အဘယ်တခုသည် အကြီးမြတ်ဆုံးဖြစ်သနည်းဟု ငြင်းခုံဖို့ရန် ရည်ရွယ်ချက် ရှိခြင်းဖြစ်နိုင်ပါသည်။ ယေရှုသည် ထိုသို့ ငြင်းခုံခြင်းဖြင့် မိမိအချိန် မဖြုန်းလိုခဲ့ပါ။ ထို့ကြောင့် သမ္မာကျမ်းစာကို ဖော်ပြတော်မူခဲ့၏။ တရား ၆း၄-၅ နှင့် ဝတ် ၁၉း၁၈ ကို ကိုးကားလျက်၊ "ပညတ်တကာတို့တွင် အမြတ်ဆုံးသော ပညတ်ဟူမူကား၊ အို ဣသရေလလူမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် တပါးတည်း ဖြစ်တော်မူ၏။ သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ ဥာဏ် ရှိသမျှ၊ အစွမ်းသတ္တိ ရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပဌမ ပညတ်ဖြစ်၏။ ထိုမှတပါး ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှ ချစ်လော့ ဟူသော ဒုတိယ ပညတ်သည် ပထမ ပညတ်နှင့် သဘောတူ၏၊ ဤပညတ်တို့ထက် သာ၍ ကြီးမြတ်သော ပညတ် မရှိ။ ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင် ဖြစ်သတည်းဟု မိန့်တော်မူ၏။" ယေရှုက ကျမ်းစာ၏ ပညတ်အပေါင်းကို ဘုရားသခင်ကိုချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်းဟူသော အချက်နှစ်ချက်ဖြင့် အချုပ် ဖော်ပြခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးကို နှစ်ပိုင်း ပိုင်း၍ ရပါသည်၊ (၁) ပထမ အချက် ငါးချက်က ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ တာဝန်ကို ဖော်ပြပြီး၊ (၂) ဒုတိယ အချက် ငါးချက်က လူအချင်းချင်းအပေါ် ပြုရမည့် တာဝန်ကို ဖော်ပြထားပါသည်။

ကျမ်းပြုဆရာကလည်း ယေရှုသည် မှန်ကန်စွာ အဖြေပေးတော်မူခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။ ယေရှု၏စကားကို ဝန်ခံသည်သာမက၊ ဘုရားသခင်ကို ချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်းသည် "မီးရှို့သော ယဇ်ကောင်မှစ၍ ယဇ်အမျိုးမျိုးတို့ကို ပူဇော်ခြင်း အကျင့်ထက်သာ၍ မြတ်ပါသည်" ဟု ဆိုခဲ့ပါသည်။ ယေရှုကလည်း ထိုသို့ လိမ္မာစွာ အဖြေပေးခဲ့သောကြောင့် ချီးကျူး လျက်၊ ကယ်တင်ခြင်း ရဖို့ရန် နီးစပ်ကြောင်း မိန့်တော်မူခဲ့ပါသည်။ သူသည် ဘုရားသခင်၏နိုင်ငံတော် နှင့် အလှမ်း မဝေးသော်လည်း၊ အထဲ၌ မရှိသေးပါ။ ဤကျမ်းပြုဆရာသည် ပညတ်တရားကို စုံလင်စွာ လိုက်လျှောက်ခဲ့သော သခင်ယေရှု ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားခဲ့လျှင် နိုင်ငံတော်ထဲသို့ ဝင်ရောက်ခဲ့လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ပညတ်တော် တည်နေရာသည် ဦးနှောက် မဟုတ်ဘဲ၊ နှလုံးသား ပင်ဖြစ်၏။" (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ် မချစ်နိုင်သောသူများကို ချစ်နိုင်မည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဇူလိုင် (၂၈)
**ယော ၁၀း၂၂-၃၉**
ဆာလံ ၈၂

*"ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်း ဖြစ်သည်"*

## ယေရှုသည် ယုတ္တိရှိရှိ တွေးခေါ်သောသူဖြစ်၏

ယေရှုသည် အ်ကဲနိပွဲတွင် ယေရုရှလင်မြို့၌ ရှိခဲ့ပါသည်။ ထိုအခါ၊ မယုံကြည်သူ ယုဒလူ များက ယေရှုအား၊ "သင်သည် . . . ခရစ်တော်မှန်လျှင် အတိအလင်း ပြောပါဟု ဆိုကြ၏။" ဤတောင်းဆိုမှုသည် လုံးဝအဓိပ္ပါယ် မရှိသော တောင်းဆိုမှုဖြစ်ပါသည်။ ယေရှုက မိမိသည် မည်သူ ဖြစ်ကြောင်းကို ပြုသောအမှုနှင့် မိန့်တော်မူသောစကားများအားဖြင့် သက်သေပြခဲ့ပြီ ဖြစ်၏။ သို့သော် လည်း ဤခေါင်းမာသောသူများသည် သခင်ယေရှု၏စကားနှင့် အံ့ဘွယ်အမှုများကို မယုံကြည်လို ကြပါ။ အဘယ့်ကြောင့် မယုံကြည်ကြပါသနည်း။ အကြောင်းမှာ သူတို့သည် ယေရှု၏သိုးထဲတွင် မပါဝင်ကြသောကြောင့်ဖြစ်ပါသည်။ ဆိုလိုသည်မှာ၊ သူတို့သည် မပြောင်းလဲသေးသော ဝက်၊ ဒုတိယ မွေးခြင်း ခံသော သိုးများ မဟုတ်ကြပါ။ ယေရှုသည် မိမိ၏သိုးများကို သိလျက်၊ သိုးတို့ကလည်း သခင်၏စကားကို သိနားလည်၍ လိုက်လျှောက်ကြ၏။ သူတို့သည် ထာဝရအသက်ကို ရ၍၊ ထာဝရ လုံခြုံမှုကို ရခဲ့ကြပြီ။ အဘယ်သူမျှ၊ စာတန်ကပင် (နှိုင်း - ယော ၁၀း၂၈-၂၉) ခမည်းတော်၏လက်ထဲ မှ ထိုသူတို့ကို မလုယူနိုင်ပါ။

"ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်း ဖြစ်သည်" ဟူသော တရားက ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ရှင်းလင်းစွာ သက်သေပြလျက်ရှိ၏။ ကြားသော ယုဒလူတို့သည် ထိုတရား၏ ဆိုလိုရင်းကို ကောင်းကောင်း သိကြပါသည်။ သို့သော်လည်း၊ သူတို့သည် ယေရှုအား မိမိကိုယ်ကို ဘုရားဟု ခေါ်သည်ဟု ဆိုကား ကျောက်ခဲဖြင့် ပစ်ကြ၏။ ယေရှုသည် ဘုရားသခင် အမှန် ဖြစ်တော် မူ၏။ ဘုရားဖြစ်ခြင်း၌ ခမည်းတော်ဘုရားနှင့် တလုံးတဝတည်း ဖြစ်ကြ၏။ ခမည်းတော်ဘုရားသည် အနန္တတန်ခိုးရှင်၊ အလုံးစုံကို သိတော်မူသောသူ၊ နေရာတိုင်း တည်ရှိတော်မူသောသူ ဖြစ်သကဲ့သို့ ယေရှုသည်လည်း ထိုသို့ ဖြစ်တော်မူ၏။ ဤကျမ်းပိုဒ်၌ သုံးပါးတဆူဘုရား၏ ပုဂ္ဂိုလ်နှစ်ပါးကို တွေ့ ရပါသည်။ သို့သော်လည်း သူတို့သည် ဘုရား၌ တလုံးတဝတည်း ဖြစ်တော်မူကြ၏။

ယုတ္တိရှိရှိ တွေးခေါ်တော်မူသောသူ ယေရှုက မိမိသည် ဘုရားသခင်ဖြစ်တော်မူ၏ ဟူသော သမ္မာတရားကို ရှင်းပြတော်မူခဲ့၏။ လုံးဝငြင်းပယ်၍မရသော အကြောင်းရင်းကို အသုံးပြုတော်မူခဲ့၏။ ယေရှုက၊ "သင်တို့သည် ဘုရား (ဟေဗြဲ ဘာသာစကား) ဖြစ်ကြ၏၊ ငါဆိုသည်ဟု သင်တို့၏ ပညတ္တိကျမ်းစာ၌ လာသည် မဟုတ်လော။ ဘုရားသခင်၏ဗျာဒိတ်တော်ကို ခံရသောသူတို့ကို ဘုရားဟူ၍ ခေါ်ရလျှင် ၎င်း၊ ကျမ်းစကားကို မပယ်ရလျှင်၎င်း၊ ခမည်းတော်သည် သန့်ရှင်းစေ၍၊ ဤလောကသို့ စေလွှတ် တော်မူသောသူက၊ ငါသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ဆိုသောကြောင့်၊ သင်သည် ဘုရားသခင်ကို လွန်ကျူး၍ ပြောသည်ဟု ထိုသူအား ဆိုရာသလော" (ယော ၁၀း၃၄-၃၆) ဟု သူတို့အား မေးခဲ့ပါသည်။ ထိုလူများကို ကျမ်းစာအရ ဘုရားများဟု ခေါ်ကြ လျှင်၊ ထိုသူအပေါင်းထက် ကြီးမြတ်တော်မူသော၊ အသက်ရှင်တော်မူသော နှုတ်ကပတ်တော်တည်း ဟူသော ယေရှုကို ဘုရားသခင်၏သားတော်ဟု မခေါ်ထိုက်သလော။ ထိုအမှု၌ ရန်သူတို့သည် လုံးဝ ပြန်လည် တုန့်ပြန်နိုင်ခြင်း မရှိခဲ့ကြပါ။

**ဆင်ခြင်ရန်** - လူ၌ တည်သော ဘုရားသခင်၏သဏ္ဍာန်တော်ကား အဘယ်နည်း။

**ဆုတောင်းချက်-** ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်၏သန့်ရှင်းခြင်းကို ကျွန်ုပ်အသက်တာ ၌ ထင်ရှားစေလိုပါသည်။

*"ကျဉ်းမြောင်းသော တံခါးဝကို ဝင်ခြင်းငှါ ကြိုးစားအားထုတ်ကြလော့"*

## ယေရှု - ကျဉ်းသောလမ်း (၁)

ယေရှုသည် ယောဟန်၏ ဗတ္တိဇံအမှုတော် ဆောင်ခဲ့သောနေရာ၊ မိမိကိုယ်တိုင်လည်း ဗတ္တိဇံမင်္ဂလာ ခံတော်မူခဲ့ရာ (နှိုင်း - လု ၃း၃၊ ယော ၁း၂၈) ယောဒန်မြစ် အရှေ့ဘက်ကမ်းသို့ သွားခဲ့ပါသည်။ လူများတို့သည် ယေရှုကို တွေ့ဖို့ရန် သွားခဲ့ကြပြီး၊ ယောဟန် ပြောကြားခဲ့သော ယေရှုအကြောင်းကို အောက်မေ့ခဲ့ကြ၏။ ယောဟန်က ယေရှုသည် (၁) ဘုရားသခင်၏သိုးသငယ်ဖြစ်၏ (ယော ၁း၂၉)၊ (၂) အရာခပ်သိမ်း မတည်မရှိမီ ရှိတော်မူ၏ (ယော ၁း၃၀)၊ (၃) ဘုရားသခင်၏ သားတော်ဖြစ်၏ (ယော ၁း၃၄)၊ (၄) ခရစ်တော် ဖြစ်၏ (ယော ၃း၂၈)၊ (၅) သားတို့သား ဖြစ်၏ (ယော ၃း၂၉)၊ (၆) အထက်အရပ်မှ လာသောသူ ဖြစ်၏ (ယော ၃း၃၁)၊ (၇) ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောသောသူ ဖြစ်၏ (ယော ၃း၃၄)၊ (၈) ဝိညာဉ်တော် အတိုင်းအဆ မရှိ ခံရသောသူ ဖြစ်၏ (ယော ၃း၃၄)၊ (၉) ဘုရားသခင်၏ ချစ်လှစွာသော သားတော် ဖြစ်၏၊ (၁၀) ဝိညာဉ်တော်နှင့်ငှင်း၊ မီးနှင့်ငှင်း ဗတ္တိဇံမင်္ဂလာ ပေးတော်မူသောသူ ဖြစ်၏ (လု ၃း၁၆) ဟု ဆိုခဲ့ပါသည်။ ယေရှု ပြုတော်မူသော အမှုများကို မြင်လျက်၊ မိန့်တော်မူသော စကားများကို ကြားရသောအခါ၊ ယောဟန် ပြောခဲ့သောစကားများသည် အမှန်ဖြစ်ကြောင်း လူများ ယုံကြည်ခဲ့ကြပါသည်။ ထို့နောက် လူများသည် ယုံကြည်သူဖြစ်လာခဲ့ကြ၏။

ကယ်တင်ခြင်းခံရသောသူ နည်းမည်လော။ ထိုမေးခွန်းကို သွယ်ဝှက်၍ ကောင်းကင်နိုင်ငံသို့ ဝင်ရသော တံခါးသည် ကျဉ်းသောတံခါးဖြစ်ပါသည် ဟု ယေရှု ဖြေတော်မူခဲ့၏။ ကောင်းကင်နိုင်ငံသို့ ဝင်ရောက်လိုသောသူသည် "ကြိုးစားအားထုတ်" ဖို့လိုပါသည်။ ကြိုးစားအားထုတ် ဟူသော ဟေဗြဲစကားလုံးသည် ညီးထွား ဟူသောအဓိပ္ပါယ် ရှိပါသည်။ ဆိုလိုသည်မှာ ကြိုးစားအားထုတ်ခြင်း၌ အခက်အခဲများကို ညီးထွားလျက်ပင် သည်းခံဖို့လိုအပ်ပါသည်။ ယုံကြည်သူသည် အပြစ်တရား၊ မိမိကိုယ်ကိုနှင့် စာတန်ကို အစဉ်မပြတ် ကြိုးစား တိုက်ခိုက်ဖို့ဖြစ်ပါသည် (ရောမ ၇း၁၄-၂၁)။ ဤအမှုသည် ဘုန်းတော်ဝင်စားသော အချိန်၌သာ ပြီးဆုံးပါလိမ့်မည်။ သို့သော်လည်း၊ ကယ်တင်ခြင်းသည် အလုပ်အားဖြင့် ဖြစ်သည်ဟု မဆိုလိုပါ။ ကယ်တင်ခြင်းသည် ကျေးဇူးတော် သက်သက်အားဖြင့် ခရစ်တော်၌ ယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ထိုစစ်မှန်သော ယုံကြည်ခြင်းသည် အလုပ်ကို လုပ်သော ယုံကြည်ခြင်း ဖြစ်၏ (ယာကုပ် ၂း၂၀)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်ကဲ့သို့ ကျွန်တော်တို့ဖြစ်မည်အကြောင်း အမှုပြုတော်မူပြီး၊ ကျွန်တော်တို့သည်လည်း ထိုဝိညာဉ်တော်၏ သန့်ရှင်းစေခြင်းအမှု၌ ကြိုးစား ဆက်ကပ်ကြဖို့ လိုအပ်ပါသည်။ ထိုတရားကို ပေါလုက၊ "ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကို ကယ်တင်ခြင်းငှါ ကိုယ်တိုင် ကြိုးစား အားထုတ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှါငှင်း၊ အကျင့်ကျင့်စေခြင်းငှါငှင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား၊ ဘုရားသခင် ပေတည်း" (ဖိ ၂း၁၂-၁၃) ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ကောင်းကင်ဘုံ ဝင်ရသော လမ်းတလမ်းသာရှိ၏၊ ယေရှုသာလျှင် တခုတည်းသောလမ်း ဖြစ်တော်မူ၏။"

**ဆုတောင်းချက်-** အဖဘုရား၊ အသက်ရှင်ခြင်းသို့ ပို့ဆောင်သော ထိုကျဉ်းသောလမ်း၌ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။





*"ဘုရားသခင်သည် သေနေသောသူတို့၏ ဘုရား မဟုတ်၊ အသက်ရှင်သောသူတို့၏ ဘုရားဖြစ်တော်မူ၏"*

## အသက်ရှင်သော ဘုရားသခင်၊ အသက်ရှိသော သန့်ရှင်းသူများ

ဇဒ္ဒုကဲတို့သည် မိမိတို့ကိုယ်တိုင် ယုံကြည်ခြင်း မရှိသော၊ နောင်ဘဝအကြောင်းကို ယေရှုအား မေးခဲ့ကြပါသည်။ သေချာသည်မှာ၊ နောင်ဘဝအကြောင်းကို အမှန်တကယ် သိလိုသောကြောင့် မဟုတ်ဘဲ၊ ကောက်ကျစ်သော စိတ်သဘောဖြင့် မေးခဲ့ကြခြင်းဖြစ်ပါသည်။ တရား ၂၅း၅ တွင် ဖော်ပြသော၊ မောရှေ၏ စကားကို ကိုးကားလျက်၊ ကလေး မရဘဲ ယောကျ်ား သေခဲ့သော မိန်းမတယောက် ပုံပြင်ကို ထွင်ခဲ့ကြပြီး ညီအစ်ကို အဆက်ဆက် ထိမ်းမြားခြင်းတရားကို ဖော်ပြခဲ့ကြ၏။ ထိုမောရှေ၏ ပညတ်အရ ယောကျ်ား၏ညီက သူ့အစ်ကိုအတွက် မျိုးဆက်ထိန်းပေးဖို့ရန် ထိုမိန်းမကို လက်ထပ်ယူ ရမည်ဖြစ်ပါသည်။ ထိုယောကျ်ားသည်လည်း ကလေးမရဘဲ သေခဲ့ပြန်၏။ ထိုအခါ နောက်ညီက ထိုမိန်းမကို ဆက်လက် ပေါင်းသင်းရမည်ဖြစ်ပါသည်။ ဤသို့ဖြင့် ညီအစ်ကို ခုနစ်ဦးလုံးက ထိုမိန်းမကို ပေါင်းသင်းခဲ့ကြ၏။ နောက်ဆုံးတွင် ထိုမိန်းမလည်း သေခဲ့ပါသည်။ ထိုအခါ၊ အပြစ်ရှာခြင်း မေးခွန်း ပေါ်ထွက်လာ၏၊ "သို့ဖြစ်၍ ထမြောက်ရာကာလ၌ ထိုမိန်းမသည် အဘယ်သူ၏ မယား ဖြစ်ရပါမည်နည်း။ ထိုသူ ခုနစ်ယောက်တို့သည် ထိုမိန်းမနှင့်စုံဘက်ကြပြီဟု လျှောက်ကြ၏။" ယေရှုက သူတို့၏ နှုတ်ကပတ်တရားတော် မသိကျွမ်းခြင်းကို ထောက်ပြတော်မူခဲ့ပါသည်။ ဇဒ္ဒုကဲတို့က နောင်ဘဝ၊ ကောင်းကင်ဘုံဘဝသည် ဤလောက၏ဘဝ ကဲ့သို့ ဖြစ်မည်ဟု မှားယွင်းစွာ ထင်မှတ်ခဲ့ကြပါသည်။ ဤလောက၌ ဖြစ်သကဲ့သို့ ကောင်းကင်ဘုံတွင် လက်ထပ် ထိမ်းမြားခြင်း ရှိမည်ဟု ကျမ်းစာ၌ မဖော်ပြထားပါ။ ထို့ပြင် ဤမေးခွန်းက ရှင်ပြန်ထမြောက်ရာနေ့၌ ဘုရားသခင် ပြုတော်မူမည့်၊ အလွန် ဘုန်းကြီးသောအရာကို ငြင်းပယ်ရာ ရောက်ပါသည် (၁ ကော ၁၅း၄၀-၅၀)။ ကောင်းကင်တမန်နည်းတူ၊ ရှင်ပြန်ထမြောက်သော သန့်ရှင်းသူတို့သည် ထိမ်းမြားခြင်း မပြု၊ သေလည်း မသေနိုင်တော့ပါ။ ရှင်ပြန်ထမြောက်ပြီး အခြေအနေတွင်၊ ယုံကြည်သူများသည် အတိတ်က အကြောင်းအရာများနှင့် လှုပ်ရှားမှုများကို အမှတ်ရသေးမည်ဖြစ်သော်လည်း၊ ဘုန်းအသရေနှင့် ပြည့်စုံသော ခန္ဓာကိုယ်ဖြင့် အသက်ရှင် နေထိုင်ကြမည်ဖြစ်ပါသည်။

ယေရှုက ဇဒ္ဒုကဲများ၏ ရှင်ပြန်ထမြောက်ခြင်း ငြင်းပယ်မှုကို ဆက်လက် အပြစ်တင်တော်မူခဲ့ပါသည်။ ဣသရေလ၏ ဘုရားသခင်သည် သေသောသူများ၏ ဘုရား မဟုတ်ဘဲ၊ အသက်ရှင်သောသူများ၏ ဘုရား ဖြစ်ကြောင်း မိန့်တော်မူ၏။ ထို့ပြင် ထိုဘုရားသည် အဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏ ဘုရားသခင်ဖြစ်တော်မူ၏ (ထွက် ၃း၆ ကို ကိုးကားလျက်)။ ထို့ကြောင့်၊ သေလွန်ပြီးသော ထို အဘ သုံးပါးတို့သည်လည်း အသက်ရှင်လျက်ရှိကြပြီး၊ ရှင်ပြန်ထမြောက်ရာနေ့ကို စောင့်လျက် နေခဲ့ကြပါသည် (၁ သက် ၄း၁၄-၁၆)။ ယေရှု၏ သွန်သင်ခြင်း၌ လူအပေါင်းတို့သည် အံ့သြခြင်း ရှိခဲ့ကြပြီး၊ ကျမ်းပြုဆရာတို့သည် ယေရှု၏ တရားကို အသိအမှန်ပြုခဲ့ကြပါသည်။ ဇဒ္ဒုကဲတို့သည် ယေရှုအား နောက်ထပ် မေးခွန်း မမေးရဲကြတော့ပါ။

**ဆင်ခြင်ရန်** - ချီဆောင်ခြင်းအတွက် ကျွန်တော် အသင့်ရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ချီဆောင်ခံရမည့် နေ့ကို ကျွန်တော် မျှော်လင့်လျက်ရှိပါ၏။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၃)
**မသဲ ၂၂း၁၅-၂၂**
ရောမ ၁၃း၁-၈

*"ကဲသာဘုရင်၏ ဥစ္စာကို ကဲသာဘုရင်အား ဆက်ပေးကြလော့"*

## ယေရှု နှင့် ကဲသာဘုရင်

ဖာရိရှဲတို့သည် ဟေရုဒ်တပည့်များနှင့်တကွ မိမိတို့၏တပည့်များကို ယေရှုအား အပြစ်ရှာမည်အကြောင်း စေလွှတ်ခဲ့ကြပါသည်။ ဤတပည့်များကလည်း သူတို့၏ဆရာများထက် ပိုလုပ်နိုင်မည်ဟု ထင်မှတ်ကြဟန်ရှိပါသည်။ ဆရာများကလည်း သူတို့တပည့်လေးများ၏ စွမ်းဆောင်ရည်ကို မြင်တွေ့လိုခဲ့ကြပါသည်။ ထိုအခါ ထိုတပည့်များနှင့် ဟေရုဒ်တပည့်များက ယေရှုအား ယုဒလူများအတွက် ကဲသာဘုရင်ထံ အခွန်ပေးခြင်းသည် မှားပါသလားဟု မေးခဲ့ကြပါသည်။

ယုဒလူများသည် ကဲသာဘုရင်ထံ အခွန် ပေးသင့်သလော၊ မပေးဘဲ နေရမည်လော။ ယေရှုက၊ ပေးသင့်သည်ဟု ဆိုလျှင်၊ ယုဒရှင်ဘုရင်တပါးအနေဖြင့် သူသည် စိတ်နှုခွရှိသောသူဖြစ်ပါလိမ့်မည်။ မပေးသင့်ဟု ဆိုပြန်လျှင်၊ ရောမအုပ်စိုးခြင်းကို ပုန်ကန်သူဟု စွပ်စွဲခြင်း ခံရလိမ့်မည်။ သို့သော်လည်း၊ ယေရှုသည် သူတို့၏ ကောက်ကျစ်စဉ်းလဲမှုကို သိမြင်တော်မူခဲ့ပါသည်။ ဘုရား၏ ဉာဏ်တော်ဖြင့် ထိုရောမ ဒင်္ဂါး၌ အဘယ်သူ၏ပုံ လိပ်စာ ထွင်းထားသနည်းဟု မေးတော်မူ၏။ သူတို့က ကဲသာဘုရင်၏ ပုံနှင့်လိပ်စာ ဟုဆိုခဲ့ကြပါသည်။ ထိုအဖြေ၌ သူတို့မေးခွန်း၏ အဖြေကိုလည်း တွေ့ရပါသည်။ ထို့ကြောင့်၊ "ကဲသာဘုရင်၏ ဥစ္စာကို ကဲသာဘုရင်အား ဆက်ပေးကြလော့။ ဘုရားသခင်၏ ဥစ္စာကိုကား ဘုရားသခင်အား ဆက်ပေးကြလော့" ဟု ယေရှု မိန့်တော်မူ၏။ ထိုအခါ မေးခွန်းမေးသော သူအပေါင်းတို့သည် အံ့ဩခြင်းရှိလျက် နှုတ်ဆိတ်နေခဲ့ကြ၏။ ယေရှုအား အပြစ်စွပ်စွဲဖို့ရန် ဘယ်လိုမှ မတတ်နိုင်ခဲ့ကြပါ။

ယေရှုသည် အလွန်ကောက်ကျစ်ပါးနပ်သော မေးခွန်းမှ ကိုယ်လွတ် ရုန်းဖို့သက်သက် အဖြေပေးတော် မမူ။ စစ်မှန်သော စိတ်သဘောဖြင့် အဖြေ ပေးတော်မူ၏။ မိန့်တော်မူသည်အတိုင်း ယုဒလူတို့သည် ကဲသာဘုရင်ထံ အခွန် ပေးကြရပါမည်။ လူ၏ပညတ်တရားကို လိုက်လျှောက်ခြင်းဖြင့် ဘုရားသခင်၏ ပညတ်တရားကို စုံလင်စေတော်မူ၏။ ရောမ ၁၃း၁-၂ တွင်၊ "အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်းကို လူတိုင်း ဝန်ခံစေ။ အကြောင်း မူကား၊ ဘုရားသခင်၏ အခွင့်မရှိလျှင်၊ မင်းအာဏာစက် မရှိ၊ အာဏာစက်ရှိသမျှသည် ဘုရားသခင် ခန့်ထားတော်မူရာ ဖြစ်သတည်း။ ထို့ကြောင့် မင်းအာဏာကို ဆန်သောသူသည် ဘုရားသခင် စီရင်တော်မူရာကို ဆန်သောသူဖြစ်၏။ ထိုသို့ ဆန်သောသူသည် ရာဇဝတ်ကို ခံရမည်" ဟု အစိုးရ သောသူများကို နာခံရမည်အကြောင်း သမ္မာကျမ်းစာ ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပြန်ဆပ်ခြင်း မရှိသော အကြွေးယူခြင်းသည် ခိုးယူခြင်းပင် ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ အကြွေး ဆပ်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ ဇူလိုင် (၁၀)
**လု ၁၃း၂၂-၃၀**
ဂလာ ၃း၆-၁၄

*"နောက်ကျသောသူ အချို့တို့သည် အရင်ကျကြလိမ့်မည်။ အရင်ကျသောသူ အချို့တို့သည် နောက်ကျကြလိမ့်မည်"*

## ယေရှု - ကျဉ်းသောလမ်း (၂)

ထိုကျဉ်းသောလမ်းသည် ခက်ခဲသည်သာမက၊ တခုတည်းသော လမ်းဖြစ်ပါသည်။ ကောင်းကင်နိုင်ငံသို့ ဝင်ရောက်ရသော လမ်း၊ တလမ်းတည်းသာရှိ၏၊ ယေရှု သာလျှင် ဖြစ်တော်မူ၏။ ယေရှုက၊ "ငါသည် လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ" (ယော ၁၄း၆) ဟု မိန့်တော်မူ၏။ အခြားကျမ်းပိုဒ်တွင်၊ "ကျဉ်းသောတံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သောလမ်းနှင့် တံခါးသည် ကျယ်ဝန်းသည် ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ ရောက်သော လမ်းနှင့် တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊ တွေ့ဝင်သော သူတို့သည် နည်းကြ၏" (မသဲ ၇း၁၃-၁၄) ဟု မိန့်တော်မူခဲ့ပါသည်။

ယုဒလူများသာ ကယ်တင်ခြင်းခံရမည်လော။ လုံးဝ မဟုတ်ပါ။ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက်သောသူများသည် ဣသရေလအမျိုးသာ မဟုတ်၊ လူမျိုးတကာ ဖြစ်ကြမည်အကြောင်း ယေရှု မိန့်တော်မူ၏။ ယုဒလူများက သူတို့သာလျှင် ကယ်တင်ခြင်း ခံရလျက်၊ တပါးအမျိုးသားတို့သည် ငရဲကျလိမ့်မည်ဟု ထင်မှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ ယေရှုက၊ "နောက်ကျသောသူ အချို့တို့သည် အရင်ကျကြလိမ့်မည်။ အရင်ကျသောသူ အချို့တို့သည် နောက်ကျ ကြလိမ့်မည်" ဟု မိန့်တော်မူ၏။ အခွင့်ထူးခံရခြင်း၌ ယုဒလူတို့သည် အရင်ကျ ခဲ့ကြပါသည်။ ဘုရားသခင်က သူတို့အား ပဋိညာဉ်နှင့် ကျမ်းစာအားဖြင့် အထူးအခွင့်ကို ပေးတော်မူခဲ့၏။ သို့သော်လည်း၊ ခရစ်တော်ကို ငြင်းပယ်ခဲ့ကြလျှင် နောက်ကျသောသူဖြစ်လျက် ဘုရားသခင်သည် သူတို့ကို ထာဝရ ငရဲထဲသို့ ပစ်ချပါလိမ့်မည်။ သူတို့သည် ယေရှုအား သခင်ဟု ခေါ်လျက်၊ သူနှင့်အတူ စားသောက်ပြီး၊ တရားဟောချက်များကို ကြားနာခဲ့ကြသော်လည်း၊ ထိုနေ့တွင် ယေရှုက သူတို့အား၊ "သင်တို့သည် အဘယ်က လာသည်ကို ငါမသိဟု ငါဆိုပြီ။ မတရားသောအမှုကို ပြုသောသူ အပေါင်းတို့၊ ငါ့ထံမှ ဖယ်သွားကြဟု ပြောလိမ့်မည်။" အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့သည် ကောင်းကင်ဘုံ၌ အမှန် ယခု ရှိကြပါသည်။ ဣသရေလလူတို့က သူတို့၏အဘများသည် (အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်) ဘုရားသခင်၏နိုင်ငံတော်၌ ရှိကြကြောင်း သိမြင်ခဲ့လိမ့်မည်၊ သို့သော်လည်း၊ သူတို့အဘများ၏ ယုံကြည်ခြင်း အသက်တာကို မလိုက်လျှောက်ခဲ့ကြသောကြောင့် သူတို့ကိုယ်တိုင်သည် ပစ်ပယ်ခြင်း ခံရကြလိမ့်မည် ဖြစ်၏ (နှိုင်း - မသဲ ၈း၁၀-၁၂)။

**ဆင်ခြင်ရန်** - ယနေ့ အသင်းတော်သည် ဣသရေလအပေါ်၌ သတင်းကောင်း ဟောပြောဖို့ရန် အကြွေးတင်လျက်ရှိပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ယုဒလူများထံ သတင်းကောင်း ဟောပြောရသော အခွင့် ပေးသနားတော်မူပါ။

## ယေရှုသည် ဣသရေလကို ချစ်တော်မူ၏

ယေရှုသည် ယောဒန် အရှေ့ဘက်ကမ်း ပေရိ (Perea) ၌ အမှုတော်ဆောင်စဉ်၊ ဖာရိရှဲများက ယေရှုအား ဟေရုဒ် အန္တိပ (ဂါလိလဲပြည်နှင့် ပေရိပြည်ကို အုပ်စိုးသောသူ) သည် သူ့ကို သတ်ဖို့ရန် ရှာသောကြောင့် ချက်ချင်း ထွက်သွားရန် သတိပေးခဲ့ကြ၏။ ထိုအခါ ယေရှုက ထိုမြေခွေးဟု ခေါ်သော ဟေရုဒ်၏ အပေါင်းအပါဖြစ်နိုင်သော ထိုဖာရိရှဲတို့အား၊ သူသည် ဘုရားသခင်၏ ချိန်းချက်သော အချိန်ကို စောင့်ကြောင်း၊ ဟေရုဒ်က မိမိအချိန်ကို မဆီးတားနိုင်ကြောင်း ပြောဖို့ရန် စေလွှတ်ခဲ့ပါသည်။ ဘုရားသခင်၏ ချိန်းချက်တော်မူသော အချိန် မရောက်မချင်း ဟေရုဒ်ကဌင်း၊ ဖာရိရှဲတို့ကဌင်း ယေရှုကို သတ်၍ မရပါ။ မိမိအား ဟေရုဒ် မဟုတ်ဘဲ၊ ခမည်းတော်ကသာလျှင် အစိုးရကြောင်း ယေရှု ဖော်ပြတော်မူ၏။

ထိုအခါ ယေရှုသည် ပရောဖက်များကို သတ်သော ယေရုရှလင်မြို့အပေါ်၌ ဝမ်းနည်းခြင်း ရှိခဲ့၏။ ပရောဖက်များ၏ ပရောဖက်သည် သူတို့နှင့်အတူ ယခု ရှိသော်လည်း၊ သူတို့သည် သတ်ဖို့ ကြိုးစားခဲ့ကြပြန်၏။ ယေရှုသည် သူတို့အပေါ် ချစ်ခြင်းမေတ္တာ ပြခဲ့သော်လည်း၊ သူတို့သည် ထိုချစ်ခြင်းကို မထီမဲ့မြင် ပြုကြ၏။ အဘယ်သို့သော ချစ်ခြင်းနည်း။ ယေရှုသည် မိမိရန်သူများကို ချစ်ပါသလား။ အမှန် ချစ်တော်မူ၏။ ထိုချစ်ခြင်းကို ပြခဲ့သော်လည်း၊ သူတို့သည် မုန်းတီးခြင်းဖြင့် တုန့်ပြန်ခဲ့ပါသည်။ ကောင်းသောအမှုကို ပြုခဲ့သော်လည်း၊ သတ်ဖို့ရန် ကြိုးစားခဲ့ကြပါသည်။

ဣသရေလအား၊ "သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏" ဟု ယေရှု မိန့်တော်မူချက်သည် ဘာကို ဆိုလိုပါသနည်း။ "အိမ်" ဟူသော စကားလုံးက ဣသရေလ အမျိုးကို ရည်ညွှန်းပါသည်။ သူတို့၏ မေရှိယကို ငြင်းပယ်ကြသောကြောင့်၊ ဘုရားသခင်သည် ဣသရေလကို ပစ်ပယ်မည်ဖြစ်ပါသည် (နှိုင်း - ရောမ ၁၁း၁၅၊ ၁၇)။ သံလွင်ပင်မှ ပကတိအခက်သည် မယုံကြည်ခြင်းကြောင့် ခုတ်ပစ်ခြင်း ခံခဲ့ရပါသည် (ရောမ ၁၁း၂၀)။ ယေရှုက သူတို့အား၊ "ထာဝရဘုရား၏အခွင့်နှင့် ကြွလာသောသူသည် မင်္ဂလာရှိစေသောဟု သင်တို့ မပြောမီတိုင်အောင်" မိမိအား မတွေ့မြင်ရဟု မိန့်တော်မူ၏။ ယနေ့တိုင်အောင် ဣသရေလသည် ဝိညာဉ် မျက်စိကန်းလျက် ရှိကြပါသည်၊ သို့သော်လည်း ဤအမှုသည် ထာဝရ မဟုတ်၊ ခဏသာလျှင် ဖြစ်ပါသည်။ "တပါးအမျိုးသား အပေါင်းတို့သည် မဝင်မီတိုင်အောင် . . . ထိုသို့ကျမ်းစာနှင့်အညီ၊ ဣသရေလလူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။ ကျမ်းစာချက်ဟူမူကား၊ ကယ်လွှတ်သော သခင်သည် ဇိအုန်တောင်၌ ပေါ်ထွန်း၍၊ မတရားသော အမှုကို ယာကုပ် အမျိုးသားတို့မှ လွှဲတော်မူလတံ့" (ရော ၁၁း၂၅-၂၇)။ ယေရှုသည် ဒုတိယအကြိမ် ကြွလာတော်မူသောအခါ၊ နှစ်တထောင် အုပ်စိုးခြင်း၌ ဣသရေလပြည်ကို ပြန်လည် ပြုပြင်တည်ထောင်တော်မူလိမ့်မည်။ ထိုအချိန်တွင်၊ ထို ဣသရေလတပြည်လုံးက ယေရှုကို မေရှိယအဖြစ် ဝန်ခံလျက် လက်ခံ ယုံကြည်ကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဣသရေလကို စွန့်ပစ်ခဲ့ပြီလော။ ရောမ ၁၁း၁-၂ သည် အဖြေ ဖြစ်ပါသည်။

**ဆုတောင်းချက်-** (ဣသရေလ ကယ်တင်ခြင်းအတွက် ဆုတောင်းပါလော့)။





## ယေရှု၏ မင်္ဂလာဆောင်ပွဲ

ဤမင်္ဂလာဆောင်ပွဲ သာဓကသည် လုကာ ၁၄း၁၆-၂၄ တွင်တွေ့ရသော သာဓကနှင့် အတူတူပင်ဖြစ်ပါသည်။ ဆိုးသွမ်းသော ဥယျာဉ်စောင့် သာဓက ကဲ့သို့ ဤသာဓကသည် သမိုင်းအကြောင်းအရာလည်းဖြစ်၊ ပရောဖက်ပြုချက်လည်း ဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် သားတော် ယေရှု ခရစ်တော်၏ မင်္ဂလာဆောင်ပွဲသို့ ဣသရေလကို ဖိတ်ကြားတော်မူခဲ့ပါသည်။ ကယ်တင်ခြင်းအတွက် ဖိတ်ခေါ်ခြင်း ပေတည်း။ သို့သော်လည်း လက်မခံကြပါ။ တဖန် ဖိတ်ကြားခဲ့ပြီး၊ အဆင်သင့်ဖြစ်ကြရန် သတိပေးတော်မူခဲ့ပါသည်။ ခရစ်တော်က သူတို့ကယ်တင်ခြင်းအတွက် လိုအပ်သောအရာအားလုံးကို စုံလင်စွာ ဆောင်ရွက်ပေးတော်မူခဲ့ပြီး၊ ယုံကြည်ခြင်းဖြင့် လက်ခံဖို့ရန်သာ ဖြစ်ပါသည်။ သို့သော်လည်း၊ သူတို့သည် ကယ်တင်ခြင်း လက်ဆောင်ကို ပစ်ပယ်ခဲ့ကြပါသည်။ ထိုသို့ ဖိတ်ခေါ်သောသူများကိုလည်း သတ်ခဲ့ကြပါသည်။ ရှင်ဘုရင် ဘုရားသခင် ပြင်ဆင်ပေးတော်မူသော ကယ်တင်ခြင်း ညစာစားပွဲထက် မိမိတို့၏ လောကီအမှုကို ပိုအလေးထားခဲ့ကြပါသည်။

ဣသရေလကို ဘုရားသခင် မည်သို့ ပြုပါမည်နည်း။ ဣသရေလ၏ ဆန့်ကျင်မှုက ဘုရားသခင်ကို အလွန် အမျက်ထွက်စေသောကြောင့်၊ ဘုရားသခင်သည် ရောမစစ်သည်များနှင့်တကွ ဗိုလ်ချုပ် တိတု ကိုစေလွှတ်လျက် ယေရုရှလင်မြို့ကို အေဒီ ၇၀ တွင် ဖျက်ဆီးခဲ့ပါသည်။ ထို့နောက် မိမိ၏ မင်္ဂလာဆောင်ပွဲသို့ တပါးအမျိုးသားများကို ဖိတ်ခေါ်ခဲ့ပါသည် (နှိုင်း - လု ၁၄း၂၃)။ "အသီးအသီးဘာသာစကားကို ပြောသောလူ အမျိုးအနွယ် ခပ်သိမ်းတို့ထဲမှ" (ဗျာ ၅း၉) လူများတို့ဖြင့် မင်္ဂလာ ဆောင်ပွဲသည် စည်းကားလျက်ရှိပါလိမ့်မည်။ လူအပေါင်းကို ဖိတ်ကြားထားသော်လည်း၊ လူအပေါင်း ရွေးနှုတ်ခြင်း မခံရပါ။ "ခေါ်တော်မူသောသူ အများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူ နည်းသည်" ဟု ယေရှု မိန့်တော်မူ၏။ ရွေးနှုတ်ခြင်းခံသောသူတို့သည် မင်္ဂလာဆောင် ဝတ်လုံ ခြုံစေခြင်း ခံရကြ၏။ ဗျာဒိတ် ၁၉း၈ ထဲတွင်၊ "ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသော အခွင့်ကိုရ၏။ ထိုပိတ်ချောမူကား၊ သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းဖြစ်သတည်း" ဟု မင်္ဂဆောင် ဝတ်စုံကို ဖော်ပြခဲ့ပါသည်။ သန့်ရှင်းသူများ၏ ဖြောင့်မတ်ခြင်းသည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းပင်ဖြစ်ပါသည်။ ထိုဖြောင့်မတ်ခြင်းသည် ခရစ်တော်က ပညတ်တရားလိုက်လျှောက်ပေးတော်မူခြင်းဖြင့် အရယူပေးခဲ့သော ဖြောင့်မတ်ခြင်းပင်ဖြစ်ပါသည်။ ဤဖြောင့်မတ်ခြင်းတည်းဟူသော မင်္ဂလာဝတ်စုံ မဝတ်သောသူ၊ မိမိပြုသော ကောင်းမှုကုသိုလ်အားကိုးလျက် မင်္ဂလောဆောင်ပွဲသို့ ဝင်ရောက်ရန် ကြိုးစားသောသူတို့သည် အပြင်ဘက်၊ အမှောင်ထဲသို့ ငရဲသို့ ပစ်ချခြင်း ခံရကြလိမ့်မည် (မသဲ ၁၃း၄၂၊ ၂၅း၃၀၊ ၄၆)။ အလုပ်အားဖြင့် မဟုတ်ဘဲ၊ ယေရှုသာလျှင် ကယ်တင်ခြင်းကို ပေးနိုင်ကြောင်း အောက်မေ့စေခြင်း ဖြစ်ပါသည်။ ကောင်းကင်ဘုံသွားရာလမ်း တလမ်းတည်းသာရှိ၏၊ ကျွန်ုပ်တို့ ဖောက်သောလမ်း မဟုတ်၊ ဘုရားသခင် ခင်းပေးတော်မူသော၊ ယေရှုသာလျှင် စစ်မှန်သော၊ အသက်ရှင်ရာလမ်းဖြစ်တော်မူ၏ (ယော ၁၄း၆)။

**ဆင်ခြင်ရန်** - မင်္ဂလာဆောင်ပွဲ အဝတ်နှင့် ကျွန်တော် အသင့်ရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ သားတော် ပြင်ဆင်တော်မူသော မင်္ဂလာဆောင်ပွဲ အဝတ်ကို အကျွန်ုပ်အား ဝတ်ဆင်စေတော်မူပါ။

တနင်္လာ၊ စက်တင်ဘာ (၁)
မသဲ ၂၁း၃၃-၄၆
၁ ပေ ၂း၆-၉

*“တိုက်ကို တည်လုပ်သော သူများ ပယ်ထားသော ကျောက်သည် နောက်တဖန် တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်ပြန်၏”*

## ယေရှု ကားတိုင်၌ အသေခံခြင်း၊ က္ကသရေလ၏ ကယ်တင်ခြင်း

ဆိုးသွမ်းသော ဥယျာဉ်စောင့် သာဓကသည် က္ကသရေလကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ က္ကသရေလသည် ဘုရားသခင် အစိုးရသော နိုင်ငံဖြစ်ပါသည်။ မိမိကိုယ်စား က္ကသရေလကို အုပ်စိုးစောင့်ရှောက်ဖို့ရန် ရှင်ဘုရင်များကို ဘုရားသခင် ခန့်ထားခဲ့ပါသည်။ ရှင်ဘုရင်တို့သည် ဘုရားသခင်ထံမှ လမ်းလွဲသောအခါ၊ ဘုရားသခင်သည် မိမိ၏အစေခံ ပရောဖက်များကို စေလွှတ်လျက် သူတို့အား နောင်တရ၍ ဘုရားသခင်ထံ ပြန်လာဖို့ရန် တရားဟောခဲ့ကြ၏။ သို့သော်လည်း၊ သူတို့သည် ထိုပရောဖက်များကို သတ်ခဲ့ကြပါသည်။ နိုင်ငံ နှစ်ခြမ်းကွဲသောအခါ၊ ဇေရိမ်၌ ဘုရင် နှစ်ဆယ်ရှိခဲ့ပြီး၊ အားလုံး ဆိုးသွမ်းခဲ့ကြ၏။ ယုဒ တွင် ဘုရင် ဆယ့်ကိုးပါး ရှိခဲ့ပြီး၊ အနည်းငယ်သာ ကောင်း၍ အများစုသည် ဆိုးသွမ်းသော ဘုရင်များဖြစ်ခဲ့ပါသည်။ ထိုဆိုးသွမ်းဘုရင်များသည် ဘုရားသခင်၏ ပရောဖက်များ သတ်ခြင်း၌ ကျော်ကြားခဲ့ပါသည် (ယေရ ၂၀း၁-၂၊ ၃၇း၁၅၊ ၃၈း၆၊ ၃ ရာ ၁၉း၁၀၊ ၂၂း၂၄၊ ၆ ရာ ၂၄း၂၁)။ နောက်ဆုံးတွင် ဘုရားသခင်သည် ချစ်လှစွာသော တပါးတည်းသော သားတော်ကို စေလွှတ်တော်မူပြီး၊ သူ့ကိုလည်း သူတို့ သတ်ခဲ့ကြပါသည် (နှိုင်း - ယော ၁၁း၄၇-၅၃)။ ယေရှုကိုယ်တိုင်က က္ကသရေလသည် လွန်ခဲ့သောအချိန်၌ ဘုရားသခင်၏ ပရောဖက်များကို သတ်ခဲ့ပြီး၊ ယခု များမကြာမီ ပရောဖက်များ၏ ပရောဖက်ကိုလည်း အလွန် ညှဉ်းဆဲလျက် သတ်ခဲ့ကြမည်အကြောင်း ဖော်ပြခဲ့ပါသည်။ သူ့ကို ဖမ်းဆီးကြလျက်၊ ယေရုရှလင်မြို့ပြင်သို့ ဆွဲထုတ်လျက် ကားတိုင်ပေါ်၌ တင်သတ်ကြမည်ဖြစ်ပါသည်။ ထိုကြုံတွေ့ရမည့်အရာ၌ ယေရှုသည် အောင်နိုင်ခြင်း ရလိမ့်မည်ဖြစ်ပါသည်။ ဆာလံ ၁၁၈း၂၂-၂၃ ကို ကိုးကားလျက်၊ ယေရှုက သူတို့၏ ငြင်းပယ်ခြင်းသည် မိမိလူတို့အတွက် ကယ်တင်ခြင်းဖြစ်မည်ဟု မိန့်တော်မူ၏ (နှိုင်း - ၁ ပေ ၂း၆-၉)။

ထို့နောက် ယေရှုသည် က္ကသရေလအမျိုးအပေါ် စီရင်ခြင်းကို မိန့်တော်မူ၏။ “ဘုရားသခင်၏ နိုင်ငံတော်ကို သင်တို့မှ နုတ်၍ နိုင်ငံတော်၏အသီးကို သီးအံ့သောလူမျိုးအား ပေးရလတံ့။” ဤယေရှု ဖော်ပြသော လူမျိုးသည် အဘယ်လူမျိုးဖြစ်မည်နည်း။ ဒေသန္တာရ အသင်းတော်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ပေတရုက၊ “သန့်ရှင်းသောလူမျိုး” (၁ ပေ ၂း၉) ဟု ခေါ်ခဲ့ပါသည်။ အသင်းတော်ကာလတွင် က္ကသရေလသည် ခဏတာ ဘေးဖယ်ခြင်း ခံရမည်ဖြစ်၏။ ယုံကြည်သူ လူမျိုးပေါင်းစုံပါဝင်သော အသင်းတော်သည် က္ကသရေလနေရာ၌ ဧဝံဂေလိတရားဟောခြင်းအမှုကို ဆောင်ရွက်မည်ဖြစ်ပါသည်။ အသင်းတော်သည် ခရစ်တော်၌ ယုံကြည်ခြင်းဖြင့် ရရှိသော ပဋိညာဉ် သစ်၏ ဝိညာဉ် အကျိုးများကို ခံစားလျက် ရှိပါသည် (ကောလော ၁း၁၃)။ သို့သော်လည်း၊ တနေ့တွင် က္ကသရေလ လူမျိုးသည် ပြန်လည် ပြုပြင်ခြင်းခံရလိမ့်မည်။ ထိုအခါ၊ က္ကသရေလသည် ဝိညာဉ် အကျိုး သာမက၊ ဘုရားသခင် ဂတိထားတော်မူသော ပဋိညာဉ် သစ်၏ ဤလောက ကောင်းကြီးမင်္ဂလာကိုလည်း ခံစားလိမ့်မည်ဖြစ်ပါသည် (ယေရ ၃၁း၃၁၊ ရောမ ၁၁း၂၅)။ ထိုနေ့ ခရစ်တော်ပြန်လည် ကြွလာတော်မူသော နေ့တွင်၊ က္ကသရေလသည် ယေရှုအား ကယ်တင်ရှင် သခင်အဖြစ်လက်ခံလျက်၊ ဤလောက၌ တည်ထောင်မည့် နှစ်တထောင် အုပ်စိုးခြင်းတွင် ဝင်ရောက်ကြမည်ဖြစ်ပါသည် (ဗျာ ၅း၁၀၊ ၂၀း၆)။

**ဆင်ခြင်ရန်** - မကောင်းမှုသည် ဘုရားသခင်၏အစီအစဉ်ကို ဘယ်တော့မှ မဖျက်ဆီးနိုင်ပါ။
**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏နာမတော် ဘုန်းတော်ထင်ရှားဖို့ရန် အရာခပ်သိမ်းကို ကောင်းမွန်စွာ ကိုင်တွယ်တော်မူသောကြောင့် နာမတော်ကို ချီးမွမ်းပါ၏။



သောကြာ၊ ဩဂုတ် (၁)
လု ၁၄း၁-၁၅
၁ ပေ ၅း၁-၇

*“ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား နှိမ့်ချခြင်းသို့ ရောက်လတံ့”*

## ယေရှုသည် မာနထောင်လွှားသောသူကို နှိမ့်ချစေတော်မူ၏ (၁)

ယေရှုသည် ဥပုသ်နေ့၌ အရာရှိ ဖာရိရှဲတဦး၏ အိမ်သို့ စားသောက်ဖို့ရန် ဖိတ်ကြားခြင်း ခံရခဲ့ပါသည်။ ထိုသို့ ဖိတ်ခေါ်ခြင်းသည် ရိုသေလေးစားခြင်းကြောင့် မဟုတ်ဘဲ၊ သူ့ကို အပြစ်ရှာမည်အကြောင်း စောင့်ကြည့်လိုသောကြောင့် ဖြစ်ပါသည်။ ထိုအခါ (စီစဉ်ထားသည်ဟု ထင်ရလောက်အောင်) ရေဖျဉ်းနာစွဲသောသူသည် သူ့ရှေ့၌ ရောက်လာခဲ့ပါသည်။ ဥပုသ်နေ့၌ ယေရှုက အနာရောဂါကို ငြိမ်းစေမည်လော ဟူသောအချက်ကို ကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့သည် စောင့်ကြည့်လျက် ရှိကြ၏။ ထိုသူတို့၏စိတ်ကို သိသဖြင့်၊ ယေရှုက၊ “ဥပုသ်နေ့၌ အနာရောဂါကို ငြိမ်းစေအပ်သလော” ဟု မေးတော်မူခဲ့၏။ သူတို့သည် နှုတ်ဆိတ်လျက် နေခဲ့ကြပါသည်။ ထိုအခါ ယေရှုသည် ထိုလူနာ၏ရောဂါကို ငြိမ်းစေတော်မူခဲ့ပြီး၊ လွှတ်လေ၏။ ဥပုသ်နေ့ကို ချိုးဖောက်သည်ဟု သူတို့ မစွပ်စွဲမီ၊ ယေရှုက၊ “မိမိမြည်း၊ နွားသည် ဥပုသ်နေ့၌ တွင်းထဲသို့ကျလျှင် ချက်ခြင်း မဆွဲမတင်ဘဲ နေမည့်သူ တစုံတယောက်သည် သင်တို့တွင် ရှိသလော” ဟု မေးတော်မူ၏။ မရှိ ဟူသော အဖြေထွက်လာမည့် မေးခွန်းဖြစ်ပါသည်။ ထိုအခါ သူတို့သည် နှုတ်ဆိတ် နေကြပြန်၏။ သူတို့၏ မြည်း၊ နွားတို့ကို ဥပုသ်နေ့၌ ဆွဲတင်မည် ဆိုလျှင်၊ အဘယ့်ကြောင့် အနာရောဂါ ရှိသောလူ၏ ရောဂါကို မငြိမ်းစေဘဲ နေရပါမည်နည်း။ သူတို့သည် ယေရှု၌ အပြစ် မရှာနိုင်ခဲ့ပါ။ ယေရှုကို သူတို့ အပြစ်တင်လျှင် မိမိကိုယ်ကို အပြစ်တင်ရာ ရောက်ကြလိမ့်မည်ဖြစ်ပါသည်။

ယခု သာဓကတွင်၊ ယေရှုက ကျွန်တော်တို့ နှိမ့်ချသော စိတ်သဘောရှိဖို့ သွန်သင်တော်မူ၏။ အကြောင်းမှာ၊ “ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချ သောသူမည်သည်ကား ချီးမြှောက်ခြင်းသို့ ရောက်လတံ့။” ထို့ကြောင့်၊ မင်္ဂလာပွဲသို့ ဖိတ်ကြားခြင်း ခံရလျှင်၊ ကျွန်တော်တို့သည် အထူးဧည့်သည်သဖွယ် မနေရပါ။ အချို့သော မင်္ဂလာ ဧည့်ခံပွဲတွင် အထူးဧည့်သည်များအတွက် စားပွဲဝိုင်း တည်ခင်းတတ်ကြ၏။ ထို့ကြောင့် ထိုစားပွဲဝိုင်း၌ ထိုင်ပြီးမှ အခြား စားပွဲဝိုင်းသို့ ပြောင်းစေခြင်း ခံရခြင်းသည် ရှက်စရာ ကောင်းလှပါသည်။ စိတ်နှိမ့်ချခြင်း မရှိလျှင် အရှက်ကွဲတတ်၏။ အနိမ့်ဆုံးသော စားပွဲဝိုင်းတွင် ထိုင်လျက်၊ နံပါတ်တစ်စားပွဲဝိုင်းသို့ ပြောင်းထိုင်စေခြင်း ခံရခြင်းသည် အလွန် လေးစား ချီးမြှောက်ခြင်း ခံရခြင်း ပေတည်း။

**ဆင်ခြင်ရန်** - နှိမ့်ချခြင်းသည် ချီးမြှောက်ခြင်းကို မွေးဖွားပေး၏။
**ဆုတောင်းချက်-** အို အဖဘုရား၊ နှိမ့်ချသော စိတ်သဘောကို အကျွန်ုပ်အား ပေးတော်မူပါ။

စနေ၊ ဩဂုတ် (၂)
**လု ၁၄း၁-၁၅**
သု ၁၅း၂၉-၃၃

*"ကိုယ်ကိုကိုယ် နှိမ့်ချသော သူမည်သည်ကား ချီးမြှောက်ခြင်းသို့ ရောက် လတ့ံ"*

## ယေရှုသည် မာနထောင်လွှားသောသူကို နှိမ့်ချစေတော်မူ၏ (၂)

မင်္ဂလာပွဲ၌ ဖိတ်ခေါ်ခြင်း ခံရသော ဧည့်သည်များသည် မည်သို့ နေထိုင်ကျင့်ဆောင်ရမည်အကြောင်း ဖော်ပြပြီးမှ၊ ယေရှုသည် ဖိတ်ခေါ်သောသူ အကြောင်းကို ဆက်လက် ဖော်ပြခဲ့၏။ ညစာစားပွဲလုပ်သောသူများသည် များသောအားဖြင့် ကြွယ်ဝချမ်းသာသောသူများနှင့် အာဏာရှိသောသူများကိုသာ ဖိတ်ခေါ်တတ်ကြကြောင်း ယေရှု သိမှတ်တော်မူ၏။ မိမိကိုယ်ကျိုးအတွက် ထိုသို့ပြုတတ်ကြ၏။ လူတို့သည် ထင်ရှား ကျော်ကြားသောသူများကို ဖိတ်တတ်ကြပါသည်။ သို့သော်လည်း၊ ယေရှုက ကျွန်တော်တို့သည် ဘာမှ ပြန်လည် မပေးနိုင်သော ဆင်းရဲသားများနှင့် အားနည်းသောသူများကို ဖိတ်ဖေါ်ရမည်အကြောင်း မိန့်တော်မူ၏။ ကျွန်တော်တို့သည် ထိုသို့ စိတ်နှိမ့်ချလျက်၊ နှိမ့်ချသောသူများအပေါ် ကရုဏာထား သောအခါ၊ ရှင်ပြန်ထမြောက်ရာနေ့တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချီးမြှောက်လျက် ဆုချီးမြှင့်တော်မူလိမ့်မည်။ ထိုနေ့တွင်၊ ဘုရားသခင်သည် မိမိ၏စားပွဲ၌ ဖြောင့်မတ်သောသူကို ဖိတ်လျက်၊ နိုင်ငံတော်၌ မိမိနှင့်အတူအကွ စားသုံးကြပါလိမ့်မည် (နှိုင်း - ဗျာ ၁၉း၉)။

ယေရှုသည် မိန့်တော်မူသည့်စကားအတိုင်း ပြုတော်မူ၏။ သူသည် ကျွန်ုပ်တို့အတွက် ကောင်းဆုံးသော စိတ်နှိမ့်ချခြင်း သာဓကဖြစ်တော်မူ၏။ ခရစ်တော်၏ စိတ်သဘောကို ကျွန်တော်တို့ ပိုင်ဆိုင်ကြပါစို့။ "ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သော အမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သော အဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာ မဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်း တိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော် ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏" (ဖိလိ ၂း၆-၉)။ "ဘုရားသခင့်ရှေ့တော်၌ ကိုယ်ကိုကိုယ် နှိမ့်ချကြလော့။ သို့ပြုလျှင်၊ သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည်" (ယာကုပ် ၄း၁၀)။

**ဆင်ခြင်ရန်** - နှိမ့်ချခြင်း မရှိသော အရပ်တွင်၊ မထီမဲ့မြင်ပြုခြင်း ရှိတတ်၏။
**ဆုတောင်းချက်-** အို အဖဘုရား၊ အကျွန်ုပ်၏ မာနထောင်လွှားခြင်းကို ခွင့်လွှတ်တော်မူပါ။



တနင်္ဂနွေ၊ ဩဂုတ် (၃၁)
**မသဲ ၂၁း၂၃-၃၂**
သု ၁း၁-၂၃

*"ငါသည် တစုံတခုကို မေးဦးမည်"*

## ယေရှု - သာ၍ ကြီးမြတ်သော ရှောလမုန်

ယေရှုသည် ဗိမာန်တော်ထဲသို့ ဝင်သွားခဲ့၏။ ထိုအခါ ဗိမာန်တော် အကြီးအကဲများက ဘယ်အခွင့်ဖြင့် ဤသို့ ပြုသနည်းဟု မေးခဲ့ကြ၏။ ထိုခေတ်ကာလတွင်၊ လူတယောက်သည် တရားဟောခြင်း၊ သွန်သင်ခြင်းကို ကျော်ကြားသော ဆရာ (သို့) ဘာသာရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့်သာ ပြုခွင့်ရှိပါသည်။ ယဇ်ပုဟိတ်အကြီး၊ ကျမ်းပြုဆရာများနှင့် အကြီးအကဲများတို့သည် ယေရှု ပြုတော်မူခဲ့သော ဗိမာန်တော် သန့်ရှင်းစေခြင်း၊ အနာရောဂါ ငြိမ်းစေခြင်းကြောင့် အမျက်ထွက်ခဲ့ကြပါသည်။ ယေရှုသည် သူတို့ကို လုံးဝ ညာတာခြင်း မရှိခဲ့ပါ။ ပြုလိုသော အမှုကို ပြုတော်မူခဲ့ပါသည်။ အဘယ်သူက၊ ထို ဗိမာန်တော်၏ အရှင်သခင်အား သူပြုလိုသောအမှုကို ပြုခွင့် မရှိဟု ပြောနိုင်ပါသနည်း။

ထိုအခါ၊ ယေရှုက သူတို့အား ယောဟန်၏ဗတ္တိဇံသည် ကောင်းကင်မှ ဖြစ်သလော၊ လူက ဖြစ်သလောဟု မေးတော်မူခဲ့၏။ ယောဟန်၏ ဗတ္တိဇံအမှုတော်သည် မေရှိယကြွလာခြင်းအတွက် ဣသရေလအမျိုးကို ပြင်ဆင်ခြင်းဖြစ်ပါသည် (မသဲ ၃း၁-၃)။ အမှန်တကယ် မေရှိယ ကြွလာတော်မူသောအခါ၊ ယောဟန်သည် မိမိတပည့်များအား ထိုဘုရားသခင်၏ သိုးသငယ်၊ ဘုရားသခင်၏ သားတော်၊ ဝိညာဉ်တော်နှင့်ဇင်း၊ မီးနှင့်ဇင်း ဗတ္တိဇံပေးသော ယေရှုကို ညွှန်ပြခဲ့ပါသည် (ယော ၁း၂၉-၃၄)။ ယဇ်ပုရောဟိတ်အကြီးနှင့် ကျမ်းပြုတရာများသည် ဘာပြောရမှန်း မသိဖြစ်ခဲ့ကြ၏။ "ကောင်းကင်မှ" ဖြစ်သည်ဟု ဖြေကြလျှင်၊ အဘယ်ကြောင့် ယောဟန်ကို မယုံကြသနည်းဟု တုန့်ပြန်မည်ဟု သိကြပြီး၊ လူကဖြစ်သည်ဟု ဖြေလျှင်၊ ယောဟန်အား ဘုရားသခင်၏ ပရောဖက်ဖြစ်ကြောင်း လူတို့က လက်ခံကြသောကြောင့်၊ လူတို့က သူတို့ကို ကျောက်ခဲဖြင့် ပစ်ကြမည်ကို သိကြ၏။ ထို့ကြောင့်၊ သူတို့က၊ မသိဟု ဆိုခဲ့ကြ၏။ ယေရှုကလည်း၊ "ထိုအတူ ဤအမှုများကို အဘယ်အခွင့်နှင့် ငါပြုသည်ကို ငါမပြော" ဟု ဖြေလေ၏။

သားနှစ်ဦး သာဓကအားဖြင့်၊ ယေရှုသည် ယုဒဘာသာရေး ခေါင်းဆောင်များ၏ မယုံကြည်ခြင်း စိတ်နှလုံးကို ဖော်ထုတ်ခဲ့ပါသည်။ ယောဟန် ဟောသော နှုတ်ကပတ်တော်ကို ယုံကြည်ကြသည်ဟု ထင်ရသော်လည်း၊ အမှန်မှာ မယုံကြည်ခဲ့ကြပါ။ အဖက်တွင်၊ အခွန်ခံနှင့် အပြစ်သားများက ယုံကြည်လျက် ကယ်တင်ခြင်း ခံရခဲ့ပါသည်။ ဤအပယ်ခံလူများသည် အဘထံ မသွားဟု ဆိုလျက်၊ နောက်မှ နောင်တရ၍ နာခံခဲ့သော ပထမသား ကဲ့သို့ဖြစ်ကြပါသည်။ ဤဘာသာရေး ခေါင်းဆောင်များသည် ဒုတိယသား၊ ဟုတ်ခဲ့ဟု ဆိုလျက်၊ လက်တွေ့ မလုပ်သောသူ ကဲ့သို့ဖြစ်ကြပါသည်။ အဘယ်သူက ခမည်းတော်ဘုရား၏အလိုတော်ကို ပြုပါသနည်း။ ခေါင်းမာသော ယဇ်ပုရောဟိတ်နှင့် ကျမ်းပြုဆရာများ မဟုတ်ဘဲ၊ နောင်တရသော အခွန်ခံနှင့် အပြစ်သားများပင်ဖြစ်ကြပါသည်။ ယေရှုက ဤဘာသာရေးခေါင်းဆောင်များသည် နိုင်ငံတော် အမွေကို ခံရမည် ဟုတ်ဘဲ၊ သူတို့၏ ပစ်ပယ်ခြင်းကို ခံရသော အခွန်ခံနှင့်အပြစ်သားများသည် ထိုအမွေကို ခံရမည်ဟု မိန့်တော်မူ၏။ ထို့ကြောင့်၊ အရင်နေရာကျသောသူသည် နောက်ကျလိမ့်မည်၊ နောက်ကျသောသူသည် အရင်နေရာကျလိမ့်မည်။

**ဆင်ခြင်ရန်** - လူသည် ဘယ်တော့မှ ဘုရားသခင်ကို မှီနိုင်မည် မဟုတ်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ဤ အန္တရာယ်များလှသော လောကကြီး၌ အသက်ရှင်နေထိုင် ဖို့ရန် လိုအပ်သော ဉာဏ်ကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

စနေ၊ ဩဂုတ် (၃၀)
**မသဲ ၂၁း၁၄-၁၇၊ ၂၀-၂၂**
မာကု ၁၁း၁၉-၂၆

*"ဒါဝိဒ်၏သားတော်အား ဟောရှဏ ဖြစ်စေသတည်း"*

## ယေရှု ဟောရှဏ

ဗိမာန်တော် သန့်ရှင်းစေခြင်းအမှု၌ မြင်ရသော ယေရှု၏ တန်ခိုးအာဏာတော်နှင့် မျက်ကန်း မျက်စိဖွင့်ပေးခြင်းကြောင့် ဣသရေလလူတို့သည် တဖန်၊ "ဒါဝိဒ်၏သားတော်အား ဟောရှဏ ဖြစ်စေသတည်း" ဟု ကြွေးကြော်ခဲ့ကြပါသည်။ ဤလူငယ်များတို့က ယေရှုသည် ဣသရေလ၏ မေရှိယဖြစ်သည်ဟု ဆိုကြသောကြောင့်၊ ယဇ်ပုရောဟိတ်အကြီးနှင့် ကျမ်းပြုဆရာများသည် အလွန် အမျက်ထွက်ခဲ့ကြ၏။ ထိုအခါ ယေရှုက ဆာလံ ၈း၂ ကို ကိုးကားလျက် ထိုဘာသာရေးခေါင်းဆောင်တို့၏ နှုတ်ကို ပိတ်စေခဲ့ပါသည် - "နို့စို့သူငယ်တို့ နှုတ်ထဲမှ ကိုယ်တော်သည် ချီးမွမ်းခြင်းကို ပြင်ဆင်တော်မူသည်။" ဘုရားသခင် ချီးမွမ်းခြင်းကို ပြုသင့်သော လူကြီးများက မပြုကြလျှင်၊ ဘုရားသခင်သည် ကလေးသူငယ်များကို သမ္မာတရား သိမြင်စေလျက်၊ မိမိနာမတော်ကို ချီးမွမ်းစေတော်မူမည် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ပဋိညာဉ်နှင့်ဆိုင်သော ကလေးငယ်များ၏ စိတ်နှလုံး၌ ဘုရားသခင်၏ကျေးဇူးတော်သည် အံ့ဘွယ်အမှုပြုတော်မူနိုင်ကြောင်း သိထားသင့်ပါသည်။ ခရစ်ယာန် မိဘများသည် သားသမီးတို့ကို ဘုရားသခင် သိကျွမ်းခြင်းနှင့် ကြောက်ရွံ့ခြင်းတရား သွန်သင်ပေးခြင်း၌ မိမိတို့၏ တာဝန်ကျေပွန်မည်ဆိုလျှင်၊ ဘုရားသခင်သည် ထိုသူငယ်လေးများအား ငယ်ငယ်ရွယ်ရွယ်ပင် ဒုတိယမွေးခြင်းခံစေမည်ဖြစ်ပါသည်။

အသီးမသီးသော သဖန်းပင် ကျိန်ခြင်းသည် တနင်္လာနေ့၌ ဖြစ်ပါသည်။ ထိုသို့ ယေရှု ကျိန်ပြီးမှ ထိုအပင်သည် စတင် ခြောက်သွေ့ခဲ့ပါသည် (မသဲ ၂၁း၁၉)။ အင်္ဂါနေ့တွင်၊ ထိုအပင်သည် အမြစ်မှ စ၍ တပင်လုံး ခြောက်သွေ့ခဲ့ပါသည်။ ထိုသို့ လျင်မြန်စွာ ခြောက်သွေ့ခဲ့ခြင်းကို တပည့်တော်တို့က မြင်တွေ့ခဲ့ပါသည်။ ဤသည်ကား ယေရှု၏ အံ့ဘွယ် နှုတ်တန်ခိုးတော်ကြောင့် ဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကို အခြေခံလျက်၊ ယေရှုက တပည့်တော်တို့အား ယုံကြည်ခြင်း၏တန်ခိုးအကြောင်းကို သွန်သင်တော်မူခဲ့၏။ မိမိပြုသောအမှုထက် ပို၍ ကြီးမားသောအမှုကို သူတို့ပြုလိမ့်မည်အကြောင်း တပည့်တော်များအား မိန့်တော်မူ၏ (ယော ၁၄း၁၂)။ အမှန် ပြုခဲ့ကြပါသည်။ တမန်တော်ဝတ္ထုတွင် များစွာသောသူသည် ကယ်တင်ခြင်းရခဲ့ကြပြီး၊ အံ့ဘွယ်နိမိတ်လက္ခဏာများစွာ ပြုခဲ့ကြပါသည် (တမန် ၂း၄၁၊ ၃း၆-၉၊ ၁၆၊ ၅း၁၂-၁၆၊ ၉း၃၆-၄၃၊ ၁၉း၁၁-၁၂)။

စစ်မှန်သော ယုံကြည်ခြင်းကား အဘယ်နည်း။ စစ်မှန်သော ယုံကြည်ခြင်း၏ လက္ခဏာတခုမှာ သူတပါးအပြစ် ခွင့်လွှတ်လိုခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ အပြစ်ခွင့်လွှတ်ခြင်းကို အမှန် ခံစားရသောသူသည် ဝမ်းမြောက်ခြင်းဖြင့်ပြည့်လျက် သူတပါးကိုလည်း ခွင့်လွှတ်ဖို့ရန် အသင့်ရှိခဲ့ကြပါသည်။ ထိုခွင့်လွှတ်ခြင်း စိတ်သဘော မရှိသောသူသည် အစကတည်းမှ ကယ်တင်ခြင်း မခံသောသူ ဖြစ်နိုင်ပါသည်။ "သင်တို့သည် သူ့အပြစ်ကို မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် သင်တို့ ၏အပြစ်ကို လွှတ်တော်မမူ" ဟု ယေရှု သတိပေးတော်မူခဲ့၏။

**ဆင်ခြင်ရန်** - "ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ဘုရားသခင် ဝတ်၌ မွေ့လျော်ခြင်း၏ အချုပ်အခြာပင်ဖြစ်ပါသည်။" (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်နှင့် သူတပါးအား ချစ်ခြင်းဖြင့် အကျွန်ုပ်၏ယုံကြည်ခြင်း ပေါ်လွင်ထင်ရှားပါစေ။



တနင်္ဂနွေ၊ ဩဂုတ် (၃)
**လု ၁၄း၁၆-၂၇**
သု ၁း၂၄-၃၂

*"အကြင်သူသည် မိမိ လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ မလိုက်၊ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ရာ"*

## ယေရှု နောက်တော်လိုက်ခြင်း၏ အဖိုးအခ (၁)

ယခု သာဓကတွင်၊ ယေရှုသည် ကယ်တင်ခြင်းအတွက် မိမိ၏ ဖိတ်ခေါ်မှုကို ငြင်းပယ်လျက် အမျိုးမျိုးသော ဆင်ခြေပေးတတ်သည့် မယုံကြည်သူ ယုဒလူများကို ဖော်ပြတော်မူ၏။ ဥပမာ၊ တွေးခေါ်တတ်သော အဘယ်သူကမှ ဦးစွာ မစီစစ်ဘဲ မြေကွက်ကို ဝယ်လိမ့်မည် မဟုတ်ပါ။ ကောင်း မကောင်း အရင် မသိဘဲလျက် အဘယ်သူကမှ နွား ဆယ်ကောင်ကို ဝယ်လိမ့်မည် မဟုတ်ပါ။ အခြားသူ တယောက်က ကျွန်တော် လက်ထပ်ခါစဖြစ်သောကြောင့် မလာနိုင်ဟု ဆိုခဲ့၏။ အဘယ့်ကြောင့် သူ့ခင်ပွန်းကို ညစာစားပွဲသို့ ခေါ်မသွားပါသနည်း။ သေချာသည်မှာ သူတို့သည် မသွားနိုင်သောကြောင့် မဟုတ်ဘဲ၊ မသွားလိုသောကြောင့် ဘုရားသခင်၏ ဖိတ်ခေါ်မှုကို ငြင်းကြခြင်း ဖြစ်ပါသည်။ အမှန်မှာ ကယ်တင်ခြင်း ဖိတ်ခေါ်ခြင်းကို ယုဒလူတို့သည် အရင်ခံခဲ့ကြရ၏ (နှိုင်း - ရောမ ၁း၁၆)။ ယုဒလူတို့သည် မလာလိုသောကြောင့်၊ ဘုရားသခင်သည် ယုဒလူများ အထင်သေးသော တပါးအမျိုးသား၊ ဆင်းရဲသား၊ အင်္ဂါမပြည့်စုံသောသူ၊ မျက်ကန်းများအတွက် ကယ်တင်ခြင်း တံခါးကို ဖွင့်ပေးတော်မူခဲ့ပါသည်။ ထိုသို့သော လူများတို့သည် ညစာစားပွဲသို့ အမှန် ဖိတ်ခေါ်ခြင်း ခံလျက်၊ ခေါ်ဆောင်ခြင်း ခံရကြမည်ဖြစ်ပါသည်။ ပွဲလုလင်အား နှိမ့်ချသောသူများကို ညစာစားပွဲသို့ ဖိတ်ခေါ်ဖို့ရန် ယေရှု မိန့်တော်မူခဲ့သော အရင် သာဓကနှင့် အတူတူပင်ဖြစ်ပါသည်။ စိတ်နှိမ့်ချခြင်း သွန်သင်ခြင်းတရားအရ၊ ယေရှုက မာနထောင်လွှားသောသူ မဟုတ်ဘဲ၊ စိတ်နှလုံး နှိမ့်ချသောသူများသာလျှင် ကောင်းကင်ဘုံ၌ မိမိ၏ ကြီးမြတ်သော ညစာစားပွဲကို ဆင်နွဲခွင့် ရကြလိမ့်မည်ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။

ယေရှုသည် တပည့်တော်တို့အား စိတ်နှလုံးအကြွင်းမဲ့ သစ္စာရှိကြမည်အကြောင်း မိန့်တော်မူ၏။ သူတို့သည် မိဘ၊ ခင်ပွန်း၊ သားသမီးများ၊ ညီအစ်ကို မောင်နှမများ ထက် ယေရှုကို ပို၍ချစ်ကြရမည် ဖြစ်ပါသည်။ ခရစ်ယာန်သည် မိမိ၏အသက်ထက် သခင်ယေရှုကို ပို၍ချစ်ရမည် ဖြစ်ပါသည်။ ယေရှုသည် ကျွန်ုပ်တို့ ချစ်သော မိသားစုများကို မုန်းဖို့ရန် မိန့်တော်မူခြင်း မဟုတ်ပါ။ ထိုသို့ဆိုလျှင်၊ "သင်၏မိဘကို ရိုသေစွာပြုလော့" (ထွက် ၂၀း၁၂)၊ "အချင်း ယောကျ်ားတို့၊ . . . သင်တို့လည်း ကိုယ်ခင်ပွန်းကို ချစ်ကြလော့" (ဧဖက် ၅း၂၅) ဟူသော အချက်နှင့် ဆန့်ကျင် ပါလိမ့်မည်။ ၂ ကော ၁၂း၁၄ တွင်၊ ဖခင်များအား သားသမီးများကို ကျွေးမွေးဖို့ရန် တိုက်တွန်း ခဲ့ပါသည်။ "မုန်း" ဟူသော စကားလုံးကို ဤသို့ သဘောပေါက်ကြရပါမည်၊ ခရစ်ယာန်တို့သည် သခင်ဘုရားကို အလွန် ချစ်သောကြောင့် မိမိ၏ မိသားစုကိုအပေါ် ထားရှိသော ချစ်ခြင်းသည် အမုန်း သဖွယ် ထင်မှတ်ရလောက်ခြင်းကို ဆိုလိုပါသည်။ ဆိုလိုသည်မှာ၊ ခရစ်တော်သည် ကျွန်ုပ်တို့အသက်တာ၌ ပထမ နေရာ ယူရမည် ဟူ၍ ဖြစ်ပါသည်။ အကြွင်းမဲ့ ဆက်ကပ်ခြင်း ပေတည်း။ ကျွန်တော်တို့သည် မိမိတို့၏ကားတိုင်ကို ထမ်းလျက် နောက်တော်သို့ လိုက်ကြရပါမည်။ ကားတိုင်သည် ဝေဒနာခံခြင်း၊ သေခြင်းကို ပုံဆောင်၏။ တပည့်တော်ဖြစ်ဖို့ ထိုသို့သောအရာကို ခံဝံ့သောသူ ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - "ဘုရားသခင် ဆုံးမတော်မူခြင်း ခံရသော သူတို့သည် မင်္ဂလာရှိကြ၏။" (Calvin)

**ဆုတောင်းချက်-** "အဖဘုရား၊ ကိုယ်တော့် နောက်လိုက်ဖို့ရန် အကျွန်ုပ်၏ကားတိုင်ကို ယခု ထမ်း ပါ၏။

တနင်္လာ၊ ဩဂုတ် (၄)
**လု ၁၄း၂၈-၃၅**
၂ တိ ၃း၁၂

*“အကြင်သူသည် မိမိ၌ ရှိသမျှကို မစွန့်ဘဲနေ၏၊ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ရာ”*

## ယေရှု နောက်တော်လိုက်ခြင်း၏ အဖိုးအခ (၂)

တိုက်ကို ဆောက်လိုသောသူသည် ကုန်ကျစရိတ်ကို ရှေးဦးစွာ တွက်ချက် ရပါမည်။ စတင်ပြုခဲ့သော အမှုကို ပြီးစီးအောင်မြင်စွာ မလုပ်ဆောင်နိုင်ခဲ့လျှင် သူတပါးက ပြက်ရယ်ပြုကြပါလိမ့်မည်။ ဤသာဓကကို ယေရှုက မိမိနောက်တော်သို့ လိုက်လိုသောသူသည် အဖိုးအခကို တွက်ချက်ရမည် အကြောင်း သွန်သင်ခြင်းဖြင့် ပြောပြခြင်း ဖြစ်ပါသည်။ ကောင်းကင်နိုင်ငံသို့ သွားရာ ခရစ်ယာန်၏ လမ်းသည် လွယ်ကူသော လမ်း မဟုတ်ပါ (မသဲ ၇း၁၄၊ လု ၁၃း၂၄၊ နှိုင်း - ယော ၁၆း၃၃၊ ၂ တိ ၃း၁၂)။ ခရစ်ယာန်သည် မိမိ လျှောက်သော လမ်းကို ကောင်းကောင်းသိလျက်၊ လိုအပ်သော ပြင်ဆင်မှုများကို ကြိုတင် ပြင်ဆင်ထားရမည် ဖြစ်ပါသည်။

စစ်ပွဲနှင့် ရင်ဆိုင်နေရသော ဘုရင်သည် ဤစစ်ကို တိုက်ရမည်လော (သို့) ငြိမ်ချမ်းရေး ဆွေးနွေး ရမည်လော ဟူသောအချက်ကို အရင် စဉ်းစား ရမည်ဖြစ်ပါသည်။ ထိုစစ်ပွဲ၏ အဖိုးအခကို ချင့်ချိန် ထွက်ချက် ရပါမည်။ ထိုနည်းတူ၊ ခရစ်တော်၏ နောက်တော်သို့ လိုက်မည့် တပည့်တော်တို့သည် အဖိုးအခကို ထွက်ချက် ကြဖို့ လိုပါသည်။ ထိုအဖိုးအခသည် ကြီးမားသည် သာမက၊ အကြွင်းမဲ့ ဆက်ကပ်ခြင်း ဖြစ်ပါသည်။ “သင်တို့တွင် အကြင်သူသည် မိမိ၌ ရှိသမျှကို မစွန့်ဘဲနေ၏။ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ရာ” ဟု ယေရှု မိန့်တော်မူ၏။

ခရစ်တော်၏ တပည့်တော်တို့သည် ဤလောက၏ ဆားများဖြစ်ကြပါသည် (မသဲ ၅း၁၃)။ ဆားကဲ့သို့၊ ခရစ်ယာန်သည် ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်သဘောဖြင့် အသက်ရှင်လျက် လူတို့အား ဘုရားသခင်ထံ ဆွဲခေါ်ရပါမည်။ အသက်တာ၌ ခရစ်တော်၏ အကျင့် မရှိခဲ့ပါလျှင်၊ ထိုသူသည် အချည်းနှီးသက်သက် ဖြစ်၏။ တန်ဖိုး လုံးဝ မရှိပါ။ ခရစ်တော်၏နာမတော်ကို ဝန်ခံသော သူတိုင်းသည် ငန်နေရပါမည်၊ အငန် ကင်းမဲ့သောသူ မဖြစ်ရပါ။

“သင့် ကားတိုင်ကို ယူတင်လျက် ငါ့နောက်သို့လိုက်လော့။”
သခင့် မိန့်တော်မူချက်ကို ကျွန်တော် ကြားရ၏၊
“သင့်ကို ရွေးနှုတ်ဖို့ရန် ငါ့အသက်ကို စတေးခဲ့၏၊
ယနေ့ အကြွင်းမဲ့ ငါ့ထံ ဆက်ကပ်ပါလော့။”
ကိုယ်တော် ခေါ်ဆောင်ရာအရပ်သို့ ကျွန်တော် လိုက်ပါမည်၊
ခေါ်ဆောင်ရာ အရပ်တိုင်းသို့ ကျွန်တော် လိုက်ပါမည်၊
ကျွန်ုပ်ကို အလွန် ချစ်တော်မူသော ခရစ်တော်၏ နောက်တော်ကို လိုက်ပါမည်၊
ခေါ်ဆောင်တော်မူရာ အရပ်တိုင်းသို့ ကျွန်တော် လိုက်ပါမည်။

**ဆင်ခြင်ရန်** - ယေရှု နောက်တော်လိုက်မည်ဟု ကျွန်တော် ဆုံးဖြတ်ပြီးနောက်တွင်၊ နောက်ပြန် မလှည့်တော့ပါ။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်နောက်ကို လိုက်မည်ဟု ကျွန်တော် ဆုံးဖြတ်ပြီဖြစ်သောကြောင့်၊ နောက်ပြန် မလှည့်တော့ပါ။



သောကြာ၊ ဩဂုတ် (၂၉)
**မာကု ၁၁း၁၂-၁၈**
ယေ ၇း၈-၁၆

*“ငါ့အိမ်ကို လူအမျိုးမျိုး ဆုတောင်းရာ အိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့”*

## အသီးသီးခြင်း နှင့် သန့်ရှင်းခြင်း

ဗိမာန်တော်သို့ သွားရာလမ်း၌ ယေရှုသည် ဆာလောင်ခဲ့ပါသည်။ အလွန်စိမ်းလမ်းသော သင်္ဘောသဖန်းပင်ကို မြင်လျှင် အသီးရှိမည်ဟု မျှော်လင့်ခဲ့သော်လည်း၊ အသီး မတွေ့ခဲ့ပါ။ ထိုအခါ၊ သခင်ယေရှုက ထိုသင်္ဘောသဖန်းပင်ကို နောက်အသီးမသီးမည်အကြောင်း မိန့်တော်မူခဲ့ပါသည်။

ယေရှုသည် ထိုသင်္ဘောသဖန်းပင်ကို သင်ခန်းစာအဖြစ် အသုံးပြုခဲ့ပါသည်။ သဖန်းပင်သည် ဣသရေလအမျိုးကို ပုံဆောင်ပါသည် (ဟောရှေ ၉း၁၀၊ ယောလ ၁း၇)။ ဤသဖန်းပင်ကဲ့သို့၊ ဣသရေလသည် အသီးမသီးခဲ့ပါ။ ဣသရေလသည် လိုအပ်သောအရာအားလုံး (သမ္မာကျမ်းစာ၊ အံ့ဘွယ်အမှုများ၊ ခရစ်တော်ကိုယ်တိုင်) ပိုင်ဆိုင်ခဲ့သော်လည်း၊ ဘုရားသခင်အတွက် အသီးအသီးခဲ့ပါ။ ဣသရေလသည် သဖန်းပင်ကဲ့သို့ ကျိန်ခြင်းခံခဲ့ရပါသည်။ ဘုရားသခင်သည် ဣသရေလကို အမြစ်မှ ဆွဲထုတ်လိုခဲ့ပါသည်။ သို့သော်လည်း၊ ဤကျိန်ခြင်းကို နောက်ဆုံးနေ့ရက်တွင် ဖယ်ရှားလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်သည် ဣသရေလကို ဂတိတော်ပြည့်၌ တဖန်ပြန်လည် စိုက်ပျိုးလျက်၊ ခရစ်တော် ကြွလာတော်မူသောအခါ အသီးများစွာသီးလိမ့်မည်ဖြစ်၏ (မသဲ ၂၄း၃၂၊ နှိုင်း - အာမုတ် ၉း၁၄-၁၅၊ ရောမ ၁၁း၂၆)။

ယေရှုသည် လူထုထံ မိမိ၏အမှုတော်ဆောင်ခြင်း စတင်ခဲ့သောအချိန်၌ ဗိမာန်တော်ကို တကြိမ် သန့်ရှင်းစေခဲ့ပြီ ဖြစ်ပါသည် (ယော ၂း၁၃-၁၇)။ ယခု မိမိ၏အမှုတော်ဆောင်ခြင်း နောက်ဆုံးအချိန်တွင် နောက်တကြိမ် သန့်ရှင်းစေခဲ့ပါသည်။ ဗိမာန်တော်သည် “ဆုတောင်းရာ အိမ်” ဖြစ်ပါသည်။ သို့သော်လည်း၊ ယဇ်ပုရောဟိတ်အကြီးများနှင့် ကျမ်းပြုဆရာများက “ဓားပြတွင်း” ဖြစ်စေခဲ့ပါသည်။ ဤဗိမာန်တော်ကို ကွပ်ကဲသောသူများတို့သည် ဘုရားသခင်၏အိမ်တော်ကို မိမိတို့၏အကျိုးစီးပွားအတွက် အသုံးပြုခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်အကြီးက ဗိမာန်တော် ဝန်းထဲ၌ (တပါးအမျိုးသားများ နေရာဖြစ်မည်ဟုထင်ရပါသည်) ကုန်သည်များအား နေရာပေးလျက်၊ ယဇ်ပူဇော်မည့် တိရိစ္ဆာန်များကို ရေးကြီးကြီးရောင်းခဲ့ကြပြီး၊ ရောမငွေကြေးမှ ဗိမာန်တော်ငွေသို့ ငွေလှယ်နှုန်းမြင့်မားစွာဖြင့် လဲလှယ်စေခဲ့ကြပါသည်။ ဤသို့ဖြင့် ဝတ်ပြုကိုးကွယ်သောသူတို့အား ထိုခါးပြ ကုန်သည်များက အနုနည်းဖြင့် လုယူခဲ့ကြသည်သာမက၊ ဗိမာန်တော်သည် အလွန်ညစ်ပတ်ပြီး ဆူညံခြင်းဖြင့် ပြည့်နှက်သောကြောင့် ဝတ်ပြုကိုးကွယ်ခြင်းအတွက် မသင့်တော်တော့ပါ။

အရင်ပြုခဲ့သည်အတိုင်း၊ ယေရှုသည် ရောင်းဝယ်သောသူများကို ဗိမာန်တော်မှ နှင်ထုတ်လျက်၊ ငွေကြေး လဲလှယ်သောသူများ၏ စားပွဲများကို မှောက်လှန်ခဲ့ပါသည်။ ဗိမာန်တော်၌ အဘယ်သူမျှ ရောင်းဝယ်ခြင်း မပြုရန် တားမြစ်တော်မူခဲ့၏။ ထိုသို့ ဗိမာန်တော်ကို သန့်ရှင်းစေပြီးမှ ထိုအရပ်၌ရှိသော သူများအား သွန်သင်တော်မူလျက်၊ သူတို့သည် အာရုံစိုက်လျက် စကားလုံးတိုင်းကို ကောင်းကောင်း နားထောင်ခဲ့ကြပါသည်။ ထို့ကြောင့်၊ သူ့ကို သတ်လိုသော ဗိမာန်တော် အကြီးအကဲတို့သည် ကြောက်ရွံ့လျက်၊ ဘာမှ မလုပ်နိုင်ခဲ့ကြပါ။

**ဆင်ခြင်ရန်** - “အသင်းတော် သန့်ရှင်းစေခြင်းအမှုသည် ဘုရားသခင်ကိုယ်တိုင် ပြုသော အမှု ဖြစ်ပါသည်။” (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ စင်ကြယ်သော အသင်းတော်ကို ကျွန်တော်တို့ တောင့်တကြပါ၏။

ကြာသပတေး၊ ဩဂုတ် (၂၈)
လု ၁၉း၄၁-၄၄၊ မသဲ ၂၁း၁၀-၁၁
ဆာလံ ၁၂၂

*"ယေရုရှလင်မြို့ အနီးသို့ရောက်၍ ကြည့်မြင်လျက် ငိုကြွေးတော်မူ၍ . . . "*

## ယေရုရှလင်သည် ငြိမ်သက်ခြင်းမြို့ ဖြစ်ပါသလား

ယေရှုသည် ယေရုရှလင်မြို့ကို ကြည့်လျက် ငိုကြွေးခဲ့ပါသည်။ မိမိအား ငြင်းပယ်ခဲ့သောကြောင့် ဝမ်းနည်းခြင်း ဖြစ်ပါသည်။ ယေရှုကို ယုံကြည်ခဲ့ကြပါလျှင် ယုဒလူတို့သည် ငြိမ်သက်ခြင်းကောင်းကြီး မင်္ဂလာ အလွန် ခံစားခဲ့ကြမည်ဖြစ်ပါသည်။ ဤငြိမ်သက်ခြင်းသည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်သောသူများအား ယေရှုပေးတော်မူသော ဘုရားသခင်နှင့် သင့်မြတ်ခြင်းတည်းဟူသော ငြိမ်သက်ခြင်းဖြစ်ပါသည် (ရောမ ၅း၁)။

ယေရှုက ယေရုရှလင်မြို့သည် မေရှိယကို ငြင်းပယ်သောကြောင့် ပြစ်ဒဏ်ပေးခြင်းခံရမည်အကြောင်း ပရောဖက်ပြုခဲ့ပါသည်။ ထို့ကြောင့်၊ ယုဒလူတို့သည် ယေရှုကို ကားတိုင်ပေါ်၌ တင်သတ်ကတည်းက ညှဉ်းဆဲခြင်း ခံရသောသူများ ဖြစ်ခဲ့ကြပါသည်။ အေဒီ ၇၀ တွင် သူတို့ပြည်မှ နှင်ထုတ်ခြင်း ခံခဲ့ကြရပြီး၊ ကမ္ဘာအနှံ့ ထွက်ပြေးခဲ့ကြရ၏။ ထိုသူတပါး အရပ်၌ သူတို့သည် မုန်းတီးခြင်း၊ ပစ်ပယ်ခြင်း၊ ကဲ့ရဲ့ခြင်း ခံခဲ့ကြရပါသည်။ ဒုတိယ ကမ္ဘာစစ်တွင် ဟစ်တလာက ယုဒလူ ခြောက်သန်းကို အစုလိုက်အပုံလိုက် သတ်ဖြတ်ခဲ့ပါသည်။ ဣသရေလအမျိုး ဆန့်ကျင်ခြင်း စိတ်သဘောကို ကမ္ဘာအနှံ့တွေ့ရပါသည်။ ပိုခက်ခဲသော ကာလ ရောက်လာလိမ့်မည်။ ယာကုပ်၏ ခက်ခဲသော ကာလရောက်လာလိမ့်မည်။ ထိုအမှုသည် ခုနှစ်နှစ်ဘေးဒဏ်ကြီးကာလ၏ ဒုတိယအပိုင်း၊ အန္တိခရစ်က ယုဒလူမျိုးအပေါင်းကို သုတ်သင်ဖယ်ရှားဖို့ ကြိုးစားသော အချိန်၌ ဖြစ်ပျက်လိမ့်မည်။ ငြိမ်သက်ခြင်းအရှင် ကြွလာတော်မူသော အချိန်၌သာ ယေရုရှလင်၌ ငြိမ်သက်ခြင်း ရှိလိမ့်မည်။ ထိုအခါ၊ ဣသရေလလူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည် (ရောမ ၁၁း၂၆)။ ယခုတွင်၊ ဣသရေလသည် မျက်ကန်းဖြစ်ပါသည်။ သို့သော်လည်း၊ ထိုနေ့တွင် ဘုရားသခင်က သူ၏မျက်စိကို ဖွင့်ပေးတော်မူလိမ့်မည်။ ထိုအခါ ယုဒလူတို့သည် ယေရှုအား သခင်အဖြစ် ဝန်ခံကြလိမ့်မည်။ ဗျာ ၁း၇ နှင့် ဟေရှာ ၂၅း၉ ကို ဖတ်ပါ။

ပသခါပွဲ ကျရောက်တော့မည် ဖြစ်သောကြောင့်၊ ယေရုရှလင်မြို့တွင် ယုဒလူ ဘုရားဖူးများစွာရှိကြပါသည်။ "ဤသူကား အဘယ်သူနည်း" ဟု ဆိုသောသူများသည် ယေရှုအကြောင်းကို မကြားဖူးသော၊ ပါလက်စတိုင်း ပြင်ပ၌ နေထိုင်သောသူများဖြစ်ကြပါလိမ့်မည်။ အဖြေမူကား၊ "ဤသူသည် ဂါလိလဲပြည် နာဇရက်မြို့၌ ပေါ်ထွန်းသော ပရောဖက် ယေရှု ပေတည်း။" ယခုအချိန်တွင်၊ လူတို့က ယေရှုကို ပရောဖက် (ယော ၄း၁၉၊ ၆း၁၄၊ ၇း၄၀) ဟူ၍၎င်း၊ နာဇရက်မြို့သား (မာကု ၁း၂၄၊ ၁၀း၄၇၊ ၁၆း၆) ဟူ၍၎င်း သိမြင်ကြ၏။ ထိုအမြင်သည် အပေါ်ယံအမြင်သာဖြစ်၏။ ယေရှုသည် ပရောဖက် သာသာ မဟုတ်၊ ခရစ်တော်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏ (မသဲ ၁၆း၆)။ သူသည် နာဇရက်မြို့သား သာသာ မဟုတ်၊ ကောင်းကင်မှ လာသောသူဖြစ်၏ (ယော ၃း၁၃)။ ယုဒလူတို့သည် သူတို့၏ မေရှိယ၊ ယေရှုကို မသိခဲ့ကြပါ။ ထို့ကြောင့်၊ ယေရှုသည် ဝမ်းနည်းလျက်၊ "အချင်းမြို့၊ သင်၏ငြိမ်သက်ခြင်းနှင့် စပ်ဆိုင်သောအရာတို့ကို သင်၏လက်ထက် ယခုကာလ၌ပင် သင်သည် သိရလျှင် မင်္ဂလာရှိ၏။ ယခုမူကား၊ ထိုအရာတို့ကို သင်၏မျက်စိရှေ့မှာ မထင်ရှားစခြေင်း ငှါ ဝှက်ထားလျက်ရှိ၏" ဟု မြွက်ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ယေရုရှလင်" အနက်ကား အဘယ်နည်း။
**ဆုတောင်းချက်-** "ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆုတောင်းကြလော့" (ဆာလံ ၁၂၂း၆)။



အင်္ဂါ၊ ဩဂုတ် (၅)
လု ၁၅း၁-၁၆း၁၃
ယေဇ ၃၃း၁၁

*"ပျောက်သောသိုးကို ငါ့တွေ့ပြီ"*

## ပျောက်ဆုံးခြင်း နှင့် တွေ့ရှိခြင်း

ပျောက်သောသိုး သာဓကကို မိမိကိုယ်ကို သန့်ရှင်းသည်ဟု ထင်မှတ်လျက်၊ အခွန်ခံနှင့်၎င်း၊ အပြစ်သားများနှင့်၎င်း မရောနှောလိုကြသော ဖာရိရှဲများနှင့် ကျမ်းပြုဆရာများအား ဆန့်ကျင်လျက် ဟောပြောခြင်းဖြစ်ပါသည်။ ယေရှုက သူတို့အား အပြစ်သားများသည် မိမိအတွက် အရေးပါကြောင်း ပြောပြခဲ့ပါသည်။ ပျောက်သောသူကို ချစ်ခြင်းမေတ္တာဖြင့် ကျွန်တော်တို့ရှာရမည်ဖြစ်ပါသည်။ အပြစ်သား တဦး ပြောင်းလဲသောအခါ ကောင်းကင်ဘုံ၌ အလွန်ဝမ်းမြောက်ခြင်းရှိ၏။

ပျောက်သော ဒင်္ဂါးပြား သာဓကသည် ပျောက်သောသူကို ကြိုးစားရှာဖွေရမည်အကြောင်း သွန်သင်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် ဧဝံဂေလိအမှုတော်ကို ကောင်းကင်တမန်များ မဆောင်ရွက် စေဘဲ၊ ဤလောက၌ ရှိသော မိမိလူတို့ကို စေခိုင်းတော်မူခဲ့ပါသည်။ ခရစ်ယာန်သည် မိမိ၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လျက် ကယ်တင်ခြင်းခံရသောသူ ရှိလာသောအခါ၊ ကောင်းကင်တမန်တို့သည် အလွန် ဝမ်းမြောက်ခြင်း ရှိကြ၏။ ထိုနည်းတူ၊ ဧဝံဂေလိတရားကို ကျေပွန်စွာ ဟောပြောသော ခရစ်ယာန်များ အပေါ်၌လည်း သူတို့သည် ဝမ်းမြောက်ခြင်း ရှိမည်မှာ သေချာလှပါ၏။

ပျောက်သောသား သာဓကသည် အမှန်မှာ ပျောက်သောသူသည် တဦးထဲ မဟုတ်ဘဲ၊ နှစ်ဦးဖြစ်ပါသည်။ မိမိ၏အမွေကို ရယူလျက် အပျော်ကျူးခဲ့သော သားငယ်သည် အခွန်ခံများနှင့် အပြစ်သားများကို ရည်ညွှန်းပါသည်။ ကျွန်တော်တို့သည် ဘယ်လောက်ပင် အပြစ်ကြီးပါစေ၊ ဘုရားသခင်သည် ကျွန်တော်တို့ကို လက်ခံရန် အသင့်ရှိတော်မူကြောင်း ဖော်ပြပါသည်။ ဖခင်ထံ နေထိုင်သော သားကြီးသည် သားလိမ္မာဟု ထင်ရသော်လည်း၊ အမှန်မှာ သူ့ စိတ်နှလုံးသည် ဖခင်နှင့် အလွန်ဝေးလှပါသည်။ ထိုအချက်ကို သူ့ဖခင်နှင့် သူ့ညီအပေါ် ပြုသောအမှု၌ ထင်ရှားခဲ့ပါသည်။ သူသည် တကိုယ်ကောင်းဆန်ပြီး၊ မိမိကိုယ်ကို ချစ်သောသူဖြစ်ပါသည်။ ဤချစ်ခြင်းမေတ္တာ ကင်းမဲ့သော သားကြီးသည် ဖာရိရှဲနှင့် ကျမ်းပြုဆရာများကို ပုံဆောင်ပါသည်။ သားငယ်သည် ပျောက်၍ ပြန်တွေ့ခဲ့ရပါသည်။ သို့သော်လည်း၊ သားကြီးသည် လုံးဝပျောက်ဆုံးခဲ့ပါသည်။

မယုံကြည်သူ ဘဏ္ဍာစိုး သာဓကတွင်၊ ယေရှုသည် မိမိကိုယ်ကျိုးအတွက် သခင်ကို လှည့်စားသော ထိုဘဏ္ဍာစိုးကို မချီးမွမ်းခဲ့ပါ၊ သူ၏ လိမ္မာပါးနပ်မှုကို ချီးကျူးခြင်းဖြစ်ပါသည်။ မယုံကြည်သူများသည် ငွေကြေးကို မိမိကိုယ်ကျိုးအတွက် အသုံးပြုတတ်ခဲ့ကြ၏။ ယုံကြည်သူသည်လည်း ထိုသို့ လိမ္မာပါးနပ်ကြရပါမည်။ ဤလောကီစည်းစိမ်သည် ခဏတာ အတွက်သာ ဖြစ်ကြောင်း ကျွန်တော်တို့ သိကြပါသည်။ ထို့ကြောင့် ထိုအရာကို ထာဝရစည်းစိမ်အတွက် အကျိုးရှိစွာ ကျွန်တော်တို့ အသုံးပြုဖို့လိုပါသည်။ ငွေကြေးကို ကျွန်ုပ်တို့၏ သခင်အရာ၌ မဟုတ်ဘဲ၊ အစေခံကျွန် အဖြစ် အသုံးပြုကြရပါမည်။ ဘုရားသခင် ပေးသနားတော်မူသော ငွေကြေးကို နိုင်ငံတော် ကျယ်ပြန့်ဖို့ရန် ကျွန်တော်တို့ အသုံးပြုလျှင်၊ သူ၏နိုင်ငံတော်၌ ကျွန်ုပ်တို့ကို ပို၍ကြီးမြတ်သောအမှုကို ထမ်းရွက်စေတော်မူလိမ့်မည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ကျွန်တော်သည် ပျောက်ဆုံးခဲ့ပြီး၊ ယခု တွေ့ရှိခြင်း ခံရပါပြီ။"
**ဆုတောင်းချက်-** "အပြစ်သား ကျွန်ုပ်ကို ကယ်တင်ခဲ့သော၊ အံ့ဘွယ် ကျေးဇူးတော်အကြောင်းသည် အလွန် နားဝင် ချိုလှပါသည်။"

ဗုဒ္ဓဟူး၊ ဩဂုတ် (၆)
လု ၁၆း၁၃-၁၈
၁ တိ ၆း၆-၁၀

*"· · · သခင် နှစ်ဦးအစေကို မခံနိုင်"*

## မကောင်းမှုအပေါင်း၏ မူလအမြစ်

ငွေကြေး တပ်မက်ခြင်းသည် မကောင်းမှုအပေါင်းတို့၏ မူလအမြစ်ဖြစ်ပါသည် (၁ တိ ၆း၁၀)။ ငွေကိုဂုဏ်း၊ ဘုရားသခင်၏အမှုတော်ကိုဂုဏ်း တကြိမ်တခါတည်း၌ မဆောင်ရွက်နိုင် ဟူသော ယေရှု၏ စကားကို ကြားခဲ့သော ဖာရိရှဲတို့သည် ယေရှုကို ခနဲ့ခဲ့ကြပါသည်။ သူတို့သည် ငွေကို အလွန် နှစ်သက်ကြသောကြောင့်၊ တပ်မက်ခြင်း အပြစ်ကို ပြုခဲ့ကြပါသည်။ သူတပါး ဥစ္စာကို "တပ်မက်လိုချင်သော စိတ် မရှိနှင့်" (ထွက် ၂၀း၁၇) ဟူသော ဒသမ ပညတ်ချက်ကို သူတို့သည် ချိုးဖောက် ခဲ့ကြ၏။ သူတို့သည် ဘာသာတရား ကိုင်းရှိုင်း သယောင် ပေါ်လွင်သော်လည်း၊ ထိုအမှုသည် ဟန်ဆောင်ခြင်း သက်သက်ဖြစ်၏။ အတွင်းစိတ်တွင်၊ သူတို့သည် စည်းစိမ်ဥစ္စာ တပ်မက်သော သူဖြစ်ကြပါသည်။ ယေရှုက သူတို့၏ ဟန်ဆောင် မျက်နှာဖုံးကို ခွါချတော်မူခဲ့၏။ ဘုရားသခင်သည် အတွင်းစိတ်သဘောကို မြင်တော်မူ၏။ "လူသဘောအားဖြင့် အမြတ်ထားသောအရာသည် ဘုရားသခင့် ရှေ့တော်၌ စက်ဆုပ်ရွံရှာဘွယ် ဖြစ်၏။"

ယေရှုသည် ပညတ်တရားကို စုံလင်စေဖို့ရန် ကြွလာတော်မူ၏။ သူသည် ပညတ်တော်ကို စုံလင်စွာ လိုက်လျှောက်သည့် သာမက၊ မှန်ကန်စွာ သွန်သင်တော်မူ၏။ ဖာရိရှဲတို့သည် ပညတ်တရားကို ထိမ်းမြားခြင်း ပဋိညာဉ်အား အလေးမထားခြင်းဖြင့် ချိုးဖောက်ခဲ့ကြပါသည်။ ဥပမာအားဖြင့်၊ Rabbi Hillel သည် ကောင်းကောင်း မချက်ပြုတ်တတ်သော မိန်းမကို ကွာရှင်းခွင့် ပေးခဲ့ပါသည်။ Ribbi Akiba ကလည်း မိမိခင်ပွန်းထက် ပိုလှသောသူကို တွေ့လျှင် ကွာရှင်းခွင့် ရှိသည်ဟု ဆိုခဲ့ပါသည်။ ယေရှုက ထိမ်းမြားခြင်း ပဋိညာဉ်သည် အတည်ဖြစ်၍ ဘယ်တော့မှ ဖောက်ဖျက်၍ မရဟု မိန့်တော်မူခဲ့ပါသည်။ မိမိ မယားကို ကွာလျက်၊ အခြားသူကို လက်ထပ်သော သူသည် "သူ့မယားကို မပြစ်မှားနှင့်" (နှိုင်း - မသဲ ၅း၃၁-၃၂၊ ၁၉း၃-၉) ဟူသော သတ္တမ မြောက် ပညတ်တရားကို ချိုးဖောက်လျက်ရှိပါသည်။

ယေရှုက ဤကျမ်းပြုဆရာများတို့သည် ပညတ်တရားကို လိုက်လျှောက်သောသူ မဟုတ်ဘဲ၊ အမှန်မှာ ပညတ်တရား ချိုးဖောက်သောသူများ ဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - ဒေါ်လာ ကိုးကွယ်ခြင်းသည် ငွေကို ဘုရားနေရာ၌ ထားခြင်းဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့် ရောင့်ရဲတင်းတိမ်ခြင်းကို အကျွန်ုပ်အား သင်ပေးတော်မူပါ။



ဗုဒ္ဓဟူး၊ ဩဂုတ်(၂၇)
လု ၁၉း၂၉-၄၀
ဇာ ၉း၉

*"သင်၏အရှင်မင်းကြီးသည် မြည်းမနှင့် မြည်ကလေးကို စီး၍ နူးညံ့သိမ်မွေ့သော စိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှုလော့"*

## အောင်နိုင်ခြင်းဖြင့် ခရစ်တော် ဝင်ရောက်ခြင်း (၂)

ဇာခရိ ၉း၉ က မေရှိယ ရှင်ဘုရင်အား၊ "တရား" သောသူ၊ "နူးညံ့သိမ်မွေ့သော စိတ်" ရှိသောသူ၊ "ကယ်တင်ခြင်း" ကို ယူဆောင်လာသောသူဟု ဖော်ပြခဲ့ပါသည်။ ကယ်တင်ခြင်းသည် ယေရခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့် အသေခံခြင်းအားဖြင့် ဖြစ်ပါသည်။ ယခု အောင်နိုင်ခြင်းဖြင့် ဝင်ရောက်ခြင်းသည် မိမိလူတို့အတွက် ပညတ်တရား စုံလင်စွာ လိုက်လျှောက်ခြင်းဖြင့် ဖြောင့်မတ်ခြင်းရယူပေးခြင်း တည်းဟူသော အောင်နိုင်ခြင်း နှင့် သူတို့ကို ရွေးဝယ်ရန် အပြစ်၏အခသေခြင်းကို ခံလျက် အောင်နိုင်ခြင်းကို ဖော်ကျူးလျက်ရှိပါသည်။ ယုဒလူများက ထိုအမှုကို မသိခဲ့ကြပါ။ ဟောရှဏ ဟု ကြွေးကြော်ခဲ့ခြင်းမှာ ရောမအုပ်စိုးခြင်းမှ သူတို့ကို ယေရှု ကယ်တင်ရန် ဆိုလိုကြခြင်း ဖြစ်ပါသည်။ ရောမအား ဆန့်ကျင် တော်လှန်တိုက်ခိုက်ခြင်း၌ လက်နက်ကိုင် ဦးဆောင်မည်ဟု ယေရှုကို မျှော်လင့်ခဲ့ကြ၏။ ထိုအမှုကို ယေရှုသည် ဘုရားသခင်၏ အချိန်ကျရောက်သော အခါ၊ ပြုတော်မူလိမ့်မည်။ ယခု ယေရှုရှလင်မြို့သို့ ဝင်ရောက်ခြင်းသည် မြင်နိုင်သော နိုင်ငံတော် မဟုတ်ဘဲ၊ ဝိညာဉ် နိုင်ငံတော် တည်ထောင်ဖို့ရန် ဖြစ်ပါသည်။ ထိုသို့ သူတို့၏ ရှင်ဘုရင်သည် တော်လှန်ခြင်းကို မပြုဘဲ နေသောကြောင့်၊ သူတို့၏ ဟောရှဏ ဟူသော ကြွေးကြော်သံသည် သောကြာနေ့ ရောက်သောအခါ၊ "ကားတိုင်၌ တင်သတ်လိုက်ပါ၊ ကားတိုင်၌ တင်သတ်လိုက်ပါ" ဟု ပြောင်းလဲခဲ့ကြပါသည်။ ယေရှုသည် ဣသရေလကို ရန်သူလက်မှ ကယ်တင်လိမ့်မည်ဖြစ်ပါသည်၊ သို့သော်လည်း ယခု မဟုတ်ဘဲ၊ နောက်မှ ပြုလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့်၊ ယေရှုရှလင်မြို့သို့ အောင်နိုင်ခြင်းဖြင့် ယေရှု ဝင်ရောက်ခြင်းသည် ပရောဖက်ပြုချက် ပြည့်စုံခြင်း ဖြစ်သည်နှင့်အညီ၊ ပရောဖက်ပြုခြင်းလည်း ဖြစ်ခဲ့ပါသည်။ ဤအောင်နိုင်ခြင်းဖြင့် ဝင်ရောက်ခြင်းက အောင်နိုင်ခြင်းနှင့် ပြန်လည်ကြွလာတော်မူမည့်အမှုကို ဖော်ပြပါသည်။ ယေရှုသည် မြည်းကလေးကို စီးလျက် ယေရှုရှလင်မြို့သို့ ပထမအကြိမ် ဝင်ရောက်ခြင်းသည် ဘုရားသခင်၏ သိုးသငယ်ကဲ့သို့ ကားတိုင်ပေါ်၌ သေခံဖို့ရန် ဖြစ်ပါသည်။ ဒုတိယအကြိမ် ကြွလာတော်မူသောအခါ၊ သူသည် ယုဒအမျိုး၏ ခြင်္သေ့ကဲ့သို့ မိမိ၏သရဖူကို ရယူဖို့ရန် မြင်းဖြူကို စီးလျက် ယေရှုရှလင်မြို့သို့ ဝင်ရောက်ပါလိမ့်မည် (ဗျာ ၁၉း၁၁)။

**ဆင်ခြင်ရန်** - သိုးသငယ်နှင့် ခြင်္သေ့ ကဲ့သို့၊ ယေရှုသည် ယဇ်ပုရောဟိတ်နှင့်ရှင်ဘုရင် ဖြစ်တော်မူ၏။
**ဆုတောင်းချက်-** အို ကယ်တင်ရှင်၊ အမြန် ကြွလာတော်မူပါ။

*"... ဟောရှဏ ... ထာဝရဘုရား၏ အခွင့်နှင့် ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း"*

## အောင်နိုင်ခြင်းဖြင့် ခရစ်တော် ဝင်ရောက်ခြင်း (၁)

ယခုတွင်၊ ဤလောက၌ ယေရှု ကျော်ဖြတ်ခဲ့သော နောက်ဆုံး ရက်သက်တပတ်အကြောင်းကို တွေ့ရပါသည်။ ထိုရက်သက်တပတ်သည် ဥပုသ်နေ့၊ ယေရုရှလင်မြို့သို့ အောင်နိုင်ခြင်းဖြင့် ဝင်ရောက်ခြင်း မှစ၍ သောကြာနေ့၊ ယေရှုရှလင်မြို့မှ အသေခံဖို့ရန် ထွက်ခွါခြင်း၌ အဆုံးသတ်ခဲ့ပါသည်။ ယေရှုသည်၊ "သင်နှင့် မိန်းမကိုငှင်း၊ သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငှင်း ငါသည် ရန်ညှိုးဖွဲ့ စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ ဖနောင့်ကို ကြိတ်လိမ့်မည်" (ကမ္ဘာ ၃း၁၅) ဟူသော ပထမဆုံး ဧဝံဂေလိ ဟောပြောချက်ကို စုံလင်စေတော့မည် ဖြစ်ပါသည်။

မိမိသည် ဣသရေလ၏ ဂတိတော်နှင့်ဆိုင်သော မေရှိယ ဖြစ်ကြောင်း ယေရှုသည် လူထုရှေ့၌ ယခု ဖော်ပြခဲ့ပါသည်။ ဇာခရိ ၉း၉ ၌တွေ့ရသော မေရှိယအကြောင်း ပရောဖက်ပြုချက် ပြည့်စုံခြင်းဖြင့် ဣသရေလ ရှင်ဘုရင်သည် နှိမ့်ချသောစိတ်နှင့် မြည်းကလေးကို (ဘယ်သူမှ မစီးဖူးသေးသော) စီးလျက် မိမိ၏မြို့ထဲသို့ ဝင်ခဲ့ပါသည်။ များစွာသောလူတို့သည် လမ်းပေါ်၌ မိမိတို့၏အဝတ်များနှင့် သံလွင်ခက်များကို ခင်းလျက်၊ "ဒါဝိဒ်၏သားတော်အား ဟောရှဏဖြစ်စေသတည်း။ ထာဝရဘုရား၏ အခွင့်နှင့် ကြွလာတော်မူသော (ရှင်ဘုရင်) သူသည် မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘုံ၌ ငြိမ်သက်ခြင်း ဖြစ်စေသတည်း။ ကောင်းကင်ဘဝဂ်ဝယ် ဘုန်းကြီးပါစေသတည်း။ ထာဝရဘုရား၏ အခွင့်နှင့် ယခုတည်လုသော ငါတို့အဘ ဒါဝိဒ်၏နိုင်ငံတော်သည် မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘဝဂ်ဝယ် ဟောရှဏ ဖြစ်စေ သတည်း" ဟု ကြွေးကြော်ကား ကြိုဆိုခဲ့ကြပါသည်။ ဟေဗြဲ စကားလုံး "ဟောရှဏ" ၏ဆိုလိုရင်းမှာ "ယခု ကယ်တင်တော်မူပါ" သို့ "ကယ်တင်တော်မူပါ" ဟူ၍ဖြစ်ပါသည် (နှိုင်း - ၂ ရာ ၁၄း၄၊ ဆာလံ ၁၁၈း၂၅)။ ဤအမှုအပေါင်းသည် ဥပုသ်နေ့၌ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်၊ ခရစ်တော် ဝေဒနာ ခံရာ ရက်သက်တပတ်၏ ပထမနေ့ကို သံလွင်ခက် တနင်္ဂနွေနေ့ဟု အသင်းတော်က ယနေ့ အောက်မေ့ခြင်းဖြစ်ပါသည် (နှိုင်း - ယော ၁၂း၁)။

ယေရှုအား "ရှင်ဘုရင်" ဟု လူထုက ကြွေးကြော်ခဲ့ကြသောကြောင့် ဖာရိရှဲတို့သည် အလွန်စိတ်အနှောင့်မယှက်ဖြစ်ခဲ့ကြပါသည်။ ထိုအမှုကို ရောမလူတို့က ပုန်ကန်ခြင်းအဖြစ် သတ်မှတ်မည်ကို စိုးရိမ်ခဲ့ကြ၏။ ယုဒခေါင်းဆောင်များဖြစ်ကြသောကြောင့် သူတို့၏အသက်အတွက် စိုးရိမ်ကြခြင်း ဖြစ်ပါသည်။ ယေရှု အဖမ်းခံရလျှင် သူတို့လည်း အဖမ်းခံရမည်ဟု စိုးရိမ်ခဲ့ကြ၏။ ထို့ကြောင့် တပည့်တော်များကို ချက်ချင်း တားမြစ်ဖို့ရန် ဆိုကြ၏။ ယေရှုကလည်း၊ "ငါဆိုသည်ကား၊ ဤသူတို့သည် တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည် ချက်ခြင်း ကြွေးကြော်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" ယေရှုသည် ကယ်တင်ရှင်ဖြစ်တော်မူ၏ ဟူသော အမှန်တရားကို အဘယ်သူမှ မဆီးတားနိုင်ပါ။ "ဟောရှဏ" က မသဲ ၁း၂၁ မှ၊ "ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည်သူဖြစ် သောကြောင့်၊ ယေရှု ဟူသောအမည်ဖြင့် မှည့်ရမည်" ဟူသောအကြောင်းကို သတိရစေပါသည်။ သံလွင်ခက်နေ့၏ တရားဒေသနာမူကား၊ "ယေရှု၊ ဟောရှဏ" "အို ကယ်တင်ရှင်၊ ယခု ကယ်တင် တော်မူပါ" ဟူ၍ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "အသေခံခြင်းဖြင့် မိမိ၏အုပ်စိုးခြင်းအမှု စတင်ခြင်းအကြောင်းကို ခရစ်တော်က ထင်ရှားစွာ ဟောပြောတော်မူခဲ့ပါသည်။" (Calvin)

**ဆုတောင်းချက်-** အို ကယ်တင်ရှင်၊ ယခု ကယ်တင်တော်မူပါ။





*"ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့် ကင်းလွတ်၍ မမြဲသောစည်းစိမ်ကို မကိုးစား ... မည်အကြောင်း ... ပညတ်ထားလော့"*

## ယခုဘဝ နှင့် နောင်ဘဝ (၁)

ယေရှုက အဖြစ်မှန်တခုကို ပြောပြတော်မူ၏။ စည်းစိမ်ဥစ္စာ (လု ၁၅) နှင့် လူများ (လု ၁၆) အပေါ် မှားယွင်းသော စိတ်သဘောထားနှင့် ပတ်သက်၍ ယေရှု၏ သွန်သင်ချက် နိဂုံးရောက်လာပြီဖြစ်ပါသည်။ ယေရှုသည် လုကာ ၁၆း၁၃ ထဲမှ မိမိ၏စကားကို ထောင်လွှားသောစိတ်ဖြင့် တုန့်ပြန်ခဲ့သော ဖာရိရှဲများကို ဆန့်ကျင်လျက် ဟောပြောတော်မူခဲ့ပါသည်။ ယေရှုသည် ဖာရိရှဲတို့၏ သရုပ်အမှန်ကို ဖော်ထုတ်တော်မူခဲ့၏၊ သူတို့သည် ဘုရားသခင် မဟုတ်ဘဲ၊ ငွေကြေးကို ကိုးကွယ်သော တပ်မက်ခြင်း စိတ်သဘော ရှိသောသူများ ဖြစ်ကြပါသည် (လု ၁၆း၁၄)။ ယေရှုသည် သူတို့၏ မှားယွင်းသော ဘာသာတရားကိုင်းရှိုင်းမှုကို အပြစ်တင်ဖို့ရန် သူဌေးကြီးနှင့် လာဇရု၏ အကြောင်းကို ပြောပြတော်မူခဲ့၏။ သတိပေးခြင်း သဘော (သို့) ခြိမ်းခြောက်ခြင်း သဘောဖြင့် ဟောပြောခြင်း ဖြစ်ပါသည်။ ယေရှုသည် ဤအကြောင်းကို (၁) ဓမ္မဟောင်း ကျမ်း မလိုက်လျှောက်သော ဖာရိရှဲများ (လု ၁၆း၁၇-၁၈ နှိုင်း - ၁၆း ၂၉၊ ၃၁) နှင့် (၂) ကောင်းကင်ဘုံ၌ မဟုတ်ဘဲ၊ ဤလောက၌ စည်းစိမ်ဥစ္စာ သိထားကြသော ဖာရိရှဲများ (လု ၁၆း၁၃-၁၄ နှိုင်း - ၁၆း၁၉) အား ဆုံးမခြင်းတရား ထဲ၌ ဤအကြောင်းကို ထည့်ပြောခြင်း ဖြစ်ပါသည်။

သူဌေးသည် ကောင်းမွန်စွာ ဝတ်စားဆင်ယင်လျက်၊ ကောင်းသော အစာအစားကို စားသောက်ကြောင်း တွေ့ရပါသည်။ ထိုခေတ်၌ အလွန် ကြွယ်ဝချမ်းသာသောသူသာလျှင် နီမောင်းသော ကမ္ဗလာနှင့် ပိတ်ချောကို ဝယ်ယူ ဝတ်ဆင်နိုင်ကြ၏။ ဤသဌေးကြီးသည် ဇာတိပကတိနှင့်ဆိုင်သော အပျော်ကျူးမှုကိုသာ နှစ်သက်လျက်၊ ဝိညာဉ်အရေးကို စိတ်မဝင်စားကြောင်း တွေ့ရပါသည်။ William Hendriksen က ငဲ့ညှာခြင်းမရှိဘဲ ဤသို့ဆိုခဲ့ပါသည်၊ "သူသည် တရားသဖြင့် ချမ်းသာသောသူ မဟုတ်ပါ။ မတရားမှုဖြင့် ကြွယ်ဝချမ်းသာလာသောသူ ဖြစ်ပါသည်။ နေ့စဉ် အဝတ်အစားကောင်း ဝတ်ဆင်လျက် နေခြင်းသည် ဂုဏ်ပကာသနကို ကြွားဝါခြင်း ဖြစ်၏။ လူတိုင်းထံ မိမိသည် ချမ်းသာသောသူဖြစ်ကြောင်း အသိပေးလိုခဲ့၏။ သူသည် မိမိကိုယ်ကို ချစ်သောသူ ဖြစ်ပါသည်။" သူသည် လုကာ ၁၂း၁၉ ၌ တွေ့ရသော၊ "အချင်းဝိညာဉ်၊ သင်သည် နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက်ရှိပြီ၊ ငြိမ်ဝပ်စွာ နေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့" ဟု ဆိုသော၊ မိုက်မဲသော သူဌေးနှင့် တူညီမှု ရှိပါသည်။ ထိုမိုက်မဲသော သူဌေးထံ မိန့်တော်မူသော ဘုရားသခင်၏စကားသည် ဤသူဌေးအတွက်လည်း အကျုံးဝင်ပါသည်၊ "အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကို ရုပ်သိမ်းရာ အချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍ သင်သည် ပြင်ဆင်သိုထားသော ဥစ္စာကို အဘယ်သူ ပိုင်မည်နည်း" (လု ၁၂း၂၀)။ ဘုရားသခင်၏ သတိပေးချက်မူကား၊ "ထိုအတူ ကိုယ်အဘို့ ဘဏ္ဍာများကို ဆည်းဖူး၍ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသောသူ မည်သည်ကား၊ ထိုသူဌေးနှင့် တူသည်ဟု မိန့်တော်မူ၏" (လု ၂း၂၀)။ "ကျွန်ုပ်တို့၏ နေရပ်ပြည်သည် ကောင်းဘင်ဘုံ မှန်လျှင်၊ ချက်ချင်း ပျောက်ကွယ်နိုင်သော ဤအရပ်၌ မဟုတ်ဘဲ၊ ထိုကောင်းကင်အရပ်၌ ကျွန်တော်တို့သည် မိမိတို့၏ စည်းစိမ်ဥစ္စာကို သိုထားသင့်ပါသည်" ဟု Calvin က ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဤဘဝ၌ ချမ်သာခြင်းထက်၊ ကောင်းကင်ဘုံ၌ ချမ်းသာခြင်းသည် သာ၍ ကောင်း၏။

**ဆုတောင်းချက်-** အဖဘုရား၊ သစ္စာရှိစွာ ချစ်ခြင်းမေတ္တာနှင့် အမှုတော်ဆောင်လျက် အထက်ကောင်းကင်ဘုံ၌ စည်းစိမ် ဥစ္စာ ကြွယ်ဝမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဩဂုတ် (၈)
**လု ၁၆း၁၉-၃၁**
မာကု ၉း၄၃-၄၈

*“မရဏာနိုင်ငံ၌ ပြင်းပြစွာသော ဝေဒနာကို ခံရလျက် မျှော်ကြည့်၍ . . . ”*

## ယခုဘဝ နှင့် နောင်ဘဝ (၂)

လာဇရု အမည်ရှိသော သူတောင်းစားကိုလည်း ကျွန်ုပ်တို့ တွေ့ရပါသည်။ ယေရှုက၊ “တကိုယ်လုံး၌ အနာစိမ်းပေါက်၍၊ . . . သူဌေးအိမ် တံခါးနားမှာ တုံးလုံးနေ၏” (လု ၁၆း၂၀) ဟု ဆိုခဲ့ပါသည်။ ဝေဒနာကိုလည်း ခံစားရပါလိမ့်မည်။ ထိုသို့ “စားနုပ်စားပေါက်ကို စားပါရစေဟု တောင့်တသော စိတ်နှင့်” မိမိ၏ တံခါးနား၌ နေသော လာဇရုအပေါ် သနားကြင်နာမှု ပြဖို့ရန် သူဌေးကြီး၌ အခွင့်အရေး ရှိခဲ့ပါသည်။ လာဇရုသည် အစာရေစာ ငတ်လျက် သေလုနီးပါး ဖြစ်ခဲ့ပါလိမ့်မည်။ သူသည် ငွေကြေး မဟုတ်၊ အစားအစာကို တောင်း၏။ သူသည် လမ်းမလျှောက်နိုင်ဟု ထင်ရပါသည်။ သူဌေးသည် လာဇရုအပေါ် သနားကြင်နာခြင်း မရှိ၊ မိမိစားပွဲမှ ကျသော စားနုပ်စားပေါက်ကိုသာ ထိုက်တန်သော ခွေးကဲ့သို့ ထင်မှတ်ထားပါသည်။ ထိုသို့ဖြင့် လာဇရုသည် အစာငတ်လျက် မိမိ၏အနာစိမ်းကို ခွေးလေခွေးလွင့်များက လျက်၍ ဝေဒနာကို ခံစားပြီး သူဌေး၏ တံခါးနားမှာ တုံးလုံးနေခဲ့ရပါသည်။

သူတောင်းစားသည် သေ၍ ကောင်းကင်ဘုံသို့ရောက်ပြီး၊ သူဌေးသည်လည်း သေ၍ ငရဲသို့ ကျခဲ့ပါသည်။ သူတို့ဘဝသည် ပြောင်းပြန်ဖြစ်ခဲ့ပါသည်။ လာဇရုသည် ဝမ်းမြောက်ခြင်း ခံစားရလျက်၊ သူဌေးကြီးသည် ဝေဒနာကို ခံစားရပါသည်။ အဗြဟံက၊ “ငါ့သား၊ သင်သည် အသက်ရှင်စဉ်အခါ ချမ်းသာရသည်ကိုင်၊ လာဇရုသည် ဆင်းရဲစွာနေရသည် ကိုင်၊ အောက်မေ့လော့။ ယခုမူကား၊ သူသည် သက်သာခြင်းရှိ၏။ သင်သည် ဒုက္ခဝေဒနာကို ခံရ၏” (လု ၁၆း၂၅) ဟု ဆိုခဲ့ပါသည်။

လာဇရုသည် ပရသိသုဘုံသို့ ကောင်းကင်တမန်တို့က ချီဆောင်ခဲ့ကြ၏ (နှိုင်း - လု ၂၃း၄၃)။ သူသည် အဗြဟံ ရှိရာအရပ်၌ နေရပြီး၊ သူတို့အကြား၌ ရင်းနှီးသော မိသာဟာရဖွဲ့ခြင်း ရှိ၏။ သူဌေး၏စားပွဲမှ စားနုပ်စားပေါက်ကို တောင့်တခဲ့သော လာဇရုသည် ယခုတွင် အဗြဟံနှင့်အတူ ကောင်းကင်ဘုံ စားပွဲ၌ ထိုင်ခွင့်ရခဲ့ပါသည်။ သူဌေးကြီးမူကား၊ ငရဲ၌ “ပြင်းပြစွာသော ဝေဒနာကို ခံရလျက်” (လု ၁၆း၂၃) နေခဲ့ရပါသည်။ သူကိုယ်တိုင်က၊ “အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသောကြောင့်” (လု ၁၆း၂၄) ဟု ဝန်ခံခဲ့ပါသည်။ ဒုတိယမွေးခြင်း မခံရသော အပြစ်သားများ နေထိုင်ရာအရပ်သည် ငရဲမီးလျှံ ဖြစ်သည်ဟု ကျမ်းစာထဲ၌ ဖော်ပြထားပါသည် (ဟေရှာ ၃၃း၁၄၊ ၆၆း၂၄၊ မသဲ ၃း၁၂၊ ၁၃း၄၀၊ ၄၂၊ ၅၀၊ ၁၈း၈-၉၊ ၂၅း၄၁၊ မာကု ၉း၄၃-၄၈၊ လု ၃း၁၇၊ ယု ၇၊ ဗျာ ၁၄း၁၀၊ ၁၉း၂၀၊ ၂၀း၁၀၊ ၁၄-၁၅၊ ၂၁း၈)။

**ဆင်ခြင်ရန်** - မရဏာနိုင်ငံ အမှန်ရှိ၏။ နောက်ဆုံးအချိန်ထိ နောင်တ မရသောသူတို့သည် ဘယ်တော့မှ ပျောက်ကွယ်သွားကြမည် မဟုတ်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ မရဏာနိုင်ငံမှ အကျွန်ုပ်ကို ကယ်တင်တော်မူပါ။




**လု ၁၉း၁၁-၂၈**
ယော ၁၁း၅၅-၅၇

*“ငါ ပြန်၍ မလာမှီတိုင်အောင် ကုန်သွယ်ခြင်းအမှုကို ပြုကြလော့”*

## ခရစ်တော် ကြွလာတော်မူသည်အထိ အမှုတော်ကို ကြိုးစား ဆောင်ရွက် ကြလော့

ယေရှုသည် ယေရုရှလင်မြို့ကို ချဉ်းကပ်လာသောအခါ၊ လူတို့က ဤလောက၌ သူ၏ နိုင်ငံတော် တည်ထောင်တော့မည်ဟု ထင်မှတ်ခဲ့ကြပါသည်။ ထိုစိတ်ဘောထား မှားယွင်းကြောင်းကို ယေရှုက သာဓက အားဖြင့် သွန်သင်တော်မူခဲ့၏။ ကုန်သွယ်ခြင်း သာဓကတွင်၊ ယေရှုက မိမိ၏ ဤလောကနိုင်ငံတော်သည် ချက်ချင်း မဟုတ်ဘဲ၊ အနာဂတ်၌ ဖြစ်လိမ့်အကြောင်း သွန်သင်တော်မူခဲ့ပါသည်။ “အမတ်တယောက်သည် မင်းကြီးအရာကို ခံလို၍ မိမိပြည်သို့ ပြန်လာမည်ဟု အကြံရှိလျက် ဝေးသောပြည်သို့ သွား၏။” ဤအမတ်ကဲ့သို့၊ ယေရှုသည် ဤလောက၌ မိမိ၏နိုင်ငံတော် မတည်မှီ၊ ကောင်းကင်ဘုံသို့ အရင် တတ်သွားမည်ဖြစ်ပါသည်။ ထိုသို့ ယေရှု ကောင်းကင်သို့ တတ်သွားခြင်းနှင့် ပြန်လည်ကြွလာတော်မူခြင်း ကြားကာလသည် တပည့်တော်များအတွက် အမှုတော် ဆောင်ရွက်ရသော ကာလဖြစ်ပါသည်။ ခရစ်ယာန်အပေါင်းတို့အား ယေရှုက၊ “ငါပြန်၍ မလာမှီတိုင်အောင် ကုန်သွယ်ခြင်းအမှုကို ပြုကြလော့” ဟု မိန့်တော်မူ၏။

သခင်ဘုရား၏ ခွန်အားဖြင့် အမှုတော်ကို ဆောင်ရွက်ကြလော့၊
လုပ်ဆောင်မှု အဖိုးအခအဖြစ် သရဖူနှင့် ဝတ်လုံဖြစ်၏၊
ကျွန်ုပ်တို့၏ ထာဝရအိမ်တော်သို့ ဘုန်းတော်ဝင်စားသောအခါ
ရွေးနှုတ်တော်မူသောသူများနှင့်တကွ “ကယ်တင်ခြင်းသည် လက်ဆောင်သက်သက်ဖြစ်၏” ဟု
ကြွေးကြော်ကြမည်။
ကြိုးစားအားထုတ်လျက် အမှုတော်ကို ဆောင်ရွက်ကြလော့၊
မျှော်လင့်လျက်၊ သတိနှင့် သခင်ကြွလာသည့်တိုင်အောင် ဆောင်ရွက်ကြလော့။

သို့သော်လည်း၊ ယခု အသင်းတော်တွင် စစ်မှန်သောယုံကြည်သူများနှင့် မှားယွင်းသော ယုံကြည်သူများ ပေါင်းစပ်လျက် ရှိပါသည်။ ယေရှု ကြွလာတော်မူသောအခါ၊ သစ္စာရှိစွာ အမှုတော် ဆောင်ရွက်သော စစ်မှန်သည့် ယုံကြည်သူများကို အုပ်စိုးမည့် မြို့များ ပေးလျက် ချီးမြှင့်တော်မူမည်။ မှားယွင်းသော ယုံကြည်သူများမူကား၊ သခင်ကို မုန်းသော ကုန်သွယ်ခြင်းကို မပြုသော ငယ်သားကဲ့သို့၊ ပြစ်ဒဏ် စီရင်ခြင်း ခံရမည်ဖြစ်ပါသည်။ မှားယွင်းသော ယုံကြည်ခြင်း၏ လက္ခဏာများမှာ ယုံကြည်ခြင်းကင်းမဲ့ခြင်းနှင့် အသီးအပွင့်ကင်းမဲ့ခြင်း ဖြစ်ပါသည်။ “အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်သည်” (ယာကုပ် ၂း၂၀)။ ထိုနေ့တွင်၊ ယေရှုသည် ဆိတ်နှင့်သိုး၊ တောစပါးနှင့် စပါး၊ မကောင်းသော ငါးနှင့် ကောင်းသော ငါးများကို ခွဲခြား ပါလိမ့်မည် (မသဲ ၁၃း၂၄-၃၀၊ ၄၇-၅၀၊ ၂၅း၃၂-၃၃)။

**ဆင်ခြင်ရန်** - ခရစ်တော် ကြွလာမည့်အချိန်ကို စောင့်လျက် ဘုရားသခင်အတွက် မည်သို့ အမှုတော် ဆောင်ရွက်မည်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အချိန်ရှိခိုက် ပျင်းရိခြင်း မရှိဘဲ၊ ကိုယ်တော်၏အမှုတော်ကို ကြိုးစား ဆောင်ရွက် လိုပါ၏။

တနင်္ဂနွေ၊ ဩဂုတ် (၂၄)
**လု ၁၉း၁-၁၀**
ဆာလံ ၁၀၁

*“လူသားသည် ပျောက်သောသူတို့ကို ရှာ၍ ကယ်တင် အံ့သောငှါ ကြွလာသတည်း”*

## ခရစ်တော်အတွက် အကောင်းဆုံး ဆောင်ရွက်လော့

မြို့သူမြို့သားတို့သည် ထိုအဖြစ်အပျက်ကို မြင်ကြသောအခါ၊ ယေရှုအား အပြစ်တင်ခဲ့ကြလျက်၊ အပြစ်သား၏အိမ်၌ ဧည့်သည်အဖြစ်နေသည်ဟု ကဲ့ရဲ့ခဲ့ကြပါသည်။ “လူအပေါင်း” ဟူသော စကားလုံးကို မှတ်ထားပါလော့။ ယေရိခေါ မြို့သူမြို့သားအပေါင်းတို့သည် ဇက္ခဲကိုမုန်းတီးကြသည်ဟူသော အချက်မှာ တင်စားထားချက် မဟုတ်ပါ။ ဇက္ခဲ၌ မိတ်ဆွေမရှိ၊ မိမိကို မုန်းသောသူအပေါင်းရှိရာ မြို့၌ နေထိုင်ခြင်းသည် သူ့အတွက် အလွန်ခက်ခဲမှုပါလိမ့်မည်။ ထိုအချိန်၌ ယေရှုက သူ့ကို ခေါ်လျက် မိတ်ဖွဲ့ခဲ့သည်ဖြစ်သောကြောင့် သူ့အတွက် အလွန်ဝမ်းမြောက်စရာ ဖြစ်ပါလိမ့်မည်။

ဇက္ခဲသည် ခရစ်တော် ချစ်ခြင်းမေတ္တာ၏ တို့ထိခြင်းကို ခံရခဲ့ပါသည်။ ထိုနေ့၌ သူသည် သခင်ယေရှုကို အမှန် ယုံကြည်လျက်၊ နောင်တရခဲ့ပါသည်။ “သခင်၊ အကျွန်ုပ်၏ ဥစ္စာတဝက်ကို ဆင်းရဲသော သူတို့အား ပေးပါ၏။ တစုံတယောက်သောသူ၏ ဥစ္စာ အနည်းငယ်ကို အကျွန်ုပ်ယူမိလျှင်၊ လေးဆပြန်၍ ပေးပါ၏” ဟု လျှောက်ခဲ့ပါသည်။ ယေရှုထက် မိမိ၏ငွေကြေးကို ပိုချစ်သော ကြွယ်ဝချမ်းသာသည့် လုလင်နှင့် ဆန့်ကျင်ဘက် ဖြစ်ပါသည် (မသဲ ၁၉း၁၆-၂၂၊ မာကု ၁၀း၁၇-၃၁၊ လု ၁၈း၁၈-၃၀)။ ဇက္ခဲသည်လည်း ကြွယ်ဝချမ်းသာသောသူဖြစ်သော်လည်း၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် စစ်မှန်သော ကြွယ်ဝချမ်းသာမှုကို သိနားလည်ခဲ့ပါသည်။ ခရစ်တော်အတွက် ထိုစည်းစိမ်ဥစ္စာကို စွန့်လွှတ်ခဲ့ပါသည်။ “လူသည် ဤစကြဝဠာကို အကြွင်းမဲ့ အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ် ကျေးဇူးရှိသနည်း” (မာကု ၈း၃၆)။ ထိုအခါ၊ သခင်ယေရှုက ဇက္ခဲအား ဤသို့ မိန့်တော်မူ၏၊ “ဤသူသည် အာဗြဟံ၏သား ဖြစ်သည်နှင့် အလျောက်၊ ယနေ့ပင် ကယ်တင်တော်မူခြင်း ကျေးဇူးသည် ဤအိမ် အပေါ်မှာ သက် ရောက်လေ၏။ လူသားသည် ပျောက်သော သူတို့ကို ရှာ၍ ကယ်တင် အံ့သောငှါ ကြွလာသတည်း။”

**ဆင်ခြင်ရန်** - ဇက္ခဲသည် အရပ်ပုသော်လည်း၊ ဝိညာဉ်အမှု၌ အရပ်ရှည်သောသူ ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်အတွက် ဝိညာဉ်အရေး၌ အရပ်ရှည်သောသူ ဖြစ်လိုပါ၏။



စနေ၊ ဩဂုတ် (၉)
**လု ၁၆း၁၉-၃၁**
ဟေဗြဲ ၉း၂၇-၂၈

*“လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့ . . . ”*

## ယခုဘဝ နှင့် နောင်ဘဝ (၃)

ငရဲမီးလျှံကြောင့် သူဌေးကြီးသည် အလွန် ရေငတ်လျက်၊ သူတောင်းစားဖြစ်လာခဲ့ပြီး၊ အဗြဟံအား၊ လာဇရုသည် လက်ဖျားကို ရေ၌နှစ်၍ သူ၏လျှာကို အေးစေခြင်းငှါ စေလွှတ်မူပါ ဟု တောင်းခဲ့ပါသည် (လု ၁၆း၂၄)။ သို့သော်လည်း ထိုအရာသည် မဖြစ်နိုင်သောအရာ ဖြစ်၏။ အဗြဟံက ဤသို့ တုန့်ပြန်ခဲ့ပါသည် - သူဌေးကြီးသည် ထိုက်တန်သောအရာကို ခံရ၏ (လု ၁၆း၂၅)၊ ထို့ပြင် သူတို့အကြား၌ အလွန် နက်လှသော ချောက်ကြီးတည်လျက်ရှိ၏၊ ဟိုဘက် ဒီဘက် သွားလာ၍ မရပါ (လု ၁၆း၂၆)။

ယခုတွင်၊ ဤသူဌေးသည် ဧဝံဂေလိတရားကို အလွန် ဟောပြောလိုသောသူ ဖြစ်လာခဲ့ပါသည်။ လာဇရုအား ယုံကြည်သူ မဖြစ်သေးသော သူ့ညီအစ်ကို ငါးဦးထံ တရားဟောခြင်းငှါ အဘအိမ်သို့ စေလွှတ်ဖို့ရန် တောင်းဆိုခဲ့ပါသည်။ သူဌေးကြီးက သူ့ညီအစ်ကိုတို့သည် ပြောင်းလဲ၍ မိမိကဲ့သို့ ဤအရပ်၌ ဝေဒနာ မခံမည်အကြောင်း ဆန္ဒရှိခဲ့ပါသည် (လု ၁၆း၂၇-၂၈)။ သို့သော်လည်း၊ အဗြဟံက၊ “သင်၏ညီတို့၌ မောရှေမှစ၍ ပရောဖက်များရှိကြ၏” (လု ၁၆း၂၉) ဟု ဆိုခဲ့၏။ အဗြဟံက၊ ဓမ္မဟောင်းကျမ်းသည် ထာဝရ သေခြင်း မခံမည်အကြောင်း၊ ကယ်တင်ခြင်းအဖို့ လုံလောက်လျက်ရှိကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ မောရှေ (တရား ၁၈း၁၅) နှင့် ပရောဖက်များ (ဟေရှာ ၅၃) က “ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသငယ်” (ယော ၁း၂၉) တည်းဟူသော မေရှိယ၏ ကယ်တင်ခြင်း အမှုတော်ကို ဖော်ပြခဲ့ကြ၏။ ထို့ပြင်၊ ပညတ္တိကျမ်းနှင့် ပရောဖက်ကျမ်းတို့က စစ်မှန်သော ယုံကြည်ခြင်းသည် ကောင်းမှုပြုခြင်းဖြင့် ထင်ရှားကြောင်း ဖော်ပြခဲ့ကြပါသည် (ယာကုပ် ၁း၂၇ နှိုင်း - မိက္ခာ ၆း၈)။ သူဌေးကြီးသည် ဘာသာတရား ကိုင်းရှိုင်းသယောင် ရှိသော်လည်း လာဇရု၏လိုအပ်ချက်များကို မပေးကမ်းခြင်းကြောင့် သူသည် ဒုတိယမွေးခြင်း မခံရကြောင်း ထင်ရှားပါသည်။ ဖာရိရှဲတို့သည်လည်း မေရှိယကို မသိမမြင်သည်သာမက၊ သူတပါး၏ လိုအပ်ချက်များကို မဖြည့်ဆည်း ခဲ့ကြပါ (မသဲ ၂၃း၁-၃၆)။ ဤလူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာမထောင် လိုကြလျှင်၊ အဘယ်မျှလောက် အံ့ဘွယ်အမှုကပင်၊ သေခြင်းမှ ပြန်လည်း ထမြောက်ခြင်းကပင်လျှင် သူတို့ကို ပြောင်းလဲစေနိုင်မည် မဟုတ်ပါ (လု ၁၆း၃၁)။

ဘုရားသခင်၏ တရားမျှတမှုသည် မကောင်းမှု ပြုသောသူအပေါင်းကို စီရင်မည်ဖြစ်၏။ အကြီးမားဆုံးသော ဒုစရိုက်သည် ယေရှုခရစ်တော်အား ကယ်တင်ရှင် သခင် အဖြစ် လက်မခံခြင်းပင်ဖြစ်ပါသည်။ မောရှေ၏ ထိုက်သင့်သောအပြစ်ဒဏ် ပညတ်တရား (တရား ၁၉း၂၁) က ပြစ်မှုနှင့် ထိုက်သင့်သော စီရင်ခြင်းကို ခံစေဖို့ရန် မိန့်တော်မူ၏။ ထာဝရ ဘုရားသခင်ကို ငြင်းပယ်ခြင်း ဒုစရိုက်၏ ထိုက်သင့်သော အပြစ်ဒဏ်သည် ငရဲ၌ ထာဝရ ဝေဒနာခံခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မရဏာနိုင်ငံတွင် လူတိုင်း တရားဟောခြင်း၌ စိတ်အားထက်သန်လျက်ရှိကြ၏။
**ဆုတောင်းချက်-** အဖဘုရား၊ သတင်းကောင်း ဟောပြောဖို့ရန် အကျွန်ုပ်အား ကျေးဇူးပြုတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၁၀)
လု ၁၇း၁-၁၀
၁ ကော ၃း၅-၁၅

*“ငါတို့သည် သခင်၌ ကျေးဇူးပြုသော အစေအပါးဖြစ်သည် မဟုတ်”*

## ခွင့်လွှတ်ခြင်း နှင့် အမှုတော်ဆောင်ခြင်း

ဖာရိရှဲတို့သည် သူတို့ အသိုက်အဝန်း ပြင်ပလူများဖြစ်သော၊ အခွန်ခံများနှင့် အပြစ်သားများကို ရှုံ့ရှာခဲ့ကြပါသည်။ ကြွယ်ဝချမ်းသာသောသူ၊ အာဏာရှိသောသူတို့သည်လည်း ဆင်းရဲသားနှင့် အားနည်းသောသူတို့ကို ထိုနည်းတူ ဆက်ဆံ တတ်ကြ၏။ ထိုအကျင့် စိတ်သဘောထားသည် ဘုရားသခင် ကယ်တင်လိုသော သူများကို ပထုတ်ခဲ့ပါသည်။ ယေရှုက တပည့်တော်များအား လူမျိုး၊ လူတန်းစား မခွဲခြား ဖို့ရန် သတိပေးတော်မူခဲ့၏။ ဘုရားသခင်၏လူ တစုံတယောက်ကို အပြစ်ပြုစေခြင်း ထက် (နှိုင်း - မသဲ ၁၈း၂-၆) မိမိကိုယ်ကို အဆုံးစီရင်ခြင်းသည် သာ၍ ကောင်းပါသည်။

ညီအစ်ကိုသည် ကျွန်ုပ်တို့အပေါ် ပြစ်မှားခဲ့လျှင် ကျွန်တော်တို့သည် လုံးဝ ခွင့်လွှတ်ရမည်ဖြစ်ပါသည် (“ခုနစ်” က စုံလင်ခြင်းကို ပုံဆောင်၏)။ ကျွန်ုပ်တို့အပေါ် အကြိမ်ကြိမ် ပြစ်မှားသောသူများကို ကျွန်တော်တို့သည် အစဉ် ခွင့်လွှတ်ကြရမည် ဖြစ်ပါသည်။ နောင်တရသောသူကိုသာ ခွင့်လွှတ်ရမည်ဟု ဆိုလိုပါသလား။ ထိုသို့ ထင်ရပါသည်၊ သို့သော်လည်း ရှင်းလင်း ပြတ်သားစွာ ဖော်ပြခြင်း မရှိပါ။ သို့သော်လည်း၊ ဘုရားသခင်သည် နောင်တရသော အပြစ်သားကိုသာ ခွင့်လွှတ်တော်မူသည်ဖြစ်သောကြောင့် ထိုသို့ လက်ခံခြင်းသည် သဘာဝကျပါသည် (မသဲ ၁၁း၂၀-၂၁၊ လု ၁၃း၃)။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့အပေါ် ပြစ်မှားသောသူက မတောင်းပန်သည့်တိုင်၊ ကျွန်တော်တို့သည် ထိုသူအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာကို မရပ်တန့် သင့်ပါ။ ပေတရုက၊ “ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏” (၁ ပေ ၄း၈) ဟု ရေးသားထားပါသည်။ ထိုတရားကို ပေတရုသည် သခင်ယေရှုထံမှ သင်ယူခဲ့သည် မဟုတ်လော။

အမှုတော်ဆောင်ခြင်း အမှုတွင်၊ သခင်ယေရှုက နာခံခြင်း၊ နှိမ့်ချသော စိတ်သဘောဖြင့် ဆောင်ရွက်ရမည်ဟု ကျွန်ုပ်တို့အား မိန့်တော်မူ၏။ ကျွန်တော်တို့သည် သခင်ယေရှု မိန့်တော်မူသော အမှုကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ပြီးသည့်တိုင်၊ “ငါတို့သည် သခင်၌ ကျေးဇူးပြုသော အစေအပါဖြစ်သည်မဟုတ်၊ ဝတ်ပြေရုံမျှသာ ရှိသည်” ဟု မိမိကိုယ်ကို ဝန်ခံကြရပါမည်။ ထိုသို့သော စကားသည် သခင်ယေရှု နှစ်သက်သော စိတ်သဘော၊ စိတ်နှိမ့်ချခြင်းနှင့် ကျေးဇူးသိတတ်ခြင်းကို ထင်ဟပ်စေပါသည်။

**ဆင်ခြင်ရန်** - “ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်မည်ဆိုလျှင်၊ မိမိကိုယ်ကို မေ့ပျောက်လော့။” (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ ဆင်းရဲဒုက္ခနှင့် အခက်အခဲ ခံရစဉ် အကျွန်ုပ်ကို သနားတော်မူပါ။



စနေ၊ ဩဂုတ် (၂၃)
လု ၁၈း၃၅-၁၉း၆
ဆာလံ ၆၂

*“ဒါဝိတ်၏သားတော် ယေရှု၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ”*

## ယေရှုက ဗာတိမဲ နှင့် ဇက္ခဲကို ကယ်တင်တော်မူ၏

ယေရိခေါမြို့သို့ ယေရှု ရောက်လာသောအခါ၊ မျက်ကန်းနှစ်ဦးက ကျန်းမာခြင်းအခွင့်ကို ပေးတော်မူရန် တောင်းလျှောက်ခဲ့ကြပါသည်။ တဦးသည် မျက်စိကန်း ရုံသာမက၊ သူတောင်းစားဖြစ်သော ဗာတိမဲ ဖြစ်ပါသည်။ သူက နာဇရက်မြို့သား ယေရှုအား ဒါဝိဒ်၏သားတော်ဟု ခေါ်ခဲ့ပါသည်။ ယေရှုသည် ဂတိထားတော်မူသော မေရှိယဖြစ်ကြောင်း သူ ယုံကြည်ပါ၏။ ဣသရေလဘာသာရေး ခေါင်းဆောင်များသည် ယေရှုကို မယုံကြည်ကြသောကြောင့် ထိုနာမကို အသုံး မပြုလိုကြပါ။ သခင်ယေရှုသည် ဗာတိမဲနှင့် သူ့သူငယ်ချင်းကို သနားတော်မူ၏။ ယေရှုက သူတို့လိုချင်သော အရာကို မေးသောအခါ၊ မျက်စိ အမြင်အာရုံ ရလိုကြောင်း ဆိုခဲ့ကြပါသည်။ ယေရှုက မိမိ၏နှုတ်တန်ခိုးတော်အားဖြင့် သူတို့၏မျက်စိကို ဖွင့်ပေးတော်မူ၏။ သူတို့၏ မျက်စိ ပွင့်သည်သာမက၊ ဝိညာဉ်မျက်စိလည်း ဖွင့်ပေးခြင်းခံခဲ့ကြရပါသည်။ ယေရှုက၊ “မျက်စိမြင်စေ။ သင်၏ယုံကြည်ခြင်းသည် သင့်ကို ကယ်မပြီ” ဟု မိန့်တော်မူ၏။ သူတို့သည် ယေရှုနောက်သို့ လိုက်လျက်၊ ဘုရားသခင်ကို ချီးမွမ်းခဲ့ကြပါသည်။

ယေရိခေါမြို့တွင် ဇက္ခဲ အမည်ရှိ အလွန်ကြွယ်ဝချမ်းသာသူ တဦး ရှိခဲ့ပါသည်။ သူသည် အခွန်ခံများ၏ အကြီးအကဲဖြစ်ပါသည်။ ဇက္ခဲ ကဲ့သို့သော အခွန်ခံများကို ယုဒလူများက သစ္စာဖောက်၊ ဆိုးညစ်သောသူ ဟုသတ်မှတ်ကြပါသည်။ အကြောင်းမှာ သူတို့သည် ရောမလူများကို ကပ်လျက် သူတို့လက်အောက်၌ တာဝန်ထမ်းဆောင်ခဲ့ကြပြီး၊ မိမိတို့အမျိုးဖြစ်သော ယုဒလူများထံ၌ မမှန်မကန် အခွန်ကောက်ခဲ့ကြပါသည်။ သူတို့၏ ကြွယ်ဝချမ်းသာမှုသည် မတရားနည်းဖြင့် ရသော အရာဖြစ်၏။

ယေရှု မြို့ထဲသို့ ဝင်လာစဉ် ဇက္ခဲသည် သူ့ကို မြင်လို၏။ သူသည် အရပ်ပုသောကြောင့်၊ လူထုက ကွယ်သည်ဖြစ်၍ မမြင်နိုင်ပါ။ ထို့ကြောင့်၊ ရှေ့သို့ ပြေးလျက်၊ သဖန်းပင်ပေါ်သို့ တတ်ခဲ့ပါသည်။ ဤအပင်သည် ကောင်းသော အရိပ်ကို ပေးလျက်၊ အကိုင်းအခက်တို့သည် နိမ့်သည်ဟု သိရပါသည်။ ထိုအပင်သည် ဇက္ခဲ ကဲ့သို့ အရပ်ပုသောသူအတွက်လည်း တတ်ရလွယ်ကူ ပါသည်။

ဇက္ခဲသည် ထင်သာမြင်သာ ရှိခဲ့ပါလိမ့်မည်။ လူအုပ်ထဲတွင် သူတဦးတည်းသာလျှင် သစ်ပင်ပေါ်၌ ရှိသောသူ ဖြစ်ပါလိမ့်မည်။ ထိုအရပ်သို့ ယေရှု ရောက်လာသောအခါ၊ မျှော်ကြည့်၍ သူ့ကို မြင်ခဲ့ပါသည်။ သခင်ယေရှုသည် ဇက္ခဲကို ပထမအကြိမ် မြင်ဖူးခြင်း ဖြစ်သော်လည်း သူ့ကို အတွင်းအပြင် စေ့စေ့ သိတော်မူ၏။ ဇက္ခဲ၏ နာမည်ကို ခေါ်လျက်၊ “မြန်မြန်ဆင်းလော့။ သင်၏အိမ်၌ ယနေ့ ငါတည်းနေမည်” ဟု မိန့်တော်မူ၏။ ဇက္ခဲသည် အလွန် ဝမ်းမြောက်ခဲ့ပါလိမ့်မည်။ သူသည် လျှင်မြန်စွာ သစ်ပင်ပေါ်မှ ဆင်းလျက်၊ ယေရှုအား မိမိအိမ်သို့ ဝမ်းမြောက်စွာ လက်ခံခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းသည် ခရစ်တော် မြင်တွေ့ခြင်းဖြင့် မဟုတ်ဘဲ၊ ခရစ်တော်အကြောင်း ကြားသိခြင်း အားဖြင့် ဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အမြင်အားဖြင့် မဟုတ်ဘဲ၊ ယုံကြည်ခြင်းဖြင့် အသက်ရှင်မည် အကြောင်း မစတော်မူပါ။

**မသဲ ၂၀း၁၇-၂၈**
၂ တိ ၂း၁-၁၃

*"ထိုသူတို့သည် သေပြစ်ကို စီရင်ကြလိမ့်မည်"*

## အသေခံဖို့ရန် ယေရှု ပြင်ဆင်တော်မူ၏ (၂)

"သင်တို့သည် အဘယ်သို့ တောင်းပန်သည်ကို သင်တို့ မသိကြ။ ငါသောက်ရအံ့ သောခွက်ကို သောက်ခြင်းငှါ၎င်း၊ ငါခံသော ဗတ္တိဇံကို ခံခြင်းငှါ၎င်း၊ သင်တို့သည် တတ်စွမ်းနိုင် သလော" ဟု ယေရှုက တုန့်ပြန်လျက် မေးတော်မူ၏။ "ခွက်" နှင့် "ဗတ္တိဇံ" တို့သည် ခံရမည့် ဝေဒနာ နှင့် သေခြင်းကို ဆိုလိုပါသည် (နှိုင်း - မသဲ ၂၆း၃၉၊ ၄၂၊ မာကု ၁၄း၃၆၊ လု ၂၂း၄၂၊ ရော ၆း၃-၄)။ ခွက်နှင့် ဗတ္တိဇံတို့သည် ယေရှု၏ အနာခံခြင်းနှင့်ဆိုင်သော နာခံခြင်း လက္ခဏာများဖြစ်ကြပါသည်။ ခွက်က သူ့ဘဝတလျှောက် ခံခဲ့ရသော ဝေဒနာကို ဖော်ပြလျက်၊ ဗတ္တိဇံက ကားတိုင်ပေါ်၌ အသေခံခြင်းကို ပြသလျက်ရှိပါသည်။ ဇေဗေဒဲ၏သားတို့က သခင်ယေရှုနှင့်အတူ ဝေဒနာကို ခံလျက် အသေခံမည်ဟု ဆိုခဲ့ကြပါသည်။

ယေရှုက သူတို့သည် ဝေဒနာခွက်ကို သောက်လျက်၊ သေခြင်း ဗတ္တိဇံကိုလည်း ခံကြမည် အကြောင်း ကြိုတင် ဟောခဲ့ပါသည်။ ယာကုပ်သည် အသတ်ခံရပြီး (တမန် ၁၂း၂)၊ ယောဟန်သည်လည်း ပတ်မုတ်ကျွန်း၌ နယ်နှင်ဒဏ်ခံခဲ့ရပါသည် (ဗျာ ၁း၉)။ ကျန် တမန်တော်တို့သည်လည်း (မိမိကိုယ်ကို အဆုံးစီရင်သော သစ္စာဖောက် ယုဒရှင်ကာရုတ်မှအပ) အသေသတ်ခြင်း ခံခဲ့ကြပါသည်။ သမိုင်းမှတ်တမ်းအရ၊ ပေတရုနှင့် အန္ဒြေတို့သည် ကားတိုင်ပေါ်၌ တင်သတ်ခြင်းခံရသည်ဟု ဆိုပါသည်။ ပေတရုသည် ကားတိုင်ပေါ်၌ ပြောင်းပြန် တင်သတ်ခြင်းခံရပါသည်။ အန္ဒြေသည် အင်္ဂလိပ် အက္ခရာ X သဏ္ဍာန် ကားတိုင်ပေါ်၌ တင်သတ်ခြင်း ခံခဲ့ရပါသည်။ ယေရှုက မိမိအတွက် အနာခံသောသူတို့သည် တနေ့တွင် သူနှင့်အတူ အုပ်စိုးလိမ့်မည်အကြောင်း ဂတိထားတော်မူ၏။ သို့သော်လည်း၊ ယာကုပ်နှင့် ယောဟန် တောင်းလျှောက်ခဲ့သော၊ အမြင့်ဆုံးသော နေရာ၌ ထိုင်ခြင်းကိုမူ ယေရှု ဆုံးဖြတ်ရမည့်အရာ မဟုတ်၊ ခမည်းတော်ဘုရား ခန့်ထားမည့်အရာ ဖြစ်ပါသည်။

ထို့နောက် ယေရှုက စစ်မှန်သော ကြီးမြတ်ခြင်းအကြောင်းကို သွန်သင်တော်မူ၏။ ဤလောကီ လူသားတို့သည် ကြီးမြတ်ခြင်းနှင့် ဩဇာအာဏာကို လူတဦး၏ ဂုဏ်ပုဒ် အဆင့်အတန်းကို ကြည့်၍ တိုင်းတာ တတ်ကြ၏။ သင် လူဘယ်နှစ်ယောက်ကို ကိုင်တွယ်အုပ်ချုပ်ပါသနည်း။ သင့်လက်အောက် လူတို့သည် အဘယ်သူများဖြစ်ကြသနည်း။ ဤမေးခွန်းများကို မေးတတ်ကြ၏။ ဘုရားသခင် အမြင်၌ ကြီးမြတ်မှုသည် ထိုသို့ မဟုတ်ပါ။ သင် ဘယ်လောက် သူတပါး၏ အမှုတော်ကို ဆောင်ရွက်သနည်း ဟူသောအချက်ဖြင့် ကြီးမြတ်မှုကို တိုင်းတာရပါမည်။ "သင်တို့တွင် အကဲအမှူး ပြုလိုသောသူကို သင်တို့ အစေခံဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ်လုပ် ချင်သော သူကိုလည်း သင်တို့ကျွန် ဖြစ်စေ။" ယေရှုကိုယ်တိုင်သည် အကောင်းဆုံး သာဓကဖြစ်ပါသည်။ "လူသားသည် သူတပါးကို စေစားခြင်းငှါ မလာ၊ သူတပါးအစေကို ခံခြင်းငှါ၎င်း၊ မိမိအသက်ကို စွန့်၍ လူအများကို ရွေးခြင်းငှါ၎င်း၊ ကြွလာသည်။" ဤတရားကို Calvin က ဤသို့ ရေးဖွဲ့ထားပါသည် - "လူတို့သည် ဘုရားသခင်၏ သားများဖြစ်မည်အကြောင်း၊ ဘုရားသခင်၏သားတော်သည် လူသား ဖြစ်လာခဲ့ပါသည်။" သင် ကြီးမြတ်သောသူ ဖြစ်လိုလျှင်၊ ခရစ်တော်နည်းတူ ကျင့်ပါလော့။

**ဆင်ခြင်ရန်** - "အမှုတော်ဆောင် အသက်တာသည် ဝမ်းမြောက်ခြင်း အသက်တာဖြစ်၏။" (McIntire)

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်အမှုတော်နှင့် ကိုယ်တော့်လူများ၏အမှုတော်ကို နှိမ့်ချခြင်း၊ ဝမ်းမြောက်ခြင်းနှင့်တကွ ဆောင်ရွက်ဖို့ရန် ကျွန်ုပ်ကို သွန်သင်တော်မူပါ။




**ယော ၁၁း၁-၄၆**
ဗျာ ၂၀း၆

*"ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏"*

## ယေရှု - အသက်ရှင်ခြင်းကို ပေးတော်မူသောသူ

ယေရုရှလင်မြို့တွင်၊ ယေရှုသည် မာသနှင့်မာရိထံမှ လာဇရုသည် အလွန် နေမကောင်းဖြစ်ကြောင်း သတင်းရရှိခဲ့ပါသည်။ သူတို့ထံ အလျင်အမြန် ယေရှု ကြွလာတော်မူမည်ဟု မျှော်လင့်ခဲ့ကြသော်လည်း၊ ယေရှုသည် တမင်တကာ နောက်ကျမှ သွားခဲ့ပါသည်။ အလုံးစုံကို သိတော်မူသော ယေရှုက လာဇရု သေမည်အကြောင်း၊ သေခြင်းမှ မိမိ ထမြောက်စေမည်အကြောင်း သိတော်မူ၏။ ဤအံ့ဘွယ် နိမိတ်လက္ခဏာအားဖြင့် ခမည်းတော်ဘုရားနှင့် သားတော်ဘုရားတို့သည် ချီးမွမ်းခြင်း ခံရကြမည်။ ယေရှုက မိမိ၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ဤလာဇရု၏ အမှုအားဖြင့် ဖော်ပြလိုခဲ့ပါသည်။

ယေရှု ဗေသနိသို့ ရောက်လာသောအခါ၊ လာဇရုသည် သေခဲ့ပြီဖြစ်၍ မြှုပ်နှံလျက် လေးရက်ပြည့်ပြီဖြစ်ပါသည်။ မာသနှင့်မာရိတို့သည် မိတ်ဆွေအပေါင်းနှင့်တကွ ဝမ်းနည်း ငိုကြွေးခဲ့ကြ၏။ စိတ်ဝင်စားစရာ ကောင်းသည်မှာ၊ လူတို့၏ သံသယ စကားကြားတိုင်း (ယော ၁၁း၃၂၊ ၃၇)၊ ယေရှုသည် "အလွန် ညှိုးငယ်ခြင်း၊ စိတ်ပူပန်ခြင်း" (ယော ၁၁း၃၃၊ ၃၈) ရှိကြောင်း ဖော်ပြခြင်းပင်ဖြစ်ပါသည်။ "မျက်စိကန်းသောသူကို မြင်စေတော်မူသော ဤသခင်သည်၊ လာဇရုကို မသေစေခြင်းငှါ မတတ်နိုင် သလော" ဟူသော စကားက ယေရှုအား ဝမ်းမနည်းစေဘဲ နေမည်လော။ လူတို့သည် ယေရှု၌ လာဇရုကို သေခြင်းမှ ပြန်လည်ထမြောက်စေနိုင်သော တန်ခိုးရှိကြောင်း မယုံကြည် ခဲ့ကြပါ။ လာဇရုသည် မကြာမီ ပြန်လည် အသက်ရှင်မည်အကြောင်း သိတော်မူ၏။ သူသည် လူတို့၏ မယုံကြည်ခြင်းကြောင့် ဝမ်းနည်းခဲ့ခြင်း ဖြစ်ပါသည်။

ယေရှုသည် ကြီးသော အံ့ဘွယ်အမှုကို ပြုဖို့ရန် ဗေသနိသို့ သွားခဲ့၏။ ထိုအမှုသည် သေသောသူကို အသက်ပြန်ရှင်စေခြင်းပင်ဖြစ်ပါသည်။ သေသောသူများကား အဘယ်သူများနည်း။ လာဇရုသည် ခန္ဓာကိုယ်အရ အမှန် သေသောသူဖြစ်ပြီး၊ ဝိညာဉ်အရ သေသောသူ မိတ်ဆွေများလည်း ရှိခဲ့ကြပါသည်။ အမှန်မှာ၊ ဤအံ့ဘွယ်အမှုသည် လာဇရုအတွက် ပြုခြင်း မဟုတ်ဘဲ၊ အသက်ရှင်လျက် ဝိညာဉ်အရေး၌ သေနေသောသူများ အတွက် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ယေရှုသည် ဆုတောင်းလျက်၊ "အဘ၊ ကိုယ်တော်သည် အကျွန်ုပ်စကားကို နားထောင်တော်မူသော ကျေးဇူးတော်ကြီးလှ ပါ၏။ ကိုယ်တော်သည် အကျွန်ုပ် စကားကို အစဉ်မပြတ် နားထောင်တော်မူသည်ကို အကျွန်ုပ်သိပါ၏။ သို့သော်လည်း ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို ဝန်းရံလျက်ရှိသော ဤလူ အပေါင်းတို့သည် ယုံကြည်စေခြင်းငှါ သူတို့၏အကျိုးကို ထောက်၍ ဤသို့ အကျွန်ုပ်လျှောက်ပါ၏ ဟု မိန့်မြွက်တော်မူ၏။" "လာဇရု ထွက်၍လာလော့" ဟု ယေရှု ဟစ်ခေါ်သောအခါ၊ လာဇရု အသက်ပြန်ရှင်လာသည်သာ မဟုတ်၊ မိသားစု၏ မိတ်ဆွေများဖြစ်သော ယုဒလူများလည်း အသက်ရှင်ခြင်း ရခဲ့ကြပါသည် (ယော ၁၁း၄၅)။ ယေရှုသည် ခန္ဓာကိုယ် သေသောသူကို အသက်ရှင်ခြင်း ပေးတော်မူခြင်းဖြင့် ဝိညာဉ် သေသောသူများကိုလည်း အသက်ပေးတော်မူ၏။ အံ့ဘွယ် နှစ်ဆပင် မဟုတ်လော။

**ဆင်ခြင်ရန်** - "ရှင်ပြန်ထမြောက်ခြင်းသည် သတင်းကောင်း၏ အဓိကအချက်ဖြစ်ပါသည်" (Calvin)

**ဆုတောင်းချက်-** အဖဘုရား၊ ယခုဘဝ၌ ကြွယ်ဝသောအသက်တာကို ပေးလျက်၊ နောင်ဘဝ အတွက် ထာဝရအသက် ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

အင်္ဂါ၊ ဩဂုတ် (၁၂)
**ယော ၁၁း၄၅-၅၄**
ဇဖက် ၂း၁၁-၂၂

*"ယေရှုသည် ထိုအမျိုးအတွက် သေရမည်"*

## ယေရှု - ဣသရေလနှင့်အသင်းတော်၏ ကယ်တင်ရှင်

ယေရှု ပြုတော်မူသော အံ့ဘွယ်အမှုနှင့် ရှင်ပြန်ထမြောက်ခြင်းတရား သွန်သင်မှုအားဖြင့် မာရိ၏ မိတ်ဆွေများသည် ယေရှုအား မိမိတို့၏ ကယ်တင်ရှင် သခင်အဖြစ် ယုံကြည်ခဲ့ကြ၏။ ထိုသူတို့သည် ယေရှုကို ချစ်ကြပြီး၊ ထိုအရပ်၌ ရှိသော ရန်သူတို့သည် ယေရှုကို ပိုမုန်းခဲ့ကြလျက်၊ ဖြစ်ပျက်သောအမှုအားလုံးကို ဖာရိရှဲတို့ထံ အကြောင်းကြား ခဲ့ကြ၏။ ယေရှုအား အလျင်အမြန် သတ်ခြင်းငှါ တိုက်တွန်းခဲ့ကြလိမ့်မည်ဟု ထင်ရပါသည် (ယော ၁၁း၄၇-၄၈)။

ယဇ်ပုဟိတ်အကြီးအကဲများနှင့် ဖာရိရှဲတို့သည် ယေရှု ကျော်ကြားလာခြင်းအကြောင်းကို ဆွေးနွေးဖို့ရန် စည်းဝေးခဲ့ကြပါသည်။ ယုဒလူ အများစုက ယေရှုအား သူတို့၏ နိုင်ငံရေးနှင့်ဆိုင်သော မေရှိယ ဟု လက်ခံခဲ့ကြ၏။ ထိုအမှုသည် ယုဒ ကောင်စီဝင်များအဖို့ အန္တရာယ်ဖြစ်ပါသည်။ ယေရှုကို သူတို့ မဆန့်ကျင်ဘဲနေ၍၊ ရောမလူများက သူ့ကို ထောက်ခံအားပေးခဲ့လျှင်၊ သူတို့ အကျိုးယုတ်လိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့်၊ ယဇ်ပုရောဟိတ်မင်းနှင့် လွှတ်အရာရှိ ဖြစ်သော ကယာဖသည် ယေရှုကို ပယ်ရှင်းမည့်အကြံ ပြုခဲ့ပါသည်။ မျိုးချစ် အယောင်ဆောင်လျက်၊ လူမျိုးနှင့်တိုင်းပြည်ကို ကယ်တင်ဖို့ရန် ယေရှုကို သတ်မှ ရမည်ဟု ဆိုခဲ့ပါသည်။ သို့သော်လည်း၊ ထိုစကားသည် ယေရှု၏ ကိုယ်စား အသေခံခြင်းအတွက် ပရောဖက်ပြုခြင်း သဖွယ် ဘုရားသခင် အသုံးပြုခဲ့ပါသည်။ ဘုရားသခင်သည် ရန်သူများအား မိမိ၏စကားကို ဟောပြောဖို့ရန် အသုံးပြုတော်မူသော အချိန်ရှိတတ်ပါသ်ည။ ဓမ္မဟောင်းကျမ်းတွင်၊ ဣသရေလကို ကျိန်ဖို့ရန် ကြိုးစားခဲ့သော မှားယွင်းသော ပရောဖက် ဗာလမ်အား ဣသရေလကို ကောင်းကြီးပေးစေခဲ့ပါသည် (တော ၂၄း၂-၉၊ တရား ၂၃း၅)။ ကယာဖကိုလည်း ယခု အသုံးပြုတော်မူခဲ့ပါသည်။

ယောဟန် ၁၁း၅၁-၅၂ ထဲမှ ကယာဖအားဖြင့် ဘုရားသခင် ဖွင့်ပြတော်မူသော ပရောဖက်စကားများသည် အလွန်အရေးကြီးလှပါသည်။ ကယာဖက ယေရှုကို သတ်ခြင်းဖြင့် ဣသရေလသည် လွှတ်မြောက် ကယ်တင်ခြင်း ရမည်ဟု ထင်မှတ်ခဲ့သော်လည်း၊ အေဒီ ၇၀ တွင် ရောမလူတို့သည် ယေရုရှလင်မြို့ကို ဖျက်ဆီးခဲ့ကြပါသည်။ ဤသည်ကား ဘုရားသခင်၏ ဆုံးမခြင်း လက်တော်ဖြစ်ပါသည်။ သို့သော်လည်း၊ ခရစ်တော်အားဖြင့် ဣသရေလအမျိုး ကယ်တင်ခြင်းခံရမည့် ဘုရားသခင်၏ ဂတိတော်သည် အမှန်ပင်ဖြစ်ပါသည်။ ခရစ်တော်သည် ဣသရေလအမျိုးအတွက်၊ ထို့ပြင် ဤလောကလူများအတွက် အသေခံမည် ဖြစ်ပါသည်။ ဣသရေလသည် သူတို့၏ မေရှိယကို ကားတိုင်၌ တင်သတ်ခဲ့ကြပါသည်။ သူတို့ ပြုသော ထိုဆိုးယုတ်သောအမှုကို ဘုရားသခင်သည် သူတို့ ကယ်တင်ခံရခြင်းအတွက် ပြောင်းလဲတော်မူခဲ့၏ (ရောမ ၁၁း၂၅-၂၇)။ ထိုအမှုသည် ခရစ်တော် ပြန်လည်ကြွလာတော်မူသောအခါ ပြည့်စုံလိမ့်မည်။ ဒါဝိဒ်၏ သားတော်သည် အဘ၏ ရာဇပလ္လင်၌ ထိုင်လျက်၊ ဤလောကတခုလုံးကို ယေရုရှလင်မြို့မှ နှစ်တထောင် အုပ်စိုးသောအခါ၊ ဣသရေလသည် ဘုန်းကြီး ကျော်ကြားလိမ့်မည်ဖြစ်ပါသည် (တမန် ၁း၆၊ ဗျာ ၂၀း၆)။ ဣသရေလ၏ မေရှိယ အားဖြင့် တပါးအမျိုးသား ကျွန်တော်တို့သည် ကယ်တင်ခြင်း ခံရကြ၏ (ဇဖက် ၂း၁၁-၁၃၊ နှိုင်း - ယော ၁၀း၁၄-၁၆)။ ဘုရားသခင်သည် မိမိရွေးနှုတ်တော်မူသော ဣသရေလအမျိုးနှင့် မိမိ၏သန့်ရှင်းသူ အသင်းတော် အပေါ်၌ မိမိ၏ပဋိညာဉ် ဂတိတော်ကို အစဉ် စောင့်တော်မူ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်တို့၏ဘုရားသခင်သည် ပဋိညာဉ်ကို စောင့်ထိန်းတော်မူသော ဘုရား ဖြစ်တော်မူ၏။
**ဆုတောင်းချက်-** "အို အဖဘုရား၊ ကိုယ်တော်၏ သစ္စာတော်သည် အလွန်ကြီးမြတ်လှပါ၏။"



ကြာသပတေး၊ ဩဂုတ် (၂၁)
**မာကု ၁၀း၃၂-၄၅**
ဖိလိ ၃း၇-၁၁

*"ငါတို့သည် ယေရုရှလင်မြို့သို့ ယခု သွားကြ၏။*
*လူသားသည် ယဇ်ပုရောဟိတ်အကြီး . . .*
*လက်သို့ ရောက်လိမ့်မည်"*

## အသေခံဖို့ရန် ယေရှု ပြင်ဆင်တော်မူ၏ (၁)

အခြေအနေ အချိန်အခါသည် အလွန်အရေးကြီးသောအချိန်ဖြစ်ခဲ့ပါသည်။ ယေရုရှလင်မြို့သို့ တတ်သွားဖို့ အချိန်ဖြစ်ပါသည်။ ယေရုရှလင်မြို့သို့ "တက်သွားကြရာ" ဟူသော ဘုရားဖူးသွားခြင်း စကားလုံးသည် တောင်ကုန်းပေါ်၌တည်သော မြို့သို့ အမှန် တတ်သွားကြခြင်း သာမက၊ ထိုအရပ်၌ ရှိသော ဘုရားသခင်၏ ဗိမာန်တော်တွင် ယဇ်ပူဇော်မှု ပြုခြင်းကိုလည်း ဆိုလိုပါသည် (ဆာလံ ၂၂)။ ယေရှုသည် ဤလောက၏အပြစ်များအတွက် မိမိကိုယ်ကို ယဇ်ပူဇော် ဖို့ရန် ယေရုရှလင်မြို့သို့ တတ်သွားခဲ့ပါသည် (ဟေရှာ ၅၃း၁၀၊ ယော ၁း၂၉)။ ဓမ္မဟောင်း ပရောဖက်များက ကြိုတင် ဟောပြောခဲ့သည်အတိုင်း၊ ခမည်းတော်ဘုရား၏ ကယ်တင်ခြင်းအမှုတော်ကို စုံလင်ပြည့်စုံစေဖို့ရန် ယေရှုသည် စုံလင်သော နာခံခြင်းဖြင့် အသင့်ရှိနေခဲ့ပါသည်။

ယေရှုက တပည့်တော်များအား ယေရုရှလင်၌ မိမိအပေါ် ကျရောက်မည့်အရာကို တိကျစွာ ဖော်ပြတော်မူခဲ့ပါသည်။ "လူသားသည် ယဇ်ပရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့ လက်သို့ ရောက်လိမ့်မည်။ ထိုသူတို့သည် သေဖြစ်ကို စီရင်၍ တပါးအမျိုးသားတို့လက်သို့ အပ်နှံကြလိမ့်မည်။ သူတို့သည်လည်း လူသားအား ပြက်ယယ်ပြုခြင်း၊ ရိုက်ပုတ်ခြင်း၊ တံတွေးနှင့် ထွေးခြင်း၊ အသေသတ်ခြင်းကို ပြုကြလိမ့်မည်။ သုံးရက် မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူ၍ မိမိကိုယ်၌ ရောက်လတံ့သော အမှုအရာတို့ကို တပည့်တော် တို့အား မိန့်တော်မူ၏။"

ဇေဗေဒဲ၏သားများသည် သူတို့၏မိခင်နှင့်အတူ ယေရှုထံ နိုင်ငံတော်၌ အမြင့်ဆုံးသော နေရာ နှစ်နေရာကို တောင်းလျှောက်ခဲ့ကြပါသည်။ သူတို့က မိမိဘုန်းတော် ရာဇပလ္လင်းပေါ်၌ ယေရှု ထိုင်သည်ကို ပုံဖော်လျက်၊ လက်ျာဘက်နှင့် လက်ဝဲဘက်၌ ထိုင်ရသောအခွင့်ကို လိုချင်ခဲ့ကြပါသည်။ ဆိုလိုသည်မှာ၊ ယေရှုသည် ဣသရေလ ဝန်ကြီးချုပ်ဖြစ်လာသောအခါ၊ သူတို့သည် ပထမနှင့် ဒုတိယ ဝန်ကြီး ဖြစ်လိုကြပါသည်။ အခြား တပည့်တော်များ ရှေ့၌ ထိုသို့ တောင်းလျှောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ရိုင်းစိုင်းမှု တခုပင်ဖြစ်ပါသည်။ ကျန် ဆယ်ပါးတို့သည် ထိုတောင်းလျှောက်မှုကို ကြားကြသောအခါ၊ ဒေါသထွက်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - "တကိုယ်ကောင်းဆန်ခြင်းသည် သဘောကွဲလွဲခြင်း၏မိခင် ဖြစ်၏။" (Calvin)
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့် အိမ်တော်၏ တံခါးစောင့်သာ ဖြစ်လိုပါ၏။

ဗုဒ္ဓဟူး၊ ဩဂုတ် (၂၀)
**လု ၁၈း၁၈-၃၀**
မသဲ ၆း၂၄

*“သို့ပြီးမှ ငါ့နောက်သို့ လိုက်လော့”*

## ယေရှု နှင့် ငွေရတတ်သော လုလင် (၃)

ဤငွေရတတ်သော လုလင်နှင့် ပတ်သက်ပြီး ယေရှုက၊ “ဥစ္စာရတတ်သော သူသည် ဘုရားသခင်၏နိုင်ငံတော်သို့ အလွန် ဝင်ခဲလှ၏” ဟု မိန့်တော်မူ၏။ အဘယ့်ကြောင့် ချမ်းသာသော သူသည် ကယ်တင်ခြင်း ရခဲပါသနည်း။ အကြောင်းမှာ၊ ကြွယ်ဝချမ်းသာသောသူသည် မိမိကိုယ်ကို ကိုးစား၏၊ မိမိကိုယ်ကို ယုံကြည်မှုရှိ၏၊ မိမိကိုယ်ကို၌ ရောင့်ရဲခြင်း ရှိ၏။ ငွေကြေးက အာဏာကို ဖြစ်စေ၏၊ အာဏာက လုပ်ပိုင်ခွင့်ကို ပေး၏။ ငွေကြေးချမ်းသာသော သူသည် မိမိ၏အသက်ကို မိမိပိုင်သည်ဟု ထင်မှတ်၏။ ထိုမာနထောင်လွှားမှုကို စွန့်လွှတ်ဖို့ရန် ခဲယဉ်းလှပါသည်။

“ကုလားအုပ်သည် အပ်နဖားကို လျှိုလွယ်၏။ ငွေရတတ်သော သူသည် ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ခဲသည်” ဟု ယေရှု ဆက်လက် မိန့်တော်မူ၏။ ဤ “အပ်နဖား” ကား အဘယ်နည်း။ အချို့သော အနက်ဖွင့်သောသူများက ဤဆိုရိုးစကား၏ အဓိပ္ပါယ်ကို ပေါ့စေလိုသောကြောင့်၊ ဤ “အပ်နဖား” သည် ယေရုရှလင်မြို့သို့ ဝင်ရာ၊ ကုလားအုပ်များ ဒူးထောက်လျက် ခက်ခဲစွာ ဝင်ရသော ဂိတ်တံခါး ဖြစ်သည်ဟု ဆိုကြပါသည်။ ထိုဂိတ်တံခါးကို ဆိုလိုလိမ့်မည်ဟု ကျွန်တော် မထင်ပါ။ ဤ အပ်နဖားသည် အမှန် အပ်၏ သေးငယ်သောအပေါက်၊ ချည် ဝင်ရာ အပေါက်ကို ဆိုလိုပါသည်။ ယေရှုက ကုလားအုပ်ကို ထိုအပ်နဖားထဲသို့ ထိုးဝင်စေခြင်းသည် ကြွယ်ဝချမ်းသောသူအား ကောင်းကင် နိုင်ငံတော် ဝင်ရောက်ခြင်းထက် ပိုလွယ်ကူသည်ဟု ဆိုခြင်းဖြစ်ပါသည်။ ငွေကြေးနှင့် မာနထောင်လွှားခြင်း၏ လွှမ်းမိုးမှု ခံရသော သူသည် ကောင်းကင်နိုင်ငံသို့ ဝင်ရောက်ဖို့ရန် အလွန် ခက်ခဲလှပါသည်။ ထို့ကြောင့်၊ တပည့်တော်တို့သည် “သာ၍ မိန်းမောတွေဝေခြင်း” ရှိခဲ့ကြ၏။ ထိုအခါ၊ “သို့ဖြစ်လျှင် အဘယ်သူသည် ကယ်တင်တော်မူခြင်းသို့ ရောက်နိုင်မည်နည်း” ဟု ဆိုခဲ့ကြ၏။ မျှော်လင့်သော အဖြေကား၊ ဘယ်သူမှ မဝင်နိုင် ဟူ၍ဖြစ်ပါသည်။ သို့ဆိုလျှင်၊ ကြွယ်ဝချမ်းသောသူ အပေါင်းတို့သည် ထာဝရ သေခြင်း ခံရကြမည်လော။ ယေရှုက မျှော်လင့်ချက် ရှိသော အဖြေကို ပေးတော်မူခဲ့၏၊ “ဤအမှုကို လူမတတ်နိုင်သော်လည်း ဘုရားသခင် မတတ်နိုင်သည် မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်။” ကယ်တင်ခြင်းသည် လူ့နေဖြင့် လုံးဝ မတတ်နိုင်ပါ၊ ဘုရားသခင်သာလျှင် တတ်နိုင်တော်မူသောအမှု ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်ကို ပိုင်ဆိုင်ဖို့ရန် ချမ်းသာသောသူသည် ဆင်းရဲသောသူ ဖြစ်ရပါမည်။
**ဆုတောင်းချက်-** အဖဘုရား၊ အကုန်လုံးကို ကျွန်တော် အရှုံးခံပါ၏။



ဗုဒ္ဓဟူး၊ ဩဂုတ် (၁၃)
**လု ၁၇း၁၁-၃၇**
ဗျာ ၁၉း၁၁-၁၈

*“နောဧ လက်ထက်၌ ဖြစ်သကဲ့သို့ လူသား လက်ထက်၌ ဖြစ်လိမ့်မည်”*

## ယေရှု - ကြွလာတော်မူမည့် ရှင်ဘုရင်

ယေရှုသည် ယေရုရှလင်မြို့သို့ ရှမာရိပြည်နှင့်ဂါလိလဲပြည် ခွဲခြားသောလမ်းဖြင့် သွားခဲ့ပါသည်။ ရွာတရွာသို့ ဝင်စဉ်၊ နူနာစွဲ ဆယ်ယောက်တို့က အနာငြိမ်းစေခြင်းငှါ တောင်းလျှောက်ခဲ့ကြ၏။ စိတ်ဝင်စားစရာ ကောင်းသည်မှာ၊ ယေရှုက၊ “သန့်ရှင်းကြလော့” ဟု မိန့်တော်မမူ၊ ယဇ်ပုရောဟိတ်တို့ထံ မိမိကိုယ်ကို သွားပြကြဖို့ ဆိုခဲ့ပါသည် (နှိုင်း - ဝတ် ၁၄)။ ထိုဆယ်ယောက်တို့သည် သံသယမရှိဘဲ ယေရှု၏စကားကို နာခံခဲ့ကြပါသည်။ ထိုသို့ ယဇ်ပုရောဟိတ်များထံ သွားနေစဉ် သူတို့သည် သန့်ရှင်းခြင်းသို့ ရောက်ကြ၏။ သူတို့ထဲမှ တယောက်သည် ထိုသို့ မိမိ သန့်ရှင်းကြောင်း တွေ့သောအခါ၊ သခင်ယေရှုထံ ကျေးဇူးတင်စကား ပြောဖို့ရန် ပြန်သွားခဲ့ပါသည်။ ထိုသူသည် ယုဒလူမဟုတ်၊ ရှမာရိလူဖြစ်ပါသည်။ ထိုဆယ်ယောက်ထဲတွင် ယုဒလူများ ရှိပါလိမ့်မည်၊ သို့သော်လည်း ဤရှမာရိလူသာလျှင် ဝမ်းမြောက်ခြင်းရှိခဲ့၏။ ဘုရားသခင်သည် ဣသရေလနှင့် သူတို့အဘများထံ ပြုခဲ့သော ပဋိညာဉ်ကို အစဉ် အောက်မေ့ခဲ့သော်လည်း၊ သူတို့သည် ဘုရားသခင်ကို အကြိမ်ကြိမ် မေ့လျော့တတ်ကြ၏။ ထိုအမှုကြောင့် ယေရှုသည် ဝမ်းနည်းခြင်း ရှိခဲ့ပါသည်။ ကိုးယောက်သောသူသည် ခန္ဓာကိုယ် သန့်ရှင်းခြင်း ရခဲ့ကြသော်လည်း၊ ဤရှမာရိလူ သာလျှင် ခန္ဓာကိုယ်နှင့်ဝိညာဉ် သန့်ရှင်းမှုကို ခံစားခဲ့ရ၏။ ခရစ်တော်အပေါ် ထားရှိသော သူ၏ယုံကြည်ခြင်းက သူ့ကို အမှန် သန့်ရှင်းခြင်း ခံရစေပါသည်။

ဖာရိရှဲများက ဘုရားသခင်၏နိုင်ငံတော် ဘယ်အချိန် တည်မည်နည်းဟု မေးလျှောက်ခဲ့ကြ၏။ မေရှိယ၏နိုင်ငံတော်သည် သူကိုယ်တိုင်အားဖြင့် ရောက်ရှိခဲ့ပြီဖြစ်သော်လည်း၊ သူတို့သည် မမြင်နိုင်ခဲ့ကြပါ။ ထိုအခါ၊ ယေရှုသည် တပည့်တော်များထံလှည့်၍ လူတို့သည် နိုင်ငံတော်ကို မြင်တွေ့လိုသောကြမည်ဖြစ်သော်လည်း၊ မြင်တွေ့ကြရမည် မဟုတ်ကြောင်း မိန့်တော်မူ၏။ ထိုအမှုသည် ဘေးဒဏ်ကြီးကာလ၌ ကျရောက်ပါလိမ့်မည် (နှိုင်း - မသဲ ၂၄း၂၁-၃၁)။ ထိုဘေးဒဏ်ကြီး ပြီးဆုံးသောအခါ၊ ခရစ်တော်သည် ကြွလာတော်မူလျက် မိမိ၏ နှစ်တထောင် နိုင်ငံတော်ကို တည်ထောင်လိမ့်မည်။ ထိုသို့ ရှင်ဘုရင်အဖြစ် ကြွလာတော်မမူမီ၊ ယေရှုသည် လူတို့ကို ရွေးနှုတ်ဖို့ရန် ဘုရားသခင်၏ စကားကို နာခံလျက် အစေခံကျွန်အဖြစ် အရင်ကြွလာရမည်ဖြစ်ပါသည်။

နောက်ဆုံးကာလသည် နောဧနှင့် လောတ ခေတ်ကာလအတိုင်း အလွန် ဆိုးယုတ်လျက် မကောင်းမှုများဖြင့် ပြည့်လိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်သည် ကြွလာတော်မူသောအခါ၊ မယုံကြည်သူအပေါင်းတို့ကို ဖျက်ဆီးတော်မူလိမ့်မည်။ ထိုအမှုသည် ရုတ်တရက်ဖြစ်လိမ့်မည်။ အသက်ရှင်လိုသောသူသည် ချက်ချင်း ဆုံးဖြတ်ချက် ချဖို့လိုပါသည်။ မယုံကြည်သူများသည် စီရင်ခြင်း ခံရလျက်၊ ကျန်လူများတို့သည် နှစ်ထထောင် အုပ်စိုးခြင်းသို့ ဝင်ရောက်ကြမည်ဖြစ်ပါသည်။ ထိုနေ့တွင်၊ ခရစ်တော်သည် အန္တိခရစ်နှင့် ရန်သူအပေါင်းကို အနိုင်ယူလျက်၊ လင်းတတို့သည် သူတို့ကို စားသုံးကြလိမ့်မည် (ယေဇ ၃၉း၄၊ ဗျာ ၁၉း၁၇-၁၈)။

**ဆင်ခြင်ရန်** - “ခရစ်တော် မကြာမီ ကြွလာတော်မူမည်အကြောင်း ယုံကြည်ခြင်းဖြင့် သိမြင်ရပါသည်။” (Calvin)
**ဆုတောင်းချက်-** “အို သခင် ယေရှု၊ ဘယ်တော့ ကြွလာတော်မူမည်နည်း၊ ဘယ်တော့ ကြွလာတော်မူမည်နည်း။”

ကြာသပတေး၊ ဩဂုတ် (၁၄)
**လု ၁၈း၁-၁၄**
ဆာလံ ၁၇

*"အို ဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်း ကရုဏာစိတ် ရှိတော်မူပါ"*

## ပြင်းပြသောစိတ် နှင့် နှိမ့်ချသောစိတ်

ပြင်းပြသောစိတ်ရှိသည့် မုဆိုးမ သာဓကသည် ဘုရားသခင်၏လူတို့အား ရန်သူများထံမှ ဘုရားသခင်သည် သူတို့ကို အလျင်အမြန် ကယ်တင်မည်အကြောင်း သင်ပေးပါသည်။ အဓိက အချက်မှာ၊ "လူတို့သည် အားမလျော့ဘဲ ကြိုးစား၍ ဆုတောင်း ရမည်အကြောင်း" ဖြစ်၏။ ဤ မတရားသော သူကြီးသည် မိမိအား အစဉ် တောင်းလျှောက်သော မုဆိုးမကို ကူညီသကဲ့သို့ ကျွန်ုပ်တို့၏ ဖြောင့်မတ်တော်မူသော အဖဘုရားသည် ဆုတောင်းခြင်းဖြင့် မိမိထံချဉ်းကပ်သော သားသမီးများကို အဘယ်မျှလောက် ပို၍ မစတော်မူလိမ့်မည်နည်း။

ဖာရိရှဲနှင့် အခွန်ခံ သာဓကသည် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်သောသူ၊ သင်ထက်ငါ ပို၍သန့်ရှင်း၏ ဟူသော စိတ်သဘောကို ဆန့်ကျင်သော သွန်သင်ချက်ဖြစ်ပါသည်။ ဖာရိရှဲများသည် သာသာရေးကိုင်းရှိုင်းသောသူများ ဖြစ်သောကြောင့် လူတို့က အလွန်လေးစားခဲ့ကြ၏။ တဘက်တွင်၊ အခွန်ခံတို့သည် ရောမလူများအတွက် အလုပ်လုပ်သောသူဖြစ်ကြသောကြောင့်၊ သစ္စာဖောက်ဟု သတ်မှတ်လျက် ရှုံ့ရှာပစ်ပယ်ခြင်း ခံရကြပါသည်။ သို့သော်လည်း၊ အဘယ်တယောက်ကို ဘုရားသခင်က လက်ခံခဲ့ပါသနည်း။ မိမိ၏ ဘာသာရေးအလုပ်ကို ကြွားဝါခဲ့သော ဖာရိရှဲ မဟုတ်ဘဲ၊ မိမိကိုယ်ကို မထိုက်တန်ဟု သိမှတ်လျက်၊ အထက်သို့ မကြည့်ဝံ့ဘဲ၊ "အပြစ်များသော အကျွန်ုပ်ကို သနားခြင်း ကရုဏာစိတ် ရှိတော်မူပါ" ဟု ဆုတောင်းသော၊ စိတ်နှိမ့်ချသည့် အခွန်ခံဖြစ်ပါသည်။ ယေရှုက၊ "ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ဖြေလျက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သော သူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသော သူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတံ့" ဟု မိန့်တော်မူ၏။

အကျွန်ုပ် အခက်အခဲအပေါင်းကို ယေရှုထံ ကြားပြောမည်၊
ဤဝန်ထုပ်များကို ကျွန်တော်တယောက်တည်း မထမ်းရွက်နိုင်ပါ၊
သူသည် ခက်ခဲသောအချိန်၌ ကျွန်ုပ်ကို မစတော်မူမည်၊
မိမိလူတို့ကို အစဉ် ချစ်တော်မူလျက် ဂရုစိုက်တော်မူ၏။

ယေရှုထံ ကျွန်တော် ကြားပြောမည်၊ ကျွန်တော် ကြားပြောမည်၊
အကျွန်ုပ် ဝန်ထုပ်ကို တဦးတည်း မထမ်းနိုင်ပါ၊
ယေရှုထံ ကျွန်တော် ကြားပြောမည်၊ ကျွန်တော် ကြားပြောမည်၊
မစတော်မူနိုင်သောသူသည် ယေရှုသာလျှင် ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှု သာလျှင်၊ အစဉ် ယေရှုသာလျှင်။
**ဆုတောင်းချက်-** "ကာရနီတောင်၏ သိုးသငယ်၊ ကယ်တင်ရှင် ဘုရားသခင်၊ ကိုယ်တော်ကိုသာ အကျွန်ုပ် မျှော်ကြည့်ပါ၏။"



အင်္ဂါ၊ ဩဂုတ် (၁၉)
**မာကု ၁၀း၁၇-၃၁**
ယာကုပ် ၂း၁၀

*"အသက်ရှင်ခြင်းသို့ ဝင်စားလိုလျှင် ပညတ်တော်တို့ကို စောင့်ရှောက်လော့"*

## ယေရှု နှင့် ငွေရတတ်သော လုလင် (၂)

ယေရှု မိန့်တော်မူသော အဖြေက ထိုလုလင်အား ဘုရားသခင်၏ စံနှုန်းကို လုံးဝ မမှီသောကြောင့် မိမိသည် ကောင်းသောသူ မဟုတ်ကြောင်း၊ အသက်ရှင်ခြင်း မဟုတ်ဘဲ၊ သေခြင်းနှင့် ထိုက်တန်ကြောင်း သဘောပေါက်နားလည် စေခဲ့သင့်ပါသည်။ သို့သော်လည်း၊ ထိုသို့ မဟုတ်ခဲ့ပါ။ သူက ယေရှုအား၊ "ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည် ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီ။ အဘယ်အကျင့် လိုသေးသနည်း" ဟု ဆို၏။ ယေရှုက ချစ်ခြင်းမေတ္တာဖြင့် သူ့ကို ကြည့်လျက်၊ သူ လိုအပ်သောအရာကို ပြောပြခဲ့ပါသည်။ "သင်သည် စုံလင်ခြင်းသို့ ရောက်လိုလျှင် သွားလော့၊ ကိုယ်ဥစ္စာများကို ရောင်း၍ ဆင်းရဲသောသူတို့ အား ပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့ လိုက်လော့" ဟု မိန့်တော်မူ၏။ သို့သော်လည်း၊ ထိုစကားကို ကြားသောအခါ၊ သူသည် အလွန် ဝမ်းနည်းခြင်းရှိလျက်၊ ထွက်သွားခဲ့ပါသည်။ သူသည် စည်းစိမ်ဥစ္စာ အလွန် ကြွယ်ဝသောသူဖြစ်ပါသည်။ ဤငွေရတတ်သော လုလင်သည် ငယ်ရွယ်စဉ်ကတည်းက ပညတ်တရားများကို လိုက်လျှောက်ခဲ့သော်လည်း၊ ကယ်တင်ခြင်းရဖို့ အလှမ်းဝေးလှပါသည်။ "ပညတ်တရား အလုံးစုံကို စောင့်ရှောက်သည်တွင် တစုံတခု၌ မှားမိလျှင်၊ ပညတ်တရား အလုံးစုံကို လွန်ကျူးသောအပြစ်ရှိ၏" (ယာကုပ် ၂း၁၀) ဟု ဘုရားသခင် မိန့်တော်မူ၏။ ဒသမမြောက် ပညတ်တရားက၊ သူတပါး ဥစ္စာကို "တပ်မက်လိုချင်သော စိတ် မရှိနှင့်" ဟု ဆိုထားပါသည်။ ဤလုလင်သည် မိမိ၏ ငွေကြေးကို တပ်မက်ခြင်း ရှိ၏။ ယေရှုထက် မိမိ၏ငွေကို ပိုချစ်၏။ မိမိ၏အသက်တာ တခုလုံးကို ယေရှုထံ မဆက်ကပ်လိုခဲ့ပါ၊ နောက်တော်သို့ မလိုက်လိုခဲ့ပါ။ ယေရှုက၊ "အဘယ်သူမျှ သခင်နှစ်ဦးအစေကို မခံနိုင်။ သခင်တဦးကို မုန်း၍ တဦးကို ချစ်မည်။ သခင်တဦးကို မှီခို၍ တဦးကို မခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏ အစေကိုငင်း၊ လောကီစည်းစိမ်၏ အစေကိုငင်း မခံနိုင်ကြ" (မသဲ ၆း၂၄) ဟု မိန့်တော်မူခဲ့ပြီး ဖြစ်ပါသည်။

လူသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရဖို့ရန် ဘုရားသခင်က ပညတ်တရားကို စုံလင်စွာ လိုက်လျှောက်ရမည်ဟု တောင်းဆိုထားပါသည်။ သို့သော်လည်း၊ အပြစ်သားသည် ပညတ်တော်ကို ဘယ်တော့မှ စုံလင်စွာ မလိုက်လျှောက်နိုင်ပါ။ ဘုရားသခင်၏ စံနှုန်းကို ဘယ်လိုမှ လိုက်မှီမည် မဟုတ်ပါ။ ထို့ကြောင့်၊ ခရစ်တော်၏ ပြုခြင်းနှင့်ဆိုင်သော နာခံခြင်း လိုအပ်ရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် ပညတ်တော်ကို မလိုက်လျှောက်နိုင်သောကြောင့်၊ ကယ်တင်ခြင်း အတွက် ကျွန်ုပ်တို့ကိုယ်စား ယေရှုသည် ပညတ်တော်ကို လိုက်လျှောက် ပေးရမည်ဖြစ်ပါသည်။ လူတို့၏ ကယ်တင်ခြင်းအတွက် ယေရှုသည် ဖြောင့်မတ်ခြင်းတရား အလုံးစုံကို လိုက်လျှောက်ဖို့ လိုပါသည်။ ဤလုလင်သည် မိမိ၏ ဖြောင့်မတ်ခြင်း မဟုတ်ဘဲ၊ ခရစ်တော် ပြုတော်မူသော ဖြောင့်မတ်ခြင်းမှုကို ယုံကြည်ကိုးစားခဲ့လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယေရှုသည် အကျွန်ုပ်အတွက် ပညတ်တော်ကို စုံလင်စွာ လိုက်လျှောက်ခဲ့၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်အတွက် ဖြောင့်မတ်ခြင်းတရားနှင့် ဆိုင်သော အကျင့်အပေါင်းကို စုံလင်စွာ စောင့်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ ဩဂုတ် (၁၈)
**မသဲ ၁၉း၁၆-၂၀း၁၆**
ရောမ ၇း၁၀-၁၃

*“ဘုရားသခင် တပါးတည်းသာ ကောင်းမြတ်တော်မူ၏”*

## ယေရှု နှင့် ငွေရတတ်သော လုလင် (၁)

ဤငွေရတတ်သော လုလင် အကြောင်းက ကယ်တင်ခြင်းကို နာမည်ကျော်ကြားခြင်း၊ အာဏာရှိခြင်းနှင့် စည်းစိမ်ဥစ္စာကြွယ်ဝခြင်းအားဖြင့် မရရှိနိုင်ကြောင်း သွန်သင်ထားပါသည်။

ကြွယ်ဝချမ်းသာသော ထိုလုလင်သည် မေးခွန်းနှင့်အတူ ယေရှုထံ လာခဲ့၏။ သူသည် ဖာရိရှဲနှင့် ကျမ်းပြုဆရာများကဲ့သို့ ယေရှုကို အပြစ်တင်လိုသောစိတ်ဖြင့် ချဉ်းကပ်ခြင်း မဟုတ်ပါ။ ရိုးသားစွာဖြင့်၊ နှိမ့်ချသောစိတ်နှင့် သခင်ယေရှုရှေ့၌ ဒူးထောက်လျက်၊ “ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကို ရအံ့သောငှါ အကျွန်ုပ်သည် အဘယ်ကောင်းမှုကို ပြုရပါမည်နည်း” ဟု မေးလျှောက်ခဲ့ပါသည်။ သူ့စိတ်ကို ယေရှု သိမြင်တော်မူ၏။ ယေရှုက၊ “ငါ့ကို ကောင်းမြတ်သည်ဟု အဘယ်ကြောင့် ခေါ်သနည်း” ဟူသော မေးခွန်းဖြင့် စတင် တုန့်ပြန်ခဲ့ပါသည်။ ယေရှုသည် မိမိကိုယ်ကို ကောင်းမြတ်သောသူ မဟုတ်ဟု မဆိုလိုပါ။ ဘုရားသခင်သည် ကောင်းမြတ်သောသူ ဖြစ်၏။ ယေရှုသည် ဘုရားဖြစ်သောကြောင့်၊ သူသည်လည်း ကောင်းမြတ်သောသူ ဖြစ်တော်မူ၏။ သို့သော်လည်း၊ ဤလုလင်သည် ယေရှုအား ဘုရားဖြစ်သည်ဟု မသိခဲ့ပါ။ ယေရှုသည် အလွန်ကောင်းမြတ်သောသူ တယောက်ဟုသာ သူမြင်၏။ ကောင်းမှုများစွာ ပြုသောသူကို ကောင်းသောသူဟု မိမိကိုယ်ကိုလည်း ထင်မှတ်ခဲ့ပါသည်။ ထို့ကြောင့်၊ ယေရှုက ထိုသူ၏ မှားယွင်းသော အမြင်ကို “ဘယ်သူမှ (သင်ကိုယ်တိုင် အပါအဝင်) မကောင်းပါ” ဟု ဆိုလျက် အမှန်ပြင်တော်မူခဲ့၏။

ဘုရားသခင် တပါးတည်းသာလျှင် ကောင်းမြတ်တော်မူကြောင်း ထိုလုလင်အား ယေရှု ပြောပြီးမှသာ၊ “ထာဝရအသက်ကို ရအံ့သောငှါ အကျွန်ုပ်သည် အဘယ်ကောင်းမှုကို ပြုရပါမည်နည်း” ဟူသော မေးခွန်းကို အဖြေပေးတော်မူ၏။ “အသက်ရှင်ခြင်းသို့ ဝင်စားလိုလျှင် ပညတ်တော်တို့ကို စောင့်ရှောက်လော့။” “လူအသက်ကို မသတ်နှင့်။ သူ့မယားကို မပြစ်မှားနှင့်။ သူ့ဥစ္စာကို မခိုးနှင့်။ မမှန်သော သက်သေကို မခံနှင့်။ မိဘကို ရိုသေစွာ ပြုလော့။ ကိုယ်နှင့်စပ်ဆိုင်သော သူကို ကိုယ်နှင့်အမျှ ချစ်လော့။” ယေရှုက ကယ်တင်ခြင်း ရဖို့ရန် ကောင်းမှုကုသိုလ်ပြုရမည်ဟု သွန်သင်နေခြင်း ဖြစ်ပါသလား။ အဖြေမှာ၊ ဟုတ်ပါသည် နှင့် မဟုတ်ပါ ဟူ၍ဖြစ်ပါသည်။ ဟုတ်ပါသည်၊ ပညတ်တရားသည် အသက်ရှင်ခြင်း အတွက် ဖြစ်၏ (ရောမ ၇း၁၀)။ လူသည် ထာဝရအသက်ရမည်အကြောင်း ပညတ်တရားများကို စုံလင်စွာ လိုက်လျှောက်ရမည်ဖြစ်ပါသည်။ သို့သော်လည်း၊ လူသည် အပြစ်၌ မွေးဖွားလျက်၊ လုံးဝယိုယွင်းပျက်စီးသည်ဖြစ်သောကြောင့်၊ ပညတ်တရားကို မလိုက်လျှောက်နိုင်ပါ။ အချိန်တိုင်း ပညတ်တော်ကို ချိုးဖောက်ပါသည်။ ပညတ်တရားသည် ကောင်းသော်လည်း၊ လူသည် မကောင်းပါ။ ပညတ်တော်သည် မလိုက်လျှောက်နိုင်သော လူအဖို့ အသက်ကို သတ်သော ဓါးဖြစ်ပါသည်။ ဘုရားသခင်၏ အကျင့်နှင့်ဆိုင်သော ပညတ်တော် ဆယ်ပါးကို ပျက်စီးယိုယွင်းသော အပြစ်သားသည် လုံးဝ မလိုက်လျှောက်နိုင်ပါ။

**ဆင်ခြင်ရန်** - ပညတ်တရားသည် ကောင်း၏၊ သို့သော်လည်း ကျွန်တော်သည် မကောင်းပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော် မတတ်နိုင်ပါ၊ အကျွန်ုပ်ကို မစတော်မူပါ။



သောကြာ၊ ဩဂုတ် (၁၅)
**မသဲ ၁၉း၃-၁၂**
တရား ၂၄း၁-၄

*“ဘုရားသခင် ဘက်စပ်၍ ထမ်းဘိုး တင်တော်မူသော အရာကို လူမခွဲမခွါစေနှင့်”*

## ထိမ်းမြားခြင်းနှင့် ကွာရှင်းခြင်းအမှု၌ ယေရှု (၁)

“လူသည် ခပ်သိမ်းသော အပြစ်ကြောင့် မိမိမယားနှင့် ကွာအပ်သလော” ဟူသော မေးခွန်းကို ယေရှုက တုန့်ပြန်ခဲ့ပါသည်။ ဖာရိရှဲများ၏ ပရိယာယ် မေးခွန်းပင်ဖြစ်ပါသည်။ ဖာရိရှဲတို့က လူတဦးသည် မိမိ၏မယားကို သေးငယ်သော အကြောင်း၌ပင် ကွာရှင်းခွင့်ရှိသည်ဟု သွန်သင်ခဲ့ကြပါသည်။ ဥပမာအားဖြင့်၊ ကောင်းကောင်း မချက်ပြုတ်တတ်လျှင်၊ ကွာရှင်းခွင့်ရှိ၏။ ပို၍ ဆွဲဆောင်မှုရှိသောသူ တွေ့လျှင်၊ ကွာရှင်းခွင့်ရှိ၏။ ထိုသို့သော အနိုင်ကျင့်မှုမျိုးကို မိန်းမများ ခံခဲ့ကြပါသည်။ ထို့ကြောင့်၊ ယေရှုက သူတို့၏အခွင့်အရေးကို ကွယ်ကာပေးခဲ့ပါသည်။ ယေရှုက ထိမ်းမြားခြင်းသည် ဘုရားသခင် အစပြုတော်မူသောအမှုဖြစ်၍ ထိုလက်ထပ်ခြင်း ပဋိညာဉ်သည် တသက်လုံး တည်မြဲကြောင်း မိန့်တော်မူ၏ - “အစအဦး၌ ဖန်ဆင်းတော်မူသော သူသည် ယောကျ်ားနှင့်မိန်းမ နှစ်ယောက်တည်းကို ဖန်ဆင်းတော် မူ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူ နှစ်ယောက်တို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့ မဖတ်ဘူး သလော။ ထို့ကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ် တဦးတည်းဖြစ်၏။ ဘုရားသခင် ဘက်စပ်၍ ထမ်းဘိုး တင်တော်မူသောအရာကို လူမခွဲမခွါ စေနှင့်။” ဆိုလိုသည်မှာ၊ ကွာရှင်းခွင့် မရှိ။

သို့ဆိုလျှင်၊ တရား ၂၄ ထဲမှ မောရှေ၏ စကားသည် မည်သို့နည်း။ “ထိုသို့ မှန်လျှင် ဖြတ်စာကို ပေး၍ မယားနှင့်ကွာစေခြင်းငှါ မောရှေသည် အဘယ်ကြောင့် စီရင် သနည်း။” ယေရှုက၊ ယေရှုက၊ “သင်တို့ စိတ်နှလုံး ခိုင်မာသောကြောင့် မယားနှင့်ကွာရသော အခွင့်ကို မောရှေသည် စီရင်၏။ အစအဦး၌ ထိုသို့ မဟုတ်” ဟု မိန့်တော်မူ၏။ ယေရှုက ထိမ်းမြား လက်ထပ်ခြင်းသည် ဘုရားသခင် အစပြုခဲ့သောအမှုဖြစ်၍ ကွာရှင်းခွင့် မရှိကြောင်း ပြန်လည် ဖော်ပြခဲ့ပါသည်။ ထို ဘုရားသခင်၏ ပညတ်တရားကို အပြစ်က ဖျက်ဆီးလာခဲ့ပါသည်။ ထို့ကြောင့် ကွာရှင်းခြင်းသည် ဘုရားသခင်၏ အလိုတော် မဟုတ်၊ လူသားများ ဖန်တီးသောအရာ ဖြစ်ပါသည်။ လူတို့၏ “စိတ်နှလုံး ခိုင်မာသောကြောင့်” ဖြစ်ပေါ်လာသော အရာဖြစ်ပါသည်။ ထိုခေတ်ကာလ၌ လူတို့သည် ကွာရှင်းလက်မှတ်ကို အတင်း တောင်းခဲ့ကြပါသည်။ ထို့ကြောင့် ကွာရှင်းခြင်းသည် အပြစ်မှ မွေးဖွားလာသော အရာဖြစ်ပါသည်။ ဘုရားသခင်က ကွာရှင်းခွင့် ပေးခဲ့သော်လည်း၊ ကွာရှင်းခြင်းသည် ရှက်စရာ ကောင်းလှပါသည်။

**ဆင်ခြင်ရန်** - “ထိမ်းမြားခြင်းသည် ဘုရားသခင် သန့်ရှင်းစေတော်မူသော ပဋိညာဉ်အမှု ဖြစ်ပါသည်။” (Calvin)
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ခင်ပွန်းအပေါ် သစ္စာရှိမည်အကြောင်း မစတော်မူပါ။

စနေ၊ ဩဂုတ် (၁၆)
**မာကု ၁၀း၂-၁၂**
၁ ကော ၇း၁-၁၇

*"အကြင်သူသည် မယားနှင့်ကွာ၍ အခြားသော မိန်းမနှင့် စုံဘက်ခြင်းကို ပြု၏၊ ထိုသူသည် မိမိမယားကို ပြစ်မှား၏"*

## ထိမ်းမြားခြင်း နှင့် ကွာရှင်းခြင်းအမှု၌ ယေရှု (၂)

ထိမ်းမြားခြင်းကို အလေးထားလျက်၊ ကွာရှင်းခြင်းကို အလွယ်အကူ မပြုသင့်ပါ။ တရား ၂၄ က ကွာရှင်းခြင်းကို လွယ်ကူစွာ ပြုလုပ်ရန် လုံး၀ မတိုက်တွန်းခဲ့ပါ။ မောရှေ၏ ပညတ်တရားကို လေ့လာကြည့်ပါ။ ကွာရှင်းခြင်းကို ပြုမည်ဆိုလျှင်၊ (၁) တရားရုံးသို့ သက်သေများနှင့်အတူသွား၍ တရားဝင် ကွာရှင်းလက်မှတ်ကို ရေးဆွဲ လက်မှတ်ထိုးရပါမည်။ ဤအမှုအတွက် အချိန်ယူရပါသည်။ ယနေ့ ထိမ်းမြားလက်ထပ်လျက်၊ နောက်နေ့ ကွာရှင်း ဟူ၍ မရှိသင့်ပါ။ "သင့်ကို ငါကွာရှင်းတယ်" ဟု သုံးခါ ဆိုလျက်၊ လင်မယား ကွာရှင်းသည် ဟူ၍ မရှိပါ။ (၂) ကွာရှင်းစာချုပ် တင်ပြရပါမည်။ ကွာရှင်းလိုသောသူသည် ကွာရှင်းရခြင်း အကြောင်းရင်းများကို ပြုစုလျက် ကွာရှင်းခံရသူထံ ပေးရပါမည်။ (၃) ကွာရှင်းခံရသောသူသည် အိမ်မှ ထွက်သွားရပါမည်၊ အတူအကွ နေထိုင်၍ မရတော့ပါ။ (၄) ကွာရှင်းပြီး၊ နောက် အိမ်ထောင်ပြုခဲ့ပြီ ဆိုလျှင်၊ သူတို့နှစ်ဦးသည် ဘယ်လိုမှ ပြန်လက်ထပ်၍ မရတော့ပါ။ ဤ ဥပဒေသအဆင့်ဆင့်ပြဋ္ဌါန်းခြင်းသည် ကွာရှင်းခြင်းကို အား မပေး၊ ပြန်လည်သင့်မြတ်ခြင်းကို အားပေးလျက်၊ ပြန်လည်အဆင်ပြေဖို့ရန် အချိန်ယူခြင်း တမျိုးဖြစ်ပါသည်။

ဖာရိရှဲတို့က လူတဦးသည် မိမိ၏မယားကို အဘယ်အကြောင်းကြောင့် ဖြစ်ဖြစ် ကွာရှင်းခွင့်ရှိသည်ဟု သင်ပေးကြ၏။ ထိုအမှုကို ဆန့်ကျင်လျက်၊ ယေရှုက၊ "မှားယွင်းခြင်း အကြောင်းမှ တပါး အခြားသောအကြောင်းဖြင့် မိမိ မယားနှင့်ကွာ၍ အခြားသော မိန်းမနှင့် စုံဘက်သော သူသည် မိမိမယားကို ပြစ်မှား၏။ ကွာသော မိန်းမနှင့် စုံဘက်သော သူသည် လည်း သူ့မယားကို ပြစ်မှားသည်" ဟု မိန့်တော်မူ၏။ ကွာရှင်းခွင့်ရှိသော အကြောင်းရင်း တခုသာလျှင် ရှိပါသည်၊ မှားယွင်းခြင်းအပြစ်သာ ဖြစ်ပါသည် (ဆိုလိုသည်မှာ၊ လင်မယားကြား သစ္စာမရှိ ဖောက်ပြန်ခြင်း၊ အခြားသော လိင်ကိစ္စ မှားယွင်းခြင်း၊ လိင်တူဆက်ဆံခြင်း စသည်တို့ ပါ၀င်ပါသည်)။ ဖောက်ပြန်သော သူကို လက်ထပ်သောသူသည်လည်း မှားယွင်း ဖောက်ပြန်ခြင်းအပြစ်ကို ကျူးလွန်၏။ "မှားယွင်းခြင်း အကြောင်းမှ တပါး" ဟူသော စကားစုကို မသဲ ၁၉း၉ ၌သာ တွေ့ရ၏။ ထိမ်းမြားခြင်းအကြောင်းကို ဖော်ပြသော၊ မာကု ၁၀း၁-၁၂ နှင့် လုကာ ၁၆း၁၈ တို့တွင် မတွေ့ရပါ။ ဆိုလိုသည်မှာ ယေရှုသည် ထိမ်းမြားခြင်း ပဋိညာဉ်သည် တသက်တာ အတွက် တည်မြဲကြောင်း အထူးဖော်ပြခြင်း ဖြစ်ပါသည်။ တကြိမ် လက်ထပ်ပြီးဆိုလျှင် ကွာရှင်းခွင့် မရှိ။ ဘုရားသခင်သည် ကွာရှင်းခြင်းကို မုန်း၏။ ကွာရှင်းရမည် ဆိုလျှင်လည်း မှားယွင်းခြင်းအကြောင်းကြောင့် သာဖြစ်ရပါမည်။ ဘုရားသခင်သည် ကယ်တင်ခြင်း ပဋိညာဉ်ကို ဘယ်တော့မှ ချိုးဖောက်မည် မဟုတ် သကဲ့သို့၊ ကျွန်တော်တို့သည်လည်း ထိမ်းမြားခြင်း ပဋိညာဉ်ကို မချိုးဖောက်ဘဲ၊ မိမိ၏ခင်ပွန်းအပေါ် အဆုံးထိတိုင် သစ္စာရှိကြရပါမည်။ အသက်ရှင်သည့် ကာလပတ်လုံး၊ ထိမ်းမြားခြင်း ပဋိညာဉ်ကို အောက်မေ့ကြလော့။

**ဆင်ခြင်ရန်** - "ထိမ်းမြားခြင်းနှင့်ဆိုင်သော ရယ်စရာ ပြက်လုံးများသည် စာတန် ကိုးကွယ်ခြင်းမှ ထွက်လာ ခဲ့ကြ၏။" (Calvin)
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ် မိသားစုအား လုံခြုံစွာ ကွယ်ကာစောင့်ရှောက်တော်မူပါ။



တနင်္ဂနွေ၊ ဩဂုတ် (၁၇)
**မာကု ၁၀း၁၃-၁၆**
ဆာလံ ၁၂၇

*"သူငယ်တို့ကို ချီပိုက်၍ သူတို့အပေါ်မှာ လက်တော်ကို တင်လျက် ကောင်းကြီး ပေးတော်မူ၏"*

## ယေရှုသည် သူငယ်များကို ချစ်တော်မူ၏

ယေရှုသည် ကလေး သူငယ်များကို ချစ်တော်မူ၏။ ယေရှုသည် ကောင်းကြီးမင်္ဂလာခံဖို့ရန် မိမိ၏ ကလေးငယ်များကို ခေါ်ဆောင်လာသော မိဘများကို မောင်းထုတ်သော တပည့်တော်များ အပေါ်၌ ဒေါသထွက်ခဲ့ပါသည်။ ယေရှုက တပည့်တော်များအား မိမိထံလာသော ကလေးများကို မဆီးတားဖို့ရန် မိန့်တော်မူခဲ့ပါသည်။ အကြောင်းမှာ ကယ်တင်ခြင်းသည် ဤကလေးငယ်များကဲ့သို့၊ စိတ်နှိမ့်ချသောသူ၊ သံသယမရှိဘဲ ယုံကြည်သောသူများအတွက် ဖြစ်ပါသည်။

ကလေး သူငယ်များနှင့် ယုံကြည်သူတို့၏ သားသမီးများသည် ဘုရားသခင်၏ အသင်းတော်နှင့် ပဋိညာဉ်၌ ပါ၀င်သောသူများ ဖြစ်ကြပါသည်။ ဘုရားသခင်သည် မိမိလူတို့ကို ကောင်းကြီးပေးလို၏။ သားသမီးများသည် ဘုရားသခင် ပေးသနားတော်မူသော အမွေ ဖြစ်ကြပါသည် (ဆာလံ ၁၂၇း၃)။ ခရစ်ယာန် မိဘများသည် သားသမီးတို့ကို ဘုရားသခင် ကြောင်ရွံ့ခြင်း သဘောနှင့် သိကျွမ်းခြင်းအမှု၌ သွန်သင်ပေးကြရပါမည် (သု ၂၂း၆)။ သူတို့သည် ငယ်ငယ်ကတည်းက ခရစ်တော်ကို ဝန်ခံ ယုံကြည်မည်အကြောင်း ဆုတောင်းပေးကြပါစို့။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကလေးငယ်များကို အထူး စိတ်ဝင်စား တော်မူ၏။ သူတို့ထံ ကယ်တင်ခြင်း သတင်းကောင်း ပြောပြဖို့ရန်နှင့် ခရစ်တော်၏ စိတ်သဘော အကျင့်တို့ကို ကိုယ်တိုင် သွန်သင်ပြသဖို့ရန် ကျွန်ုပ်တို့၌ တာဝန်ရှိပါသည်။ ထိုသို့ ကျွန်တော်တို့သည် မိမိတို့၏တာဝန်ကို ကြိုးစားအားထုတ်လျက် ဆောင်ရွက်ခဲ့လျှင်၊ ဘုရားသခင်သည်လည်း မိမိ၏တာဝန်ကို ဆောင်ရွက်လျက် သူတို့အား ကယ်တင်တော်မူလိမ့်မည်။

ကလေး သူငယ်များနှင့် ပတ်သက်၍ ခရစ်ယာန် မိဘတို့ အဓိက ထားရမည့် အချက်ဟူမူကား၊ ကျွန်ုပ်တို့၏ သားသမီးတို့သည် အရင်ဦးဆုံး ခရစ်တော်အား မိမိတို့၏ ကယ်တင်ရှင်အဖြစ် သိရှိ ယုံကြည်ဖို့ရန် ဖြစ်ပါသည်။ မိဘဖြစ်ခြင်းသည် တာဝန်ကြီးလေးလှပါသည်။ ကျွန်တော်တို့သည် အပြစ်သား တဦးကို ဤလောကသို့ မွေးဖွား ပေးခဲ့ပါသည်။ ခရစ်တော်ကို မယုံကြည်ဘဲနေလျှင် ထိုသား (သို့) သမီးသည် ငရဲ၌ ထာဝရ နေရမည်ဖြစ်၏။ အဘယ်မိဘကမှ မိမိ၏သားသမီး ထိုနေရာ၌ နေစေလိုမည် မဟုတ်ပါ။ ဘုရားသခင်ကလည်း အလို ရှိတော် မမူ။ ကျွန်တော်တို့သည် မိမိ၏ တာဝန်ကို ကြိုးစားအားထုတ်လျက် ကျေပွန်စွာ ထမ်းရွက်ခဲ့ပါလျှင်၊ ဘုရားသခင်ကလည်း ကျွန်ုပ်တို့၏ သားသမီးများကို အမှန် ကယ်တင်တော်မူမည်ဟု ဂတိပေးတော်မူ၏။

**ဆင်ခြင်ရန်** - "သားအိမ်၏အသီးအပွင့်သည် မတော်တဆ မွေးဖွားခြင်း မဟုတ်ပါ။" (Calvin)
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ သားသမီးများကို ကယ်တင်တော်မူပါ။